The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 8 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | Feb 23 , 2015



# ပြောင်းလဲလာသည့် ကုန်သွယ်မှု စနစ်နှင့် ငါးလုပ်ငန်းကဏ္ဍ

၂၀

|တင့်ဝေ (ငါးဦးစီး)|



## ကုန်စည်ပြပွဲ ပါဝင်ခွဲလို့ လေ့လာစို့

၁၄

၄ နယ်စပ်စခန်းများမှ ဆန်ပို့မှုတင်ပို့

၈ ခရမ်းချဉ်သီးမျိုးစေ့များ တောင်ကိုရီးယားသို့တင်ပို့

၃၃ အရာတော်မြို့နယ်က ဇင်ရွေးရွက်ကို ပြည်ပပို့ကုန်အတွက်တိုးချဲ့စိုက်ပျိုး

# GREEN MATRIX

## Car Sales Center



Caldina Wagon 2000 1800 Cc
E **(95-100L)**



Caldina Wagon 2000 2000 Cc
G **(100-105L)**



Caldina Van 1999-2001 1500 Cc
U **(100L-105L)**



Corolla Van 1997-99-2000
1500 Cc DX/GL **(95L-105L)**



Probox Van 2009 1500Cc
DX **(95L-100L)**



Alto 2009 660 Cc
**(65L-70L)**



Swift 2009 1300 Cc
XG **(95-100L)**



Swift 2010 1300 Cc
XG **(100-105L)**



Swift 2009 1300 Cc
Style **(95-100L)**



Mira 2009 660 Cc
L **(65L-75L)**



Passo 2009 1300 Cc
G **(75-80L)**



EK Wagon 2009 660 Cc
Mx **(75-80L)**

**GREEN MATRIX**
Car Sales Center

Tel : 01 700217, 09 795947780, 09 795266206, 09 254448894

# ပဉ္စမအကြိမ် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေး အောင်မြင်စွာ ကျင်းပပြုလုပ်

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံ ကုန်သွယ်ရေးပူးတွဲကော်မတီကို ၂၀၀၃ ခုနှစ်တွင် စတင်ဖွဲ့စည်းကာ အဆိုပါကော်မတီ၏ အစည်းအဝေးများကို ၂၀၀၃ နှစ်မှစ၍ ကျင်းပခဲ့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ကုန်သွယ်မှုဆက်စပ်သည့် လုပ်ငန်းစဉ်များ လျင်မြန်ချောမွေ့ စေရေးညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ နှစ်နိုင်ငံဝန်ကြီးအဆင့် ကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးများကို အိမ်ရှင်နိုင်ငံ အဖြစ် အပြန်အလှန်လက်ခံကျင်းပခဲ့ရာ ၂၀၁၁ ခုနှစ်တွင် စတုတ္ထအကြိမ် အစည်းအဝေးကို အိန္ဒိယနိုင်ငံ၌ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်၊ နိုင်ငံတော်ဧည့်ဂေဟာဇုန်ရှိ Horizon Lake View Resort ဟိုတယ်၊ Tharaphi Villa ၌ ပဉ္စမအကြိမ်မြောက် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီ အကြီးတန်းအရာရှိများ အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး ဦးဆောင်သော သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ စုစုပေါင်း ကိုယ်စားလှယ် ၆၀ဦးနှင့် အိန္ဒိယနိုင်ငံဘက်မှ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ Joint Secretary ဖြစ်သူ မစ္စတာရာဗီကပူးရ် ဦးဆောင်သော ကိုယ်စားလှယ် ကိုးဦးတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် နှစ်ဖက် တက်ရောက်လာကြသူများက မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်ခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုတွင် ဘဏ်လုပ်ငန်းစနစ်ကို ပိုမိုအသုံးပြု နိုင်ရေး၊ မြန်မာနိုင်ငံမှ အလားအလာရှိသော ပို့ကုန်များတင်ပို့နိုင်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် စေလွှတ်ရေး၊ နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်မှု တိုးတက်ရေး၊ အိန္ဒိယနိုင်ငံဘက်မှ တစ်ဖက်သတ်ပေးအပ်သော အကောက်ခွန်ကင်းလွတ်သက်သာခွင့်အစီအစဉ်(Duty Free Tariff Preference - DFTP) ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိရေး၊ စိုက်ပျိုးရေးတွင် ပူးပေါင်းဆောင်ရွက် ရေးနှင့် နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုကိစ္စများကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ထို့ပြင် ဖေဖော်ဝါရီလ ၁၇ ရက် နံနက်ပိုင်းတွင် ပဉ္စမအကြိမ် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးကို မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စနီရ်မာလာဆီသာရာမန်တို့မှ ဦးဆောင်ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့ တိုးတက်စေရန်၊ စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာရှိစေရန်၊ ကုန်သွယ်ရေး ဖြေလျော့မှုများကို ဆောင်ရွက်ပေးနေကြောင်း၊ ကုန်သွယ်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာမှုရှိစေရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်ရေးမူဝါဒသုံးသပ်မှုများကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသားပို့ကုန်နည်းဗျူဟာကို ရေးဆွဲ ဆောင်ရွက်နေကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ပေးအပ်သည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် Enhanced Integrated Framework (EIF) ကုန်သွယ်ရေး အထောက်အပံ့ကိုလည်း ရယူဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်နိုင်ငံတကာအသိုက်အဝန်းတွင် ပိုမိုပေါင်းစပ်ပါဝင်နိုင်ရေးကြိုးပမ်း ဆောင်ရွက်နေချိန်၌ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးကို ကျင်းပနိုင်ခဲ့ခြင်းမှာ အချိန်ကိုက်ပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ကာလရှည်ကြာစွာ ချစ်ကြည်ရင်းနှီးမှုရှိခဲ့ကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နယ်နိမိတ်ချင်းရှည်လျားစွာထိစပ်နေပြီး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများနီးကပ်သော အိမ်နီးချင်းနိုင်ငံများလည်း ဖြစ်ကြပါကြောင်း၊ ဒေသတွင်းနှင့် ဒေသခွဲ အဖွဲ့အစည်းများကြားတွင် မိမိတို့နှစ်နိုင်ငံသည် တက်ကြွစွာပါဝင် ခဲ့ကြကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ပြည်တွင်းနှင့် ဒေသတွင်းကုန်သွယ်မှု ဖွံ့ဖြိုးတက်ရေးရရှိရန်အတွက် အလားအလာရှိသော ကုန်စည်များကိုချဲ့ထွင်လိုကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် နှစ်နိုင်ငံစလုံးသည် ပို့ကုန်အခြေခံသည့်ကုန်သွယ်မှုကိုဆောင်ရွက်နေကြကြောင်း၊ ထို့ပြင် ဒေသတွင်း အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ၊ မူဘောင်များအတွင်း အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်မှုရရှိရန် အလားအလာကောင်းများရှိနေကြောင်း၊ နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုရရှိစေရန် နှစ်နိုင်ငံ ဆက်နွယ်မှုများကို ပြန်လည်သုံးသပ်၍ နှစ်နိုင်ငံအကျိုးရှိမည့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနည်းလမ်းများ ရှာဖွေဆောင်ရွက်သင့်ကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်မှုတွင်ရင်ဆိုင်တွေ့ကြုံနေရသည့် အခက်အခဲများကိုလည်း ယခုကျင်းပသည့်အစည်းအဝေးတွင် အဆွေတော်တို့နှင့်ညှိနှိုင်း၍ နှစ်နိုင်ငံ အကျိုးရှိမည့် ရလဒ်များရရှိအောင် ဆွေးနွေးညှိနှိုင်းနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့ပါသည်။




အိန္ဒိယနိုင်ငံမှ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စနီရ်မာလာ ဆီသာရာမန်က ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်သည့်အားလျော်စွာ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို အထူးအလေးထားပြီး ရှိရင်းစွဲဆက်ဆံရေးကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဟု ကတိပြုပါကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် အရှေ့အာရှနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရန်အတွက် "Look East Policy" မှ ပိုမို တက်ကြွသော "Act East Policy" သို့ပြောင်းလဲကျင့်သုံးလျက်ရှိပါကြောင်း၊ ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်ရေးအတွက် လမ်းပန်း ဆက်သွယ်ရေးကို အထူးအလေးထား မြှင့်တင်ဆောင်ရွက်လိုပါကြောင်း၊ ကားလမ်း၊ ရထားလမ်း၊ ရေလမ်းကြောင်းများမှတစ်ဆင့် နှစ်နိုင်ငံအကြား ဆက်သွယ်မှုကို မြှင့်တင်ခြင်းဖြင့် နှစ်ဖက်စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်လာခြင်းကို အိန္ဒိယနိုင်ငံမှ ဝမ်းသာဂုဏ်ယူပါကြောင်း၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ပို့ကုန်၊ သွင်းကုန်များ နှစ်ဆတိုးတက်လာခြင်းကို ကြည့်ခြင်းဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှု တိုးချဲ့ဆောင်ရွက်နိုင်မည့် နယ်ပယ်များရှိနေသေးသည်ကို အလေးထားပြောကြားလိုပါကြောင်း၊ နှစ်နိုင်ငံအနေဖြင့် ကုန်သွယ်မှု အထောက်အကူပြုအခြေခံအဆောက်အဦကိစ္စများ အထူးသဖြင့် လမ်းပန်းဆက်သွယ်မှုနှင့် ဘဏ်လုပ်ငန်းကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဖေဖော်ဝါရီ ၁၆ ရက်၌ ကျင်းပခဲ့သောအကြီးတန်းအရာရှိများ အစည်းအဝေးမှ သဘောတူညီခဲ့သည့်အစည်းအဝေးမှတ်တမ်းကို မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စနီရ်မာလာဆီသာရာမန်တိုက လက်မှတ်ရေးထိုးခဲ့ကြပြီး ပဉ္စမအကြိမ် မြန်မာ-အိန္ဒိယကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။

နှစ်နိုင်ငံကုန်သွယ်ရေးပူးတွဲ ကော်မတီအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ခြင်းဖြင့် နှစ်နိုင်ငံကြား ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်နိုင်ခဲ့ခြင်း၊ လုပ်ငန်းရှင်များ ရင်ဆိုင် ကြုံတွေ့နေရသော ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများကို ဆွေးနွေးညှိနှိုင်းနိုင်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာကိစ္စများကို ဆွေးနွေးနိုင်ခြင်းတို့ကြောင့် နှစ်နိုင်ငံကြားကုန်သွယ်မှုများ ပိုမိုတိုးမြှင့်လာနိုင်မည် ဖြစ်ပါသည်။

Commerce

JOURNAL

**အတိုင်ပင်ခံစာတည်း**

ဒေါက်တာမောင်အောင်

အောင်စိုး(MPM)၊ သန်းအောင်ကျော်

ကျော်စိုးလင်း

မြတ်ထွန်းကျော်

ဝင်းမြင့်

**စာတည်းမှူးချုပ်**

ဉာဏ်တင်

**တာဝန်ခံစာတည်း**

ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**

ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**

မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊

ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**

ချောစုမာ၊ နှင်းပန်းဖြူ၊

ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**

ခင်မြင့်မြင့်သန်း(မန္တလေး)၊

ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)

စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)

ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)

ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊

မင်းအောင်(တောင်ကြီး)

စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လွိုင်ကော်)

**Proof & Layout Design ကြီးကြပ်**

ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**

မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**

ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)

အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။

ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**

သန်းစိုး

**ဖြန့်ချိရေး**

အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊

ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**

မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊

သီရိဝင်း၊ မြတ်ဆုလှိုင်၊

**Layout Design & Graphic Design**

CJ Design Group

**ပုံနှိပ်သူ**

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၉၇၄၄)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**

commercejournal.editor@gmail.com

# ဆန်အဝင်နည်းချိန်မှာ တရုတ်နှစ်ကူးကြောင့် အဝယ်လည်းပါးနေလို့ ဆန်ဈေးကွက်ငြိမ်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ရဲ့ လက်ကားဆန်ဈေးမှာ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်း လတ်စတစ်အိတ်ကို ၂၈၅၀၀ ကျပ်၊ ထိပ်စ ၂၉၀၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်း လတ်စ တစ်အိတ်ကို ၃၁၀၀၀ ကျပ်၊ ထိပ်စ ၃၂၀၀၀ ကျပ်၊ နယ်စုံပေါ် ဆန်းထိပ်စ တစ်အိတ်ကို ၂၉၀၀၀ ကျပ်တို့ဖြင့် ဈေးငြိမ်နေ ကြောင်းနှင့် ပေါ်ဆန်းလတ်စတစ်အိတ်ကို ၂၈၀၀၀ ကျပ်ဖြစ်ခဲ့ လို့ ယခင်တစ်ပတ်ထက် ၅၀၀ ကျပ်သာ ဈေးတက်ခဲ့တာ တွေ့ ရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထလတ်စတစ်အိတ်ကို ၁၆၃၀၀ ကျပ်၊ ထိပ်စ ၁၇၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေတာ တွေ့ရသော်လည်း ဆင်းသွယ်လတ် တစ်အိတ်ကို ၂၀၀၀၀ ကျပ်မှ ၂၁၀၀၀ ကျပ်အတွင်းဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၈၀၀ ကျပ်မှ ၁၅၀၀ ကျပ်အတွင်း ဈေးတက်လာတာ တွေ့ရပါတယ်။ ဆန်ချောနဲ့ ဆန်ကြမ်းအများစု အမြင့်ဈေးဖြင့် ငြိမ်နေသော်လည်း အဝင်နည်းခဲ့တဲ့ဆင်းသွယ်လတ်လို ဆန်မျိုးကို မြို့တွင်းလက်လီဆိုင်သမားတွေက အဝယ်ရှိခဲ့လို့ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် တက်ခဲ့တာလို့ သိရှိရပြီး ဝါးတန်းဒိုင်သို့ တရုတ်နှစ်ကူးကြောင့် ဆန်အဝင်နည်းချိန်မှာ အဝယ်လည်း ပါးနေလို့ ဆန်ဈေးငြိမ်နေတာ ဖြစ်တယ်လို့ ကုန်စည်ဒိုင်ဆန်ဈေးကွက်မှ ကြားသိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅မှတ် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလိုကို ၁၄၅၀၀ ကျပ် ခန့်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၂၀၀ ကျပ်ခန့်ဈေးအနည်းငယ် ပြန်ကျသွားပြီး အဝယ်လည်း အနည်းငယ် ပြန်အေးသွားကြောင်း၊ ရန်ကုန် FOB ပို့နေကျ ကုမ္ပဏီကြီးများ အဝယ်အနည်းငယ် နားသွားပြီး MAPCO သာ အဝယ်အနည်းငယ် ဆက်လုပ်နေကြောင်း၊ EMATA MYANMAR 25 % FOB (Yangon) ဈေး 310-320 USD/MT ခန့် ဈေးရှိသော်လည်း ယခုရက်ပိုင်းမှာ သင်္ဘောတင်နဲ့ Export အရောင်းအနည်းငယ် ပြန်ငြိမ်သွားကြောင်း သိရပါတယ်။

မူဆယ်ဆန်စပါးကုန်စည်ဒိုင်မှာ ဖေဖော်ဝါရီ ၄ ရက်နောက်ပိုင်း ဈေးနှုန်းမထွက်ဘဲ တရုတ်နှစ်ကူးအတွက် တရုတ်ကုန်သည်များ ပြည်မကြီးဘက် ပြန်သွားကြလို့ မူဆယ်သို့ မလာကြဘဲ အရောင်းအဝယ်လည်း ရပ်နားနေကာ ဖေဖော်ဝါရီ ၁၆ ရက်မှစပြီး မူဆယ်ဒိုင်ကို နှစ်ကူးအတွက် ပိတ်ထားကြောင်း၊ ယခုတစ်ပတ်အတွင်း ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ဆန် ၁၄၁၀၀ တန်ခန့် ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက် တန် ၂၀၀၀ ခန့် လျော့နည်းဝင်ရောက်ခဲ့ကြောင်း၊ ရန်ကုန်မှ မူဆယ်သို့ ဆန်တင်ဆောင်ခမှာ တစ်တန်ကို ကျပ် ၇၁၀၀၀ ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် ကျပ် ၇၀၀၀ ခန့်ဈေး ဆက်ကျခဲ့ကြောင်း၊ တရုတ်နှစ်ကူးနဲ့ လောက်ကိုင်ပြဿနာကြောင့် အတက်ကုန်ရှားကာ ဆန်တင်ဆောင်ခဈေး ဆက်ကျရတာ ဖြစ်ကြောင်း၊ မူဆယ်ဆန်ဈေးကွက် ရှေ့အလားအလာမှာ တရုတ်နှစ်ကူးပြီးနောက် အဖမ်းအဆီးလည်းမရှိခဲ့ရင် မူဆယ်ဆန်ဈေးကွက် ပြန်ကောင်းနိုင်တယ်လို့ ကြားသိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ထိ တန်ချိန် ၁၅၆၁၂၅၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၅၆၀ ကျော်ရရှိနေကာ ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၅၇၆၄၆၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၁ သန်းကျော် ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။ ဆန်ဈေးကွက်ရှေ့အလားအလာမှာ လာမည့်အပတ်အတွင်း ခပ်အေးအေးဖြင့် သာဆက်သွားနိုင်ကြောင်း၊ မြို့တွင်းလက်လီဆိုင်များ၏ ဆန်ဈေးကွက်မှာလည်း ပုံမှန်အတိုင်းသာ ရောင်းဝယ်မှုရှိနေပါကြောင်း တင်ပြလိုက်ရပါတယ်။ **သန်းအေး-ဆန်စပါး**



## နယ်စပ်စခန်းများမှ ဆန်ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်နဲ့လွယ်ဂျယ်စခန်းမှ ကန်ဒေါ်လာ ၆ဒသမ ၉၄၇ သန်းဖိုးရှိ ဆန် ၁၈၈၀၉ တန်ကျော်ကို ဖေဖော်ဝါရီလ ၇ ရက်နေ့မှ ၁၅ ရက်နေ့ထိမှာ တစ်ဖက်နိုင်ငံကို တင်ပို့ခဲ့ပါတယ်။မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၀၉၇၇ တန် ၊ ဧည့်မထဆန် ၅၅၃၂ တန်နဲ့ လွယ်ဂျယ်မှ တန် ၂၃၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့မှုထက် ၃၂၃၄ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ ကန်ဒေါ်လာ ၂ဒသမ ၆၃၀ သန်းဖိုးရှိတဲ့ ဆန်ကွဲ ၈၂၀၃ တန်ကို မူဆယ်နဲ့ လွယ်ဂျယ်မှ တင်ပို့ခဲ့ပြီး မူဆယ် ၁၀၅ မိုင်မှ ၇၁၂၃ တန်၊ လွယ်ဂျယ်မှ တန် ၉၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၁၇၇ တန်ခန့်လျော့နည်းခဲ့ပါတယ်။ ယခုသီတင်းပတ်မှာ ကောက်ညှင်းဆန်တင်ပို့မှုမရှိဘူးလို့သိရပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၉-၂-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၃၁ | ၄၁၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၂၁ | ၄၂၁ | □ | ၃၅၅ | ၃၅၅ | □ | ၃၉၅ | ၃၉၀ | ▽ | ၃၇၅ | ၃၇၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၀၁ | ၃၆၅ | ▽ | ၃၂၀ | ၃၂၅ | △ | ၃၆၀ | ၃၅၅ | ▽ | ၃၀၅ | ၃၀၅ | □ |
| ပေါင်းဆန် | ၄၀၅ | ၄၀၅ | □ | - | - | - | ၃၉၀ | ၃၇၅ | ▽ | ၃၇၅ | ၃၇၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၉-၂-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၈၀ | ၄၈၀ | □ | - | - | - | - | - | - |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၇၀ | ၄၇၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၀-၂-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၃၉၅၀ | □ | ၁၆၀၀၀ | □ | ၆၅၃၂ | △ | ၃၁၀၀၀ | ▽ |
| ပုသိမ် | ၃၉၅၆ | □ | ၁၆၀၀၀ | □ | ၆၅၇၁ | □ | ၂၉၅၀၀ | △ |
| ပဲခူး | ၃၆၅၀ | □ | ၁၅၂၀၀ | △ | ၅၇၀၀ | □ | ၂၅၅၀၀ | □ |
| ရွှေဘို | ၄၇၀၀ | □ | ၁၆၅၀၀ | □ | ၈၇၅၀ | □ | ၂၉၀၀၀ | □ |
| စစ်တွေ | ၃၈၅၀ | □ | ၁၅၀၀၀ | □ | ၆၀၀၀ | □ | ၂၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၃၀၀ | □ | ၁၆၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၅၅၀ | □ | ၁၆၃၀၀ | □ | - | - | ၂၈၀၀၀ | △ |
| မန္တလေး | ၄၇၀၀ | □ | ၁၈၅၀၀ | □ | - | - | ၂၈၀၀၀ | □ |
| မကွေး | ၅၂၀၀ | □ | ၁၈၀၀၀ | △ | - | - | ၃၄၀၀၀ | △ |
| မော်လမြိုင် | ၃၆၈၀ | □ | ၁၄၀၀၀ | □ | ၆၄၀၀ | □ | ၂၃၀၀၀ | □ |
| လားရှိုးကော်/လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၁၇၅၀၀ | □ | - | - | ၃၁၀၀၀ | □ |
| ဘားအံ | ၃၇၀၀ | △ | ၁၅၀၀၀ | □ | - | - | ၂၈၀၀၀ | □ |
| တောင်ကြီး | - | - | ၁၈၀၀၀ | □ | - | - | ၃၆၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။



## စပါးဈေးတက်ပြီး အရောင်းအဝယ်မဖြစ်တဲ့ တောင်ပျံမွှေး

တောင်ပျံမွှေးစပါးဈေးကွက်တွင် ဖေဖော်ဝါရီလအတွင်း စပါးဈေး ငြိမ်နေတာများပြီး တောင်ပျံမွှေးကတော့ အရောင်းအဝယ်မဖြစ်ဘဲ ဈေးအနည်းငယ်မြင့်တာ တွေ့ရပါတယ်။ စပါးဈေးမြင့်ပေမယ့် အဝယ်မရှိတာကြောင့် ဆန်ဈေး အကျဘက်ကို ရောက်နေပါတယ်။

တောင်ပျံမွှေးတင်း ၁၀၀ ကို ၆၅၃၂၀၀ ကျပ်နဲ့ ဆန်တစ်အိတ်ဈေးကတော့ (ထိပ်စ) ၃၁၀၀၀ ကျပ်သာ ရှိပါတယ်။ ယခင်တစ်ပတ်ကထက် ထိပ်စ တစ်အိတ်ကို ၁၀၀၀ ကျပ် ဈေးကျလာပါတယ်။ တောင်ပျံမွှေးစပါးဟာ အရောင်းအဝယ် တစ်ဟုန်ထိုးတက်လာရာမှ ၂၀၁၅ ဖေဖော်ဝါရီလမှာတော့ စပါးဈေးမြင့်တာကြောင့် နယ်သမားတွေ ဈေးမကိုက်လို့ အတင်မရှိသလောက်ဖြစ်နေတယ်လို့ သိရပါတယ်။

အရောင်းအဝယ်အေးသလို နယ်တင်ပို့မှုလည်း မရှိတာကြောင့် တချို့ဆန်စက်တွေ ပိတ်ထားရတဲ့အထိ ဖြစ်တယ်လို့လည်း သိရပါတယ်။ မန္တလေးဘက် အတင်လည်း ပိတ်ထားရပါတယ်။ ရွှေဘိုပေါ်ဆန်းမွှေးက ဈေးကိုက်ပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။

ဧည့်မထစပါးဈေးကတော့ စပါးဈေးရော၊ ဆန်ဈေးတွေပါ ဈေးငြိမ်ပြီး၊ အကျဘက်ကိုရောက်နေပါတယ်။ စပါးတင်း ၁၀၀ ကို ယခင်တစ်ပတ်ဈေးအတိုင်း ၄၁၄၀၀၀ ကျပ်နဲ့ ဈေးငြိမ်နေပြီး ဆန်တစ်အိတ်ဈေးက ထိပ်စ ၁၇၀၀၀ ကျပ်သာ အရောင်းအဝယ်ဖြစ်ပါတယ်။ ယခင်တစ်ပတ်ကထက် တစ်အိတ်ကို ၅၀၀ ကျပ်ဈေးကျလာပါတယ်။ ရန်ကုန်သို့ တင်ပို့မှုလည်းအနည်းငယ်သာ အတင်ရှိနေပြီး ၃၊ ၄ ရက်တစ်ကြိမ်မှ အိတ် ၃၀၀ မှ ၅၀၀ ထိသာ တင်ပို့ရကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၀-၂-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၃/၂ | ၂၀/၂ | ပြောင်းလဲမှု | ၁၃/၂ | ၂၀/၂ | ပြောင်းလဲမှု | ၁၃/၂ | ၂၀/၂ | ပြောင်းလဲမှု | ၁၃/၂ | ၂၀/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၃၇၆ | ၁၃၉၆ | ▲ | ၁၂၆၇ | ၁၃၁၇ | ▲ | ၁၃၅၀ | ၁၃၂၅ | ▼ | ၁၂၁၅ | - | - |
| ၂ | ပဲစင်းငုံ | ၁၄၄၄ | ၁၅၀၉ | ▲ | ၁၃၀၃ | ၁၄၆၇ | ▲ | ၁၃၈၀ | ၁၄၆၅ | ▲ | ၁၄၀၅ | ၁၄၇၅ | ▲ |
| ၃ | ပဲတီစိမ်း | ၁၇၀၀ | ၁၇၀၀ | ■ | - | - | - | - | ၁၅၂၆ | - | ၁၇၄၀ | ၁၇၁၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၉၇၀ | ၉၇၀ | ■ | - | - | - | - | - | - | ၇၅၈ | ၈၀၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၃၀ | ၁၀၁၅ | ▼ | ၉၆၇ | ၉၁၇ | ▼ | - | - | - | ၇၆၃ | ၇၆၅ | ▲ |
| ၆ | ထောပတ်ပဲ | ၁၁၃၀ | ၁၁၃၀ | ■ | - | ၁၁၀၂ | - | ၈၆၈ | - | - | ၉၄၇ | ၈၆၈ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၀-၂-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွန်ဘိုင်း | | | ဒေလီ | | |
| | | ၁၃/၂ | ၂၀/၂ | ပြောင်းလဲမှု | ၁၂/၂ | ၁၉/၂ | ပြောင်းလဲမှု | ၁၂/၂ | ၁၉/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၈၃၀ | ၈၄၀ | ▲ | ၉၂၉ | ၉၄၉ | ▲ | ၉၆၁ | ၉၉၇ | ▲ |
| ၂ | ပဲစင်းငုံ | ၈၇၀ | ၉၁၅ | ▲ | ၉၀၁ | ၉၁၇ | ▲ | ၉၂၉ | ၉၄၉ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၆၉ | ၁၂၀၇ | ▲ | ၁၂၄၉ | ၁၃၁၉ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၅၉၇ | ၆၁၅ | ▲ | ၅၄၅ | ၅၃၉ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၇.၂.၁၅)ထိ | ယခုတစ်ပတ် (၁၄.၂.၁၅)ထိ | (၁.၄.၁၄) မှ (၁၄.၂.၁၅) ထိ |
| မတ်ပဲ | ၆၁၈၆ | ၆၁၆၉ | ၄၄၂၂၈၅ |
| ပဲတီစိမ်း | ၃၉၇၅ | ၄၁၄၃ | ၁၂၃၉၃၇ |
| ပဲစင်းငုံ | ၆၀၀၀ | ၃၁၄၄ | ၁၇၆၇၇၅ |
| ကုလားပဲ | ၇၇၂ | ၃၇၅ | ၁၀၇၂၃ |
| ပဲလွန်းဖြူ | ၆၉၉ | ၁၁၇၁ | ၃၁၀၂၇ |
| မြေထောက်ပဲ | ၅၁ | ၉၇ | ၈၀၃၉ |

## စစ်ကိုင်းကုလားပဲ တက်ဈေးမျှော်

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၄-၂၀၁၅ ခုနှစ် ဆောင်းသီးနှံကုလားပဲစိုက် ဧက ၃ ဒသမ ၈ သိန်းကျော် လျာထားချက်အပေါ် ဧက ၄ ဒသမ ၃ သိန်းကျော် စိုက်ပျိုးခဲ့လို့ ၁၁၃ ရာခိုင်နှုန်းစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခုလမှာ ကုလားပဲပေါ်ချိန်ဖြစ်လို့ မုံရွာကုန်စည်ဒိုင်သို့ ကုလားပဲအသစ်များ ဘုတလင်၊ ချောင်းဦး၊ ယင်းမာပင် ၊ ဆားလင်းကြီး၊ ပုလဲ စသည့်မြို့နယ်များမှ တစ်ရက်တင်း ၂၀၀၀ ကျော်ဝင်ရောက်ပါတယ်။

လှောင်လက်သမားများက တက်ဈေးမျှော်ဝယ်ယူခြင်းနဲ့ ဒေသတွင်း ပဲခွဲစက်များရဲ့ ပုံမှန်အသုံးရှိလို့ မုံရွာကုန်စည်ဒိုင်သို့ဝင်သမျှ အရောင်းအဝယ်ဖြစ်ကာ အရောင်းအဝယ်အကောင်းဆုံးသီးနှံဖြစ်ပါတယ်။ ယခုလ ဖေဖော်ဝါရီလ အတွင်း တစ်တင်း အနိမ့်၊ အမြင့် ပေါက်ဈေးများမှ ထိုင်ဝမ်ကုလားပဲ ၁၄၂၀၀ ကျပ်၊ ၁၅၇၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီး (V2) ၁၅၂၀၀ ကျပ်၊ ၁၇၁၀၀ ကျပ် ဈေးအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်ပါတယ်။ **သန်းသန်းတင်-မုံရွာ**

## စီးပွားရေးလုပ်ငန်းရှင်များသို့

ဂျာနယ်တွင် ကြော်ငြာကိစ္စများနှင့်ပတ်သက်၍ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ကြော်ငြာထည့်ရန် မေတ္တာရပ်ခံသည့်စာဖြင့် ကြော်ငြာတာဝန်ခံဝန်ထမ်း ဒေါ်မြင့်ဇင်ညွန့်ကိုယ်တိုင် ကြော်ငြာများ လက်ခံလျက်ရှိပါသည်။ ညွှန်ကြားရေးမှူး၏ မေတ္တာရပ်ခံစာ မပါဘဲ၊ ကြော်ငြာလာရောက်လက်ခံပါက အောက်ပါဖုန်းနံပါတ်များသို့ အသိပေးအကြောင်းကြားပါရန်မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း - ၀၁ - ၃၇၁ ၀၂၃ ၊ ၂၅၁ ၁၉၇ ၊ ၂၅၂ ၀၁၇

# မုံရွာကုန်စည်ဒိုင် ဖေဖော်ဝါရီလ တတိယပတ် ပဲဈေးကွက် ငုံနီတက်ဈေးနဲ့ အဝယ်သွက်

မုံရွာကုန်စည်ဒိုင် ဖေဖော်ဝါရီ တတိယပတ် ပဲဈေးကွက်မှာ ပဲမျိုးစုံအရောင်းအဝယ်သွက်ခဲ့ပေမယ့် Export သီးနှံ ငုံနီနဲ့ မတ်ပဲတို့သာ တက်ဈေးဖြစ်ပေါ်ခဲ့ပြီး၊ ကျန်ပြည်တွင်းသုံး ပဲများဖြစ်ကြတဲ့ ထောပတ်ပဲ၊ စွန်တာနီ၊ ပဲပုပ်နဲ့ ပဲလွန်းပြာ ပို့ကုန်ရှိတဲ့ ပဲတီစိမ်းတို့ကျဈေးဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ် ငုံနီဈေးကွက်မှာ လဆန်းပိုင်းက တစ်တင်း ၂၅၁၀၀ ကျပ်သာ ပေါက်ခဲ့ရာက ၂၉၄၀၀ ကျပ်ထိ ဈေးမြောက်လာခဲ့ပြီး ရန်ကုန် ပို့ကုန်ဝယ်လက်နဲ့ ဒေသခံကုန်သည် ဝယ်လိုအားကြောင့် အခုလို တက်ဈေးဖြစ်ခဲ့သလို တစ်ရက် အိတ် ၅၀၀၀ မှ ၇၀၀၀ ကြား အရောင်းအဝယ်သွက်နေတယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်မှာတော့ စိမ်းကြီး၊ စိမ်းသေး နှစ်မျိုးလုံး ဝယ်လိုအားရှိပေမယ့် ပေါက်ဈေးအားဖြင့် အနည်းငယ်အေးခဲ့ကာ စိမ်းကြီး တစ်တင်း ၂၉၀၀၀ ကျပ်နဲ့ စိမ်းသေး တစ်တင်း ၃၁၂၀၀ ကျပ် အသီးသီးဖြစ်ပေါ်ခဲ့ပြီး နှစ်မျိုးပေါင်း အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။

မတ်ပဲ ဈေးကွက်မှာလည်း ပြီးခဲ့တဲ့ လဆန်းပိုင်းက တစ်တင်း ၂၄၃၀၀ ကျပ်သာပေါက်ခဲ့ရာက ယခုတစ်ပတ်မှာ တစ်တင်း ၂၇၀၀၀ ကျပ်ထိ ဈေးမြောက်လာခဲ့ပြီး ပို့ကုန်လိုင်းသာမက ပြည်တွင်းသုံးဝယ်လိုအားပါ မြင့်တက်လာတယ်လို့ ဈေးကွက်က ဆိုပါတယ်။

စွန်တာနီဈေးကွက်အနေနဲ့ မုံရွာဝန်းကျင်ဒေသက တိုးချဲ့စိုက်ခဲ့ကြတဲ့အတွက် ယခုတစ်ပတ်ထိ ဈေးကွက်ထဲ ဝင်ရောက်မှုများပြားခဲ့သလို ဒေသသုံးဝယ်လက်သာ ရှိတဲ့အတွက် တစ်တင်း ၁၄၇၀၀ ကျပ်နဲ့ ဆက်လက်ဈေးအေးနေခဲ့ပြီး ပဲနီလုံးကြားလည်း တစ်တင်း ၁၆၃၀၀ ကျပ်မှာ ဈေးတန့်နေတာကို တွေ့ရပါတယ်။

ဒေသတွင်း ပဲကြော်လုပ်ငန်းသုံးအတွက် ထောပတ်ပဲ ဝယ်လိုအားရှိပေမယ့် ပဲကြီး (ရေ) ဈေးကွက်ထဲ အဝင်လှိုင်လာလို့ ဈေးငြိမ်ခဲ့ရာ ထောပတ်ပဲ တစ်တင်း ၁၆၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ ပဲကြီး (ရေ) တစ်တင်း ၁၄၅၀၀ ကျပ်ဖြင့်လည်းကောင်း အသီးသီးပေါက်ဈေးဖြစ်ပေါ်ခဲ့ပါတယ်။ အရည်အသွေးပိုကောင်းတဲ့ ကုန်းပဲကြီးကတော့ ဈေးကွက်ထဲ အဝင်နည်းနေသလို တစ်တင်း ၁၈၀၀၀ ကျပ်ထိ ဈေးလည်းမြောက်ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်ကုလားပဲမျိုးစုံဈေးကွက်မှာတော့ ဒေသတွင်း ပဲစိုက်ပျိုးထွက်ရှိမှု လျော့ကျဖွယ်ရှိတဲ့အတွက် ပို့ကုန်ဝယ်လက်မရှိသေးပေမယ့် ဈေးအသီးသီး ပြန်မာလာခဲ့ရာ ထိုင်ဝမ်ကုလားပဲ တစ်တင်း ၁၅၇၀၀ ကျပ်၊ V2 တစ်တင်း ၁၇၁၀၀ ကျပ်နဲ့ ၉၂၉ တစ်တင်း ၁၆၅၀၀ ကျပ်အသီးသီး ပေါက်ဈေးဖြစ်ခဲ့ကာ တစ်ရက် ကုလားပဲမျိုးစုံ အိတ် ၈၀၀ မှ ၁၀၀၀ ကြားအရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က သိရပါတယ်။ **ထွန်းလှိုင်-မုံရွာ**

# ပြည်ပဲမျိုးစုံဈေးကွက်မှာ ဖေဖော်ဝါရီလလယ်အတွင်း မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲဈေးများ ဈေးမြင့်တက်လာပြီး အရောင်းအဝယ်သွက်လာ



ပြည်ပဲမျိုးစုံဈေးကွက်မှာ ဖေဖော်ဝါရီလလယ်အတွင်း အဓိကအရောင်းအဝယ်ဖြစ်ခဲ့သော ပဲများရဲ့ ဈေးနှုန်းများကို လေ့လာရာမှာ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲကြီး ဈေးနှုန်းများ ဈေးမြင့်တက်လာပြီး ကုလားပဲသီးနှံလည်း ယခုတစ်ပတ်မှာ ဈေးပိုလာတာကို တွေ့ရပါတယ်။ အခြားပဲများကတော့ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။

မတ်ပဲသီးနှံမှာ ပဲသစ်များအဝင်များလို့ ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ တစ်ရက်အိတ် ၄၀၀ ကျော်ထိ ဝင်ရောက်ခဲ့ပါတယ်။ ဝယ်လက်အနေဖြင့် လှောင်သမားရော ရန်ကုန်ဝယ်လက်ပါ ဝယ်လိုအားများနေလို့ အဝင်ရှိသမျှ ပဲများအားလုံး အရောင်းအဝယ်သွက်နေခဲ့ပါတယ်။ ပဲဈေးမှာ ယခုတစ်ပတ်မှာ တစ်တင်း ၂၇၅၀၀ ကျပ်ထိ ယခင်တစ်ပတ်ထက် တစ်ထောင်ကျပ်ခန့် ဈေးပိုရနေခဲ့ပါတယ်။

ပဲတီစိမ်းသီးနှံက ယခုတစ်ပတ်မှာ ပဲအဝင်လည်းမရှိသလို အဟောင်းလက်ကျန်လည်း မရှိတော့လို့ ဈေးကွက်မှာ အရောင်းအဝယ်မဖြစ်တော့ဘဲ ပဲစင်းငုံသီးနှံများ ပန်းတောင်းမြို့နယ်မှ အများအပြား ဝင်ရောက်တဲ့အတွက် အိတ် ၄၀၀ ကျော်ဝင်ရောက်ပြီး ရန်ကုန်ဝယ်လက်မှ နေ့စဉ်ဝယ်ယူသလို လှောင်သမားအချို့လည်း ဝယ်ယူနေကြတာကို တွေ့ရပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ၂၀၀၀ ကျပ်ခန့် ယခင်တစ်ပတ်ထက် ဈေးပိုရလာလို့ တစ်တင်း ၂၉၀၀၀ ကျပ် ရရှိခဲ့တယ်လို့ သိရပါတယ်။

ကုလားပဲသစ်များလည်း ပန်းတောင်း၊ ရွှေတောင်၊ သဲကုန်းမြို့နယ်များအပြင် ကံမဘက်မှလည်း ဝင်ရောက်လာတဲ့အတွက် အိတ် ၃၀၀ မှ ၄၀၀ ကြား ဝင်ရောက်မှုများလာသလို ဝယ်လက်ကတော့ ဒေသတွင်း ခွဲစက်သမားများမှ ဝယ်ယူသိုလှောင်နေသလို လက်လီသမားကတော့ အဝယ်သိပ်မရှိတဲ့အတွက် တစ်ရက်အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ပဲကြီးသစ်များလည်း ပေါင်းတလည်၊ ပေါက်ခေါင်း၊ ရွှေတောင်နဲ့ ပြည်၊ အောင်လံကြားမြို့နယ်များမှ အဝင်ဆက်တိုက်ရှိလို့ အိတ်၅၀၀ ကျော်ထိ ဝင်ရောက်လာခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ (ရွှေကျွန်း) တစ်တင်း ၂၂၅၀၀ ကျပ်မှ ၂၃၀၀၀ ကျပ်၊ (ကမ်းနား) ပဲမှာ တစ်တင်း ၂၁၅၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်ထိ ယခင်တစ်ပတ်ထက် ဈေးပိုလာတာကို တွေ့ရပါတယ်။ ပဲဝင်ရောက်မှုများလာသလို ဝယ်လက်အနေဖြင့် လှောင်သမားများအပြင် ပဲကြော်ဖိုသမားနှင့် ရန်ကုန်ဝယ်လက်များလည်း ဝယ်ယူနေတဲ့အတွက် ဝယ်လိုအားများနေတယ်လို့ သိရပါတယ်။

ပဲလွန်းဖြူသီးနှံမှာ ရွှေတောင်၊ ညောင်စာရေးဖက်မှသာ အဝင်အနည်းငယ်ရှိပြီး ၂၅ အိတ်ခန့်သာ ဝင်ရောက်မှုရှိခဲ့ပါတယ်။ နယ်သမားအချို့ အဝယ်ရှိသလို လက်လီသမားများမှလည်း နေ့စဉ် အဝယ်ရှိပြီး ပဲဈေးမှာတော့ ယခင်တစ်ပတ်အတိုင်း တစ်တင်း ၁၉၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပဲထွက်ရှိမှုနည်းတဲ့အတွက် အိန္ဒိယပဲတင်သွင်းမှု စံချိန်သစ်တင်လိမ့်မယ်လို့ဆို

စိုက်ဧရိယာကျဆင်းခြင်း၊ အထွက်ကျဆင်းခြင်းတို့အပြင် ဝယ်လိုအားမြင့်တက်ခြင်းတို့ကြောင့် ၂၀၁၄-၁၅ အတွင်း ပြည်ပမှတင်သွင်းမှုဟာ တန်ချိန် ၃ ဒသမ ၇- ၃ ဒသမ ၈ သန်း အထိရှိပြီးလာမယ့်နှစ်မှာ တန်ချိန် ၄ သန်းကျော်နိုင်တယ်လို့လည်း အိန္ဒိယပြည်တွင်းသတင်းဌာနတစ်ခုဖြစ်တဲ့ business-standard .com သတင်း အရသိရပါတယ်။

ပြည်တွင်းဈေးတွေ မြင့်တက်ခြင်းက တင်သွင်းမှုပိုမိုလာစေတဲ့အတွက် လက်ရှိနှစ်မှာလည်း မြင့်တက်လာတာဖြစ်ပါတယ်။ ပြည်ပကတင်သွင်းတဲ့ပဲက ပြည်တွင်းပဲထက် တစ်တန်ကို ရူပီး ၁၀၀၀-၁၅၀၀ လျော့နည်းလျက်ရှိပါ တယ်။ ဒါ့အပြင် အစိုးရကလည်း မတ်လ ၃၁ ရက်တိုင်အောင် ကုလားပဲ တင်သွင်းမှုကို အခွန်ကင်းလွတ်ခွင့်ပေး ထားပါတယ်။ ဒါကြောင့် ဆောင်းပဲ စုစုပေါင်းထုတ်လုပ်မှုရဲ့ ၈၀ ရာခိုင်နှုန်းဖြစ်တဲ့ ကုလားပဲစိုက်တောင်သူတွေ အနေနဲ့အစိုးရရဲ့အနိမ့်ဆုံး ထောက်ပံ့ဈေးထက်လျော့တဲ့ ဈေးအနိမ့်နဲ့ရ ရှိနေတာ နှစ်ရာသီရှိသွားပြီလို့ဆိုပါ တယ်။

၂၀၁၄ ခုနှစ် ဧပြီလမှ နိုဝင်ဘာလ အထိပဲမျိုးစုံတင်သွင်းမှုတရားဝင်စာရင်းများအရ လက်ရှိဘဏ္ဍာနှစ် ပထမ ၈ လ အတွင်းမှာ တန်ချိန် ၃ ဒသမ ၀၃ သန်းရှိပြီဖြစ်လို့ ၂၀၁၃ ခုနှစ်ကာလတူ တင်သွင်းခဲ့တဲ့ တန်ချိန် ၂ ဒသမ ၄၂ သန်းထက် ၂၅ ရာခိုင်နှုန်း နီးပါးမြင့်တက်လာတယ်လို့ဆိုပါတယ်။ နိုဝင်ဘာလမှာ တင်သွင်းမှုကပြီးခဲ့တဲ့ နှစ်ကာလတူ တင်သွင်းခဲ့တဲ့ တန်ချိန် ၄၁၆,၀၃၈ ထက် ၆၀ ရာခိုင်နှုန်းပိုမိုပြီး တန်ချိန် ၆၆၄,၈၅၃ ထိ တင်သွင်းခဲ့ တယ်လို့ဆိုပါတယ်။

Commercial Intelligence and Statistics ညွှန်ကြားရေးမှူးချုပ်ရဲ့ ခန့်မှန်းချက်အရ ၂၀၁၄ ဧပြီလမှ နိုဝင်ဘာလအတွင်း ကုလားပဲတင်သွင်း မှုကတန်ချိန် ၂၂၂,၂၃၈ အထိ ၂၀ ရာခိုင်နှုန်းမြင့် တက်ခဲ့တယ်လို့ဆိုပါ တယ်။ ၂၀၁၅-၁၆ အတွင်းမှာလည်း ပြည်တွင်းအထွက် လျော့တဲ့အတွက် နောက်ထပ်တင်သွင်းမှု မြင့်တက်ဦးမှာဖြစ်လို့ တန်ချိန် ၄ သန်း ကျော်မယ်လို့လည်း အိန္ဒိယပဲမျိုးစုံနှင့် သီးနှံကုန်သည်များ အသင်း ဒုတိယဥက္ကဌ Bimal Kothari က လည်း ခန့်မှန်းထားပါတယ်။

စိုက်ပျိုးရေး ပြည်ထောင်စုဝန်ကြီးဌာနစာရင်းအရ ပဲ စိုက်ပျိုးမှုကပြီးခဲ့တဲ့နှစ် ကာလတူစိုက်ပျိုးခဲ့တဲ့ ဟက်တာ ၁၆ ဒသမ ၂၂ သန်းထက် ၁၀ ရာခိုင်နှုန်းလျော့ပြီး ယခုနှစ်မှာ ဟက်တာ ၁၄ ဒသမ ၅၉ သန်းသာရှိတယ်လို့ ဆိုပါတယ်။ ကုလားပဲ စိုက်ပျိုးမှုကတော့ ပြီးခဲ့တဲ့နှစ်က ဟက်တာ ၁၀ ဒသမ ၂၃ သန်းရှိပေမဲ့ ဒီနှစ်မှာတော့ ဟက်တာ ၈ ဒသမ ၅၉ သန်းစာရှိတယ်လို့ဆိုပါတယ်။ ဆောင်းပဲအထွက် သိရမယ့် ဧပြီလနောက်ပိုင်းမှာ ဈေးနှုန်းမြင့်တက်လာအုံးမယ်လို့လည်း ခန့်မှန်းထားပါတယ်။ လက်ရှိမှာ ပဲဈေးနှုန်းတွေက ဇန်နဝါရီလ အစပိုင်းကစပြီး ၁၀-၁၅ ရာခိုင်နှုန်းမြင့်တက် နေပြီလို့ဆိုပါတယ်။

ဒါပေမယ့် Agel Commodities မှ သုတေသီ Anuj Gupta က သုံးသပ်ရာမှာတော့ ပဲအသစ်က ဈေးကွက်ထဲဝင်ဖို့ တစ်လခန့် လိုနေသေးတာရယ်၊ လက်ငင်းဈေးကွက်မှာ ရောင်းချမှု နည်းနေတာရယ်ကြောင့် လာမယ့်ရက်တွေမှာ ကုလားပဲဈေး မြင့်လာဖွယ်ရှိတယ် လို့ဆိုပါတယ်။ ခြုံငုံရရင် ပဲအထွက် လျော့ဖွယ်ရှိခြင်းနဲ့ ပို့ကုန်ခွန်လွတ်ခြင်းက မတ်လထိသာဖြစ်လို့ကုလားပဲဈေးအနေနဲ့ အလားအလာကောင်းနိုင်တယ်လို့လည်း ဆိုပါတယ်။

မိုးပဲအထွက်ကို ပထမအကြိမ် ကြိုတင်ခန့်မှန်းမှုအနေနဲ့ ပြီးခဲ့တဲ့ နှစ်ထွက်ရှိတဲ့ တန်ချိန် ၆ ဒသမ ၀၂ သန်းမှ ၁၄ ရာခိုင်နှုန်းလျော့ကျပြီး တန်ချိန် ၅ ဒသမ ၂ သန်းခန့်သာ ထွက်ရှိမယ်လို့ခန့်မှန်းထားပြီး ဆောင်းပဲစိုက်ပျိုးမှုကလည်း၁၀ ရာခိုင်နှုန်းခန့် ကျဆင်းလို့ ဆောင်းပဲအထွက်လည်း ကျဆင်းမယ်လို့ ဆိုပါတယ်။ နှစ်စဉ် စားသုံးမှုတန်ချိန် ၂၃ သန်းရှိပေမယ့် ပဲစုစုပေါင်းထွက်ရှိမှုက ၂၀၁၃-၁၄ မှာ တန်ချိန် ၁၉ ဒသမ ၂၇ သန်းခန့်သာ ရှိပါတယ်။ ဒီနှစ်ကုလားပဲအထွက်က ၂၀ ရာခိုင်နှုန်းခန့်ကျဆင်းဖွယ်ရှိတယ်လို့လည်း ခန့်မှန်းကြပါတယ်။

**ယမင်းရွှေစင်**

## ပြည်ဘိုကိတ် ရန်ကုန်ဝယ်လက် အဝယ်ရှိပေမယ့် ဈေးငြိမ်

ပြည်ဘိုကိတ်ပဲသစ်များ ပန်းတောင်း၊ ကံမမြို့နယ်များမှ နေ့စဉ် အိတ် ၅၀ ကျော်မှ ၁၀၀ အထိ ဝင်ရောက်နေသလို ရန်ကုန်ဝယ်လက်များ ဝယ်ယူနေတဲ့အတွက် ဝင်သလောက်အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။ ပဲဈေးနှုန်းကတော့ ဈေးအတက်အကျ သိပ်မဖြစ်ဘဲ တစ်တင်း ၁၄၇၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်နဲ့ ဈေးသိပ်မကွာဘဲ အရောင်းအဝယ် ဖြစ်နေပါတယ်။ ယခုနှစ် ဘိုကိတ်ပဲသီးနှံဈေးမှာလည်း ယခင်နှစ်က ကာလတူဈေးနဲ့ ယှဉ်ရင် ဈေးလျော့နည်းနေသေးတာကို တွေ့ရပါတယ်။ ယခင်နှစ်က ဈေးမှာ တစ်တင်း ၁၅၅၀၀ ကျပ်ရရှိခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**



## စဝင်ထဲက ဈေးကောင်းရတဲ့ ရှမ်းပဲစင်းငုံ

ရှမ်းပြည်နယ်တောင်ပိုင်းမှာ ပဲစင်းငုံ၊ ပဲပုပ် စတဲ့သီးနှံတွေ အစိုက်နည်းလာပါတယ်။ ဈေးကွက်ရှိတဲ့ ပြောင်းကိုသာ အဓိကထားပြီးစိုက်ကြတာကြောင့် ပဲစင်းငုံစိုက်ဧကတွေကလည်း အစိုက်လျော့လာတယ်လို့ သိရပါတယ်။

တောင်ပိုင်းဒေသတွေဖြစ်တဲ့ ဟိုပုံး၊ ဆီဆိုင်ကစိုက်တဲ့ ပဲစင်းငုံတွေလည်း ဒီတစ်လမှာ ဈေးကွက်ကို စပြီးဝင်လာပါတယ်။ ဒီနှစ်တော့ ပြည်ပဝယ်လက်လည်း ဝယ်နေတာကြောင့် ပဲမျိုးစုံနဲ့ ဈေးတွေကောင်းနေလို့ ရှမ်းပဲစင်းငုံလည်း စကတည်းက ဈေးကောင်းနေပါတယ်။ ဈေးကွက်ကို စပြီးဝင်ကာစမှာတောင် တစ်ပိဿာကို ၁၁၀၀ ကျပ်ပတ်ချာလည် ဈေးပေါက်နေပါတယ်။

အစိုက်လည်းနည်းတာကြောင့် အထွက်ကလည်းနည်းပါတယ်။ တောင်ကြီးခရိုင်က ပဲစင်းငုံတွေက လွိုင်လင်ခရိုင်ဖြစ်တဲ့ လင်းခေး၊ နမ့်စန်တို့က ပဲတွေထက် အထွက်ပိုပြီးစောပါတယ်။ လင်းခေးစလို့ခေါ်တဲ့ ရွှေဒင်္ဂါးစက ရှမ်းတောင်မှာထွက်တဲ့ ပဲစင်းငုံတွေထဲမှာတော့ အရည်အသွေးအကောင်းဆုံးလို့ သိရပါတယ်။

လင်းခေးစကတော့ ဒီတစ်ပတ်ကစပြီး ဈေးကွက်ကိုဝင်လာပါတယ်။ စဖော်ကာစဖြစ်လို့ အဝင်ကလည်းနည်းနေပါသေးတယ်။ လင်းခေးစတွေလည်း တစ်ပိဿာကို ၁၄၀၀ ကျပ် ပတ်ချာလည်ဈေးနဲ့ ဈေးပေါက်နေပါတယ်။ ဒီတစ်ပတ်တောင်ကြီးဈေးကွက်မှာ ပဲစင်းငုံနီသေးက တစ်ပိဿာ ၁၄၀၀ ကျပ်ဈေးရှိတယ်လို့ တောင်ကြီးကုန်စည်ဒိုင်က သိရှိရပါတယ်။

**ဧခိုင်-တောင်ကြီး**

## ပို့ကုန်ဝယ်လက်ကြောင့် စစ်ကိုင်းပဲစင်းငုံဝယ်လိုအားကောင်း

ယခုတစ်ပတ်အတွင်း မုံရွာကုန်စည်ဒိုင်သို့ ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ ပုလဲမြို့နယ် စသည့်နယ်စုံမှ ပဲစင်းငုံဝင်ရောက်မှု လျော့နည်းသွားခဲ့ရာ တစ်ရက်ပျမ်းမျှ တင်း ၃၀၀၀ ကျော်ဝင်ရောက်ပါတယ်။

Export ဝယ်လက်ရှိ၍ ရန်ကုန်ဝယ်လက်မှ ဝယ်လိုအားရှိသလောက် ရောင်းလိုအားမရှိ၍ ဝယ်သူများက ဈေးမြင့်ဝယ်သဖြင့် ယနေ့ ဖေဖော်ဝါရီ ၁၈ ရက်မှာ ပဲစင်းငုံ တစ်တင်းအပေါ် ၁၃၀၀ ကျပ်ဈေးမြင့်ခဲ့ကြောင်း၊ ကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။

မုံရွာကုန်စည်ဒိုင်မှ ဖေဖော်ဝါရီလအတွင်း ပဲစင်းငုံနီတစ်တင်း အနိမ့်၊ အမြင့်ဈေးမှာ ၂၅၁၀၀ ကျပ်၊ ၂၉၄၀၀ ကျပ် ဈေးအသီးသီးနဲ့ အရောင်းအဝယ်ပြုလုပ်ကြရာ ဖေဖော်ဝါရီလ ၁၈ ရက်မှာ တစ်တင်း ၂၉၄၀၀ ကျပ်ဖြင့် အမြင့်ဆုံး ဈေးပေါက်ခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ပြည်ပဲပုပ် လက်လီသမားအဝယ်ရှိ

ယခုဖေဖော်ဝါရီလလယ်မှာ ပြည်ပဲပုပ်ဈေးနှုန်းကတော့ အခြားပဲများ ဈေးမြင့်လာသော်လည်း ၎င်းပဲကတော့ ဈေးဆက်ငြိမ်လျက်ရှိခဲ့ပါတယ်။

ပဲသစ်များ နေ့စဉ်ဝင်ရောက်ခဲ့ပြီး အိတ် ၃၀ ခန့်သာ အဝင်နည်းသွားလို့ လက်လီသမားများဖြင့်သာ တစ်တင်း ၁၆၀၀၀ ကျပ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ယခင်နှစ်က ပဲပုပ်ဈေးနှုန်းမှာ ကာလတူအချိန်၌ တစ်တင်း ၁၉၇၀၀ ကျပ်ထိရရှိခဲ့လို့ ယခုနှစ်ပဲပုပ်ဈေးကတော့ အခြားပဲများနှင့် ယှဉ်ရင်လည်း ဈေးလျော့နည်းနေခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲဈေးကွက်သို့ ပဲနီပြားသစ်များ စတင်ဝင်ရောက်

ပြည်ပဲဈေးကွက်သို့ ယခုဖေဖော်ဝါရီလလယ်တွင် ပဲနီပြားသစ်များ စတင်ဝင်ရောက်လာတာကို တွေ့ရပါတယ်။ ရွှေတောင်၊ ကျီးသဲ၊ ညောင်စာရေးဘက်မှ တစ်ရက်အိတ် ၁၅၀ ကျော်ထိ ဝင်ရောက်ခဲ့ပါတယ်။ ပဲနီပြားအသစ်ဈေးနှုန်းမှာ တစ်တင်း ၁၉၀၀၀ ကျပ်ဖြင့် ဈေးစဖွင့်ပြီး လှော်သမားနှင့် နယ်ဝယ်လက်များ လာရောက်ဝယ်ယူနေလို့ အဝင်ရှိတဲ့ ပဲအားလုံး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲဟောင်းဈေးကတော့ တစ်တင်း ၂၁၀၀၀ ကျပ်ဖြင့် ပဲလက်ကျန်ပြတ်သွားပြီး ယခုတစ်ပတ်မှာ ပဲသစ်များသာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ထောပတ်ပဲသစ်များ ဒေသတွင်း လက်လီရောလှော်လက်ပါ အဝယ်ရှိခဲ့

ပြည်ဈေးကွက်သို့ ယခုတစ်ပတ်မှာ ပဲနီပြား သီးနှံအပြင် ထောပတ်ပဲသစ်များလည်း ရွှေတောင်ဖက်မှ တစ်ရက် အိတ် ၄၀ မှ ၅၀ ကျော်ထိ ဝင်ရောက်ခဲ့ပါတယ်။

ပဲသစ်အဖွင့်ဈေးမှာ တစ်တင်း ၂၀၀၀၀ ကျပ်ဖြင့် ဈေးစဖွင့်ပြီး ဒေသတွင်းဝယ်လက်များ ဝယ်ယူသိုလှောင်နေသလို လက်လီသမားများလည်း ဝယ်ယူမှုရှိခဲ့ပါတယ်။ ထောပတ်ပဲသီးနှံမှာ မြို့နယ်အားလုံးတွင် စိုက်ပျိုးမှုမရှိဘဲ သာယာဝတီခရိုင်အတွင်း လက်ပံတန်းနှင့် မိုးညိုမြို့နယ်များ တွင်သာ စိုက်ပျိုးလျက်ရှိသလို ပြည်ခရိုင်အတွင်းမှာတော့ ရွှေတောင်နှင့် ပန်းတောင်းမြို့နယ်များမှာ စိုက်ပျိုးခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## နနွင်း



### နနွင်းကို ယခင်တစ်ပတ်ထက် ငါးဆပိုပြီးတင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်သီတင်းပတ်အတွင်း နနွင်း ၃၀၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယကို ၅၇ တန်၊ မလေးရှားကို ၁၆၃ တန်နဲ့ စင်ကာပူကို ၈၉ တန် အသီးသီးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံကို အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှုနဲ့ ယှဉ်ရင် ဒီ တစ်ပတ်မှာ ယခင်တစ်ပတ်တင်ပို့မှုထက် ၅ ဆမျှပိုမိုတင်ပို့တယ်လို့ ဆိုပါတယ်။

**သီတာဝင်း (DOT)**

### စခန်းစုံမှ နနွင်းတက်တင်ပို့

ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄၅၅၀၉ တန်ဖိုးရှိ နနွင်းတက် ၇၉ တန်ခွဲ၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၈၁၆၁ တန်ဖိုးရှိ နနွင်းတက် ၃၁ တန်ခွဲ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနဲ့ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၄၉၀၀ တန်ဖိုးရှိ နနွင်းတက် ၁၃ တန်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၄၅ တန်ခွဲနဲ့ စစ်တွေမှ ၁၃ တန်ခွဲသာ တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ ဇန်နဝါရီလအတွင်း နနွင်းတက် တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးဟာ ၅၈၅၀၀၀ ကျပ်ရှိရာ ယခုလတွင် ၅၈၈၀၀၀ ကျပ်သို့ အနည်းငယ်မြင့်တက်လာခဲ့ပါတယ်။ ရိုးရိုးနနွင်းထက် ဆင်တောင်နနွင်းက ဈေးပိုမိုရရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင် MIRT (DCCA)**

### ပုံမှန်အရောင်းအဝယ်ဖြစ်တဲ့ ရှမ်းနနွင်းဈေးကွက်

အောင်ပန်းဈေးကွက်မှာ ရှမ်းနနွင်းက ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ နနွင်းအသစ်တွေလည်း ခပ်ကျဲကျဲသာအဝင်ရှိနေပြီး၊ အဟောင်းကတော့ ပိဿာချိန်သောင်းချီပြီး ကျန်ရှိနေသေးတယ်လို့ ဆိုပါတယ်။ ဆင်တောင်နနွင်းသစ်က တစ်ရက်ကို ပိဿာချိန် ၁၅၀-၂၀၀ ခန့်နဲ့ တောင်ပို့လ၊ ပင်းတယ နနွင်းတွေက ပိဿာချိန် ၁၀၀-၁၅၀ ခန့်သာ အဝင်ရှိနေပါတယ်။ ဆင်တောင်နနွင်းဟောင်းတွေကိုတော့ ပြည်မြို့ဝယ်လက်တွေဝယ်ယူနေပြီး၊ ကျန်နနွင်းတွေကိုတော့ ပြည်တွင်းသုံးဈေးပတ်သမားတွေကသာ ဝယ်ယူနေပါတယ်။ တောင်ပို့လနနွင်းကိုတော့ တစ်ပိဿာ ၁၃၅၀ ကျပ်နဲ့ ပြည်တွင်းဈေးပတ်သမားတွေ ဝယ်ယူတာကြောင့် လက်ကျန်လည်း လုံးဝမရှိတော့ဘူးလို့ သိရပါတယ်။

ဒီတစ်ပတ် နနွင်းဈေးကွက်မှာ နနွင်းတစ်ပိဿာပေါက်ဈေးက ဆင်တောင်နနွင်းသစ်ဆိုရင် ၁၄၀၀ ကျပ်နဲ့ တောင်ပို့လနနွင်းက တစ်ပိဿာ ၁၁၅၀ ကျပ် ဈေးပေါက်နေပါတယ်။ လက်ကျန်နနွင်းဟောင်းတွေကတော့ ဆင်တောင်နနွင်းက ၁၄၀၀ ကျပ်-၁၄၅၀ ကျပ်၊ တောင်ပို့လက ၁၃၅၀ ကျပ်၊ အင်းလေးစက ၇၀၀ ကျပ်-၈၀၀ ကျပ်နဲ့ ပင်လောင်းစက ၅၀၀ ကျပ်-၆၀၀ ကျပ်ဈေးရှိပါတယ်။ တစ်ပတ်အတွင်း နနွင်းပိဿာချိန်ပေါင်း တစ်သောင်းငါးထောင်ခန့်လည်း အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ အောင်ပန်းနနွင်းပွဲရုံတွေက သိရှိရပါတယ်။ **ဧခိုင်-တောင်ကြီး**

## မန်ကျည်း

### မန်ကျည်းတန်ချိန် တစ်ထောင့်သုံးရာကျော်ထိတင်ပို့

ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၁၃၂၂ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံကို ၅၂၈ တန်၊ မလေးရှားနိုင်ငံကို ၂၄၆ တန်၊ ပါကစ္စတန်နိုင်ငံကို ၅၄၈ တန် တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ပါကစ္စတန်ကို အများဆုံးတင်ပို့နိုင်ခဲ့ပြီး ဒုတိယအများဆုံးတင်ပို့ခဲ့တဲ့ နိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ ယှဉ်ရင် တန်ချိန် ငါးရာ့သုံးဆယ်ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ချင်း

### ရှမ်းချင်းဈေးကွက်မှာ ချင်းအညံ့စနဲ့ အလတ်စတွေ အရောင်းအဝယ်ကောင်း

ရှမ်းချင်းလည်း ပြည်ပဝယ်လက်ကို စောင့်နေပေမယ့် အခုထိတော့ မဝယ်ဖြစ်ကြသေးပါဘူး။ လောလောဆယ်တော့ အောင်ပန်းဈေးကွက်က ချင်းတွေကို တပ်ကုန်း၊ ရန်ကုန်နဲ့ ဈေးပတ်သမားတွေက ဖြန့်ပေးနေပါတယ်။ ဈေးကွက်မှာ တစ်ပတ်ကို ပိဿာချိန် တစ်သောင်းခန့် အဝင်ရှိနေပြီး၊ ရောင်းအားလည်းတစ်ပတ်ကို ပိဿာချိန် သောင်းချီပြီး ထွက်နေတယ်လို့ သိရပါတယ်။ တပ်ကုန်းဝယ်လက်တွေကတော့ အောက်စလို့ခေါ်တဲ့ ညံ့စတွေကိုသာ ဝယ်ယူနေပါတယ်။ ပြည်တွင်းဈေးပတ်သမားတွေကတော့ လတ်စနဲ့ ထိပ်စတွေကို ဝယ်ယူပြီး၊ လက်လီပြန်ရောင်း သလို ၊ ထိုးချင်းတွေအတွက်လည်း ရောင်းဖို့ဝယ်ယူတာလို့ သိရပါတယ်။ တပ်ကုန်းဝယ်လက်တွေကလည်း ညံ့စတွေကို အကုန်လောက်နီးနီးဝယ်ယူနေသလို ၊ ဈေးပတ်သမားတွေကလည်း တစ်ပတ်ကို ပိဿာချိန် ၁၅၀၀-၂၀၀၀ ခန့် ဝယ်ယူနေတယ်လို့ လည်းသိရပါတယ်။

လတ်တလောမှာတော့ ချင်းညံ့စနဲ့ လတ်စတွေသာ အရောင်းအဝယ်ဖြစ်နေပြီး ထိပ်စကတော့ အရောင်းအဝယ်အေးနေပါတယ်။ တပ်ကုန်းဝယ်လက်က ညံ့စချင်းတွေကို တစ်ပိဿာ ၃၀၀ ကျပ်နဲ့ ဝယ်ယူနေပါတယ်။ လတ်စကတော့ ၆၀၀ ကျပ်-၇၀၀ ကျပ်ရှိပြီး ထိပ်စကတော့ ၈၀၀ ကျပ်ဈေးရှိပါတယ်။ ချင်းခြောက်က လက်ကျန်လည်း နည်းနေပြီး တစ်ပိဿာကို ၁၈၀၀ ကျပ်မှ ၁၉၀၀ ကျပ် ဈေးရှိတယ်လို့ သိရပါတယ်။ **ဧခိုင်-တောင်ကြီး**

### ချင်းပြန်လည်တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်သီတင်းပတ်အတွင်း ချင်း ၂၂ တန်ကို တင်ပို့ခဲ့ပါတယ်။ ဒီဇင်ဘာတတိယပတ်မှစပြီး အပို့ပျောက်ခဲ့တဲ့ ချင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ ပါကစ္စတန်နိုင်ငံဖြစ်ပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၄၃၄၅၀ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ပြည်ချင်းဈေးကွက်ဈေးနှုန်းတည်ငြိမ်ပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ်အတွင်း အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများ ပြည်ဈေးကွက်ကို ပိဿာ ၃၀ ဝင်အိတ် ၂၀၀ ခန့် အဝင်ရှိပြီး ယခင်တစ်ပတ်ကထက် အဝင်နည်းသွားပါတယ်။ ယခင်နှစ်ကာလတူအချိန်နဲ့ နှိုင်းယှဉ်ပါက ဈေးကလည်း ထင်သလောက်မကောင်းတာကြောင့် တောင်သူများ တွက်ချေမကိုက်ဘူးလို့ ဆိုပါတယ်။ ချင်းတစ်ပိဿာ (ရှယ်) ၈၀၀ ကျပ်-၉၀၀ ကျပ်၊ (ဂွန်) ၆၀၀ ကျပ်-၇၀၀ ကျပ်တို့နဲ့ ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်ပြီး အရောင်းအဝယ်အေးနေပါတယ်။ ဈေးကွက်အတွင်း တစ်နေ့ကို ပိဿာချိန် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ ဈေးကွက်မှတစ်ဆင့် စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၂၀၀ ခန့် တင်ပို့မှုရှိတယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

**၁၆-၂-၂၀၁၅ မှ ၂၀-၂-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 153 | 8,872,510.148 |
| 2 | Form D | 52 | 3,159,805.920 |
| 3 | Form E | 66 | 1,421,789.834 |
| 4 | Korea GSP | 3 | 141,399.810 |
| 5 | Form AK | 54 | 4,257,290.278 |
| 6 | Form AJ | 5 | 127,820.650 |
| 7 | Form AI | 21 | 2,029,354.600 |
| 8 | AANZ | 1 | 4,937.000 |
| Grand Total | | 355 | 20,014,908.240 |

## ကြက်သွန်နီ

### ကြက်သွန်နီ ပိုမိုတင်ပို့

ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၅၉၈၈၇တန်ဖိုးရှိကြက်သွန်နီ တန်၄၈၀ ကျော်နဲ့မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှကန်ဒေါ်လာ ၃၁၅၀ တန်ဖိုးရှိ ကြက်သွန်နီ ၁၅ တန် တင်ပို့ခဲ့ပါတယ်။ယခင်ရက်သတ္တပတ်က မြဝတီမှ တန် ၁၀၀ ကျော်နဲ့ မူဆယ်မှ ၃ တန်သာ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် ကြက်သွန်နီပိုမို တင်ပို့လာတာတွေ့ရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်မှာ ကြက်သွန်နီ တစ်တန်ကို ဒေါ်လာ ၃၀၀-၄၀၀ ကြားဈေးရရှိပြီး မြန်မာ-တရုတ်နယ်စပ်မှာတော့ တစ်တန်ကို ယခင်က ၁၅၀ ဒေါ်လာမှ ယခု ဒေါ်လာ ၂၁၀ထိဈေးရရှိတယ်လို့သိရပါတယ်။ မြန်မာပြည်က ထွက်တဲ့ကြက်သွန်နီဟာ အရည်အသွေးပိုကောင်းပြီး ဝယ်လိုအားများလာတာကြောင့် ယခုလို နယ်စပ်စခန်းများမှ တစ်ဆင့် တင်ပို့လာနိုင်တာ ဖြစ်ပါတယ်။

**မော်မော်အောင် MIRT (DCCA)**

### အရောင်းအဝယ်ပေါ်မူတည်ပြီး ဈေးဖြစ်ပေါ်တဲ့ ပြည်ကြက်သွန်နီ

ဖေဖော်ဝါရီတတိယပတ်ရဲ့ ပြည်ကြက်သွန်နီဈေးကတော့ အရောင်းအဝယ်ဖြစ်တဲ့အပေါ်မှာ မူတည်ပြီးဈေးနှုန်းအတက်အကျဖြစ်ပေါ်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီတစ်ပိဿာ ပွဲရုံပေါက်ဈေးကတော့ (ကြီး) ၃၅၀ ကျပ်၊ (လတ်) ၃၀၀ ကျပ်နှင့် (သေး) ၂၈၀ ကျပ်ဈေး ဖြစ်ပေါ်နေပါတယ်။ ယခင်တစ်ပတ်ကထက်စာရင် ဈေးနှုန်းအနည်းငယ်မြင့်လာတာ တွေ့ရပါတယ်။

ဈေးကွက်အတွင်း လက်လီ၊ လက်ကားအရောင်းအဝယ်သမားတွေ အိတ်ဆွဲများတာကြောင့်လည်း ဈေးအနည်းငယ်လျှပ်လာတာပါလို့ ပွဲရုံပိုင်ရှင်တစ်ဦးကပြောလို့ သိရပါတယ်။ ယခင်တစ်ပတ် ကြက်သွန်နီဈေးက (သေး) ၂၀၀ ကျပ်၊ (လတ်) ၂၅၀ ကျပ်နှင့် (ကြီး) ၃၂၀ ကျပ်ဖြင့် အရောင်းအဝယ်အေး ဈေးအေးဖြစ်ခဲ့ပြီး ယခုတစ်ပတ်တွင် ပြည်မြို့တစ်မြို့လုံးနီးပါး အလှူတွေ ဆက်တိုက်ဖြစ်နေတာကြောင့် အရောင်းအဝယ်အနည်းငယ်ကောင်းလာကြောင်းလည်း သိရပါတယ်။ နယ်သို့တင်ပို့ခြင်း မရှိသော်လည်း ဒေသတွင်း အိတ်ဆွဲလက်လီဈေးသည်များကြောင့် တစ်ရက်ကို အိတ် ၁၀၀ နီးပါး အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

တောင်တွင်း၊ မကွေး၊ ရေနံချောင်း၊ ဆိပ်ဖြူတို့ဘက်မှ ကြက်သွန်နီအိတ်များ ပုံမှန်ဝင်ရောက်လျက်ရှိပါတယ်။ **နီနီဝင်း-ပြည်**

# နည်းပညာအတားအဆီး



မောင်ဖြူ ။ မင်္ဂလာပါ၊ အန်တီချို နေကောင်းလား။

အန်တီချို ။ အော် . . အေး . . မောင်ဖြူလား၊ ဘာကိစ္စရှိလဲ၊ ဘာလုပ်ပေးရမလဲ။

မောင်ဖြူ ။ ဟုတ်ကဲ့၊ ကျွန်တော် ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့ အလုပ်ရုံဆွေးနွေးပွဲကိုသွားဖို့ အရွေးခံထားရပါတယ်၊ စာမေးချင်လို့ပါခင်ဗျာ။

အန်တီချို ။ ကောင်းပါပြီ၊ ဟနွိုင်းမြို့သွားရင် ဆွေးနွေးရမယ့် ခေါင်းစဉ်ကဘာလဲ၊ Power Point ရော ပြင်ဆင်ထားပြီးပြီလား။

မောင်ဖြူ ။ ဆွေးနွေးရမဲ့ခေါင်းစဉ်ကတော့ "နည်းပညာအတားအဆီး" လို့သိရပါတယ်။ အန်တီချိုအချိန်ရရင် ပြောပြပေးပါ။ အခုမအားလည်း နောက်ရက်တွေမှာ လေယာဉ်ပျံမထွက်မီအချိန်အတွင်း ရှင်းပြပေးပါခင်ဗျာ။

အန်တီချို ။ အင်း . . . အေးပါကွယ်၊ အခုပဲချက်ချင်းမြန်မြန်လေးဆွေးနွေးပေးပါ့မယ်။ မသိတာ၊ မရှင်းတာရှိရင် ချက်ချင်းဖြတ်မေးနော်၊ ဟိုကျတော့ ကိုယ့်ကိုသူများနိုင်ငံက ကိုယ်စားလှယ်တွေမေးရင် ကိုယ်က ဂယနဏ ဖြေနိုင်ရမယ် မဟုတ်လား။

မောင်ဖြူ ။ ကျွန်တော်စုဆောင်းရေးထားတဲ့စာတမ်းကလေးလည်းကြည့်ပေးပါနော်။ ဘာမေးနိုင်လည်းဆိုတာလည်းသင်ပြပေးပါ။

အန်တီချို ။ ဒဗလျူတီအိုက ဘာသာရပ်တွေအများကြီးရှိတဲ့အနက် အဖွဲ့ဝင်နိုင်ငံများက သဘောတူညီချက်တွေလက်မှတ်ထိုးတဲ့အခါ "နည်းပညာအတားအဆီး သဘောတူညီချက်" က တစ်ခုပါဝင်တယ်။ သမိုင်းကြောင်းနဲ့ချီပြီး လေ့လာဖို့ကတော့ နိုင်ငံခြားကပြန်လာမှ အသေးစိတ်လေ့လာပေ့ါ။ လက်စွဲစာအုပ်တွေ၊ အစီရင်ခံစာ တွေအများကြီး စာကြည့်တိုက်မှာရှိတယ်။ နည်းပညာအတားအဆီးနဲ့ ပတ်သက်တဲ့ အငြင်းပွားမှု ဖြေရှင်းချက်တွေ အမှုတွဲတွေ ဘယ်လိုဆုံးဖြတ်ချက်ချတယ် ဆိုတာတွေလေ့လာဖို့ စာအုပ်ထူကြီး တစ်အုပ်လည်းရှိသေးတယ်။

မောင်ဖြူ ။ ဘာသာရပ်တစ်ခုကိုလေ့လာဖို့၊ ကျွမ်းကျင်ဖို့ ကျွန်တော်ကြိုးစားပါ့မယ်။

အန်တီချို ။ တကယ်တော့ ကုန်သွယ်ရေးနဲ့ပတ်သက်ပြီး ဖြေလျှော့မှုတွေလုပ်တာသိမှာပေ့ါ။ ဥပမာ-အကောက်ခွန်တွေဖြေလျှော့ပြီး ကုန်သွယ်မှုလွယ်ကူချောမွေ့အောင်လုပ်တယ်ဆိုပေမဲ့ တစ်ဖက်ကလည်း မိမိနိုင်ငံအတွက် သွင်းကုန်များအပေါ် စံချိန်စံညွှန်းဆိုတဲ့ (နည်းပညာအတားအဆီး) တွေနဲ့ ဟန့်တားမှုတွေ ပြုလုပ်ကြတယ်။

မောင်ဖြူ ။ ဥပမာ လေးတစ်ခုလောက် ရှင်းပြပေးပါလားခင်ဗျာ။

အန်တီချို ။ ဒါဆိုရင် အီးယူနဲ့ ပီးရူးနိုင်ငံ အမှုတစ်ခုအကြောင်းကိုပြောပြမယ်။ အမှုကိစ္စက "ပီးရူးနိုင်ငံက တင်သွင်းတဲ့ ဆဒိုင်းငါးသေတ္တာတွေကို အီးယူက ငြင်းပယ်ခဲ့လို့ ပီးရူး နိုင်ငံက ဒဗလျူတီအိုကို တိုင်ချက် ဖွင့်တယ်" အဲဒီမှာသိထားဖို့က ဒဗလျူတီအိုမှာ အငြင်းပွားမှုတွေကို တူညီဆန္ဒ (Consensus) နဲ့ မဲခွဲဆုံးဖြတ်ကြပေမယ့်၊ နည်းပညာအတားအဆီးရဲ့ဆုံးဖြတ်ချက်ကတော့ သိပ္ပံနည်းကျ ရေးဆွဲချမှတ်ထားတဲ့ စည်းမျဉ်းအပေါ် စံထားပြီး ဆုံးဖြတ်ကြတယ်။ ဒီအမှုမှာ FAO ရဲ့ Codex ဥပဒေ အပိုဒ် ၂၀. ၁ အရ ဆုံးဖြတ်ပေးခဲ့တယ်။ အီးယူ လိုချင်တဲ့ ဆဒိုင်းငါးက ပထဝီအနေအထားအရ မြေထဲပင်လယ်ပိုင်းကငါးတွေကို ရည်ညွှန်းထားတယ်။ ဒါပေမဲ့ ပီရူးနိုင်ငံရဲ့ ဆဒိုင်းငါးတွေက အာဖရိကတောင်ပိုင်းပင်လယ်ကငါးတွေဖြစ်နေတယ်။ ဒါကြောင့် ငါးအမျိုးအစားကို သိပ္ပံနည်းကျ အသေးစိတ်သတ်မှတ်ထားလို့ ဆဒိုင်းငါးချင်းတူပေမဲ့ ပထဝီအညွှန်းအရ ငါးမျိုးရင်းတူပေမဲ့ မျိုးစိတ်မတူလို့ ပီရူးနိုင်ငံက အမှုရှုံးခဲ့ရတယ်။

မောင်ဖြူ ။ ဟုတ်ကဲ့၊ စံချိန်စံညွှန်းကို ကုန်သွယ်မှုပြုရာမှာ အလေးထားရတာကို သဘောပေါက်ပါပြီ။ မြန်မာနိုင်ငံရော၊ ဒီလိုအမှုမျိုးရှိလား။

အန်တီချို ။ မြန်မာနိုင်ငံရဲ့ ကုန်ပစ္စည်းကုန်သွယ်မှုနဲ့ပတ်သက်ပြီး တိုင်ချက်ဖွင့်တာတော့မရှိပါဘူး။ စီးပွား/ကူးသန်းဝန်ကြီးဌာနကတော့ Focal ဌာနအဖြစ် ဘာသာရပ်အားလုံးကို လက်ခံဆွေးနွေးထားပေမဲ့၊ သက်ဆိုင်ရာ ဝန်ကြီးဌာနကို လွှဲအပ်လိုက်ပြီး၊ ဆက်လက်ဆောင်ရွက်သွားဖို့ဖြစ်တဲ့ အတွက် (Technical Barriers to Trade)နဲ့ ပတ်သက်ပြီး သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပါလိမ့်မယ်။ အဲဒီမှာ TBT National Body တွေဖွဲ့စည်းမယ်။ Website မှာ Enquiry Point ဖွင့်လှစ်ပြီး မေးမြန်းသူများအတွက် အဖြေပေးရမယ်။

မောင်ဖြူ ။ ဟုတ်ကဲ့၊ အန်တီချိုပြောတာလေးတွေ လိုက်ရေးထားတယ်။ ပြီးရင်အင်္ဂလိပ်ဘာသာနဲ့ Speaking style ပြန်ရေးမယ်။ ကြည့်ပြီးပြင်ပေးအုံးနော်။

အန်တီချို ။ အေး . . အေး။ အောင်မြင်ပါစေကွယ် . . ။

**တင်ချိုဦး**

## မုံရွာမြို့ပေါ်ရှိ ဈေးများတွင်ရောင်းချလျက်ရှိသည့် စားသောက်ကုန်များအား စားသုံးသူရေးရာဌာနမှ စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ပေါ်ရှိ မြသလ္လာဈေး၊ ချင်းတွင်းရတနာဈေး၊ သီရိရတနာဈေးများအတွင်းရှိ ဈေးဆိုင်များ၌ ရောင်းချလျက်ရှိသော စားသောက်ကုန်စည်များတွင် နိုင်ငံပိုင်သတင်းစာ၊ သတင်းဌာနများမှ ကြေညာထားသော စားသုံးရန်မသင့်သည့် စားသောက်ကုန်များ၊ ဆိုးဆေးများပါဝင်သော စားသောက်ကုန်များ နှင့် အခြားစားသုံးရန် မသင့်လျော်သည့် စားသောက်ကုန်များ ရောင်းနေခြင်းရှိ/မရှိတို့အား စစ်ကိုင်းတိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် သက်ဆိုင်ရာဈေးအသီးသီးမှ တာဝန်ရှိဝန်ထမ်းများ လိုက်ပါလျက် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

မုံရွာနယ် တစ်ဝိုက်တွင် ငါးပိ/ငါးခြောက်များ အဓိကဖြန့်ဖြူးရောင်းချသည့် မြသလ္လာဈေး၌ တိုင်းဒေသကြီးဦးစီးမှူး ဦးခမ်လျန်စွမ်း ခေါင်းဆောင်သည့်အဖွဲ့က စတင်စစ်ဆေးခဲ့ရာ ငါးပိ/ငါးခြောက် စားသောက်ကုန်များအား တားမြစ်ဆေးသုံးစွဲ၍ ရောင်းပန်းလှစေရန်ပြုပြင်ထားခြင်း ရှိ/မရှိ၊ ယင်မနားစေသည့် ဓာတုဗေဒဆေးများ သုံးစွဲခြင်း ရှိ/မရှိ တို့ကို စစ်ဆေးပါသည်။ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်၊ နနွင်း မှုန့်များ အဓိကရောင်းဝယ်ဖြန့်ဖြူးသည့် ချင်းတွင်းရတနာဈေးကြီးအတွင်းရှိ လက္ကားဆိုင်ကြီးများသို့ သွားရောက် စစ်ဆေးရာတွင် နိုင်ငံပိုင်သတင်းစာများမှ စားသုံးရန်မသင့်ကြေညာထားသည့် ငရုတ်သီး အရောင်တင်မှုန့်များ ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရသဖြင့် ဆိုင်ပိုင်ရှင်များအား ရောင်းချခြင်း မပြုရန် ကတိခံဝန်ချက် လက်မှတ်များ ရေးထိုးစေခဲ့ပါသည်။ မြသလ္လာဈေးနှင့် ချင်းတွင်းရတနာဈေးကြီးအတွင်းရှိ မုန့်ဆိုင်များတွင် ကြေညာပြီး တားမြစ်ထားသည့် မုန့် အချို့ စစ်ဆေးတွေ့ရှိခဲ့ရပြီး အဓိကအားဖြင့် ဒေသတွင်းမှ ထုတ်လုပ်သည့် မုန့်များသည် အမှတ်တံဆိပ်မပါရှိခြင်း၊ ထုတ်လုပ်သည့် လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် သက်တမ်းကုန်ဆုံးရက် မပါရှိခြင်းတို့ကို စစ်ဆေးတွေ့ရှိရသည့် အတွက် ဈေးဆိုင်ပိုင်ရှင်များအား သတိပေးမှုများ ပြုလုပ်ခဲ့ပြီး ခံဝန်ချက်ကတိ လက်မှတ်ရေးထိုးခြင်းများဆောင်ရွက်ခဲ့ပါသည်။

သီရိရတနာဈေးမှ ကုန်စိမ်းနှင့် ငါးပိ/ငါးခြောက်၊ အရောင်တင်မှုန့်များ ရောင်းချနေမှုများအား နေ့လယ် ၁၁ နာရီအချိန်မှ စတင်စစ်ဆေးခဲ့ပါသည်။ ယခု စစ်ဆေးရာတွင် တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် စားသုံးသူ တိုင်ကြားမှုပုံစံများကို လူထုအတွင်း သိရှိနိုင်ရန် သက်ဆိုင်ရာ ဈေးတာဝန်ခံအသီးသီးသို့ ပေးအပ်ခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်များအား စစ်ဆေးသည့် အဖွဲ့တွင်ပါဝင်သည့် ဌာနဆိုင်ရာများမှ သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ တင်ပြမည်ဖြစ်သည့်အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့တင်ပြ၍ လမ်းညွှန်မှုခံယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**သိန်းစိုးသစ်**

## ခရမ်းချဉ်သီးမျိုးစေ့များ တောင်ကိုရီးယားသို့တင်ပို့

မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံတစ်ခု ဖြစ်တာကြောင့် နိုင်ငံတော်ရဲ့ ပို့ကုန်ကဏ္ဍတွင် လယ်ယာထွက်ကုန် ပစ္စည်းအများဆုံးတင်ပို့နိုင်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ယခုအခါ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ အရည်အသွေးမြင့်မားသောမျိုးစေ့များကိုပါ ပြည်ပသို့ တင်ပို့နိုင်နေပြီဖြစ်ပါတယ်။ Nongwoo Seed Myanmar ကုမ္ပဏီနှင့် Sea Field Industries ကုမ္ပဏီတို့ဟာ ပြင်ဦးလွင်နဲ့နောင်ချိုမြို့နယ်တို့မှာ စိုက်ပျိုးရေးခြံများနဲ့စက်ရုံများတည်ဆောက်ကာ ခရမ်းချဉ်သီး မျိုးစေ့များထုတ်လုပ်၍ တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့လျက်ရှိပါတယ်။ ခရမ်းချဉ်သီးမျိုးစေ့ရဲ့ အရည်အသွေး အပေါ်မူတည်၍ တစ်ကီလိုဂရမ်လျှင် ဒေါ်လာ ၄၀၀၀ အထိ ဈေးနှုန်းရရှိသဖြင့် ဝင်ငွေကောင်းသော လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အပင်မှထွက်ရှိသော သီးနှံနှင့်မျိုးစေ့များ ပြည်ပသို့ တင်ပို့ရာ တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ပိုးမွှားကင်းစင်ကြောင်း လက်မှတ်ပါရှိရန် လိုအပ်ပါတယ်။ ယခုကဲ့သို့ ဈေးကောင်းရရှိသည့်မျိုးစေ့များတင်ပို့ခြင်းဖြင့် နိုင်ငံတော်ရဲ့ ပို့ကုန်ကဏ္ဍ တိုးမြှင့်ရေးကို အထောက်အကူပြုစေလျက်ရှိပါကြောင်း သတင်းကောင်းပါး လိုက်ရပါတယ်။

ဇန်နဝါရီလအတွင်းမှာ ၁ ကီလိုဂရမ်လျှင် ကန်ဒေါ်လာ ၄၀၀၀ နှုန်းနဲ့ ၆၅ ကီလိုဂရမ်ကျော် ကန်ဒေါ်လာ ၂၇၀၀ နှုန်းနဲ့ ၃ ဒသမ ၇၀ ကီလိုဂရမ်အသီးသီး တင်ပို့ရန် လိုင်စင်လျှောက်ထားမှုရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။

**MIRT (DCCA)**

## ဓာတ်ဆီ/ဒီဇယ်

### ဓာတ်ဆီ၊ဒီဇယ်တန်ချိန် ခုနစ်ရာ့ကိုးဆယ်ကျော်ဝင်

ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၈၇၈၅၆၄၈ ဒသမ ၄၀ တန်ဖိုးရှိ ဓာတ်ဆီ ၂၀၆ ဒသမ ၆၃၉ တန်နဲ့ ကန်ဒေါ်လာ ၈၀၄၅၉၅၆ ဒသမ ၄၆ တန်ဖိုးရှိ ဒီဇယ် ၈၅၁ ဒသမ ၁၅၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အတွင်း ဓာတ်ဆီအဝင် ၁၅၂ ဒသမ ၂၆၇ တန် အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၅၄ ဒသမ ၃၇၂ တန်အဝင်ပိုခဲ့ပါတယ်။ ဒီဇယ်က ယခင်တစ်ပတ်မှာ ၆၃၈ ဒသမ ၃၇၉ တန်ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၁၂ ဒသမ ၇၇၅ တန်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဓာတ်ဆီရော ဒီဇယ်ပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဖေဖော်ဝါရီ ၁၆ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အတွင်း ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက ဒီတစ်ပတ် တောင်ကြီး နဲ့ မော်လမြိုင်မှာဈေးငြိမ်ပြီး ရန်ကုန်မှာ ဈေးအနည်းငယ် မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေး များမှာလည်း ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဒီဇယ်ဈေးအနည်း ငယ်မြင့်လာပေမယ့် ဓာတ်ဆီဈေးအနည်းငယ်ကျပြီး အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် ဓာတ်ဆီ/ဒီဇယ် အရောင်းအဝယ်အခြေအနေများမှာ-

**ရန်ကုန်ဈေးကွက်** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီ မှာဈေးငြိမ်နေပြီး အောက်တိန်း၊ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်မြင့် လာတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးမှာ ဓာတ်ဆီတစ်လီတာ ၈၁၄ ကျပ်၊ ဒီဇယ် ၆၈၀ ကျပ်၊ အောက်တိန်း ၅၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၀၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပမှာ အရောင်း အဝယ်ဖြစ်နေတဲ့ ဓာတ်ဆီဈေးမှာ ဖေဖော်ဝါရီ ၁၆ ရက် ဝယ်ဈေး တစ်ပီပါ ၁၆၅၀၀၀ ကျပ်၊ရောင်းဈေး တစ်ပီပါ ၁၆၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပြီး ၁၈ ရက် နေ့မှာ ဝယ်ဈေး ၁၆၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၆၆၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဖေဖော်ဝါရီ ၁၆ ရက်မှာ ဝယ်ဈေး၁၂၄၀၀၀ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ပြီး ၁၈ ရက်မှာ ဝယ်ဈေး ၁၂၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဝယ်ဈေး၊ ရောင်းဈေး များမှာတော့ ဒီတစ် ပတ်မှာ ဓာတ်ဆီဈေးက ဝယ်ဈေး တစ်ဂါလန် ၂၈၀၀ ကျပ်ဖြစ်ပြီး ရောင်းဈေး ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၀၀ ကျပ်ဝယ်ပြီး ၂၆၀၀-၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဓာတ်ဆီ၊ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဈေးရောအပြင်လက်လီဆိုင်များမှာ ရောင်းချနေတဲ့ဈေးမှာ ဒီတစ်ပတ် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချ နေတဲ့ဈေးမှာ ဓါတ်ဆီတစ်လီတာ ၈၄၇ ကျပ်၊အောက်တိန်း ၆၆၀ ကျပ်၊ ဒီဇယ် ၆၈၀ ကျပ်၊အဆင့်မြင့်ဒီဇယ် ၇၉၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီ ဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၁၆ ရက်နေ့ဒီဇယ် ဝယ်ဈေး မှာ ၁၃၁၀၀၀ ကျပ်၊ရောင်းဈေး ၁၃၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၁၇ ရက် မှာ ဝယ်ဈေး ၁၃၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၅၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဖေဖော်ဝါရီ ၁၆ ရက်မှာ ဝယ်ဈေး ၁၅၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ၁၈ ရက်မှ စပြီး ဝယ်ဈေး ၁၆၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၆၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါ ဈေးအနည်းငယ်ပြန်တက်လာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၄၀၀ ကျပ်၊ ဓာတ်ဆီ ၃၈၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၁၅၀ ကျပ်၊အောက်တိန်း ၂၉၂၅ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါ တယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါ လန် ၃၁၅၀ ကျပ်၊ အောက်တိန်း ၂၉၂၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ် လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီနဲ့ ဒီဇယ်ဈေးမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဆိုင်ဈေးတက်လာသလို ပြင်ပလက်လီဆိုင်များရဲ့ ဈေးမှာလည်း ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီ ဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၂၆၀၀ ကျပ်၊ ဒီဇယ် ၂၈၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓါတ်ဆီ ၃၀၀၀ ကျပ်၊ ဒီဇယ် ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။



### ကမ္ဘာ့ရွှေဈေးကျဆင်းမှုနှင့် တရုတ်နှစ်သစ်ကူးပွဲတော်များကြောင့် နဲနဲချဲ့ရန် မြန်မာ့ရွှေဈေး ကျပ်တစ်သောင်းကျော် ကျဆင်းလာ

ကမ္ဘာ့ရွှေဈေးကျဆင်းမှုနှင့်အတူ မြန်မာ့ရွှေဈေးပါ လိုက်ပါကျဆင်းလျက်ရှိ ကြောင်း ရွှေကုန်သည် အသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။ ကမ္ဘာ့ရွှေဈေး ကျဆင်း မှုဖြစ်ပေါ်နေချိန်သည် တရုတ်နှစ်သစ်ကူးကာလနှင့်ပါ တိုက်ဆိုင်လျက်ရှိခြင်းကြောင့် ရွှေဈေးများ ကျဆင်းရခြင်းဖြစ်သည်ဟု ရွှေကုန်သည်တစ်ဦးက ဆိုသည်။

"ဒီအချိန်က ခုလိုပဲ ဈေးကျဆင်းတတ်ပါတယ်။ ကမ္ဘာ့ရွှေဈေးကလည်း ကျ လာတယ်။တစ်ကမ္ဘာလုံးမှာ တရုတ်နှစ်သစ်ကူးပွဲတော်တွေကလည်း ကျင်းပနေကြ တဲ့အတွက် ရွှေက အရောင်းရော အဝယ်ပါရပ်သွားတယ်။ နယ်စပ် မှာဆိုပိုပြီးသိသာ တယ်။ အဲဒီမှာက တရုတ်နှစ်သစ်ကူးပွဲတော်ကာလဆိုရင် ဈေးကွက်တွေ အကုန်လုံး ရပ်ထားတာ။ အဲဒီလိုရပ်ထားတဲ့အတွက် အရောင်းအဝယ် ဘာမှကို မရှိတော့တာ။ ဒါကြောင့် ရွှေဈေးတွေက လိုက်ပြီးကျလာတာပါ။ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းတွေ ကလည်း ကျဆင်းနေတဲ့အတွက် ကမ္ဘာ့ရွှေဈေးလည်း ကျဆင်းလာရတာပါ"ဟု ရွှေ ကုန်သည် ဦးစံမြင့်က ဆိုသည်။

မြန်မာ့ရွှေဈေးသည် ဖေဖော်ဝါရီ ၁၆ ရက်က ကျပ် ၆၈၆၅၀၀ ရှိခဲ့ပြီး ဖေဖော် ဝါရီ ၁၈ ရက်တွင် ကျပ် ၆၇၇၀၀၀ သို့ ကျဆင်းခဲ့သည်။ ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျပ် ၆၇၅၅၀၀ သို့ ဆက်လက်ကျဆင်းခဲ့ပြီး ဖေဖော်ဝါရီ ၂၀ ရက်တွင်လည်း ကျပ် ၆၇၅၀၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဖေဖော်ဝါရီ ၁၆ ရက်က ၁၂၂၉ ဒေါ်လာရှိခဲ့ရာမှ ဖေဖော် ဝါရီ ၂၀ ရက်တွင် ၁၂၀၇ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ **မယ်သီတာ**

### ငွေလဲနှုန်းများ ဆက်လက်မြင့်တက်လာ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း က မြင့်တက်ခဲ့သည့် မြန်မာ့ငွေလဲနှုန်း များသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်လာခဲ့ကြောင်း ငွေ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

အမေရိကန်ဒေါ်လာတန်ဖိုးများ ခိုင်မာလာမှုကြောင့် ငွေလဲနှုန်းများ မြင့် တက်လာရခြင်းဖြစ်သည်ဟု ငွေဈေး ကွက်အတွင်း ဝယ်ရောင်းလုပ်နေသူ များက ဆိုသည်။

"ပြည်တွင်းက ငွေတန်ဖိုး ကျလာ တာရယ် အမေရိကန်ဒေါ်လာရဲ့တန်ဖိုး က ခိုင်မာလာတာရယ်ကြောင့် ခုလို ငွေ လဲနှုန်းတွေ မြင့်တက်လာရတာပါ။ ဒေါ်လာဈေး နည်းနည်းမြင့်တက်လာ ပေမယ့်လည်း ဈေးကွက်ထဲမှာတော့ အရောင်းအဝယ်က ပုံမှန်အတိုင်းပါပဲ။ ဈေးက အများကြီး မြင့်တက်လာတာ မဟုတ်တဲ့အတွက် အရင်နှစ်ဆန်းပိုင်း တုန်းကလိုမျိုး ဖြစ်လာလိမ့်မယ်လို့တော့ မထင်ပါဘူး။ အဲဒီတုန်းက ရွှေဈေးက အများကြီးကျသွားတာဆိုတော့ ရွှေမှာ မကိုက်တဲ့သူတွေက ဒေါ်လာဘက်ကို လှည့်လာကြတာပါ။ ခုကတော့ အဲဒီလို ဖြစ်မလာနိုင်သေးပါဘူး"ဟု ငွေဈေး ကွက်အတွင်းမှ ကိုဦးက ဆိုသည်။

သိမ်ဖြူ ငွေလဲဈေးကွက်အတွင်း တွင် ဖေဖော်ဝါရီ ၁၆ ရက်က ရောင်း ဈေး ၁၀၃၄ ကျပ်၊ ဝယ်ဈေး ၁၀၂၄ ကျပ် ရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၀ ရက်တွင် ရောင်း ဈေး ၁၀၃၄ကျပ်၊ ဝယ်ဈေး ၁၀၂၉ ကျပ် ရှိခဲ့သည်။

ပြင်ပငွေလဲစင်တာများတွင် ဖေ ဖော်ဝါရီ ၁၆ရက်က ရောင်းဈေး ၁၀၃၆ ကျပ်၊ ဝယ်ဈေး ၁၀၃၂ကျပ်၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် ရောင်းဈေး ၁၀၃၇ကျပ်၊ ဝယ်ဈေး ၁၀၃၃ ကျပ်သို့ မြင့်တက်ခဲ့ သည်။

**မယ်သီတာ**

## Currency Exchange Rate

February 20, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.28 |
| BDT | Bangladesh Taka | 77.80 |
| CAD | Canada Dollars | 1.25 |
| CNY | China Yuan Renminbi | 6.26 |
| EUR | Euro | 0.88 |
| HKD | Hong Kong Dollars | 7.76 |
| INR | India Rupees | 62.24 |
| IDR | Indonesia Rupiahs | 12879.28 |
| JPY | Japan Yen | 118.92 |
| MYR | Malaysia | 3.65 |
| PKR | Pakistan Rupees | 101.66 |
| PHP | Philippines Pesos | 44.20 |
| RUB | Russia Rubles | 61.98 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1112.54 |
| LKR | Sri Lanka Rupe | 132.80 |
| THB | Thailand Baht | 32.56 |
| GBP | United Kingdom Pounds | 0.65 |
| VND | Vietnam Dong | 21300.00 |

*Source : xe.com*

## World Gold Price

February, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 16 | 1229 | 1230 | 1230 |
| 17 | 1225 | 1225 | 1225 |
| 18 | 1205 | 1208 | 1208 |
| 19 | 1211 | 1213 | 1213 |
| 20 | 1205 | 1205 | 1206 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 16-2- 2015 | 686.50 | 686.10 |
| 17-2- 2015 | 684.50 | 683.00 |
| 18-2- 2015 | 677.00 | 676.00 |
| 19-2- 2015 | 676.50 | 686.90 |
| 20-2- 2015 | 675.50 | 675.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 16 | 6 .23 | 32.60 | 77.91 | 62.22 |
| 17 | 6. 26 | 32.56 | 77.83 | 62.25 |
| 18 | 6 .26 | 32.58 | 78.01 | 62.31 |
| 19 | 6 .25 | 32.55 | 77.80 | 62.08 |
| 20 | 6.25 | 32.56 | 77.80 | 62.24 |

## Energy NYMEX 20-2-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 51.73 | 0.57 | 1.11 |
| Brent Crude Futr (USD/bbl) | 60.64 | 0.43 | 0.71 |
| Gasoline Rbob Fut (Cent/gal) | 162.360 | 0.68 | 0.42 |
| Natural Gas Futr (USD/MMBtu) | 2.81 | -0.02 | -0.71 |
| Heating Oil Futr (Cent/gal) | 200.73 | 1.35 | 0.68 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 16-February | 17.31 | 2180.42 | 1813.28 | 5817.95 | 1214.00 |
| 17-February | 17.24 | 2183.55 | 1806.78 | 5850.66 | 1201.00 |
| 18-February | 16.46 | 2129.12 | 1809.92 | 5755.01 | 1172.00 |
| 19-February | 16.59 | 2110.98 | 1796.48 | 5819.30 | 1175.00 |
| 20-February | 16.49 | 2107.17 | 1794.46 | 5816.83 | 1167.00 |

Source:kitco.com

## ဘိလပ်မြေ

### ဒီတစ်ပတ် ဘိလပ်မြေအဝင်လျော့

ကန်ဒေါ်လာ ၃၂၅၆၇၆၅ တန်ဖိုးရှိ ဘိလပ်မြေ ၃၀၃၉၉ ဒသမ ၆၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်သီတင်းပတ်အတွင်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယနိုင်ငံမှ ၃၆၉၆ ဒသမ ၁၅ တန်၊ စင်ကာပူနိုင်ငံမှ ၁၂၅ တန်နဲ့ ထိုင်းနိုင်ငံမှ ၂၆၅၇၈ ဒသမ ၅ တန်အသီးသီး တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာလည်း ထိုင်းနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပါတယ်။ ဝင်လာတဲ့ဘိလပ်မြေများမှာ စိန်၊ ဆင်၊ RAMCO၊ SCG စတဲ့ တံဆိပ်များဝင်လာ တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် သုံးသောင်းနှစ်ထောင်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ယခင်တစ်ပတ်ထက် ဘိလပ်မြေ အရောင်းအဝယ်သွက်

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် သုံးသောင်းသုံးရာကျော်ရှိခဲ့တယ်လို့ သိရ ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ခြောက်သောင်းသုံး ထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် သုံးသောင်းနှစ် ထောင်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် ဘိလပ်မြေ အဝင်မှာ တန်ချိန် သုံးသောင်းခုနစ်ထောင်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် နှစ်သောင်းလေးထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် တစ်သောင်းနှစ်ထောင်ခုနစ်ရာကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းသွက်တယ်လို့ သိရပါတယ်။ နယ်ဘက်မှလည်း အဆွဲရှိတာကြောင့် အရောင်းအဝယ်က ယခင်တစ်ပတ်ထက်ပိုသွက်တယ်။ အရောင်းအဝယ်သွက်သလို ဈေးကလည်း နည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာဈေးကွက်ထဲ ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၅၄၅၀ ကျပ်၊မြင်းခေါင်း ၄၂၀၀ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၇၅၀ ကျပ်၊ စိန် ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းပုံမှန်ရှိသလို ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ် တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ၅၃၀၀ ကျပ်၊ မက်စ်(မြန်မာ) ၅၃၀၀ ကျပ်၊ဆင်(ထိုင်း) ၆၆၅၀ ကျပ်၊မြင်းခေါင်း ၅၂၀၀ ကျပ်၊ဆင်(မြန်မာ) ၄၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ ဘိလပ်မြေ အရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ ပုံမှန် အရောင်းအဝယ်ကောင်းသလို ဘိလပ်မြေဈေးကလည်း တစ်အိတ်ကို တစ်ရာဝန်းကျင်ဈေးမြင့်လာတယ်လို့ သိရ ပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၄၇၀၀ ကျပ်၊ မြန်မာဆင် ၄၆၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်) ၄၆၀၀ ကျပ်၊ ကျားခေါင်း ၄၆၀၀ ကျပ်၊မြင်းခေါင်း ၄၆၀၀ ကျပ်၊ ဆင် ၆၉၀၀ ကျပ်၊စိန် ၆၉၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### အီဂျစ်၊ စင်ကာပူနဲ့ ထိုင်းမှ မြေဆီများဝင်

ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၄၃၄၈၀ တန်ဖိုးရှိ မြေသြဇာ ၁၆၀၅ ဒသမ ၈၅၇ တန်ကို ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ အီဂျစ်နိုင်ငံမှ ၁၀၀၃ ဒသမ ၂၄၅ တန်၊ စင်ကာပူမှ ၃၂၂ ဒသမ ၆၁၂ တန်နဲ့ ထိုင်းနိုင်ငံမှ တန်ချိန် ၂၈၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အီဂျစ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ် တင်သွင်းမှုနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် သုံးရာကျော်အဝင်လျော့ ခဲ့တယ်လို့ သိရပါတယ်။

### ဈေးကွက်လှုပ်ရှားမှုမရှိ မြေသြဇာ အရောင်းအဝယ်အေး

ဖေဖော်ဝါရီလ ၈ ရက်မှ ၁၄ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ တန်ချိန်တစ်ထောင်ခြောက်ရာကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် တစ်ထောင့်ကိုးရာကျော် ရှိခဲ့တာကြောင့် ယခင်တစ်ပတ်အဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်သုံးရာကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေသြဇာအဝင်မှာ တန်ချိန် တစ်သောင်းနှစ်ထောင် ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် တစ်သောင်းသုံးထောင့်ခုနစ်ရာကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် တစ်ထောင့်ခုနစ်ရာကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မန္တလေး၊ တောင်ကြီး၊ မကွေးမှာ မြေသြဇာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် မြေသြဇာအရောင်းအေးတယ်လို့ သိရပါတယ်။ ဒါကြောင့်ဈေးလည်း ဒီတစ်ပတ်မှာ ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား၊ရွှေတောင်-တရုတ်) ၁၉၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၄၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၂၈၀၀၀ ကျပ်၊ ကွန်ပေါင်း -၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၈၀၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၁၈၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ- တရုတ်) ၁၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း ရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာက ဒီတစ်ပတ်မှာ အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၁၉၃၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်)၁၈၆၀၀ ကျပ်၊ ယူရီးယား(ကမ္ဘာလုံး-တရုတ်) ၁၈၆၀၀ ကျပ်၊တီစူပါ ၁၂%(တရုတ်) ၉၈၀၀ ကျပ်၊ တီစူပါ ၁၆%(တရုတ်) ၁၀၇၀၀ ကျပ်၊ တီစူပါ-၁၅း၁၅း၁၅(တရုတ်) ၃၅၀၀၀ ကျပ်၊ ဓာတ်ဆား(တရုတ်) ၁၂၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၃၅၀၀ ကျပ်၊ယူရီးယား(ယူအေအီး) ၁၉၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၄၃၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေသြဇာက ဒီတစ်ပတ်မှာ အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ တရုတ်နှစ်သစ်ကူးပွဲတော်ကြောင့် တရုတ်ဘက်မှ မြေဆီများ အဝင်နည်းပေမယ့် ဈေးအပြောင်းအလဲတော့မရှိဘူးလို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက် ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၆၉၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်) ၁၇၄၀၀ ကျပ်၊ တီစူပါ(GSSP ၁၆%-တရုတ်) ၉၁၀၀ ကျပ်၊ တီစူပါ (GSSP ၁၂%-တရုတ်) ၈၁၀၀ ကျပ်၊ (ကွန်ပေါင်း-၁၀း၁၀း၅) ၁၁၉၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီနို့စိမ်း

### OKနဲ့ ဒွန်းနို့ဆီများဝင်

ကန်ဒေါ်လာ ၆၈၉၇၀၀ တန်ဖိုးရှိ နို့ဆီ ၄၆၈ ဒသမ ၉၂၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ဖေဖော်ဝါရီ၈ရက်မှ ၁၄ရက် သီတင်းပတ်အတွင်း ရေလမ်းခရီးမှ တင်သွင်းခဲ့ပါတယ်။

အိုကေနို့ဆီ ၂၄၆ ဒသမ ၄၀ တန်နဲ့ ဒွန်းနို့ဆီ ၂၂၂ ဒသမ ၅၂၈ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် နှစ်ရာ့လေးဆယ်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က နယူးဇီလန်၊ စင်ကာပူနဲ့ အင်ဒိုနီးရှားနိုင်ငံတို့မှ ကန်ဒေါ်လာ ၁၂၂၄၉၆၅ တန်ဖိုးရှိ နို့မှုန့် ၃၈၂ ဒသမ ၁၇၇ တန်ကိုတင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် သုံးရာ့နှစ်ဆယ်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။



**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေသြဇာက ရာသီစိုက်ပျိုးချိန် မရောက်သေးတာကြောင့် အရောင်းအဝယ်က အေးသလို ဈေးကလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃)(အပြာ၊အစိမ်း) ၁၃၁၀၀ ကျပ်၊ ဆင်(၁၀း၁၀း၅) ၁၃၂၀၀ ကျပ်၊ အာမို(၁၀း၁၀း၅) ၁၅၀၀၀ကျပ်၊ အာမို(၁၅း၁၅း၁၅) ၃၃၀၀၀ ကျပ်၊ အာမို(၁၆း၁၆း၈) ၃၁၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၈၄၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၈၀၀၀ ကျပ်၊ အောင်ကမ္ဘာ (၁၀း၁၀း၅) ၁၆၀၀၀ ကျပ်၊ ပိုတက် ၂၂၈၀၀ ကျပ်၊ တောင်သူမ ၁၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၇/၂ မှ ၁၃/၂ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၃၁/၁ မှ ၆/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၃၂၄၇.၀၀ | ၄၂၃၈.၀၀ | (-) ၉၉၁.၀၀ |
| ၂။ | လွယ်ဂျယ် | ၈၁၄.၀၀ | ၉၉၀.၀၀ | (-) ၁၇၆.၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၄၀၀.၀၀ | (-) ၄၀၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၄၇၆၇.၀၀ | ၃၇၀၀.၀၀ | (+) ၁၀၆၇.၀၀ |
| ၅။ | တာချီလိတ် | ၁၁၅၀၀.၀၀ | ၁၅၀၀.၀၀ | (+) ၁၀၀၀၀.၀၀ |
| ၆။ | မြဝတီ | ၃၇၄၉.၂၀ | ၁၄၁၅.၀၀ | (+) ၂၃၃၄.၂၀ |
| ၇။ | ကော့သောင်း | ၁၁၀၇၂.၀၀ | ၁၁၄၀၅.၄၃ | (-) ၃၃၃.၄၃ |
| ၈။ | မြိတ် | ၂၀၀၀.၀၀ | ၇၇၅.၀၀ | (+) ၁၂၂၅.၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၃၇၁၄၉.၂၀ | ၂၄၄၂၃.၄၃ | (+) ၁၂၇၂၅.၇၇ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၇/၂ မှ ၁၃/၂ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၃၁/၁ မှ ၆/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၄၁၆.၃၂၅ | ၁၂၇၅၃.၉၆၀ | (-) ၁၃၃၇.၆၃၅ |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | - | ၂၄၃.၅၀၀ | (-) ၂၄၃.၅၀၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၆၀၀.၂၇၅ | ၄၁၄.၀၀၀ | (+) ၁၈၆.၂၇၅ |
| ၆။ | ကော့သောင်း | - | ၃၁၁.၆၁၈ | (-) ၃၁၁.၆၁၈ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိဒ် | - | - | - |
| | စုစုပေါင်း | ၁၂၀၁၆.၆၀ | ၁၃၇၂၃.၀၇၈ | (-) ၁၇၀၆.၄၇၈ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲဆန်

### နှမ်းဖြူအခွံချွတ် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၀၉ သန်းတန်ဖိုးရှိ နှမ်းဖြူ(အခွံချွတ်) ၁၀၇ တန် တင်ပို့နိုင် ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇၈ တန်သာ တင်ပို့နိုင်ခဲ့လို့ ယခုရက်သတ္တပတ်မှာ မူဆယ်မှ နှမ်းဖြူ(အခွံချွတ်) တင်ပို့မှု ပိုမိုလာတာတွေ့ရပါတယ်။ ယခုတစ်ပတ် မူဆယ်နဲ့ချင်းရွှေဟော်စခန်း နှစ်ခုပေါင်း တင်ပို့ခဲ့တဲ့ နှမ်းတန်ချိန်ကတော့ ၆၇၇ တန်ဖြစ်ပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ ယခင်ရက်သတ္တပတ်က နှမ်းဖြူတစ်တန်ကို ၂၁၄၅၁၀၃ ကျပ်မှ ၂၀၇၈၁၉၂ ကျပ်သို့လည်းကောင်း၊နှမ်းနက် တစ်တန်ကို ၂၂၂၇၄၀၇ ကျပ်မှ ၂၁၆၁၁၁၁ ကျပ်သို့လည်းကောင်း ဈေးများကျဆင်းခဲ့ပါတယ်။ နယ်အစုံက နှမ်းဝင်ရောက်တာ များပြားပေမယ့် ရန်ကုန်နဲ့ မန္တလေးမှ ဝယ်ယူမှုနည်းပါးတာကြောင့် ဈေးတွေပြန်လည် ကျဆင်းရတာဖြစ်တယ်လို့ ကုန်စည်ဒိုင်မှ သိရပါတယ်။ ယခုတစ်ပတ်ရဲ့စခန်းအလိုက် တင်ပို့တဲ့ နှမ်းရောင်စုံတွေကို ဖော်ပြပေးလိုက်ပါတယ်။

တန်ချိန်-ကိန်းပြည့်

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် |
|---|---|---|
| နှမ်းဖြူ | ၂. ၅ | - |
| နှမ်းနက် | ၆၄. ၅ | ၅၀၀ |
| နှမ်းဖြူ(အခွံချွတ်) | ၁၀၇. ၀ | - |
| နှမ်းလှော် | ၃. ၀ | - |

မော်မော်အောင် MIRT (DCCA)

### ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးငြိမ်သလို မြေပဲဆန်ဈေးပါငြိမ်

ပြည်ဈေးကွက်တွင် မြေပဲဆန်မှာ အဝင်နည်းသွားသော်လည်း ဈေးမှာ ယခင်အတိုင်း ငြိမ်နေပါတယ်။ မြန်အောင်၊ ကြံခင်းဘက်မှ တစ်နေ့ ၈၀၀ ခန့်သာအဝင်ရှိပြီး ယခင်တစ်ပတ်ထက် အဝင်နည်းသွားပါတယ်။

ယခုနှစ်တွင် မြေပဲဆန်အထွက်နှုန်းကောင်းပြီး အဝယ်များရှိသော်လည်း ဈေးမှာငြိမ်နေပါတယ်။ မြေပဲဆီဆန် တစ်ပိဿာ ၁၈၂၅ ကျပ်နဲ့ လုံးဆန် တစ်ပိဿာ ၂၁၀၀ ကျပ်ဈေးဖြင့် ဈေးငြိမ်နေပါတယ်။

မြေပဲဆန်နည်းတူ နှမ်းဈေးလည်း ငြိမ်နေတာတွေ့ရပါတယ်။ ယခုအချိန်တွင် ဝယ်လက်များက အဝယ်အနည်းငယ် ရပ်နေပြီး ဆီစက်များကလည်း ဝယ်လိုအားနည်းသဖြင့် ဈေးငြိမ်နေပါတယ်။ နှမ်းနီတစ်တင်း ၃၀၀၀၀ ကျပ်နဲ့ နှမ်းနက်တစ်တင်း ၃၅၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်အတိုင်းဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ဝေဝေမင်း-ပြည်

### ပြည်တွင်းဆီဈေးနှုန်းများ (၂၀-၂-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၂၀၀ | ၃၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၃၂၅ | ၁၃၃၅ | △ |
| မန္တလေး | ၃၄၀၀ | ၃၂၀၀ | ▽ | ၄၅၀၀ | ၄၅၀၀ | □ | ၁၄၃၀ | ၁၄၃၀ | □ |
| ပဲခူး | ၂၆၀၀ | ၂၆၀၀ | □ | ၅၂၀၀ | ၅၁၀၀ | ▽ | ၁၄၀၀ | ၁၄၀၀ | □ |
| မကွေး | ၃၂၀၀ | ၃၂၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၄၃၀ | ၁၄၃၀ | □ |
| မုံရွာ | ၃၅၀၀ | ၃၅၀၀ | □ | ၃၆၀၀ | ၃၆၀၀ | □ | ၁၄၇၀ | ၁၄၈၀ | △ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

Source: mirt-dtp



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၀-၂-၂၀၁၅ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီလ ဒုတိယပတ် | ဖေဖော်ဝါရီလ တတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၅၆.၀၀ | ၆၅၅.၀၀ | ▽ |
| RBD P.Olein | ၆၆၀.၀၀ | ၆၅၅.၀၀ | ▽ |
| RBD P.Strarin | ၆၄၆.၀၀ | ၆၅၂.၅၀ | △ |

Source: econ.mpob

## စားအုန်းဆီ

### စားအုန်းဆီထုတ်လုပ်မှုမြင့်မားလာပေမယ့် တရုတ်နှစ်သစ်ကူးပွဲတော်ကြောင့် စားအုန်းဆီဈေးမြင့်တက်

တရုတ်နှစ်သစ်ကူးပွဲတော်မစတင်မီ အမေရိကန်ပဲပုပ်ဆီဈေးမြင့်တက်မှုနဲ့အတူ မလေးရှားစားအုန်းဆီရဲ့ ကြိုရောင်းဈေးက ဖေဖော်ဝါရီ ၁၈ ရက်မှာ အနည်းငယ်မြင့်တက်ခဲ့ကြောင်း ဒေးလီးတိုင်းမ်သတင်းမှာဖော်ပြထားပါတယ်။ ဒါပေမယ့် စားအုန်းဆီအထွက်နှုန်းတွေ မြင့်လိမ့်မယ်ဆိုတဲ့ သတင်းက စားအုန်းဆီဈေး အဆမတန် မြင့်တက်မလာအောင် ထိန်းသိမ်းပေးနိုင်ခဲ့ပါတယ်။

မလေးရှားစားအုန်းဆီဈေးကွက်ကိုဖေဖော်ဝါရီလ ၁၈ ရက်မှာ မနက်ပိုင်းဖွင့်ပြီး အားလပ်ရက်အဖြစ် ပိတ်ခဲ့ပါတယ်။ ဖေဖော်ဝါရီလ ၂၃ ရက်မှာ ဈေးကွက်ပြန်ဖွင့်မှာ ဖြစ်ပါတယ်။ ဈေးပိတ်ချိန်မှာ မေလအတွက် အခြေခံစံထားဈေးနှုန်းက သုည ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ရင်းဂစ် ၂၃၀၀ (၆၄၀ ဒေါ်လာ)နှုန်းကို ရောက်ရှိခဲ့ပါတယ်။ အရောင်းအဝယ်ဈေးနှုန်းက ၂၂၈၉ ရင်းဂစ်နဲ့ ၂၃၁၂ ရင်းဂစ်အကြားမှာ အတက်အကျရှိခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံသူအများစုက ဈေးကွက်ကို ရောက်ရှိမလာတဲ့အတွက် ရောင်းဝယ်မှုပမာဏက ၂၅ တန်ရှိအတွဲ ၁၀၉၃၃ တွဲရှိခဲ့ရာ ပုံမှန်ပျမ်းမျှရောင်းချနေကျအတွဲဖြစ်တဲ့ ၁၂၅၀ တွဲအောက် ကျဆင်းနေတာကို တွေ့ရပါတယ်။ ဒီဇင်ဘာနဲ့ ဇန်နဝါရီလအတွင်း မုတ်သုံမိုးရွာသွန်းကာ ရေလွှမ်းမိုးမှုကြောင့် မလေးရှားနိုင်ငံရဲ့ စားအုန်းဆီကြမ်းထုတ်လုပ်မှုက ဇန်နဝါရီလအတွင်းမှာ လေးနှစ်အတွင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။

အဓိကဝယ်လက်တွေရဲ့ ဝယ်လိုအားကျဆင်းလို့ မလေးရှားနိုင်ငံမှာ ဆီလက်ကျန်များပြီး ဈေးနှုန်းတွေ အကျဘက်ကို ဦးတည်သွားစေခဲ့ပါတယ်။

"ဝယ်လိုအား နွေးကွေးကျဆင်းတာနဲ့ လာမဲ့လတွေမှာ ထုတ်လုပ်မှုမြင့်မားလာမယ့် အလားအလာတွေကြောင့် ဈေးကွက်အပေါ် ယုံကြည်မှုကျဆင်းလာစေနိုင်ပါတယ်" လို့ ကွာလာလမ်ပူရှိ နိုင်ငံခြားကုန်စည်လုပ်ငန်း ကုန်သည်တစ်ဦးက ပြောပါတယ်။

ကိန်းဂဏန်းများအပေါ် အခြေခံတွက်ချက်မှုအရ အနိမ့်ဆုံးဈေးက တစ်တန်ကို ၂၂၆၁ ရင်းဂစ်ထိရောက်ရှိပြီး ဆက်ကျမယ်ဆိုရင် ၂၂၃၂ ရင်းဂစ်နှုန်းထိ ရောက်ရှိနိုင်ပါတယ်။

တခြား ဟင်းသီးဟင်းရွက်ဆီဖြစ်တဲ့ အမေရိကန်ပဲပုပ်ဆီရဲ့ မတ်လအတွက် ဈေးနှုန်းက သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်ဒါလီယံဈေးကွက်က နှစ်သစ်ကူးပိတ်ရက်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက်မှာ ပြန်ဖွင့်ပါမယ်။

ဉာဏ်တင်

### အိန္ဒိယနိုင်ငံမှ ဇန်နဝါရီလအတွင်း စားအုန်းဆီတင်သွင်းမှု ၂၁ ရာခိုင်နှုန်းကျော် လျော့နည်းကျဆင်း

စားအုန်းဆီဈေးများ တစ်ရှိန်ထိုးတက်နေတဲ့အတွက် ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း အိန္ဒိယနိုင်ငံမှ စားအုန်းဆီတင်သွင်းမှုပမာဏ ၆၅၈၆၇၀ တန်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၂၁ ဒသမ ၂၅ ရာခိုင်နှုန်းရှိပါတယ်။ အိန္ဒိယနိုင်ငံဟာ ကမ္ဘာမှာ ဟင်းရွက်ဆီအများဆုံးတင်သွင်းတဲ့ နိုင်ငံဖြစ်ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ၈၃၆၄၄၇ တန် တင်သွင်းခဲ့တာဖြစ်ပါတယ်။ SEA (Solvent Extraction Association)ရဲ့ထုတ်ပြန်ချက်အရ ဇန်နဝါရီလအတွင်း ဆီကြမ်းတင်သွင်းမှုဟာလည်း ၂၅ ရာခိုင်နှုန်း ကျော်ကျဆင်းခဲ့ပြီး တန်ချိန်အားဖြင့် ၅၈၀၆၉၅ တန်ရှိပါတယ်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ ၇၇၈၈၁၅ တန် တင်သွင်းခဲ့ပါတယ်။

အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံများမှာ ပြည်ပသို့ စားအုန်းဆီတင်ပို့မှုအပေါ် ပို့ကုန်စည်းကြပ်ခွန် အား သုညသို့လျှော့ချလိုက်ပါတယ်။ ဒီလိုလျှော့ချလိုက်တာဟာ သိုလှောင်ရုံလက်ကျန်ဆီများကိုရှင်းထုတ်လိုက်တဲ့အတွက် ကမ္ဘာ့စားအုန်းဆီ ဈေးကွက်မှာ ဈေးများသိသိသာသာ အကျဘက်သို့ ဦးတည်သွားခဲ့ပါတယ်။ ဇီဝ-ဒီဇယ် ထုတ်လုပ်မှုအတွက် စားအုန်းဆီကြမ်း (Crude Palm Oil- CPO) အမှာများမှာ လည်း အလွန်နည်းနေတယ်လို့ သိရပါတယ်။ ဒါပေမယ့် မလေးရှားဈေးကွက်မှာ CPO ဈေးဟာ ဇန်နဝါရီလအတွင်း အနည်းငယ်မြင့်တက်လာတယ်။ ဒီဇင်ဘာလမှာ CPO တစ်တန်ကို ၆၅၇ ဒေါ်လာပေါက်ခဲ့ရာမှာ ဇန်နဝါရီလမှာ ၆၆၅ ဒေါ်လာထိ မြင့် တက်လာခဲ့ပါတယ်။ သို့သော်လည်း သန့်စင်ပြီး ဆီ/ဆီချော (RBD -Refined Palm Oil -Palmolein) တင်သွင်းမှုက ဇန်နဝါရီ လမှာ ၆၉၉၇၇တန်ရှိပြီး အနီးစပ်ဆုံးကာလဖြစ်တဲ့ ၂၀၁၄ခုနှစ် ဒီဇင်ဘာလမှာ ၄၅၀၃၁တန်သာ တင်သွင်းမှုရှိခဲ့ပါတယ်။အိန္ဒိယနိုင်ငံဟာ စားအုန်းဆီကို အင်ဒိုနီးရှားနဲ့ မလေးရှားတို့မှ အဓိကတင်သွင်း တာဖြစ်ပါတယ်။ လက်တင်အမေရိကမှ စားအုန်းဆီ ကြမ်း၊ ပဲပုပ်စေ့ဆီတို့ကို အနည်းငယ်တင်သွင်းပြီး နေကြာစေ့ဆီကို ယူကရိန်းနဲ့ ရုရှားတို့မှာ တင်သွင်းတာဖြစ်ပါတယ်။

CMK

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၀ - ၂ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၂၁၀.၃၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၀၃ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၀၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၆၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၀.၀၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၀.၇၉ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၀၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၄၇.၉၀ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၀-၂-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8˚C Max ၇၁၅ ဒေါ်လာ၊ FOB ၆၉၀ဒေါ်လာနှင့် Earning ဈေး ၁၀၃၆ကျပ်) ဖြင့်တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၀-၂-၂၀၁၅ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၀၃၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါ ဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# သီးနှံဈေးနှုန်းများကို ကိုင်တွယ် ဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့ကို ထိုင်းတွင်ဖွဲ့စည်းမည်

ထိုင်းနိုင်ငံ၌ အဓိကသီးနှံ ဈေးနှုန်း များ တည်ငြိမ်စေရေးအတွက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန် ရည်ရွယ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနတို့သည် ပထမဆုံး ပူးတွဲ လုပ်ငန်းအဖွဲ့ (Joint Task Force) ကို ဖွဲ့စည်းမည် ဖြစ်ပါသည်။

ပူးတွဲလုပ်ငန်းအဖွဲ့တွင် ဝန်ကြီးဌာနနှစ်ခုစလုံးမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်မည်ဖြစ်ပြီး၊ အမြဲတမ်း အတွင်းဝန်များက ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်မည်ဖြစ်ပါသည်။ ပူးတွဲလုပ်ငန်းအဖွဲ့သည် ဆီအုန်း၊ စပါး၊ ပီလောပီနံ၊ ပြောင်း၊ ရော်ဘာနှင့် သစ်သီးဝလံများစသည့် အဓိကသီးနှံခြောက်မျိုးအတွက် ထုတ်လုပ်ခြင်းမှသည် ဈေးကွက်မြှင့်တင်ရေးအထိ စီမံကိန်းများနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲမည်ဖြစ်ပါသည်။

ပူးတွဲလုပ်ငန်းအဖွဲ့အနေဖြင့် ရောင်းလိုအားပိုလျှံခြင်းများနှင့် ယခုနှစ်နှောင်းပိုင်းတွင် အာဆီယံစီးပွားရေး အသိုက်အဝန်း စတင်ပေါ်ပေါက်လာပြီးနောက် အိမ်နီးချင်းနိုင်ငံများမှ သီးနှံများ အလုံးအရင်းဖြင့် ဝင်ရောက်လာနိုင်ခြင်း စသည်တို့ကို ထိန်းချုပ်ဟန့်တားရန်လည်း တာဝန်ရှိပါသည်။ ပူးပေါင်းဆောင်ရွက်မှုများနှင့် စီမံချက်များကို အကဲဖြတ်ရန် လစဉ်တွေ့ဆုံဆွေးနွေးကြမည် ဖြစ်ပါသည်။

ဝန်ကြီးဌာနနှစ်ခုသည် လောလောဆယ်တွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ (Farm Products) ကို လွတ်လပ်စွာ (သီးခြားနီးပါး) ကိုင်တွယ်ဆောင်ရွက်လျက်ရှိပါသည်။ လယ်ယာ စိုက်ပျိုးရေးဝန်ကြီးဌာနသည် အဓိကအားဖြင့် ထုတ်လုပ်မှုကို ကြီးကြပ်ပါ သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရောင်းချခြင်းနှင့် ဈေးကွက်မြှင့်တင်ခြင်းတို့ကို အဓိကဆောင်ရွက်ပါသည်။

ထိုင်းနိုင်ငံ အစိုးရအနေဖြင့် Sanitary and Phytosanitary စံချိန် စံညွှန်းများနှင့်စနစ် စသည်တို့နှင့်ပတ်သက်၍ အခြားအာဆီယံ အဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကာ နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် စည်းမျဉ်း စည်းကမ်းများ အထူးသဖြင့် သစ်သီးဝလံဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ အကောက်ခွန်မဟုတ်သော အတားအဆီးများကို ဖြေရှင်းဆောင်ရွက်သင့်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Ms.Duangkamol က ပြောကြားခဲ့ပါသည်။

ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံ သည် ထိုင်းနိုင်ငံမှ တင်ပို့သော သစ်သီးဝလံများကို ယခင်က စစ်ဆေးရေးဂိတ် ရှစ်ခုမှ တင်သွင်းခွင့်ပြုခဲ့သော်လည်း ယခုအခါ ဂျာကာတာလေဆိပ်၊ ဆူရဘာရ ဆိပ်ကမ်း၊ မယ်ဒန်ဆိပ်ကမ်း၊ မီကာဆာဆိပ်ကမ်းစသည့် စစ်ဆေးရေး ဂိတ်လေးခုမှသာတင်သွင်းရန်သတ်မှတ်ထားပါသည်။ယခုကဲ့သို့ တင်သွင်းခွင့် ပြုသည့် ဂိတ်အရေအတွက် လျှော့ချလိုက်ခြင်းသည် ထိုင်းသစ်သီးဝလံတင်ပို့သူများအတွက် အခက်အခဲ ဖြစ်စေပါသည်။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် တောကြက်မောက်သီး တင်သွင်းမှုအတွက် ခွဲတမ်းသတ်မှတ်ခဲ့ပြီး ပြီးခဲ့သည့်နှစ်တွင် ထိုင်းနိုင်ငံမှ တန်ချိန် ၆၀,၀၀၀ သာ တင်သွင်းခွင့်ပြု ခဲ့ကြောင်း၊ ထိုင်းသစ်သီးဝလံများ တင်သွင်းခွင့်ပြုရာတွင် လည်း ကန့်သတ်ချက်များ ရှိနေကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည်လည်း ထိုင်းနိုင်ငံမှ သစ်သီးဝလံအမျိုးအစား အနည်းငယ်သာ တင်သွင်းခွင့်ပြုကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘန်ကောက်မြို့**

# ဂျပန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် ထိုင်း ကုမ္ပဏီများအား တိုက်တွန်း

ဂျပန်နိုင်ငံသည် မကြာသေးခင်က ထိုင်းနိုင်ငံနှင့် လက်မှတ်ရေးထိုးခဲ့သော သဘောတူစာချုပ်ဖြင့် ထိုင်းရင်းနှီးမြှုပ်နှံသူများကို ပိုမိုဆွဲဆောင်ရန် ကြိုးပမ်းလျက်ရှိကြပါသည်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်ပရာယွတ်၏ ဂျပန်နိုင်ငံခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့ကြသော ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် (Memorandum of Cooperation_ MoC) သည် ဂျပန်နိုင်ငံ၌ ထိုင်းကုမ္ပဏီများ ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရန် လမ်းဖွင့်ပေးဖွယ်ရှိကြောင်း ဂျပန်နိုင်ငံပြည်ပကုန်သွယ်မှုအဖွဲ့ (JETRO) မှပြောကြားခဲ့ပါသည်။

အာဆီယံနိုင်ငံများအနက် ထိုင်းနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၌ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အမြောက်အမြား တိုးတက်လျက်ရှိပါသည်။ သို့ရာတွင် ဂျပန်နိုင်ငံ၌ ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အစပိုင်းအဆင့်တွင်သာ ရှိသေးရာ ဆက်လက်တိုးတက်နိုင်သည့် အလားအလာရှိနေသေးပါသည်။

JETRO ၏ စာရင်းအင်းများအရ ၁၉၉၈ ခုနှစ်တွင် ထိုင်းနိုင်ငံသည် ဂျပန်နိုင်ငံ၌ စတင်ရင်းနှီးမြှုပ်နှံခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၃သန်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ ၌ ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ဆယ်စုနှစ်တစ်ခုအတွင်း အမေရိကန်ဒေါ်လာသန်း ၄၀-၈၀ သို့တိုးမြင့်လာခဲ့ကြောင်း၊ မကြာသေးခင်နှစ်များ၌ အမေရိကန်ဒေါ်လာသန်း ၁၀၀-၁၃၀ သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ဂျပန်နိုင်ငံ၌ ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၈သန်းရှိခဲ့ကြောင်း၊ အလားတူကာလအတွင်း ထိုင်းနိုင်ငံ၌ ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၈သန်း သာ ရှိခဲ့ပါသည်။ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ဖြင့် တွန်းအားပေးသော ဂျပန်နိုင်ငံ၏ လှုပ်ရှားဆောင်ရွက်မှုသည် ဂျပန်နိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာအောင် တိုက်တွန်းခြင်းဖြင့် မေးမှိန်နေသော ၎င်း၏စီးပွားရေးကို ပြန်လည်အားဖြည့်ပေးသည့် မဟာဗျူဟာများအနက် တစ်ခုဖြစ်ပါသည်။

MoC အရ ထိုင်းကုမ္ပဏီများအနေဖြင့် ကူးသန်းရောင်းဝယ်ရေး၊ စက်မှုနှင့် ဘဏ်လုပ်ငန်းဆိုင်ရာပူးတွဲအမြဲတမ်းကော်မတီ သို့လျှောက်ထားရပါမည်။ အဆိုပါ ကော်မတီနှင့် JETRO တို့ပူးပေါင်း၍ ထိုင်းကုမ္ပဏီများအား ဂျပန်ဈေးကွက်သို့ဝင်ရောက်ရန်အတွက် JETRO ၏ အကူအညီရရှိရန် အရည်အချင်း ပြည့်မီခြင်း ရှိ/မရှိ အကဲဖြတ်မည် ဖြစ်ပါသည်။

ဂျပန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံလိုသော ထိုင်းကုမ္ပဏီများအား အကြံဉာဏ်များပေးရန်၊ လိုအပ်သောအထောက်အပံ့များ ပံ့ပိုးပေးရန်နှင့် ဂျပန်နိုင်ငံ၌ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ ပေးရန် one-stop service စင်တာတည်ထောင်မည်ဖြစ်ပါသည်။ ထိုင်းကုမ္ပဏီများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သီးသန့်စံသတ်မှတ်ချက်များမရှိကြောင်း၊ JETRO အနေဖြင့် ဂျပန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံလိုသော အကြီးစားနှင့်အသေးစားကုမ္ပဏီများ အားလုံးကို ကြိုဆိုကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘန်ကောက်မြို့**

## အမေရိကန်နိုင်ငံ၏ ပြည်ပပို့ကုန် ပဉ္စမမြောက်နှစ်အဖြစ် ဆက်တိုက် တိုးတက်

၂၀၁၄ ခုနှစ်၌ အမေရိကန်နိုင်ငံ၏ ကုန်စည်နှင့်ဝန်ဆောင်မှုနှစ်ရပ်ပေါင်း ပို့ကုန်သည် ဒေါ်လာ ၂ ဒသမ ၃၅ ထရီလီယံဖြစ်၍ ပဉ္စမမြောက်နှစ်အဖြစ် ဆက်တိုက်တိုးတက်ခဲ့ကြောင်း ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနကဖေဖော်ဝါရီ ၅ ရက်က ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂၀၁၄ ခုနှစ်တွင် အမေရိကန်နိုင်ငံ ၏ ကုန်စည်ပို့ကုန်သည် ၂ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်သဖြင့် ဒေါ်လာ၁ ဒသမ ၆၄ထရီလီယံဖြစ်ပါသည်။ အဓိကပို့ကုန်များမှာ အရင်းအနှီးကုန် စည်များ၊ လူသုံးကုန်များ၊ ရေနံထွက်ပစ္စည်းများ၊ အစားအစာ၊ တိရစ္ဆာန် အစာ၊ အဖျော်ယမကာ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အစိတ်အပိုင်းများ ဖြစ်ပါသည်။ ဝန်ဆောင်မှုပို့ကုန်တန်ဖိုးသည်လည်း ဒေါ်လာ ၇၁၀ ဒသမ ၃ဘီလီယံဖြစ်ပြီး ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်မှ ဝင်ငွေများနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် တိုးတက်ခဲ့ပါသည်။

အမေရိကန်နိုင်ငံတွင် ပို့ကုန် လုပ်ငန်းသည် အလုပ်အကိုင် ၁၁ ဒသမ ၃သန်းခန့်နှင့် ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်းနှစ်စဉ်စီးပွားရေးတိုးတက်မှု၏သုံးပုံတစ်ပုံခန့်ကိုဖန်တီးပေးကြောင်း သိရှိရပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

## အမေရိကန်နိုင်ငံတွင် ၂၀၁၄ ခုနှစ်က မော်တော်ကားတင်ပို့မှု စံချိန်မြင့်တက်

အမေရိကန်နိုင်ငံတွင် ၂၀၁၄ ခုနှစ် အတွင်းမော်တော်ယာဉ်အစိတ်အပိုင်းများ တင်ပို့မှုသည်ဒေါ်လာ ၁၅၉ ဒသမ ၅ ဘီလီယံဖြစ်၍၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းနှင့်စတုတ္ထမြောက်နှစ် အဖြစ်ဆက်လက်တိုးတက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။မော်တော်ယာဉ်တင်ပို့မှုသည် အမေရိကန်နိုင်ငံ၏ ပြည်ပပို့ကုန်များအနက် စတုတ္ထမြောက်အများဆုံးတင်ပို့သည့် ကုန်စည်ဖြစ်ပါသည်။

အမေရိကန်နိုင်ငံသည် ၂၀၁၄ ခုနှစ်အတွင်း ထရပ်ကားငယ်များအပါအဝင် မော်တော်ယာဉ်အစီးရေ ၂ ဒသမ ၁သန်းကိုပြည်ပသို့ တင်ပို့ခဲ့ပါသည်။ မော်တော်ကားတင်ပို့မှုတိုးတက်ခဲ့ရသည့်အကြောင်းများတွင် အမေရိကန်နိုင်ငံတွင် ထုတ်လုပ်သည့်ကားများနှင့် SUVs တို့ကိုအာရှနိုင်ငံများနှင့် အရှေ့အလယ်ပိုင်းဒေသတို့မှ ဝယ်လိုအားမြင့်တက်ခဲ့ခြင်း၊ ပြည်ပမှ မော်တော်ကားထုတ်လုပ်သည့်ကုမ္ပဏီများသည် အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းနှင့်တောင်ပိုင်းဒေသများတွင် စက်ရုံများ တည်ထောင်ကာ အခြားဈေးကွက်များသို့ တင်ပို့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# အမေရိကန်ဈေးကွက်သည် ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာ အဓိကဈေးကွက်အဖြစ် ဆက်လက်တည်ရှိ

အမေရိကန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ပင်လယ်စာတင်ပို့မှုအတွက် အကြီးဆုံးဈေးကွက်ဖြစ်ပြီး ၂၀၁၄ ခုနှစ် အတွင်းတင်ပို့မှုတန်ဖိုးသည် ဒေါ်လာ ၁ ဒသမ ၇၆ ဘီလီယံဖြစ်ပြီး နှစ်အလိုက် တိုးတက်မှုနှုန်းမှာ ၁၇ဒသမ ၉ ရာခိုင်နှုန်းဖြစ်ကြောင်း ဗီယက်နမ် ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း (vasep)၏ သတင်းများ အရသိရှိရပါသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံသို့ တင်ပို့သည့် ပင်လယ်စာများအနက် ပုစွန်မှာ အများဆုံးဖြစ်ပါသည်။

သို့သော်လည်းဗီယက်နမ်ပင်လယ်စာလုပ်ငန်းကဏ္ဍ အထူးသဖြင့် ပုစွန်လုပ်ငန်းများအနေဖြင့်ရောဂါကာကွယ်တားဆီးရေးနှင့် ထုတ်ကုန်အရည်အသွေးတို့အပေါ် လိုက်နာဆောင်ရွက်မှု အားနည်းနေကြောင်း၊ ပုစွန်မွေးမြူသူများသည် ရောဂါဖြစ်ပွားသည့် ပုစွန်ကန်များကို ပြုပြင်ရာ၌ ပဋိဇီဝဆေးအသုံးပြုမှု မြင့်မားသဖြင့် ပြည်ပပို့ကုန်များတွင်အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့မှ ခွင့်ပြုသည့် ပမာဏထက်ကျော်လွန်ပါက ပို့ကုန်အပေါ် ထိခိုက်စေနိုင်ကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်သတ်မှတ်ချက်များ ချမှတ်ထားပြီးဖြစ်၍ ယခုနှစ်နှောင်းပိုင်းတွင် စတင်အကောင်အထည်ဖော်နိုင်မည် ဟုမျှော်လင့်ကြောင်း၊ထို့အပြင် ဗီယက်နမ် ပုစွန်အပေါ် ဥရောပသမဂ္ဂမှ ကောက်ခံသည့်အကောက်ခွန်နှုန်းထားသည်လည်း ယခုနှစ်ဇန်နဝါရီလမှစ၍ မြင့်တက် ခဲ့ကြောင်း၊ သို့ပါ၍ ၂၀၁၄ ခုနှစ်က မြင့်မားခဲ့သည့် ပင်လယ်စာပို့ကုန် တိုးတက်မှုနှုန်းသည် ၂၀၁၅ခုနှစ်တွင်အနည်းငယ် နှေးကွေးသွားနိုင်ကြောင်း Vietnam Briefing သတင်းတွင်ဖော်ပြထားပါသည်။ ၂၀၁၅ ခုနှစ်တွင် ပင်လယ်စာ တင်ပို့မှုမှဒေါ်လာ ၈ ဒသမ ၅ ဘီလီယံ ရရှိရန် ဗီယက်နမ် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ရည်မှန်းချက်ချမှတ် ထားပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ရန်ကုန်မြို့ရှိ HAGLစင်တာ တည်ဆောက်ရေးလုပ်ငန်းတွင် စင်ကာပူအခြေစိုက် Rowsley လီမိတက်မှ ရင်းနှီးမြှုပ်နှံငွေ ထည့်ဝင်မည်

စင်ကာပူနိုင်ငံ၌ ဌာနချုပ်ရုံးဖွင့်လှစ်လျက် အာရှဒေသအတွင်း အိမ်ရာမြေဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ လုပ်ကိုင်နေသော Rowsley လီမိတက်သည် ဗီယက်နမ်ကုမ္ပဏီတစ်ခုဖြစ်သည့် Hoang Anh Gia Lai ကုမ္ပဏီအုပ်စုမှ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းနှင့် စက်မှု-၁ လမ်းဆုံအနီးတွင် ဆောင်ရွက်လျက်ရှိသော HAGL မြန်မာစင်တာတည်ဆောက်ရေးလုပ်ငန်း၌ ရှယ်ယာငွေများ ထည့်ဝင် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

Rowsley ၏ ကြေညာချက်တွင် ၎င်းတို့ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ ၂၇၅ သန်းထည့်ဝင်လျက် အဆိုပါစင်တာတည်ဆောက်ရေးလုပ်ငန်း၏ ရှယ်ယာ ၅၀ ရာခိုင်နှုန်းကိုရယူပြီး Hoang Anh Gia Lai ကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်မည်ဖြစ်ကြောင်း၊ အင်းယားကန်၏နံဘေး အကျယ်အဝန်း ၇၃၀၀၀ စတုရန်းမီတာ ရှိသောမြေနေရာတွင် တည်ဆောက်နေသည့် ဤစီမံကိန်းတွင် ရုံးခန်းအဆောက်အအုံ ၄လုံး၊ ကြယ်ငါးပွင့် အဆင့်ရှိ ဟိုတယ် ၁လုံး၊ ဈေးဝယ်စင်တာ ၁ခုနှင့် လူနေအိမ်ခန်းများ ပါဝင်မည်ဖြစ်ကြောင်း၊ HAGL မြန်မာ စင်တာ မြေနေရာမှာ နှစ် ၅၀ ငှားရမ်း လုပ်ကိုင်ခွင့်အပြင် ၁၀ နှစ်စီ နှစ် ကြိမ် သက်တမ်းတိုးနိုင်သည့် အခွင့်အလမ်း ရရှိထားကြောင်း၊ စီမံကိန်းတစ်ခုလုံး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၅၅၀ ရှိပြီး ၂၀၁၈ ခုနှစ်အတွင်း လုပ်ငန်းပြီးစီးရန် လျာထားကြောင်း၊ တည်ဆောက်ပြီးစီးပါက အသားတင် ကြမ်းခင်းအကျယ် စတုရန်းမီတာ ၆၄၀၀၀၀ ရရှိမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

HAGL မြန်မာစင်တာ၌ လုပ်ငန်း ပထမအဆင့်အဖြစ် တည်ဆောက်လျက်ရှိသည့် ရုံးခန်းတာဝါအဆောက်အအုံ ၂လုံးတွင် အခန်းပေါင်း ၄၀၀ ရှိသည့်ဟိုတယ်၊ ဧရိယာ ၃၉၀၀၀ စတုရန်းမီတာရှိသော ဈေးဝယ်စင်တာနှင့် အသားတင်အသုံးပြုနိုင်မည့် ဧရိယာ ၈၁၀၀၀ စတုရန်းမီတာတို့ပါဝင်မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်အကုန်ပိုင်း၌ ပြီးစီးမည်ဖြစ်ပါသည်။ လူနေထိုင်ရန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် အခန်းယူနစ်ပေါင်း ၁၀၀၀ ကျော်နှင့် အသားတင်အသုံးပြုနိုင်မည့် ဧရိယာ ၉၄၀၀၀ စတုရန်းမီတာ ပါဝင်သော လုပ်ငန်းဒုတိယအဆင့် အဆောက်အအုံ ၂လုံး တည်ဆောက်ခြင်းကို ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်း၌ စတင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဗီယက်နမ်ကုမ္ပဏီနှင့် ပူးပေါင်း၍ HAGL မြန်မာစင်တာ တည်ဆောက်ရေးဖက်စပ်လုပ်ငန်း လုပ်ကိုင်ရာတွင် Rowsley လီမိတက်အနေဖြင့် ၁၀၀ ရာခိုင်နှုန်းပြည့်အထိ ပိုင်ဆိုင်မှုတိုးမြှင့်ရန် ရွေးချယ်ပိုင်ခွင့် ရှိမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များမှာ ညှိနှိုင်းဆဲဖြစ်ကြောင်း၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ အတည်ပြုချက်ပေါ်မူတည်၍ နှစ်ဖက်ညှိနှိုင်းထားရှိမှုမှာ ပြောင်းလဲနိုင်ကြောင်း၊ ယခု ရင်းနှီးမြှုပ်နှံမှုကို ကြွေးမြီ၊ သာမန် အီကွိတီ ရှယ်ယာနှင့် ဘဏ်ချေးငွေ အရောအနှော ပုံစံများဖြင့် ထည့်ဝင်မည်ဖြစ်ကြောင်း ဖြင့် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ထုတ်ပြန်သော Rows-ley ၏ ၂၀၁၄ ခုနှစ် ဘဏ္ဍာရေး အခြေအနေနှင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာ၌ ဖော်ပြပါရှိပါသည်။

မြန်မာနိုင်ငံ၏ အိမ်မြေအဆောက်အအုံလုပ်ငန်းနှင့်ပတ်သက်၍ Rowsley လီမိတက်၏ အမှုဆောင် အရာရှိချုပ် Mr Lock Wai Han က အာရှဒေသအတွင်း လျင်မြန်စွာဖွံ့ဖြိုး တိုးတက်လျက်ရှိသည့် ထွန်းသစ်စဈေးကွက်များတွင် မြန်မာနိုင်ငံသည် တစ်ခု အပါအဝင်ဖြစ်ကြောင်း၊ လက်ရှိကာလ၌ ရန်ကုန်မြို့သည် ခေတ်ပေါ် ဈေးဝယ်စင်တာများ၊ အဆင့်မြင့်ရုံးခန်းများနှင့် ဟိုတယ်များ ပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ၎င်းတို့အနေဖြင့် ဒေသတွင်း တန်ဖိုးမြင့်စီမံကိန်း လုပ်ငန်းများ လုပ်ကိုင်ရန် စူးစမ်းလေ့လာလျက်ရှိကြောင်း၊ ယခု HAGL မြန်မာစင်တာ လုပ်ငန်းစီမံကိန်းမှာ ၎င်းတို့၏ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်မှု ဗျူဟာနှင့် ကိုက်ညီမှုရှိကြောင်း၊ စီမံကိန်းလုပ်ငန်း ပထမအဆင့်မှာ ၂၀၁၅ ခုနှစ်အတွင်း ပြီးစီးမည်ဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောဆိုပါသည်။

Rowsley လီမိတက်အနေဖြင့် မြန်မာနိုင်ငံ၌ HAGL စင်တာတည်ဆောက်ရေးလုပ်ငန်းအပြင် Pagoda Square နှင့် Mandalay Convention Centre စသည့် လုပ်ငန်းစီမံကိန်းများကိုပါ လုပ်ကိုင်သွားရန် စီစဉ်လျက်ရှိကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

## ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှု အခြေအနေသေချာမှုမရှိသေး

ရေနံဈေးနှုန်းများ ကျဆင်းခြင်းသည် ရေနံနှင့်ဆက်နွယ်လျက်ရှိသော ပြည်ပပို့ကုန်တန်ဖိုးများကို ထိခိုက်စေခဲ့သောကြောင့် ထိုင်းနိုင်ငံ၏ ယခုနှစ် ပြည်ပတင်ပို့မှုသည် ထိုင်းနိုင်ငံဗဟိုဘဏ်၏ ပြည်ပတင်ပို့မှုတိုးတက်နှုန်း ခန့်မှန်းချက် တစ်ရာခိုင်နှုန်းထက် လျော့နည်းဖွယ်ရှိနေပါသည်။ ယခုနှစ် ပြည်ပတင်ပို့မှုတိုးတက်နှုန်းကို လေးရာခိုင်နှုန်း ရှိနိုင်သည်ဟု များစွာသောအဖွဲ့အစည်း များကခန့်မှန်းခဲ့ကြသော်လည်း ရေနံဈေးနှုန်းများကို ထည့်သွင်းစဉ်းစားခြင်း မရှိခဲ့ကြကြောင်း သိရှိရပါသည်။

၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၏စီးပွားရေးသည် လေးရာခိုင်နှုန်းတိုးတက်နိုင်သည်ဟု ထိုင်းနိုင်ငံဗဟိုဘဏ်မှ ခန့်မှန်းထားပါသည်။ သို့ရာတွင် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဘဏ္ဍာရေးမူဝါဒဌာနသည် ၎င်း၏ ယခုနှစ် စီးပွားရေးတိုးတက်မှုနှုန်း ခန့်မှန်းချက်ကို ၄ ဒသမ ၁ ရာခိုင် နှုန်းမှ ၃ ဒသမ ၉ ရာခိုင်နှုန်းသို့လည်းကောင်း ပြည်ပတင်ပို့မှု တိုးတက်မှုနှုန်း ခန့်မှန်းချက်ကို ၃ ဒသမ ၅ ရာခိုင်နှုန်း မှ ၁ ဒသမ ၄ ရာခိုင်နှုန်းသို့လည်းကောင်းလျှော့ချခဲ့ပါသည်။

ဥရောပ၏ စီးပွားရေးမတည်ငြိမ်မှုသည် ယခုနှစ် ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုအား အကျဘက်သို့ ဦးတည်စေခဲ့ပါသည်။ ပြည်တွင်းဝယ်လိုအားနှင့် ခရီးသွားလုပ်ငန်း ပြန်လည်နာလန်ထူလာခြင်းသည် နှေးကွေးနေသော ပြည်ပတင်ပို့မှုတိုးတက်နှုန်းကို ကာမိစေနိုင်သည်ဟု မျှော်လင့်ထားကြပါသည်။

ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှု အပေါ် အနှုတ်သဘောဆောင်သောအချက်များသည်တစ်ချိန်တည်းမှာ ပေါ် ပေါက်လာသောကြောင့် ပြည်ပတင်ပို့မှုသည် အကျဘက်သို့ဦးတည်နေခြင်းဖြစ် ပါသည်။ အီးယူမှပေးသော GSP အခွင့် အရေးပြီးဆုံးခြင်း၊ သီးနှံဈေးနှုန်းများ ကျဆင်းခြင်း၊ ငွေလဲနှုန်းမတည်ငြိမ်ခြင်း စသည့်အချက်များသည် ယခုနှစ်ထိုင်း နိုင်ငံ၏ ပြည်ပတင်ပို့မှုကို ထိခိုက်စေခဲ့ပါသည်။ ထို့ပြင် ရေနံဈေးနှုန်းကျဆင်းခြင်း၊ အိမ်နီးချင်းနိုင်ငံများသို့ ထုတ်လုပ်မှုလုပ်ငန်းများ ပြောင်းရွှေ့ခြင်း၊ အလုပ်သမားရှားပါးမှု စသည့်အချက်များသည် ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘန်ကောက်မြို့**

## ရေနံထုတ်လုပ်မှုတိုးမြှင့်သော်လည်း အမေရိကန်ကုန်သွယ်ရေး လိုငွေပြမှု သိသိသာသာ ပြောင်းလဲမှုမရှိ

အမေရိကန်နိုင်ငံတွင် ရေနံထုတ်လုပ်မှုတိုးမြှင့်ခြင်းသည် နိုင်ငံ၏ ကုန်သွယ်ရေးအခြေအနေကို ပြောင်းလဲစေခဲ့ပါသည်။ ၂၀၁၄ ခုနှစ်အတွင်း ရေနံထုတ်လုပ်မှု တိုးတက်ခဲ့၍ ဓာတ်ဆီတင်သွင်းမှုသည်နိုင်ငံ၏ ကုန်သွယ်ရေး လိုငွေပြမှုထက် ၂၀ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိခဲ့ပါသည်။ လွန်ခဲ့သည့် ၅ နှစ်တာကာလအတွင်းက လောင်စာဆီ တင်သွင်းမှုသည် ကုန်သွယ်ရေး လိုငွေ၏ ၄၀ ရာခိုင်နှုန်းကျော်ရှိခဲ့သဖြင့် ၂၀၁၄ ခုနှစ်တွင် သိသိသာသာကျဆင်းသွားပါသည်။

၂၀၁၄ခုနှစ်တွင်ပြည်ပမှရေနံ တင်သွင်းမှုကျဆင်းခြင်းနှင့် ရေနံဈေးနှုန်းများ ကျဆင်းခြင်းတို့ကြောင့် ဓာတ်ဆီ တင်သွင်းမှုသည် ငါးနှစ်တာကာလအတွင်း အနိမ့်ဆုံးသို့ရောက်ရှိခဲ့ပါသည်။ နိုင်ငံ၏ စီးပွားရေးပြန်လည် နာလန်ထူလာမှုနှင့် ဒေါ်လာငွေအားကောင်းခြင်းတို့ကြောင့် ပြည်ပမှ အခြားကုန်စည်များတင်သွင်းမှုမှာ မြင့်မားခဲ့၍ ကုန်သွယ်ရေးလိုငွေပြမှုသည် သိသာစွာကျဆင်းခြင်းမရှိကြောင်း သိရှိရပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

## ထိုင်းနိုင်ငံမှာ ခုနစ်ရက်ဈေးနှုန်း လျှော့ချရေး အစီအစဉ်ဆောင်ရွက်

ထိုင်းနိုင်ငံသည် အစိုးရအနေဖြင့် နှစ်သစ်ကူးလက်ဆောင်အဖြစ် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ ၂၄-၃၀ ရက်များတွင် ခုနစ်ရက် လှုံ့ဆော်ရေး အစီအစဉ် (seven-day campaign) ပြုလုပ်ခဲ့ပြီးနောက် ယခုတစ်ဖန် လူသုံးကုန်ပစ္စည်းဈေးနှုန်းများ လျှော့ချရန် အဆိုပါအစီအစဉ်ကို ထပ်မံဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

ဈေးနှုန်းလျှော့ချရေး လှုံ့ဆော်သည့် အစီအစဉ်သစ်ကို လာမည့် မေလတွင် ဆယ်ရက်ကြာ ပြုလုပ်ဖွယ်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး မစ္စတာချက်ချိုင်းကပြောကြားခဲ့ပါသည်။ ခေတ်မီအရောင်းဆိုင်များ၊ ထုတ်လုပ်သူများ၊ ဆန်ထုပ်ပိုးရောင်းချသူများ၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီးနောက် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။

ပြီးခဲ့သည့်နှစ်၌ နှစ်သစ်ကူးလက်ဆောင်အဖြစ် ဆောင်ရွက်ခဲ့သော ခုနစ်ရက်ကြာလှုံ့ဆော်ရေး အစီအစဉ်သည် အောင်မြင်ခဲ့သည်ဟု အများစုက ယူဆထားပါသည်။ အဆိုပါအစီအစဉ်သည် ရောင်းအားနှင့် စားသုံးသူများ၏ သုံးစွဲမှုကို မြင့်တက်စေခဲ့ရာ ယခု အစီအစဉ်သစ်တွင် ပါဝင်ရန် စိတ်ဝင်စားလျက် ရှိကြပါသည်။

ခုနစ်ရက် ဈေးနှုန်းလျှော့ချရေး အစီအစဉ်အရ လက်လီရောင်းသူများနှင့် ပစ္စည်းပေးသွင်းသူ/ရောင်းသူများသည် နိုင်ငံအနှံ့ရှိ အရောင်းဆိုင်ပေါင်း ၁၂,၈၀၀ ၌ ဈေးနှုန်းများကို ၁၀ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်း လျှော့ချ၍ ရောင်းရန် သဘောတူခဲ့ကြပါသည်။

အစီအစဉ်တွင် ပါဝင်မည့်လက်လီအရောင်းဆိုင်များမှာ Tesco Lotus, Makro, BigC Supercenter, Central Department Store, Robinson Department Store, The Mall Group, Tang Hua Seng, Tops Supermarket, Foodland, MaxValu, JC Mart, 7-Eleven, FamilyMart, Lawson 108, CP Freshmart တို့ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘန်ကောက်မြို့**

Vol: 15, No.8 Monday Feb 23 2015




# ကုန်စည်ပြပွဲ ပါဝင်နွဲလို့ လှေလာစို့

|ကျော်နိုင် (မဟာ)- မန္တလေး|

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျေးလက်ဒေသအသေးစားထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ကြီးကြပ်မှု၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ခွင့်ပြုမှုနဲ့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးဆောင်ရွက်မယ့် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသအသေးစား ထုတ်ကုန်ပစ္စည်းများနဲ့ ပြည်ပပို့ကုန်အလားအလာရှိတဲ့ ထုတ်ကုန်ပစ္စည်းများပြပွဲကိုမန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ် ၂၀ လမ်းနဲ့ ၂၁ လမ်းကြားရှိ ၆၆ လမ်းပေါ်မှာတည်ရှိတဲ့ မန္တလေးမြို့ ကျက်သရေဆောင် အမျိုးသားကဇာတ်ရုံကြီးဝင်းအတွင်းမှာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်မှ ၂၈ ရက်နေ့ထိ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြ သွားတော့မှာဖြစ်ပါတယ်။ ယခုနှစ်ပြပွဲဟာ မန္တလေးတိုင်းဒေသကြီးအတွင်း ဒုတိယအကြိမ်မြောက် ခင်းကျင်းပြသခြင်းဖြစ်ပြီး ပထမအကြိမ် အောင်မြင်စွာခင်းကျင်းပြသနိုင်မှုနဲ့ ပြည်သူအများ စိတ်ပါဝင်စားမှုကို အလေးဂရုပြုလျက် ယခုနှစ်ပြပွဲကိုလည်း အောင်မြင်စွာ ခင်းကျင်းပြသသွားဖို့ စီစဥ်ဆောင်ရွက်လျက်ရှိပါတယ်။

မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဆောင်ရွက်ရန်လျာထားတဲ့ ကျေးလက်ဒေသ အသေးစားထုတ်ကုန်ပစ္စည်းများနဲ့ အလားအလာရှိတဲ့ထုတ်ကုန်များ ကုန်စည်ပြပွဲကို တိုင်းဒေသကြီးအတွင်း ကုန်သွယ်မှုမြှင့်မားတိုးတက်စေရေး၊ တိုင်းဒေသကြီးအတွင်းရှိ အသေးစားထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေး၊ ထုတ်ကုန်လုပ်ငန်းရှင်များအချင်းချင်း ရင်းနှီးချစ်ကြည်ပြီး နည်းပညာများဖလှယ်နိုင်ရေး၊ တိုင်းဒေသကြီးအတွင်းရှိ အသေးစားထုတ်ကုန်ပစ္စည်းများအား ပြည်တွင်းပြည်ပမှသိရှိပြီး ပူးပေါင်းရင်းနှီးမြှုပ်နှံမှုများ ရရှိစေရေး၊ အသေးစားထုတ်ကုန် လုပ်ငန်းများအတွက် လိုအပ်လျက်ရှိတဲ့ နည်းပညာများရရှိရေးဆိုတဲ့ ရည်ရွယ်ချက် ငါး ရပ်နဲ့ ကျင်းပသွားမှာဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီးဟာ စီးပွားရေးအချက်အချာကျတဲ့ တိုင်းဒေသကြီးတစ်ခုဖြစ်သလို မန္တလေးမြို့ဟာလည်း ကုန်စည်များ ဝင်ထွက်ဖြန့်ဖြူးရာလမ်းမြို့ကြီးလည်းဖြစ်ပါတယ်။ ယခုကုန်စည်ပြပွဲကို ခင်းကျင်းပြသခြင်းအားဖြင့် ပြည်သူလူထုအနေနဲ့ ကျေးလက်ဒေသအသေးစားထုတ်ကုန်ပစ္စည်းများကို တစ်နေရာတည်းမှာ စုံလင်စွာ လှေ့လာကြည့်ရှုခွင့်ရရှိမှာဖြစ်ပါတယ်။ ပို့ကုန်အတွက် အမယ်သစ်တွေရရှိနိုင်မှာဖြစ်ပြီး၊ အချက်အချာကျတဲ့ မန္တလေးမြို့ကနေ လေးဖက်လေးတန်ခြေဆန့်လို့ စီးပွားရေးဈေးကွက်တွေ ဖြန့်ကျက်နိုင်မှာဖြစ်တယ်လို့ယုံကြည်ပါတယ်။ လူတွေဟာ တစ်ခါတစ်ရံ အမှုမဲ့၊ အမှတ်မဲ့နေတတ်ကြပါတယ်။ ဒါကိုကုန်စည်ပြပွဲပြုလုပ်ပေးခြင်းအားဖြင့် လာရောက်လေ့လာသူ များ အနေနဲ့ ငါတို့မန္တလေးတိုင်းဒေသကြီးမှာ ဒီလိုကျေးလက်ဒေသ အသေးစားထုတ်ကုန်တွေ တွင်ကျယ်စွာရှိပါသေးလား ဆိုတာသိရမှာဖြစ်ပါတယ်။

> မိရိုးဖလာလုပ်ကိုင်လာခဲ့တဲ့
> လုပ်ငန်းရှင်များကလည်း
> ဒီကုန်စည်ပြပွဲမှာ ပူးပေါင်းပါဝင်ပြသခြင်းဖြင့်
> မိမိရဲ့ကုန်ပစ္စည်းကို
> ကြော်ငြာရာရောက်သလို
> အရောင်းမြှင့်တင်ရာလည်းရောက်တာမို့

ခေတ်မီဖွံ့ဖြိုးပြီး နိုင်ငံတွေမှာ ခေတ်မီအသုံးအဆောင်ပစ္စည်းတွေ၊ စက်နဲ့ပြုလုပ်ထားတဲ့ လူ့အသုံးအဆောင် ပစ္စည်းတွေပေါ်များပါတယ်။ သူတို့စိတ်ဝင်စားတာက လက်လုပ်ပစ္စည်း Handmade တွေပါ။ မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနဟာ ကချင်ပြည်နယ်၊ စီတာပူမှာကျင်းပပြုလုပ်တဲ့ ၆၇ နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ကချင်ရိုးရာ မနောပွဲမှာ ကျေးလက်ဒေသ အသေးစားထုတ်ကုန်ပစ္စည်းများကို သွားရောက်ပြသခဲ့ရာမှာ အောင်မြင်မှုများစွာရရှိခဲ့ပါတယ်။ သယ်ယူသွားပြီး ခင်းကျင်းပြသခဲ့တဲ့ လက်မှုပစ္စည်းတွေ ရောင်းအားကောင်း လို့ မန္တလေးကနေ ထပ်မံမှာယူရောင်းချခဲ့ရပါတယ်။ ဒါဟာ ဘာကိုပြလဲဆိုရင် မြန်မာပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသား တွေဟာ ဒီလိုကုန်စည်ပြပွဲတွေရှိမှသာ သိမြင်ကြည့်ရှုခွင့်ရတာဖြစ်လို့ပါပဲ။ မြန်မာပြည်သားတွေအနေနဲ့ မြန်မာပြည် ထွက် လက်မှုပစ္စည်းတွေကို လေးစားတန်ဖိုးထားတာကို သိမြင်ရလို့ ဝမ်းသာပီတိဖြစ်ရပါတယ်။

အဲဒီပွဲမှာ ခင်းကျင်းပြသခဲ့တဲ့ ကျေးလက်ဒေသအသေးစားထုတ်ကုန်ပစ္စည်းတွေကတော့ ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာမှ ဝါးအချောထည်လုပ်ငန်း (တယ်လီဖုန်းတင်ခုံကြီး၊ လတ်၊ သေး)၊ ခါတ်ပုံဘောင်ကြီး၊ လတ်၊ သေး၊ တစ်ရှူးဘောက် လတ်၊ သေး၊ နွားထိုးကြီးမြို့နယ်၊ ဘုရားကြီးကျေးရွာမှ ချင်းပုတီး၊ သော့ချိတ်၊ ဖန်စီလက်ပတ်၊ လက်ကောက်၊ မိုးကုတ်မြို့နယ်မှ ကျောက်စီပန်းချီကားများဖြစ်သည့် နန်းမြို့ရိုးပုံ၊ ကုသိုလ်တော်ဘုရားပုံ၊ ကျေးလက်ရှုခင်းပုံများ၊ ပြင်ဦးလွင်မြို့နယ်မှ ဆွယ်တာမျိုးစုံ (ကျားဝတ်၊ မဝတ်၊ ကလေးဝတ်၊ ဦးထုပ်၊ ခြေအိတ်၊ လက်အိတ် စသဖြင့်) သာစည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ တောင်သာမြို့နယ်တို့ရှိ မြို့နဲ့ကျေးရွာများမှ ရက်ကန်းထွက် ပုဆိုး၊ ထမီ၊ စောင်၊ မာဖလာ၊ ကျားဝတ်မဝတ်အင်္ကျီများ၊ ကျောက်ဆည်မြို့နယ်မှ ဆင်ရုပ်၊ ဖိုးဝရုပ်၊ သူငယ်တော်ရုပ်များ၊ မန္တလေးမြို့မှ ရုပ်သေးရုပ်မျိုးစုံ၊ ရွှေချည်ထိုးငွေချည်ထိုး (နန်းမြို့ရိုး၊ လှည်းယာဉ်၊ ဒေါင်းရုပ် စသဖြင့်)၊ ပြင်ဦးလွင်မြို့မှ အောင်ချမ်းသာသစ်သီးဝိုင်မျိုးစုံ၊ သစ်သီးစုံဖျော်ရည်စုံစတာတွေဖြစ်ပါတယ်။

ပြည်တွင်းတင်လား၊ မဟုတ်ပါဘူး။ အဲဒီမနောပွဲကို လာရောက်လည်ပတ်တဲ့ အိမ်နီးချင်း တရုတ်ပြည်ကလည်း မြန်မာနိုင်ငံရဲ့ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသအသေးစားထုတ်ကုန်ပစ္စည်းများကို စိတ်ဝင်စား ကြိုက်နှစ်သက်လို့ တရုတ်ပြည်ကို များစွာဝယ်ယူသွားခဲ့သလို သူတို့တရုတ်ပြည်၊ ထိန်ချုံးမြို့မှာ လာရောက်ခင်းကျင်းပြသဖို့ကို ဖိတ်ခေါ်သွားပါတယ်။ လာရောက်ပြသဖို့ ကုန်ကျစရိတ်အားလုံးကိုလည်း သူတို့ကျခံပါ့မယ်လို့ ကတိပေးသွားပါသေးတယ်။ ဒါဟာကျွန်တော်တို့မြန်မာတွေရဲ့ ကျေးလက်ဒေသ အသေးစားထုတ်ကုန်တွေဟာ အရည်အသွေးမညံ့ကြောင်းပြသလိုက်နိုင်ခြင်းပဲဖြစ်ပါတယ်။

တစ်ခါက မိတ်ဆွေတစ်ဦးကပြောဖူးပါတယ်။ သူနိုင်ငံခြားသွားလို့ အပြန်မှာ မြန်မာပြည်ကမိတ်ဆွေကို လက်ဆောင်ပေးဖို့ပစ္စည်းတွေ လိုက်ဝယ်ရာမှာ ဆေးတံလေးတွေလို့ ကြိုက်နှစ်သက်ပြီးဝယ်ယူခဲ့ပါတယ်တဲ့။ မြန်မာပြည်ရောက်လို့ သေချာကြည့်မိတဲ့အခါမှ Made in Ywarlut ဖြစ်နေတာကို သိလိုက်ရတယ်ဆိုတာပါပဲ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ကျေးလက်ဒေသတွေက မိရိုးဖလာလုပ်ကိုင်လာခဲ့တဲ့ လက်မှုပစ္စည်းတွေ မတိမ်ကောမပပျောက်အောင်၊ ကမ္ဘာကသိအောင်၊ ပို့ကုန်တိုးမြှင့်နိုင်အောင်၊ ကျေးလက်ဒေသနေ ဆင်းရဲသား ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာအောင် ဝင်ငွေကောင်းလာအောင်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်အောင်၊ ဒီလိုကုန်စည်ပြပွဲတွေ ခင်းကျင်းပြသခြင်းဖြင့် ရှေ့သို့ချီတက်ကြရမှာဖြစ်ပါတယ်။

မိရိုးဖလာလုပ်ကိုင်လာခဲ့တဲ့ လုပ်ငန်းရှင်များကလည်း ဒီကုန်စည်ပြပွဲမှာ ပူးပေါင်းပါဝင်ပြသခြင်းဖြင့် မိမိရဲ့ ကုန်ပစ္စည်းကို ကြော်ငြာရာရောက်သလို အရောင်းမြှင့်တင်ရာလည်းရောက်တာမို့လို့ မျက်စိဖွင့်ပြီး အဝေးကို မျှော်ကြည့်ကြဖို့ လိုပြီဆိုတာ အသိပေးတိုက်တွန်းလိုပါတယ်။ ဒီကုန်စည်ပြပွဲမှာ ပါဝင်ပြသမည့် အသေးစားထုတ်ကုန် လုပ်ငန်းများကတော့ ရက်ကန်းလုပ်ငန်း (လက်ရက်ကန်းလုံချည်၊ အင်္ကျီအမျိုးမျိုး)၊ မီးသွေးမီးဖိုလုပ်ငန်း (မီးသွေး မီးဖိုကြီး/သေးများ)၊ ထန်းလုပ်ငန်း (ထန်းလျက်၊ ထန်းခြင်းတောင်း၊ ထန်းဖျာ၊ ထန်းကုလားထိုင်စတဲ့ ထန်းထုတ်ကုန်များ)၊ မက်မန်းနဲ့ဝိုင်လုပ်ငန်း (မက်မန်းနဲ့ဝိုင်မျိုးစုံ)၊ အုန်းတံမျက်စည်းလုပ်ငန်း (အုန်းတံမျက်စည်းရှည်/တိုများ)၊ မြေအိုးလုပ်ငန်း (သောက်ရေအိုးနဲ့အိုးပုပ်၊ စုဘူးများ)၊ သဘော့ဖျာလုပ်ငန်း (သပေါ့ဖျာအရွယ်အမျိုးမျိုး)၊ သင်ဖြူးဖျာလုပ်ငန်း (သင်ဖြူးဖျာအရွယ်အမျိုးမျိုး)၊ ဝါးအလှဆင်ပစ္စည်းလုပ်ငန်း (မီးအိမ်၊ ဓါတ်ပုံဘောင်၊ တယ်လီဖုန်းတင်စင်စတဲ့ ဝါးနဲ့ပြုလုပ်တဲ့အလှဆင်ပစ္စည်းများ)၊ တောင်း၊ ဆန်ကော၊ ဆန်ကာလုပ်ငန်း (အရွယ်အမျိုးမျိုး)၊ ဂျုံရိုးလုပ်ငန်း (ဂျုံရိုးဦးထုပ်အမျိုးမျိုး)၊ လက်ဖက်နဲ့အကြော်စုံလုပ်ငန်း၊ ဆန်ပြုတ်နဲ့အသင့်စား စားကုန်များ၊ ဆီစက်လုပ်ငန်းများ (မြေပဲဆီနဲ့နှမ်းဆီအမျိုးမျိုး)၊ နို့နဲ့နို့ထွက်ပစ္စည်းလုပ်ငန်း၊ ကျောက်မျက်ရတနာလုပ်ငန်း (လည်ဆွဲ၊ လက်ကောက်၊ ဆွဲကြိုး၊ လက်စွပ်၊ ပုတီးစတဲ့ ကျောက်အချောထည်ပစ္စည်းများ)၊ လူသုံးကုန်နဲ့ဆေးဝါးအလှကုန်ပစ္စည်းလုပ်ငန်း (သနပ်ခါး၊ ဆပ်ပြာစတဲ့အလှကုန်ပစ္စည်းမျိုးစုံ)၊ သစ်သီးဖျော်ရည်နဲ့ယိုစုံလုပ်ငန်း (သရက်၊ ဇီး၊ မန်ကျည်းနဲ့သီးနှံဖျော်ရည် မျိုးစုံ) ထိုးမုန့်လုပ်ငန်း (ထိုးမုန့်၊ လမုန့်နဲ့မုန့်မျိုးစုံ) ဒိန်ချည်နဲ့ နို့အေးစားကုန်လုပ်ငန်း၊ အင်ကြင်းကျောက်လုပ်ငန်း၊ ဆောင်းဒါးသမဝါယမအသင်း (ချည်ထည်များရက်လုပ်ခြင်းလုပ်ငန်းမှ အသင့်ဝတ်အထည်နဲ့အင်္ကျီ၊ လုံချည်များ)၊ ရွှေခြည်ထိုး ငွေခြည်ထိုး လုပ်ငန်းများတို့ဖြစ်ပြီး ကျွန်တော်တို့မြန်မာတွေဟာ သဘာဝအစားအစာနဲ့ အသေးစား ထုတ်ကုန်လုပ်ငန်း၊ လက်မှုအတတ်ပညာလုပ်ငန်းတွေမှာမညံ့ကြောင်း ထုတ်ဖော်ပြသသွားမယ့် မန္တလေးသားတို့ရဲ့ အောင်ပွဲကြီးဖြစ်တဲ့အကြောင်း လှည်းနေလှေအောင်းမြင်းဇောင်းမကျန် သိရှိနိုင်ပါရန် ရေးသားတင်ပြလိုက်ရပါတယ်။

■

# Training on Efficient Search and Effective Use of Market Information and Strategic Session Management သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Trade Training Institute နဲ့ နယ်သာလန်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန Centre for the Promotion of Imports From Developing Countries (CBI) တို့ပူးပေါင်းပြီး Training on Efficient Search and Effective Use of Market Information and Strategic Session Management သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဉ္စမထပ်ရှိ ညီလာခံခန်းမမှာ ကျင်းပခဲ့ပါတယ်။

ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနဲ့ CBI မှ ဥက္ကဋ္ဌ Mrs. Vereijken တို့က သင်တန်းဖွင့်ပွဲအမှာစကားများပြောကြားခဲ့ကြပါတယ်။ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိတိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းသူသင်တန်းသားများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီလ ၁၆ ရက်မှ ၁၈ ရက်နေ့အထိ သုံးရက်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိပါတယ်။

သင်တန်းနဲ့ စပ်လျဉ်းပြီး ယနေ့ဈေးကွက်စီးပွားရေးခေတ်မှာ စီးပွားရေးလုပ်ငန်းလုပ်ဆောင်သူများကို ဈေးကွက်သတင်းအချက်အလက်ပေးနိုင်ဖို့၊ ဈေးကွက်ရှာဖွေပေးဖို့လိုအပ်ပါကြောင်း၊ ဒါကြောင့် ဝန်ကြီးဌာနမှ အရာထမ်း ၂၀ ဦးကို သင်တန်းတက်ရောက်ရန်အတွက် ရွေးချယ်ပြီး တက်ရောက်ရန် စီစဉ်ပေးထားကြောင်း၊ Trade Training Institute နဲ့ CBI မှ တာဝန်ရှိသူများညှိနှိုင်းပြီး သင်တန်းအစီအစဉ်နဲ့ ဘာသာရပ်များကို သေသေချာချာ စီစဉ်ရေးဆွဲခဲ့တာဖြစ်ကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ပြောကြားခဲ့ပါတယ်။ ယခုသင်တန်းဟာ Training for Trainer ဖြစ်ကြောင်း၊ ဒါကြောင့် နည်းပြအဆင့်ကျွမ်းကျင်ဝန်ထမ်းများကို ရွေးချယ်တက်ရောက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းမှာ အင်္ဂလိပ်ဘာသာရပ်နဲ့ ပို့ချသွားမှာဖြစ်ကြောင်း၊ ယခုသင်တန်းကို တက်ရောက်ခဲ့သူများက မြန်မာလိုထပ်ဆင့်ဖြန့်ဝေပို့ချမှုများကို ကျန်ဝန်ထမ်းများကိုရော နယ်များထိပါ ပျံ့နှံ့သွားရောက်ပို့ချပေးသွားမှာ ဖြစ်တဲ့အတွက် အရေးကြီးတဲ့သင်တန်းတစ်ခုဖြစ်ကြောင်းလည်းသင်တန်းရဲ့ လေးနက်မှုကို ဦးအောင်စိုးက ဆက်လက်ပြောကြားခဲ့ပါတယ်။

CBI ဥက္ကဋ္ဌ Mrs. Vereijken ကလည်း ဖွံ့ဖြိုးဆဲနိုင်ငံများမှာ တည်ငြိမ်သော ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် ရည်ရွယ်ချက်နဲ့ ယခုကဲ့သို့ သင်တန်းများကို ပို့ချပေးနေခြင်းဖြစ်ကြောင်း၊ သင်တန်းသားတွေအနေနဲ့ သုတေသနကို ဘယ်လိုလုပ်ဆောင် ရမယ်ဆိုတာကို သိရှိစေရန် ရှင်းလင်းပို့ချပေးသွားမှာဖြစ်ပြီး သင်တန်းဆင်းပြီးနောက် သင်တန်းသားတွေကိုယ်တိုင် သုတေသနလုပ်ငန်းများလုပ်ကိုင်နိုင်သွားနိုင်မှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

သင်တန်းမှာ Inventarisation of current Situation of TDI & TTI ; How Can you find the Question Behind; And Help exporter in a structural way; Sources & Research methods; Statistics Market Channels; Buyers စတဲ့ခေါင်းစဉ်များနဲ့ ဆွေးနွေးပို့ချခဲ့တယ်လို့ သတင်းရရှိပါတယ်။

**MIRT (DCCA)**

## Myanmar First International Franchise Trade Show and SME Expo Exhibition ပြပွဲ

ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် Myanmar First International Franchise Trade Show and SME Expo Exhibition ပြပွဲအား ထိုင်းနိုင်ငံအခြေစိုက် 981 Creative Thailand Company Limitedမှ ဦးစီး၍ ပြည်တွင်းကုမ္ပဏီများဖြစ်သော 981 Creative Myanmar Company Limited / Smart Business Group နှင့် Global Moving & Storage Company Limited တို့မှ တာဝန်ယူ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ Myanmar First International Franchise Trade Show and SME Expo Exhibition ပြပွဲသို့နိုင်ငံပေါင်း ၆ နိုင်ငံမှ ပြခန်းပေါင်း ၁၁၀ ကျော် ခန့်ဖြင့် နိုင်ငံတကာမှ မီးဖိုချောင်သုံး စက်ပစ္စည်းများ၊ ကော်ဖီဖျော်စက်များ၊ အစားအသောက်အတွက် လိုအပ်သော စက်ပစ္စည်းများ၊ ဖုန်းနှင့်ပတ်သက်သည့် ပစ္စည်းများနှင့်အခြားသောပစ္စည်းများ စသည်ဖြင့် အမျိုးအစားစုံလင်စွာ လာရောက်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (IT)**

## Japan Healthful Lifestyle Exhibition ပြပွဲ

ရန်ကုန်မြို့ ရှိ Japan External Trade Organization (JETRO) မှ ကြီးမှူး၍ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ Japan Healthful Lifestyle Exhibition ပြပွဲကို Myanmar Promotional Service Co., Ltd. နှင့် Flix International (Yangon) Ltd. တို့မှ တာဝန်ယူကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ ဂျပန်လူမျိုးများသည် ကမ္ဘာပေါ်တွင်ကျန်းမာစွာဖြင့် သက်တမ်းရှည်စွာနေထိုင်နိုင်သော လူမျိုးတစ်မျိုးဖြစ်ပါသည်။ Japan Healthful Lifestyle Exhibition ပြပွဲတွင်ဂျပန်နိုင်ငံထုတ် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများ၊ ဆေးဝါးများ၊ ကျန်းမာရေးနှင့် ညီညွတ်မျှတစေသောလူနေထိုင်မှုပုံစံကို အထောက်အပံ့ပြုသည့်ပစ္စည်းများကို မြန်မာနိုင်ငံသားများအား မိတ်ဆက်ပေး နိုင်ရန်ရည်ရွယ်ခြင်း ဖြစ်ပါသည်။ Japan Healthful Lifestyle Exhibition ပြပွဲသို့ ဂျပန်၊ အင်ဒိုနီးရှား၊ တရုတ်စသည့်ကုမ္ပဏီပေါင်း ၈၀ ကျော်ခန့်မှ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ကျန်းမာရေးနှင့် ညီညွတ်သည့်အစားအစာများ၊ ဆေးဝါးများ၊ ကျန်းမာရေးညီညွတ်မျှတစေ သောလူနေထိုင်မှုပုံစံကို အထောက် အပံ့ပြုသည့်ပစ္စည်းများ၊ အားကစားပစ္စည်းများစသည်ဖြင့် အမျိုးအစား စုံလင်စွာ လာရောက်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (IT)**

## မြန်မာဘရူဝါရီလီမိတက်၏ ရှယ်ယာများကို ဝယ်ယူရန် SAB Miller မျက်စိကျနေ

မြန်မာနိုင်ငံတွင် လူကြိုက်အများဆုံးဘီယာဖြစ်သည့် မြန်မာဘီယာကို ထုတ်လုပ်လျက်ရှိသည့် မြန်မာဘရူဝါရီလီမိတက်၏ရှယ်ယာများကိုဝယ်ယူ၍ မြန်မာနိုင်ငံ၏ စီးပွားရေးလောကသို့ ဝင်ရောက်ရန် SAB Miller ကုမ္ပဏီက မျက်စိကျလျက်ရှိကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ်အောက်တိုဘာလအတွင်းက အဆိုပါမြန်မာဘရူဝါရီလီမိတက်၏ သန်းငါးရာတန်ကြေးရှိသည့် ရှယ်ယာများကို ဝယ်ယူရန် မြန်မာ့ စီးပွားရေးဦးပိုင်လီမိတက်နှင့် စာရင်းရှင်းလင်းဆောင်ရွက်ထားပြီးဖြစ်သည်ဟု ဆိုသည်။

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့်စင်ကာပူအခြေစိုက် F&N (Fraser &Neave)ကုမ္ပဏီတို့၏ရှယ်ယာပိုင်ဆိုင်မှုအတွက် အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များတွင် ပြီးခဲ့သည့်နှစ်အောက်တိုဘာလအတွင်းက မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အနေဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းကဲ့သို့အနိုင်ရရှိခဲ့သည့်အတွက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သည် F&N ကုမ္ပဏီမှရှယ်ယာများကို လွှဲပြောင်းရယူနိုင်ရန်အတွက် မိတ်ဖက်ရှယ်ယာရှင်တစ်ဦးကို ရှာဖွေလျက်ရှိသည်ဟု သတင်းများထွက်ပေါ်ခဲ့ကြောင်း အဆိုပါ သတင်းတွင် ဖော်ပြထားသည်။

သို့သော် အဆိုပါရှယ်ယာများကို SAB Miller က တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း သို့မဟုတ် အပြည့်အဝကိုသော်လည်းကောင်း ဝယ်ယူမည်ဆိုခြင်းကို အတိအကျထုတ်ပြန်ကြေညာခြင်းမပြုခဲ့ပေ။

ထို့ပြင် မြန်မာဘရူဝါရီလီမိတက်၏ရှယ်ယာများကို ဝယ်ယူရန် ဂျပန်နိုင်ငံမှ ကုမ္ပဏီတစ်ခုဖြစ်သည့် Kirin Holding နှင့် ထိုင်းနိုင်ငံမှ Boon Rawd Brewery ကုမ္ပဏီတို့ကလည်း စိတ်ဝင်စားလျက်ရှိသည်ဟု ဆိုသည်။

မြန်မာဘရူဝါရီလီမိတက်သည် မြန်မာနိုင်ငံတွင် လူကြိုက်အများဆုံးဖြစ်သည့် မြန်မာဘီယာ၊ Myanmar Double Strong နှင့် Andaman Gold တို့ကို ထုတ်လုပ်လျက်ရှိသည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သည်။ ၎င်းတို့သည် မြန်မာဘီယာဈေးကွက်ဝေစု၏ ၈၃ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

## Indian Engineering Exhibition (INDEE) ပြပွဲ

မန္တလေးမြို့၊ မြို့တော်ခန်းမတွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ မတ်လ ၁ ရက်နေ့အထိကျင်းပပြုလုပ်မည့် Indian Engineering Exhibition (INDEE) ပြပွဲကို အိန္ဒိယနိုင်ငံ Engineering Export Promotion Council of India (EEPC) နှင့် မန္တလေးကောင်စစ်ဝန်ချုပ်ရုံးတို့မှ ကြီးမှူး၍ ကျင်းပမည်ဖြစ်ပါသည်။ Indian Engineering Exhibition (INDEE) ပြပွဲသို့ အိန္ဒိယနိုင်ငံကုမ္ပဏီများမှ ပြခန်းပေါင်း ၁၀၀ ကျော်ခန့်ဖြင့် အင်ဂျင်နီယာလုပ်ငန်း ဆိုင်ရာပစ္စည်းများနှင့် စက်ပစ္စည်းများ အားလာရောက်ပြသမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (IT)**

Commodity Exchange News
Vol: 15, No.8 Monday Feb 23 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၃–၂–၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ အိန္ဒိယ အဆွဲသွက်လို့ ဈေးမြောက်လာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးကွက်စဖွင့်ချိန်မှာ တစ်တန်ကို ကျပ် ၈၄၆၀၀၀ ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိရာက နောက်ပိုင်းရက်တွေမှာ အိန္ဒိယဘက်က ဈေးပိုပေးပြီး အဝယ်ရှိသလို ဝယ်လိုအားပါသွက်လာတာကြောင့် ဈေးတရိပ်ရိပ်မြင့်တက်လာပြီး ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၈၇၀၀၀၀ ကျပ်ဈေးအထိ ဈေးထပ်မံမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ယခင်နှစ်က တစ်တန်ကို ၆၀၀၀၀၀ ကျပ်ဝန်းကျင်ခန့်သာ ဈေးရခဲ့ကြောင်း၊ ဒီနှစ်မှာတော့ အိန္ဒိယဘက်မှ ဈေးပေးအဝယ်ရှိတာကြောင့် တစ်တန်ကို ကျပ် ၈၇၀၀၀၀ ဈေးအထိဈေးကောင်းရခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲစင်းငုံနီ (RC) အနေဖြင့် ဘုရင့်နောင်ဈေးကွက်မှာ အိန္ဒိယဝယ်လက်ရဲ့ ဝယ်လိုအားသွက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးသိသာစွာမြင့်လာပြီး တစ်တန်ကို ၉၃၈၀၀၀ ကျပ်ဈေးအထိဈေးကောင်းရရှိခဲ့သလို အရောင်းအဝယ်ဖြစ်မှုပမာဏလည်း ပိုများလာကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်)အနေဖြင့် ဒီနှစ်မှာ ရာသီဥတုကြောင့် အထွက်လျော့နေတာကို အိတ်စပို့ဝယ်လက်တွေက ဈေးကွက်မှာ အပြိုင်အဆိုင် ဝယ်ယူမှုတွေရှိတာကြောင့် ယခုလိုဈေးတွေမြင့်တက်လာတာလို့ ဘုရင့်နောင်အခြေစိုက် ပဲကုန်သည်တစ်ဦးက သုံးသပ်ပြောဆိုကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးမြောက်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီ(သစ်)တွေ ဈေးကွက်သို့ ပုံမှန်ဝင်ရောက်လာသလို Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်ကလည်း ဝယ်လိုအားပြန်သွက်လာလို့ ဈေးသိသာစွာမြင့်လာပြီး တစ်ပိဿာကို ၁၄၇၅ ကျပ် (တစ်တန်ကို ၉၀၃၂၇၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်သွက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲစင်းငုံနီအရောင်းအဝယ်သွက်လို့ ဈေးမာ၊ ပဲတီစိမ်း (ခရမ်း)ပုံမှန်အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီ(သစ်)အဝင်လှိုင်နေသလို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာကို ၁၄၃၃ ကျပ် (တစ်တန်ကို ၈၇၇၅၅၄ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကတော့ ရန်ကုန်ဝယ်လက်နှင့် မြို့ခံပဲခွဲစက်တွေရဲ့ ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၃၃၃ ကျပ် (တစ်တန်ကို ၈၁၆၃၁၅ ကျပ်)ဈေးဖြင့် နေ့စဉ် အိတ် ၆၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူ လုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်)ကိုတော့ ပဲခွဲစက်များက ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၈၇၃ ကျပ်(တစ်တန်ကို ၅၃၄၆၁၆ ကျပ်)၊ ကုလားပဲ (ထိုင်ဝမ်)တစ်ပိဿာ ၈၁၀ ကျပ် (တစ်တန်ကို ၄၉၆၀၃၅ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီအရောင်းအဝယ် ဆက်လက်အားကောင်း

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို ပဲခွဲစက်နဲ့ ရန်ကုန်ဝယ်လက်ဝယ်လိုအား ကောင်းနေတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၁၃၅၀ ကျပ် (တစ်တန်ကို ၈၂၆၇၂၆ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၆၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ရန်ကုန်ဝယ်လက်ရော မြို့ခံလှောင်လက်တွေပါ ဝယ်လိုအား ဆက်တိုက်ကောင်းနေတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးသိသာစွာမြင့်လာပြီး တစ်ပိဿာကို ၁၄၇၀ ကျပ် (တစ်တန် ကို ၉၀၀၂၁၃ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀၀ မှ ၈၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနှင့် ကုလားပဲပုံမှန် အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်ကအဝယ်သွက်လာသလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာအရောင်းများခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၄၈၅ ကျပ် (တစ်တန်ကို ၉၀၉၃၉၉ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၇၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(သစ်)ကတော့ ပုံမှန်ဝင်ရောက်နေပြီး ပဲခွဲစက်တွေကလည်း တစ်ပိဿာကို ၈၂၅ ကျပ်(တစ်တန်ကို ၅၀၅၂၂၀ ကျပ်)ဈေးဖြင့် ဝင်သလောက် ဝယ်လိုအားရှိခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်အဆွဲသွက်၊ ကုလားပဲကို ပဲခွဲစက်တွေဝယ်လိုအား ပုံမှန်ရှိ

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီ (သစ်)တွေ ဈေးကွက်ထဲ ဝင်ရောက်မှုပုံမှန်ရှိသလို ရန်ကုန်ဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာ ၁၄၇၅ ကျပ်(တစ်တန် ကို ၉၀၃၂၇၅ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(သစ်)တွေဈေးကွက်ထဲ ဝင်ရောက်လာပြီး တစ်ပိဿာကို ၇၉၀ ကျပ်(တစ်တန်ကို ၄၈၃၇၈၈ ကျပ်)ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲ(သစ်) အဝင်ပုံမှန်ရှိ အဝင်ရှိသလောက်လည်း ရန်ကုန်အဆွဲသွက်

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ(သစ်)တွေ တစ်ရက်ကို အိတ် ၈၀၀ ခန့် ဝင်ရောက်နေသလို Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဈေးပေးအဝယ်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၃၇၀ ကျပ်(တစ်တန်ကို ၈၃၈၉၇၄ ကျပ်)ဈေးဖြင့် အိတ် ၅၀၀ မှ ၇၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ (သစ်)တွေရဲ့ ဒီနှစ်အထွက်နှုန်းက ပုံမှန်ရှိခဲ့ကြောင်း ဈေးကွက်သို့ ပစ္စည်းအဝင်ရှိသလောက်လည်း ရန်ကုန်အဆွဲသွက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေးနှင့် အစာစပ်တွေ ဝယ်လိုအားကောင်းနေ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို ရန်ကုန်-မန္တလေးဝယ်လက်နှင့် ဒေသတွင်းအစာစပ်များက ဝယ်လိုအားသွက်လာသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးနဲ့ အရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၄၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၃၈ သိန်းခန့်ဖြစ်ခဲ့ ကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက်မှာ တရုတ်နှစ်သစ်ကူးကြောင့် ပြောင်းအရောင်းအဝယ် လျော့ကျ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်တရုတ်နှစ်သစ်ကူးပွဲတော်ကြောင့် ဈေးကွက်မှာ ပြောင်းအရောင်းအဝယ် လျော့ကျခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်ပြောင်းသီးနှံ အဝင်ပါးလာသလို တရုတ်ဘက်ကလည်း နှစ်သစ်ကူးပွဲတော်ကြောင့် ဝယ်လိုအားလျော့ကျသွားကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၉၀ ကျပ်ဈေးဖြင့် တစ်ပတ် အတွင်း ပိဿာချိန် ၁၀ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည် ကုလားပဲ(သစ်)ဈေးကွက်စတင်ဝင်ရောက်၊ မတ်ပဲနှင့် ပဲစင်းငုံနီ အရောင်းအဝယ်သွက်လို့ ဈေးစွာ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ(သစ်)တွေ ဈေးကွက်ထဲ ဝင်ရောက်လာပြီး တစ်ပိဿာကို ၈၁၅ ကျပ်(တစ်တန်ကို ၄၉၉၀၉၇ ကျပ်)ဈေးနဲ့ ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ(သစ်)တွေ ဈေးကွက်ထဲဝင်ရောက်မှုပုံမှန်ရှိသလို ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၃၇၅ ကျပ် (တစ်တန်ကို ၈၄၂၀၃၆ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၄၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်)တွေ ဈေးကွက်သို့အဝင်သွက်နေသလို ရန်ကုန်ဝယ်လက်ကလည်း ဈေးပိုပေးပြီး အဝယ်ရှိလို့ ဈေးသိသာစွာမြင့်လာပြီး တစ်ပိဿာကို ၁၄၇၅ ကျပ်(တစ်တန်ကို ၉၀၃၂၇၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ပြောင်းသီးနှံကို ရန်ကုန်ဝယ်လိုအား ပုံမှန်ရှိ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိခဲ့သလို ရောင်းသူကုန်သည်များကလည်း ဝယ်ဈေးကြိုက်လို့ အရောင်းအဝယ်နေ့စဉ်ဖြစ်ခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၅၀ ကျပ်ဈေးဖြင့် နေ့စဉ် အိတ် ၇၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းအရောင်းအဝယ်ပါးလာ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းဝင်ရောက်မှုအနေဖြင့် တစ်ပတ်အတွင်း တန်ချိန် ၃၄၀၀၀ ခန့်ဝင်ရောက်ခဲ့ပေမယ့် တရုတ်နှစ်သစ်ကူးပွဲတော်ကြောင့် ကုန်သည်များ တရုတ်ဘက်ပြန်သွားကြတာကြောင့် ဝယ်လိုအား လျော့ကျလာကြောင်း၊ အရောင်း အဝယ်အနေဖြင့် ၅၀ ကီလို တစ်အိတ်ကို ၉၂ ယွမ်ဖြင့် အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။



# ယုံကြည်စွာ လက်တွဲပူးပေါင်းစေချင်ပါသည်

မိမိဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် မိမိတို့၏ ဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ မူဝါဒများ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ ဌာနဆိုင်ရာအချင်းချင်းပူးပေါင်း၍လည်းကောင်း၊ အသင်းအဖွဲ့များနှင့် ပူးပေါင်း၍လည်းကောင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍လည်းကောင်း၊ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။ ယင်းသို့အကောင်အထည်ဖော်ရာတွင် ပြောင်းလဲလာသည့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်ရပြီး၊ လက်ရှိအခြေအနေတွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သော Third Wave ဆိုသည့် လူတိုင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းတိုင်း၊ အသင်းအဖွဲ့တိုင်း၊ အစိုးရဌာနတိုင်း၊ လက်တွေ့ကျင့်သုံးဆောင်ရွက်ရမည့် တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်ကျေမှု ဆိုတဲ့ ရှိ၊ သိ၊ ယူ၊ ခံ၊ ကျေ ဆိုသည့် အချက် ငါးချက်ကိုပါ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဦးဆောင်၍ နှစ်စဉ်ကျင်းပပြုလုပ်သည့် နိုင်ငံတော်သမ္မတ၏ စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရှင်ဆုများကို မန္တလေးတိုင်းဒေသကြီးမှ ပဏာမရွေးချယ်စစ်ဆေးရေးအဖွဲ့တွင် မိမိတို့ဌာနမှလည်း ဦးဆောင်ပူးပေါင်းဆောင်ရွက်ရပါသည်။ ဆုရွေးချယ်ရေးအတွက်

၁။ ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု (အကျိုးအမြတ်မယူ၊ အကျိုးအမြတ်ယူ)၊
၂။ ထူးချွန်အလတ်စား စီးပွားရေးလုပ်ငန်းဆု (ပုဂ္ဂိုလ်ရေးဆိုင်ရာဆု) (ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု)၊
၃။ ထူးချွန်အသေးစား စီးပွားရေးလုပ်ငန်းဆု ( ပုဂ္ဂိုလ်ရေးဆိုင်ရာဆု) (ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု)၊
၄။ တန်ဖိုးမြင့်ထုတ်ကုန်ထူးချွန် ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု၊
၅။ အကောင်းဆုံး ပို့ကုန်လုပ်ငန်းရှင်ဆုများ

ရွေးချယ်စီစစ်ရေးအတွက် အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအား ဆုအမျိုးအစားအလိုက် ရွေးချယ်မှုအပေါ် နားလည်သဘောပေါက်စေရန် ရှင်းလင်းဆွေးနွေးခြင်း၊ အကဲဖြတ်အဖွဲ့ဝင်ဌာနဆိုင်ရာများနှင့် တွေ့ဆုံညှိနှိုင်းခြင်း၊ ရွေးချယ်ခံမည့် ပုဂ္ဂိုလ်များသို့ လမ်းညွှန်ကူညီဆောင်ရွက်ပေးခြင်း၊ အပြီးသတ်ရွေးချယ်မည့် အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြ ဆောင်ရွက်ခြင်းများ ပြုလုပ်ရပါသည်။

သို့ဖြစ်ပါ၍ မိမိတို့အစိုးရဌာနဆိုင်ရာများ၊ အကဲဖြတ်အဖွဲ့ဝင်များက ပံ့ပိုးကူညီသကဲ့သို့ အသင်းအဖွဲ့များ ကုမ္ပဏီများ၊ ဝန်ဆောင်မှု ဟိုတယ်လုပ်ငန်းရှင်များ၊ အသေးစား၊ အလတ်စား၊ ကုန်ထုတ်လုပ်ငန်းရှင်များဘက်မှလည်း မိမိတို့၏ အသင်း၊ မိမိတို့၏ ကုမ္ပဏီ၊ မိမိတို့၏ ဟိုတယ်၊ မိမိတို့၏ ကုန်ထုတ်လုပ်ငန်းများ၊ နာမည်ကောင်းနှင့် ပုံရိပ်မြှင့်တင်နိုင်မည့် အခွင့်အလမ်းများကို ရှိ၊ သိ၊ ယူ၊ ခံ၊ ကျေ ဆိုသည့်အချက် ငါးချက်နှင့်အညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာ မိမိနိုင်ငံနှင့်လူမျိုး၊ ပတ်ဝန်းကျင်၊ မိမိတို့ တိုင်းဒေသကြီး၏ ဂုဏ်ကိုဆောင်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

**ခင်မြင့်မြင့်သန်း - မန္တလေး**

# ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်သက်တမ်းတိုးနောက်ကျခြင်းကြောင့် သတ်မှတ်ထားသည့်ဒဏ်ကြေးများအား ပယ်ဖျက်

ယခုအခါ နိုင်ငံတော်ရဲ့ ပြောင်းလဲလာသော စီးပွားရေးမူဝါဒများနဲ့အညီ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလျင်မြန်လွယ်ကူစေရန်နဲ့ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်များရဲ့ ကုန်ကျစရိတ်များလျော့နည်းသက်သာစေရန်အတွက် ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် သက်တမ်းတိုးလျှောက်ထားမှုနောက်ကျခြင်းကြောင့် သတ်မှတ်ထားသောဒဏ်ကြေးကောက်ခံခြင်းအား ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ပယ်ဖျက်လိုက်ကြောင်း ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ၁/၂၀၁၅ ဖြင့် ဖေဖော်ဝါရီလ ၁၁ ရက်နေ့က ထုတ်ပြန်လိုက်ကြောင်း သတင်းရရှိပါတယ်။

ယခင်က ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ကြေးနဲ့ သက်တမ်းတိုးကြေး၊ သက်တမ်းတိုး လျှောက်ထားမှုနောက်ကျခြင်းအတွက် ဒဏ်ကြေး၊ ပြင်ဆင်ကြေး၊ မိတ္တူမှန်ကြေးများအား ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၃ ခုနှစ် ဇွန်လ ၁၅ ရက်စွဲပါ ထုတ်ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ၂/၂၀၁၃ ဖြင့်အောက်ပါတိုင်း သတ်မှတ်ထားခဲ့တာဖြစ်ပါတယ်-

| | | | |
|---|---|---|---|
| (က) | ထသကမှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီး ပထမ(၁)လအတွင်းလျှောက်ထားလျှင် | ကျပ် | ၅၀၀၀ |
| (ခ) | ထသကမှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီး ဒုတိယ(၁)လအတွင်းလျှောက်ထားလျှင် | ကျပ် | ၁၀၀၀၀ |
| (ဂ) | ထသကမှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီး တတိယ(၁)လအတွင်းလျှောက်ထားလျှင် | ကျပ် | ၁၅၀၀၀ |
| (ဃ) | ထသကမှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီး (၃)လကျော်လွန်လျှင် | ကျပ် | ၃၀၀၀၀ |

ဖော်ပြပါဒဏ်ကြေးများအား လာမည့် ဧပြီ ၁ ရက်မှစ၍ ပေးသွင်းရန်မလိုတော့ဘဲ ပယ်ဖျက်လိုက်ကြောင်း သတင်းရရှိပါတယ်။

**MIRT (DCCA)**

# မှတ်ပုံတင်ပြီးသော ပိုးသတ်ဆေး ၃၈၃ မျိုး ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ စာရင်းထုတ်ပြန်

(၂၄)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အစည်းအဝေးမှ နည်းပညာပိုင်းဆိုင်ရာ စိစစ်မှုများ ပြုလုပ်ခဲ့ပြီး ပိုးသတ်ဆေး ၃၈၃ မျိုးအားမှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၅ နဲ့ ထုတ်ပြန်ထားပါတယ်။

စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်ရရှိထားတဲ့ပိုးသတ်ဆေးများကို ပိုးသတ်ဆေး ဥပဒေပုဒ်မ ၂ (စ)အရ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားတဲ့ နယ်မြေအတွင်း ပိုးသတ်ဆေးရဲ့ ထိရောက်မှုကိုလည်းကောင်း၊ စိုက်ပျိုးရေးစနစ်နဲ့ သင့်လျော်တဲ့သုံးစွဲမှု နည်းလမ်းကိုလည်းကောင်း စမ်းသပ်ဆောင်ရွက်ပြီးမှ ယာယီသုံးစွဲခွင့်မှတ်ပုံတင်အမျိုးအစားကို ပြန်လည်လျှောက်ထားရမှာ ဖြစ်ပါတယ်။

ယာယီသုံးစွဲခွင့်မှတ်ပုံတင်နဲ့ ပြင်ဆင်မှတ်ပုံတင်အမျိုးအစားရရှိပြီးတဲ့ ပိုးသတ်ဆေးများကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခွင့်၊ ပြည်တွင်းမှ ပြည်ပသို့ တင်ပို့ခွင့်နဲ့စပ်လျဉ်းပြီး ဥပဒေပုဒ်မ ၂၃ (ဃ)နဲ့(င)အရ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့မှ တင်သွင်းခွင့် ထောက်ခံချက် (Import Erdosement)နဲ့ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ခွင့်ပြုချက်များ ရယူရန် လိုအပ်မှာဖြစ်ပါတယ်။

ယာယီသုံးစွဲခွင့် မှတ်ပုံတင်နဲ့ ပြင်ဆင်မှတ်ပုံတင်ရရှိပြီးသော ပိုးသတ်ဆေးများဟာ ပိုးသတ်ဆေးဥပဒေ ပုဒ်မ ၃၄ အရ ယင်းတို့ရဲ့ ထုပ်ပိုးပစ္စည်းများ၊ ဘူးခွံ၊ ပုံးခွံများပေါ်၌ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ရဲ့ အတည်ပြုချက်ရရှိထားသော မြန်မာဘာသာပြန်ဆိုထားတဲ့ အညွှန်းစာနဲ့ မှတ်ပုံတင်အမှတ်တို့ပါရှိမှသာ ရောင်းဝယ်သုံးစွဲခွင့်ရရှိမှာဖြစ်ပါတယ်။

ပူးတွဲပါမှတ်ပုံတင်ပြီး ပိုးသတ်ဆေးများကို တင်သွင်းတင်ပို့ ရောင်းဝယ်ဖောက်ကား သိုလှောင် သုံးစွဲရာမှာ ပိုးသတ်ဆေးဥပဒေနဲ့ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ရမှာဖြစ်ပြီး ဥပဒေပြဋ္ဌာန်းချက်၊ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်ကြောင်း တွေ့ရှိရပါက ပိုးသတ်ဆေး ဥပဒေအရ ထိရောက်စွာ အရေးယူခံရမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာမှာ ထည့်သွင်း ဖော်ပြထားကြောင်း သိရှိနိုင်ရန် ဖော်ပြပေးလိုက်ရပါတယ်။

ပိုးသတ်ဆေး ၃၈၃မျိုး စာရင်းအသေးစိတ်ကို ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန လက်အောက်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ သွားရောက်ကြည့်ရှုနိုင်မှာဖြစ်သလို Facebook- DCCA DCCA account မှာလည်း ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

**ဂန္ဓမာ**

# မြန်မာနိုင်ငံအပါအဝင် အာရှနှင့် လက်တင်အမေရိကနိုင်ငံများရှိ ဈေးကွက်များ တိုးချဲ့လုပ်ကိုင်နိုင်ရန် ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ ၂၅သန်းကို Carmudi ရရှိ

နိုင်ငံတကာအွန်လိုင်းစီးပွားရေး လုပ်ငန်းကြီးဖြစ်သည့် Rocket Internet က ပံ့ပိုးထားသည့် ကမ္ဘာ့အွန် လိုင်းကားအရောင်းအဝယ်လုပ်ငန်း၏ ဦးဆောင်ဈေးကွက် Carmudi သည် မြန်မာနိုင်ငံအပါအဝင်အာရှနှင့်လက်တင် အမေရိကနိုင်ငံများရှိ အွန်လိုင်းကားအရောင်းအဝယ်ဈေးကွက်များတွင် အားဖြည့်လုပ်ကိုင်နိုင်ရန်အတွက် ရင်းနှီး မြှုပ်နှံငွေ အမေရိကန်ဒေါ်လာ ၂၅သန်း ရရှိခဲ့ကြောင်း Motor.com.mm ၏ သတင်းပေးပို့ချက်များအရ သိရသည်။

အဆိုပါ Carmudi တွင် ရင်းနှီး မြှုပ်နှံသူများမှာ Rocket Internet နှင့် Ooredoo တို့တည်ထောင်သည့် Asia Pacific InternetGroup(APACIG) နှင့် အင်တာနက်စီးပွားရေးရင်းနှီးမြှုပ်နှံမှုဦးဆောင်ကုမ္ပဏီ Holtzbrinck Ventures ၊ အင်တာနက်နှင့်ကဏ္ဍစုံ လက်လီရောင်းချခြင်းလုပ်ငန်း Tengelmann Group ၏ လုပ်ငန်းခွဲဖြစ် သည့် Tengelmann Ventures နှင့် တသီးပုဂ္ဂလရင်းနှီးမြှုပ်နှံသူတစ်ဦးတို့ ဖြစ်ကြောင်း သိရသည်။

Carmudi ၏ပူးတွဲတည်ထောင်သူ နှင့်မန်နေးဂျင်း ဒါရိုက်တာဖြစ်သူ Stefan Haubold က "ဒီရင်းနှီးမြှုပ်နှံ မှုကနေရရှိတဲ့ငွေကြေးကို အာရှနဲ့လက်တင်အမေရိကဒေသမှာ ရှိတဲ့ကျွန်တော်တို့ရဲ့ လုပ်ငန်းတွေ တိုးချဲ့ရာမှာ အသုံးပြုသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပန်းတိုင်က Carmudi ရဲ့ ဈေးကွက်အားလုံးမှာ နံပါတ်တစ်ကားအရောင်းအဝယ် ဈေးကွက်တစ်ခုဖြစ်ပေါ်လာဖို့ပါပဲ။ အာရှနဲ့ လက်တင်အမေရိကမှာ အင်တာနက် အသုံးပြုသူပေါင်း သန်း ၃၀၀ ကျော်ရှိ ပြီး အဲဒီဈေးကွက်ကနေ ဝယ်သူရော ရောင်းသူပါရရှိနိုင်ဖို့ စီစဉ်ထားပါတယ်။ လက်ပ်တော့နဲ့မိုဘိုင်းဖုန်းတွေကတစ်ဆင့် ကားတွေကို ဝယ်ယူနိုင်အောင် အဲဒီဒေသကပြည်သူတွေဆီကိုအရောက်ပို့ဆောင်ပေးမှာဖြစ်ပါတယ်"ဟု ပြော ကြားခဲ့သည်။

Carmudi ကို ၂၀၁၃ခုနှစ် အောက်တိုဘာလအတွင်းက စတင်တည်ထောင် ခဲ့ပြီး ကား၊ မော်တော်ဆိုင်ကယ်နှင့် လုပ်ငန်းသုံးမော်တော်ယာဉ်များကို အွန်လိုင်း ပေါ်မှ အလျင်မြန်ဆုံး၊ နည်းပညာပိုင်း ဆန်းသစ်မှုများဖြင့် အရောင်းအဝယ်ပြုလုပ်နိုင်သည့် ဝက်ဘ်ဆိုက်တစ်ခုအဖြစ် လူသိများလျက်ရှိကြောင်း သိရသည်။

Carmudi.com.mm သည်နိုင်ငံ ပေါင်း ၂၀အထိ လုပ်ငန်းများချဲ့ထွင်လာ နိုင်ခဲ့ပြီး ၎င်းတို့အနက် အာရှဒေသတွင် မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက် နမ်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စ တန်နှင့် လက်တင်အမေရိကဒေသမှ မက္ကဆီကိုတို့ပါဝင်ကြောင်းသိရသည်။

■

## ကော့သောင်းနဲ့ မြိတ်နယ်စပ်မှ ရေဘဝဲနဲ့ ငါးမှုန့်များတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းနဲ့ မြိတ်နယ်စပ်စခန်းမှ ဖေဖော်ဝါရီလ ၁ ရက်မှ ၁၃ ရက်တာ ကာလအတွင်းကန်ဒေါ်လာ သုည ဒသမ ၇၅၂ သန်းတန်ဖိုးရှိ ရေဘဝဲနဲ့ ငါးမှုန့် ၉၅၄ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ကော့သောင်းနယ်စပ်စခန်းမှ ကန်ဒေါ်လာ သုညဒသမ၀၀၇ သန်းတန်ဖိုးရှိ ရေဘဝဲ ၄ တန် ကျော်တင်ပို့နိုင်ခဲ့ပြီး မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ သုညဒသမ ၇၄၅ သန်းတန်ဖိုးရှိ ငါးမှုန့်တန် ၉၅၀ တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## မြဝတီကုန်သွယ်ရေးဇုန်မှ လယ်ယာထွက်ကုန် ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ ၇ ရက်မှ ၁၃ ရက်တာကာလတွင်း ကန်ဒေါ်လာ ၁ ဒသမ ၂၉၂ သန်းတန်ဖိုးရှိ လယ်ယာထွက်ကုန်များဖြစ်သော ကြက်သွန်နီ တန် ၄၈၀ ကျော်၊ မြေပဲဆံ ၈၇၇ တန်ကျော်၊ ပြောင်းဖူးစေ့ တန် ၁၀၀၀၊ နနွင်းတက် ၃၁ တန်ကျော်၊ မတ်ပဲ ၁၀၃ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၁၁၄၀ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## မဏိပူရပြည်နယ်တစ်ဝန်း ကုန်သွယ်ရေးကို အဓိကထားလမ်းပိတ် ဆန္ဒပြမှုပြုလုပ်

ချန်ဒယ်ခရိုင်မှာ ဇန်နဝါရီလနှောင်းပိုင်းက အာသံတပ်ဖွဲ့ရဲ့ မှားယွင်းစွာပစ်ခတ်မှုကြောင့် ဒေသခံနှစ်ဦးသေဆုံးမှုကို ပြည်နယ်အစိုးရက လက်ရှိအချိန်ထိ ကူညီဆောင်ရွက်ပေးခြင်းမရှိသောကြောင့် ကူကီးလူမှု အဖွဲ့အစည်းများက ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှ စ၍ လမ်းပိတ်ဆန္ဒပြမှုများကို ပြည်နယ် တစ်ဝန်းမှာ ငါးရက်ကြာပြုလုပ်ပြီး ကုန်သွယ်ရေးကို အဓိကထားလမ်းပိတ်ဆန္ဒပြမယ်လို့ သိရတဲ့အတွက် စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ ယာဉ်သွားလာမှုကို ရပ်ဆိုင်းပေးရန်နဲ့ ပြည်သူများ အနေနဲ့ ဆန္ဒပြမှုကို ဝိုင်းဝန်းထောက်ခံပါဝင်ပေးရန် ကူကီးလူမှုအဖွဲ့အစည်းက တိုက်တွန်းထားတယ်လို့ မဏိပူရပြည်နယ်ထုတ် The Sangai Express သတင်းစာမှာ ဖော်ပြထားပါတယ်။

**နေထက်မင်း (တမူး)**

## မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလ အတွင်း သီဟိုဠ်စေ့ ၂၁ တန်ကျော်တင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၆၀ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၂၁ တန်ကျော်တင် ပို့နိုင်ခဲ့ပါတယ်။မြဝတီကုန်သွယ်ရေးဇုန်မှ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၂၅ သန်း၊ တန်ချိန် ၃၀၀ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၁၃၅ သန်း၊ တန်ချိန် ၁၇ တန် ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## မြဝတီနဲ့ ကော့သောင်းနယ်စပ်တို့မှ ရေထွက်ကုန် ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိနယ်စပ်စခန်းများဖြစ်သော မြဝတီကုန်သွယ်ရေးဇုန် ၊ ကော့သောင်းနယ်စပ် ကုန်သွယ်ရေးစခန်းနဲ့မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီလ ၇ ရက်မှ ၁၃ ရက်တာကာလအတွင်းကန်ဒေါ်လာ ၃ ဒသမ ၆၆၁ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၃၃၀၁ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

နယ်စပ်စခန်းများအလိုက် လုပ်ငန်းဆောင်ရွက်မှုများမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၉၇ သန်းတန်ဖိုးရှိငါးမျိုးစုံတန် ၉၀၀ ကျော်၊ ကဏန်း တန် ၂၀ ကျော်၊ ပုစွန် ၄ တန် တင်ပို့ခဲ့သဖြင့် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅၅ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ ၁ ဒသမ ၁၂၈ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၃၀၆ တန်ကျော် ကင်းမွန် ၅၃ တန်နီးပါး၊ ပုစွန် ၂တန်ကျော်၊ ကဏန်း ၄ တန်ကျော် ၊ ပင်လယ်ငါးရှဉ့် ၁ တန်ကျော်နဲ့ ရေဘဝဲ အနည်းငယ်တင်ပို့နိုင်ခဲ့တဲ့ အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၄၃၈ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းအနေနဲ့ ကန်ဒေါ်လာ ၂ ဒသမ ၃၃၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၈၄၈ တန်ကျော်၊ ရေခန်ပုစွန် ၂၁ တန်ကျော် ၊ ကင်းမွန် ၃ တန်ကျော် ၊ ကဏန်းသေး (သေ) ၂တန်ကျော်၊ သဲကဏန်း ၁ တန်နီးပါး၊ ငါးမှုန့် တန်၁၂၀ ၊ ပုစွန်ခြောက် ၃ တန်၊ငါးခြောက် ၁၂ တန်၊ ကဏန်းနီ ၁၈ တန်၊ ကဏန်းပျော့ ၃၂ တန်ကျော်၊ ပုစွန် ၅၅တန် ကျော် တင်ပို့ခဲ့တာကြောင့် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက မြိတ်စခန်းတစ်ခုသာ ရေထွက်ကုန်တင်ပို့မှု တန် ၅၈၀ ကျော် လျော့နည်းတင်ပို့တာတွေ့ရပါတယ်။

**ခင်မြနွယ် MIRT ( DCCA)**

## မူဆယ်မှ သစ်သီးဝလံမျိုးစုံ တင်ပို့/တင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ ၁ ရက်မှ ၁၅ ရက် အတွင်းကန်ဒေါ်လာ ၈ ဒသမ ၄၉၆ သန်းတန်ဖိုးရှိ ဖရဲသီး ၆၆၉၀၀ တန်၊ ကန်ဒေါ်လာ သုည ဒသမ ၈၂၈ သန်းဖိုးရှိ သခွားမွှေး ၄၀၅၉ တန်ခွဲ၊ ကန်ဒေါ်လာ သုည ဒသမ ၂၉၅ သန်းဖိုးရှိ ဆီးသီး ၂၁၅၅ တန်၊ ကန်ဒေါ်လာ ၃၈၀၂ ဖိုးရှိစပျစ်သီး ၃၈၀၂ တန်၊ ကန်ဒေါ်လာ ၃၈၈၃ ဖိုးရှိ ရွှေဖရုံသီး တန် ၄၀ နဲ့ ကန်ဒေါ်လာ ၂၇၄၅ ဖိုးရှိ အုန်းသီး ၁၈ တန်ခွဲတို့ကို တင်ပို့နိုင်ခဲ့သလို ပန်းသီး၊ ပန်းသစ်တော်သီးများနဲ့ လိမ္မော်သီး ၄၇၇၁ တန်ကို ကန်ဒေါ်လာ ၁ ဒသမ ၈၈၈ သန်းဖိုး တင်သွင်းနိုင်ခဲ့ပါတယ်။

လက်ရှိတွင် တရုတ်နိုင်ငံအပြင် ဂျပန်နဲ့ အာဆီယံနိုင်ငံများသို့ တင်ပို့မှုများရှိပြီး အများစုမှာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကိုသာ အားထားနေရကြောင်း၊ ဖေဖော်ဝါရီလလယ်မှာ ကျရောက်တဲ့ တရုတ်နှစ်သစ်ကူးကြောင့် ဇန်နဝါရီလမှ စပြီး မြန်မာပြည်အတွင်းမှ တရုတ်ပြည်သို့ တင်ပို့တဲ့ သစ်သီးတင်ယာဉ် နဲ့ တန်ချိန်တွေ များပြားလာခဲ့ပြီး ဖရဲသီးကား အစီး ၃၀၀ မှ ၃၇၀ ကြား၊ သခွားမွှေးကား အစီး ၅၀ မှ ၈၀ ကြား၊ ဆီးသီးကား ၁၅ စီးမှ ၃၅ စီးကြား၊ စပျစ်သီး၊ အုန်းသီးနဲ့ ဖရုံသီးကားတွေကတော့ ပုံမှန် ၁ စီး ၂စီး နေ့စဉ်အထွက်ရှိတယ်လို့ မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မောင်အောင် MIRT ( DCCA)**

## တွေ့ကြုံလာတဲ့အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းကြမှသာ ရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်မည်

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ ယခုလကုန်သွယ်မှုပမာဏ လျာထားချက်ပေါ် ၉၉ ရာခိုင်နှုန်း နီးပါး ဆောင်ရွက်နိုင်ခြင်း၊ ဘဏ္ဍာနှစ် ၁၀လတာကာလမှာ လျာထားချက်ကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခြင်းတို့ဟာ ကုန်သည်လုပ်ငန်းရှင်များနဲ့ သက်ဆိုင်ရာ ဌာနဆိုင်ရာများ အတူတကွ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်ခြင်းဖြစ်ကြောင်း၊ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဌာနဆိုင်ရာများ ၊ ဒေသနေပြည်သူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များအားလုံး ဝိုင်းဝန်းဖော်ဆောင်ကြရမှာဖြစ်ကြောင်း၊ ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျ နယ်မြေဒေသ လည်းပိုမိုအေးချမ်းတည်ငြိမ် လာမှာဖြစ်ကြောင်း မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးက ဇန်နဝါရီလ ၃၁ ရက်နေ့ကပြုလုပ်တဲ့ မောင်တောနယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ ပြောကြားခဲ့တာ ဖြစ်ပါတယ်။

နယ်စပ်ကုန်သည်ကြီးများအသင်းနဲ့ ကုမ္ပဏီလုပ်ငန်းရှင်များ တစ်ဦးနဲ့တစ်ဦး အချင်းချင်းအပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြပြီး တွေ့ကြုံလာတဲ့ အခက်အခဲများကို ဖြေရှင်းနိုင်ပြီးလုပ်ငန်း အောင်မြင်မှုများရနိုင်မှာဖြစ်ကြောင်း၊ ယခုကဲ့သို့ ရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်အောင် အတူအားထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်နဲ့ ကုန်သွယ်မှုလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားခဲ့တယ်လို့သိရပါတယ်။

**ဂန္ဓမာ**

## တရုတ်နယ်စပ်ကရော ဘင်္ဂလားဒေ့ရှ်နယ်စပ်ကပါ လဲမှို့တန် ၂၇၀ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ ၇ ရက်မှ ၁၃ ရက်တာ သီတင်းပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၂၇ သန်းတန်ဖိုးရှိ လဲမှို့ တန် ၂၇၀ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တန်ချိန် ၁၀၉၁ တန် တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ လဲမှို့တင်ပို့မှု ၈၂၁ တန် လျော့နည်းသွားခဲ့သလို ဝါဂွမ်းတင်ပို့မှုမှာလည်း ယခင်သီတင်းပတ်က ၂၀၂ တန်ခွဲ တင်ပို့နိုင်ခဲ့ပြီး ယခုတစ်ပတ်မှာတော့ ၁၂တန်သာတင်ပို့ခဲ့တာတွေ့ရပါတယ်။ ယခုဝါစေ့နဲ့ ဝါဂွမ်းဈေးများ လျော့ကျပြီး မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ဝါပွဲရုံတွေနဲ့ ဝါကြိတ်စက်များမှာ အမြတ်ရရှိမှုနည်းပြီး ဝင်ငွေလည်း လျော့ကျခဲ့ကြောင်း၊ ကုန်ချောဈေးနှုန်းလျော့ကျလို့ ကုန်ကြမ်းရောင်းချသူတွေ အဆင်မပြေဖြစ်ရပြီး ဝါစိုက်တောင်သူများလည်း စိုက်စရိတ်ရှုံးနေကြကြောင်း၊ ရမည်းသင်းရှိ ဝါကြိတ်စက်လုပ်ငန်းရှင်တစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။

ယခုသီတင်းပတ်မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိမောင်တောနယ်စပ်ကုန်သွယ်ရေးမှလည်း ကန်ဒေါ်လာ ၈၅၀၀ တန်ဖိုးရှိတဲ့ လဲမှို့ ၁၀ တန်ကို တင်ပို့ခဲ့ပါတယ်။

**မော်မောင်အောင် MIRT ( DCCA)**

## ပဋိပက္ခများကြောင့် တစ်ဖက်နိုင်ငံတွင် နေ့စဉ်လိုလို ဆူပူဆန္ဒပြမှုများ၊ ကားလမ်းပိတ်ဆို့မှုများ ဖြစ်ပွားလျက်ရှိ

မောင်တောနယ်စပ် တစ်ဖက်နိုင်ငံမှာ အာဏာရပါတီနဲ့ အတိုက်အခံပါတီ နှစ်ခုအကြား နိုင်ငံရေး ပဋိပက္ခများကြောင့် နေ့စဉ်လိုလို ဆန္ဒပြမှုများ၊ ကားလမ်းပိတ်ဆို့မှုများ ပြုလုပ်လျက်ရှိရာ တစ်ဖက်နိုင်ငံရဲ့ နိုင်ငံရေး တည်ငြိမ်မှုရှိမှသာ မိမိနိုင်ငံက တင်ပို့တဲ့ ကုန်ပစ္စည်းများအဆင်ပြေစွာသွားလာနိုင်မယ်လို့ မောင်တောနယ်စပ် ကုန်သည်အသင်းဥက္ကဋ္ဌက ဇန်နဝါရီလအတွက် ပြုလုပ်တဲ့ မောင်တောနယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှ ပုစွန်များကို လက်ခံနေတဲ့ ကော့ဘဇားရှိ အအေးခန်းစက်ရုံမှာ ယခုထိလိုင်စင်သစ်မရရှိသေးတာကိုလည်း သတင်းရရှိထားတယ်လို့ ဆွေးနွေးချပြခဲ့ပါတယ်။ ငါးခြောက်ရာသီဖြစ်တဲ့အတွက် ကျောက်ဖြူ သံတွဲမှ ငါးခြောက်များ ပိုမိုမှာယူပြီး များများတင်ပို့နိုင်အောင် ကြိုးပမ်းကြရန်လည်း ကုန်သည်အသင်းဥက္ကဋ္ဌက တိုက်တွန်းပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မြင့်မြင့်မာ MIRT (DCCA)**

## ထိုင်းနိုင်ငံထုတ် ပြောင်းမျိုးစေ့အိတ်များကို တာချီလိတ် Mobile Team မှ သိမ်းဆည်းရမိ

တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းထုတ်နုတ်အင်အား Mobile Team မှ ဒုတိယညွှန်ကြားရေးမှူး ခေါင်းဆောင်တဲ့အဖွဲ့ဟာ ဖေဖော်ဝါရီလ ၉ ရက် ည ၁၁ နာရီတွင် မယ်ယန်းယာဉ် စစ်ကွင်းနှင့် တိုးဂိတ်ကြားတွင် မသင်္ကာဖွယ်ရာ ရပ်နားထားသော တာချီလိတ်-မိုင်းကိုး လိုင်းကားယာဉ် တစ်စီးကို တွေ့ရှိ၍ စစ်ဆေးရာ ယာဉ်ပေါ်တွင် အကောက်ခွန်မဲ့တင်ဆောင်လာသော ထိုင်းနိုင်ငံထုတ် ပြောင်းဖူးစေ့ (၂၈၈) တံဆိပ်အိတ်များကို စစ်ဆေးတွေ့ရှိသဖြင့် သိမ်းဆည်းပြီး အကောက်ခွန် အမှုတွဲ ဖွင့်လှစ်ခဲ့ပါတယ်။ အလားတူ ယင်းနေ့ ၁၀ နာရီ ၂၅ မိနစ်အချိန်တွင် မယ်ယန်းကျေးရွာလမ်းမပေါ်၌ တာချီလိတ်-မိုင်းကိုး လိုင်းကားယာဉ်ပေါ်မှာပဲ အကောက်ခွန်မဲ့တင်ဆောင်လာတဲ့ ထိုင်းနိုင်ငံထုတ် ပြောင်းဖူးစေ့ (888,233,222 အမျိုးအစားတံဆိပ်) များအား စစ်ဆေးတွေ့ရှိသဖြင့် အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီးဖြစ်ပါတယ်။ အဆိုပါယာဉ်နှစ်စီးပေါ်မှ တွေ့ရှိတဲ့ ပြောင်းမျိုးစေ့အိတ်များရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်းပေါင်း ၁၀၀ဒသမ ၈၁၂ ခန့်ဖြစ်ပြီး၊ ပြောင်းမျိုးစေ့အိတ်များကို ကျိုင်းတုံမြို့နယ်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန သို့ လွှဲပြောင်းအပ်နှံခဲ့တယ်လို့သိရပါတယ်။

## ရှောင်ကွင်းလမ်းမှာ စုပုံထားရှိတဲ့ တရားမဝင်ကန့်သတ်ကုန်စည်များဖမ်းမိ

ညောင်ခါးရှည်-ဘုရားပျို-ဝေါ ရှောင်ကွင်းလမ်းနံဘေးမှာ Mobile Team အားရှောင်ကွင်း၍ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများသယ်ဆောင်ရန် စုပုံထားရှိကြောင်း သတင်းရရှိသဖြင့် စေလွှတ်ရှာဖွေခဲ့ရာ ဖေဖော်ဝါရီ ၁၂ ရက်မှာ လမ်းနံဘေးမှာ စုပုံထားတဲ့ တရားမဝင်ကန့်သတ်ကုန်ပစ္စည်းများဖြစ်တဲ့ Beer Chang ဘူးရှည် ၁၃၀ တာ၊ ဘူးတို ၄၉၅ တာ၊ Diablo Beer ၁၂% ၁၀၀ တာ စုစုပေါင်း ၇၂၅ တာနဲ့ အကောက်ခွန်မဲ့ Sprite အချိုရည် ၂၅ တွဲကို တွေ့ရှိခဲ့ရတယ်လို့ ရှေ့ပြေးသတင်း သိရပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်ခြင်းအား ဆက်လက်ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။

## ID ထက်ပိုမိုတင်ဆောင်မှုအများအပြား စစ်ဆေးဖော်ထုတ်

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်မှာ ယာယီအခြေပြု၍ စားသုံးသူ အကာအကွယ်ပေးရေးနဲ့ တရားမဝင် ကုန်သွယ်မှုတားဆီးရေး ဆောင်ရွက်နေသော Mobile Team လရ-၂အဖွဲ့ဟာ ဖေဖော်ဝါရီလ၃ ရက်မှ ၆ ရက်ထိလေးရက်တာ ကာလအတွင်းမှာ မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းပေါ်မှ ၆ဘီး၊ ၁၂ ဘီး၊ ၂၂ ဘီး သွင်းကုန် Duty ယာဉ်များအား စစ်ဆေးစဉ် ယာဉ် ၁၂ စီးပေါ်မှ ID ထက် ပိုမို သယ်ဆောင်လာသော စားသောက်ကုန်နဲ့ အိမ်သုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများကို စစ်ဆေးတွေ့ရှိခဲ့ရတယ်လို့ သတင်းရရှိပါတယ်။IDထက်ပိုမို သယ်ဆောင်လာတဲ့ စားသောက်ကုန်များမှာ နာနတ်ဖျော်ရည်၊ Soy Milk၊ Oyster Sauce၊ Sponsor အချိုရည်၊ ကြာဆံခြောက်၊ငံပြာရည်၊အချိုရည်၊နို့ဆီ၊ နို့စိမ်း ဟင်းချက်ရာနဲ့ မုန့်ဖုတ်ရာမှာ အသုံးပြုတဲ့ Dairy Half Creamer စုစုပေါင်း ကျပ် ၁၁ ဒသမ ၉၀၀ သိန်းဖိုးကို အကောက်ခွန် လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲ ဖွင့်တားဆီးနိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

အိမ်သုံးပစ္စည်းနဲ့ လုပ်ငန်းသုံးပစ္စည်းများဖြစ်တဲ့ Plastic Floor Mat၊ Net Shade ၊ Water Container များ ကျပ် ၂၀ဒသမ ၃၀၀ သိန်းဖိုးကိုလည်း တားဆီးနိုင်ခဲ့တယ်လို့ သိရပါတယ်။

## ရှောင်ကွင်းလမ်းပေါ်မှ အဝတ်အထည်နဲ့ လူသုံးအိမ်သုံးပစ္စည်းများ ကျပ် သိန်းတစ်ရာကျော်ဖိုး သိမ်းဆည်းရမိ

မူဆယ် Mobile Team အဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ခေါင်းဆောင်တဲ့အဖွဲ့သည် ဇန်နဝါရီလ ၁၅ ရက်နဲ့ ၁၇ ရက်နေ့များတွင် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် Asia World Toll Gate ရှောင်ကွင်းလမ်းများမှ မျက်နှာသုတ်ပဝါအထူ/အပါး၊ အိပ်ယာခင်း (တစ်ယောက်အိပ်/ နှစ်ယောက်အိပ်)၊ ကျားအတွင်းခံဘောင်းဘီ၊ ကလေးဖိနပ်၊ ခြေအိတ်၊ ထမင်းဘူးစတဲ့ လူသုံးအိမ်သုံးပစ္စည်း ၁၀ မျိုး ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၂၄ ဒသမ ၇၇၈ ခန့်အား သိမ်းဆည်းရမိတဲ့အတွက် အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲဖွင့်လှစ်အရေးယူပြီး ဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **DCCA**

## တမလန်းဟုယူဆရတဲ့သစ်လုံးများ ဖရဲသီးများအောက်တွင် သိုဝှက်သယ်ဆောင်

ဖေဖော်ဝါရီ ၁၇ ရက်က မန္တလေး-မူဆယ်လမ်းကြောင်း နောင်ချိုယာယီအခြေပြု Mobile Team အဖွဲ့ထံ ဝင်ရောက် စစ်ဆေးခံသော ဖရဲသီးများ တင်ဆောင်လာတဲ့ ၁၀ ဘီး Nissan Diesel ယာဉ်အား ရပ်တန့်စစ်ဆေးရာမှာ ဖရဲသီးများအောက်မှာ သိုဝှက် သယ်ဆောင်လာတဲ့ တမလန်းလို့ ယူဆရတဲ့ သစ်လုံးများကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းခဲ့ရတယ်လို့ သတင်းရရှိပါတယ်။ ယာဉ်အား အသေးစိတ် စစ်ဆေးစဉ် ယာဉ်မောင်း မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့တယ်လို့ သိရပါတယ်။

တမံလန်းလို့ ယူဆရတဲ့ တရားမဝင်သစ်များနဲ့ သယ်ဆောင်လာတဲ့ ယာဉ်အား သိမ်းဆည်းပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲများ ဖွင့်လှစ်ကာ မြို့နယ်သစ်တောဦးစီးဌာနနဲ့ အကောက်ခွန် ဦးစီးဌာနများသို့ အပ်နှံသွားမယ်လို့ သိရပါတယ်။

အလားတူ နံနက် ၀၅ း ၃၀ ချိန်ကလည်း Nissan Diesel ၆ ဘီးယာဉ်အား ရပ်တန့်စစ်ဆေးစဉ် ကလည်း ဖရဲသီးများအောက်မှာ တမလန်းဟု ယူဆရသော သစ်လုံးများကို စစ်ဆေးတွေ့ရှိတဲ့ဖြစ်စဉ်လည်း ဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။

## ရှောင်ကွင်းလမ်းမှ သယ်ဆောင်ရန် စုပုံထားတဲ့ တရားမဝင်သစ် ကျပ် ၄၆သိန်းကျော်ဖိုး ရှာဖွေတွေ့ရှိ

စစ်တောင်းတံတားလမ်းဟောင်း/လမ်းသစ်လမ်းဆုံမှ နှစ်မိုင်ခန့်အကွာ ဒိုက်ဦးမဟာဗျူဟာ လမ်းဘေးမှာ Mobile Team အဖွဲ့အား ရှောင်ကွင်းသယ်ဆောင်ရန် တရားမဝင် ကျွန်းသစ်များ စုပုံထားရှိ ကြောင်းသတင်းအရ ပူးပေါင်းအဖွဲ့အား စေလွှတ်ရှာဖွေခဲ့ရာမှာ ဖေဖော်ဝါရီလ ၆ ရက်က တရားမဝင် ကျွန်းသစ်ခွဲသား အရွယ်စုံ၊ ပွတ်လုံးတိုင်များ စုစုပေါင်း သုံးတန်အား ပိုင်ရှင်မဲ့စစ်ဆေးတွေ့ရှိခဲ့သဖြင့် သိမ်းဆည်းပြီး ဝေါမြို့နယ်သစ်တောဦးစီးသို့ အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုဖွင့်အပ်နှံ နိုင်ရေးဆောင်ရွက်နေတယ်လို့ သတင်းရရှိပါတယ်။ သိမ်းဆည်းရမိကျွန်းခွဲသား ၁ ဒသမ ၃၄၀ တန်၊ ၄၉၅ ချောင်းနဲ့ ကျွန်းပွတ်လုံး ၁ ဒသမ ၂၄၉၈ တန် ၇၂၅ လုံး၊ ခန့်မှန်းတန်ဖိုး ကျပ် ၂၇ ဒသမ ၆၀၀ သိန်း၊ ၁၈ ဒသမ ၇၄၀ သိန်း စုစုပေါင်း ကျပ် ၄၆ ဒသမ ၃၄၁ သိန်း တန်ဖိုးရှိတယ်လို့ သိရပါတယ်။

## Chang Beer ကျပ် ၃၁ သိန်းကျော်ဖိုးအား သိမ်းဆည်းရမိ

ညောင်ခါးရှည်-ဘုရားပျို-ဝေါ ရှောင်ကွင်းလမ်းနံဘေးမှာ စုပုံထားရှိတဲ့ ကျပ် ၃၁ ဒသမ ၅၀၀ သိန်းတန်ဖိုး ရှိ တရားမဝင်ကန့်သတ်ကုန် Chang Beer ၂၁၀ တာ ( 1 x 24 x 500 မီလီလီတာ)ကို Mobile Team အဖွဲ့ (၂) က သိမ်းဆည်းရမိခဲ့တယ်လို့ သိရပါတယ်။

Mobile Team အဖွဲ့(၂)အား ရှောင်ကွင်း၍ တရားမဝင်အကောက်ခွန်မဲ့ ပစ္စည်းများ သယ်ဆောင်စုပုံထားရှိကြောင်း သတင်းအရ စေလွှတ်ရှာဖွေရာမှာ တွေ့ရှိခဲ့ခြင်းဖြစ်ပါတယ်။ အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်သွားမယ်လို့ သတင်းရရှိပါတယ်။

## အမယ်လွဲတင်ဆောင်လာတဲ့ ပစ္စည်းများအား စစ်ဆေးတွေ့ရှိ

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်စခန်းထုတ်နုတ်အင်အားဖြင့် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ၁၂ ဘီး ဂျူတီယာဉ်ပေါ်မှ Car Rear Signal Back Lamp ဖြင့်ဂျူတီဆောင်ထားသော်လည်း အမယ်လွဲမှားတင်ဆောင်လာတဲ့ Car Head Lamp တို့အား စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ အလားတူ ယင်းနေ့ ညနေ ၄နာရီခွဲတွင် ၆ ဘီး ယာဉ်ပေါ်မှ ဂျူတီဆောင်ထားသော်လည်း အမယ်လွဲ တင်ဆောင်လာသော Plastic Aluminium Packing Foil များကို စစ်ဆေးတွေ့ရှိသဖြင့် မူဆယ် Mobile Team အဖွဲ့မှ မူဆယ်မြို့နယ်၊ အကောက်ခွန်ဦးစီးဌာနသို့ အဖွဲ့စုံဖြင့် လွှဲပြောင်းအပ်နှံပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

## ID ထက် ပိုမိုတင်ဆောင်လာတဲ့ Dog Food

မြဝတီမှ ရန်ကုန်သို့ ထွက်ခွာလာတဲ့သွင်းကုန်ဂျူတီယာဉ် ၁၂ ဘီးအမျိုးအစားသည့် စစ်တောင်း တံတားဟောင်းနဲ့ အသစ်လမ်းဆုံရှိ ညောင်ခါးရှည်မှာ အခြေပြု၍ စစ်ဆေးရေးဆောင်ရွက်နေသော Mobile Team အဖွဲ့ (၂) ထံ ဝင်ရောက်စစ်ဆေးခံခဲ့ရာမှာ ID မှာ ကြေညာသည်ထက် ပိုမိုတင်ဆောင်လာသော Dog Food ၁၅ အိတ် (၃၁၀ ကီလိုဂရမ်) အား စစ်ဆေးတွေ့ရှိတဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန် အမှုတွဲဖွင့် သိမ်းဆည်းခဲ့တယ်လို့ သိရပါတယ်။

## ဆန်အရက်နဲ့ စီးကရက်များကို သိမ်းဆည်း

တာချီလိတ်နယ်စပ် ကုန်သွယ်ရေးစခန်း ထုတ်နုတ်အင်အားဖြင့် Mobile Team ဌေးရဲစစ်ဆေးရေး ဂိတ်မှူး ဦးစီးအရာရှိ ဦးစီးတဲ့အဖွဲ့သည် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှောင်တခင် စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ တာချီလိတ် မိုင်းဆက်လမ်းကြောင်းပေါ်ရှိ စစ်မှုထမ်းဟောင်းကားရေဆေးခုံအနီးတွင် မိုင်းဆတ်သို့ သယ်ယူရန်စုပုံထားတဲ့ တရုတ်နိုင်ငံထုတ်စပါးအရက်နှင့် Blue River စီးကရက်များကို စစ်ဆေးတွေ့ရှိသဖြင့် အကောက်ခွန်အမှုတွဲ ဖွင့်လှစ် သိမ်းဆည်းခဲ့တယ်လို့သိရပါတယ်။

## ID ထက်ပိုမိုတင်ဆောင်လာတဲ့ အလှကုန်ပစ္စည်းများနဲ့ ID မဲ့ ကားအပိုပစ္စည်းများ သိမ်းဆည်းရမိ

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်စခန်းထုတ်နုတ်အင်အား Mobile Team အဖွဲ့မှ ဇန်နဝါရီလ ၁၇ ရက်နေ့ တွင် ၁၂ဘီးဂျူတီယာဉ်အမှတ် (9E/xxxx) ပေါ်မှ ID ထက်ပိုမိုတင်ဆောင်လာတဲ့ နှုတ်ခမ်းဆိုးဆေး၊ Hair Treatment၊ Pyiamas နှင့် ID မဆောင်ထားတဲ့ ကားဟတ်အုံနဲ့ Cosmetic Brush တို့ကို သိမ်းဆည်းရမိခဲ့တယ်လို့သိရပါတယ်။ အဆိုပါ သိမ်းဆည်းရမိ အလှကုန်ပစ္စည်းများနဲ့ ကားအပိုပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၁ ဒသမ ၆၅၉ ခန့်ဖြစ်ပြီး မူဆယ်မြို့နယ်အကောက် ခွန်ဦးစီးဌာနသို့ အဖွဲ့စုံဖြင့် လွှဲပြောင်းအပ်နှံ၍ အကောက်ခွန် အမှုတွဲ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

**DCCA - စုစည်းတင်ပြသည်**

Vol: 15, No.8 Monday Feb 23 2015




မြန်မာနိုင်ငံမှ ငါး/ပုစွန်ရေထွက်ပစ္စည်းများကို နှစ်စဉ်နိုင်ငံပေါင်း ၃၀ ခန့် တင်ပို့လျက်ရှိပြီး အထူးသဖြင့် တရုတ်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံများသို့ အေးခဲခြင်းဖြင့်လည်းကောင်း၊ အရှင်အားဖြင့်လည်းကောင်း၊ အခြောက်ပြုလုပ်၍လည်းကောင်း၊ တန်ဖိုးမြှင့်ရေထွက်ကုန် အနေဖြင့်လည်းကောင်း တင်ပို့ရောင်းချခဲ့ရာ လွန်ခဲ့သည့် ငါးနှစ်မှစတင်၍ နှစ်စဉ်နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ခန့်ရရှိလျက်ရှိပါသည်။

နိုင်ငံတကာတွင် အစားအစာမှ အစာအဆိပ်သင့်မှုဖြစ်စဉ်သည် နှစ်စဉ်တိုးတက်လျက်ရှိသည့်အတွက် အစားအသောက်ရောင်းဝယ်ရေးလုပ်ငန်းများတွင် ကျန်းမာရေးနှင့် သန့်ရှင်းရေးဆိုင်ရာ စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ သိရှိဆောင်ရွက်နိုင်ရေးအတွက် ထုတ်ကုန်တစ်မျိုးချင်းအလိုက်ရေးဆွဲဆောင်ရွက်ထားရှိပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အပင်၊ တိရစ္ဆာန်၊ သားငါး သက်ရှိသက်မဲ့တို့၏ ကျန်းမာသန့်ရှင်းရေးဆိုင်ရာ သဘောတူညီချက် (SPS) ဆိုင်ရာ သဘောတူညီချက်များကို သိရှိလိုက်နာနိုင်ရန် လိုအပ်ပြီး ငါးကဏ္ဍအနေဖြင့် အာဆီယံအဖွဲ့အစည်း၏ လမ်းညွှန် (ASEAN Guideline) များဖြစ်သော-

- အစားအသောက်ထိန်းချုပ်မှုဆိုင် ရာအာဆီယံဘုံမူဝါဒများ။
- ထုပ်ပိုးပြီး အစားအသောက်များတွင် အညွှန်းတပ်ဆင်ရန် (Labelling) ။
- အစားအသောက်ကျန်းမာသန့် ရှင်းရေးအတွက် အာဆီယံဘုံမူဝါဒနှင့် လိုအပ်ချက်များ။
- ငါး/ပုစွန်အတွက်ကောင်းမွန် သော မွေးမြူရေးကျင့်စဉ်။
- အာဆီယံဒေသတွင်း အစားအသောက်ထုတ်လုပ်မှုလုပ်ငန်းအားစစ်ဆေးခြင်းနှင့် အသိ အမှတ်ပြုလက်မှတ်ထုတ်ပေးသောလုပ်ငန်းလမ်းညွှန်။
- ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းတွင် အသုံးပြုသော ဓါတုဆေးဝါးနှင့် အန္တရာယ်ဖြစ်စေသော ဆေးဝါးများ အသုံးမပြုရေးလမ်းညွှန်။
- မွေးမြူရေးရေထွက်ပစ္စည်းများ၏ အရင်းအမြစ်သိရှိနိုင်ရေးလုပ်ငန်းလမ်းညွှန်။

စသည်တို့အား မြန်မာမှုပြု၍ လုပ်ငန်းရှင်များသိရှိနိုင်ရေး ဆောင်ရွက်ထားရှိပါသည်။

အာဆီယံအနေဖြင့်လည်း အာဆီ ယံ-တရုတ်၊ အာဆီယံ-အီးယူ၊ အာဆီ ယံ-အိန္ဒိယ၊ အာဆီယံ-ဂျပန် စသည်ဖြင့် မိတ်ဖက်နိုင်ငံများအဖြစ် SPS ဆိုင်ရာ သဘောတူညီချက်များကို WTO (SPS) များအားအခြေခံ၍ ရေးဆွဲလျက်ရှိပါသည်။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် WTO,ASEAN နှင့် ရေထွက်ပစ္စည်းတင်သွင်းသည့် နိုင်ငံများ၏ SPS ဆိုင်ရာလိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာနစုတွင် ဝန်ထမ်းဦးရေ ၁၃၀ ဦးဖြင့်ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မူဆယ်၊ ချင်းရွှေဟော်၊ မြိတ်၊ ကော့သောင်း၊ မြဝတီနှင့် ရန်ကုန်မြို့မှ ပြည်ပသို့တင်ပို့သော ရေထွက်ပစ္စည်းများကို စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တင်ပို့မှုမြန်ဆန်နိုင်ရန်အတွက် နယ်စပ်ဒေသများတွင် စစ်ဆေးရေးစခန်းများ ဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိပါသည်။

ဖမ်းဆီးခြင်း၊ မွေးမြူခြင်း၊ သယ်ပို့ခြင်း၊ ငါးချဆိပ်ကမ်း၊ ငါးပုစွန်ပြုပြင်စက်ရုံများ၊ ငါးလုပ်ငန်းသုံးရေခဲစက်များ၊ လုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးကောင်းမွန်၍ အန္တရာယ်ကင်းသော ရေထွက်ပစ္စည်းများ နိုင်ငံတကာနှင့် အာဆီယံသတ်မှတ်ချက်များဖြစ်သည့် ကောင်းမွန်သောထုတ်လုပ်မှု ကျင့်စဉ် (GMP) ၊ Hazard Analysis and Critical Control Point (HACCP ) စနစ်များကိုကျင့်သုံးစေပြီး ယင်းစနစ်များအား ကျင့်သုံးနေမှု ထိရောက်မှု ရှိမရှိအား ငါးလုပ်ငန်းဦးစီးဌာနမှ စစ်ဆေးရေးမှူးများက စက်ရုံ၏အဆင့်အလိုက် သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်စစ်ဆေးပြီး အားနည်းချက်များအား စစ်ဆေးဖော်ထုတ်၍ ပြင်ဆင်ရန်အချက်များကို လုပ်ငန်းရှင်များအား အချိန်အတိုင်းအတာတစ်ခုထိ ညှိနှိုင်းသတ်မှတ်၍ ပြင်ဆင်စေပြီး

> **ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် WTO,ASEAN နှင့် ရေထွက်ပစ္စည်း တင်သွင်းသည့်နိုင်ငံများ၏ SPS ဆိုင်ရာ လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာနစုတွင် ဝန်ထမ်းဦးရေ ၁၃၀ ဦးဖြင့်က ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။**

ညှိနှိုင်းသတ်မှတ်ကာလ အတွင်းပြီးစီးမှုရှိမရှိအား ပြန်လည်စစ်ဆေး၍ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် လုပ်ငန်းရှင်များမှ ကျင့်သုံးလျက်ရှိသော အရည်အသွေးဆိုင်ရာ ကျင့်စဉ်များ ထိရောက်မှု ရှိမရှိအတွက် စိစစ်ရာတွင် စက်ရုံများမှထုတ်လုပ်သော ထုတ်ကုန်၊ ရေ၊ ရေခဲတို့အား ဓာတ်ခွဲခန်းမှ နမူနာကောက်ယူ၍ လစဉ် စစ်ဆေးပေး

## ဒီပဲယင်းမြို့နယ် သစ်ရာအိုက်ကျေးရွာ သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီမှ ကြီးမှူးပြီး ဆင်းရဲမှုလျှော့ချရေး ပြည်ထောင်စုကော်မတီရဲ့ ထောက်ပံ့မှုနဲ့ ဒေသခံတောင်သူတွေ တောင်းဆိုမှုကြောင့် သစ်သီဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းကို ဒီပဲယင်းမြို့နယ် သစ်ရာအိုက်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းမှာ ဖေဖော်ဝါရီလ ၁၉ ရက်နေ့က သင်တန်းဖွင့်ပွဲကျင်းပခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်ချီးမြှင့်ပေးခဲ့တယ်လို့ သိရပါတယ်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနဲ့အတူ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူးဦးအောင်မောင်းနဲ့ တိုင်းရုံးဝန်ထမ်းများ၊ ခရိုင်ဦးစီးမှူး ဦးကျော်ငွေနှင့် မြို့နယ်တာဝန်ခံများ ဒီပဲယင်းမြို့နယ် စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ဒေသခံပြည်သူများနဲ့ သင်တန်းသားများ စုစုပေါင်း ၃၀၀ ဦးခန့်တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မောင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့တယ်လို့ သိရပါတယ်။ အဆိုပါ သင်တန်းသို့ ဒီပဲယင်းမြို့နယ် သစ်ရာအိုက်၊ တင်းတိမ်ရုံး၊ ဆတ်လူး၊ ဆည်တော၊ စတဲ့ ကျေးရွာအုပ်စုများမှ သင်တန်းသား ၆၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး မုံရွာမြို့ အထက်တန်းရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်သိန်းငွေးနဲ့ နည်းပြဆရာမနှစ်ဦးတို့က ယိုမျိုးစုံဖျော်ရည်မျိုးစုံ၊ ဂျယ်လီမျိုးစုံနဲ့ ဝိုင်မျိုးစုံနည်းပညာများကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမယ်လို့ သိရှိရပါတယ်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီလ ၁၉ ရက်မှ ၂၃ ရက်နေ့အထိ ငါးရက်ကြာ ဖွင့်လှစ်ပို့ချပေးသွားမှာဖြစ်လို့ ဒေသရဲ့ စိုက်ပျိုးရေးအဓိကထွက်ကုန်များ ကုန်ကြမ်းအတိုင်း တင်ပို့ရောင်းချရသဖြင့် အကျိုးဖြစ်ထွန်းမှု အားလျော့စေခြင်းနဲ့ ဈေးကွက်ပျောက်ချိန်၊ နစ်နာဆုံးရှုံးမှုရှိခြင်းတို့ကို ကုစားနိုင်ရန်အတွက် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုနည်းပညာများ သင်ကြားပေးခြင်းဖြင့် ဒေသခံတောင်သူတွေ နည်းပညာအလုပ်အကိုင်အခွင့်အလမ်းနဲ့ တစ်ဦးချင်းဝင်ငွေပိုမိုရရှိခံစားနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူပြုပေးနိုင်မှာဖြစ်လို့ တောင်သူအများစု စိတ်ပါဝင်စားစွာတက်ရောက်လျက် ရှိတယ်လို့ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင် - မုံရွာ**

လျက်ရှိပြီး ရေနမူနာများအား သုံးလတစ်ကြိမ်ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိအစားအသောက် နှင့်ဆေးဝါးကွပ်ကဲရေးဌာနသို့လည်းကောင်း၊ တစ်နှစ်လျှင် တစ်ကြိမ် အီးယူဈေးကွက် လိုအပ်ချက်အရ အိန္ဒိယနိုင်ငံသို့လည်းကောင်း ပေးပို့စစ်ဆေးလျက်ရှိပါသည်။

ဓာတ်ခွဲစစ်ဆေးခြင်းအတွက် တိကျမှန်ကန်သော ရလဒ်ရရှိစေရန် ISO17025 အသိအမှတ်ပြုလက်မှတ်ရရှိသော ဓါတ်ခွဲခန်းတစ်ခုအား ရန်ကုန်မြို့တွင် တည်ထောင်ဖွင့်လှစ်ထားပြီး ပြည်နယ်တိုင်းဒေသကြီးများရှိ ငါးလုပ် ငန်းများ (Supply Chain) တွင်လည်း သတ်မှတ်ချက်များပြည့်မီရန်အတွက် မန္တလေး၊ မြိတ်၊ စစ်တွေတို့တွင် ဓါတ်ခွဲခန်းများဖွင့်လှစ်၍ စစ်ဆေးရေးမှူးများနှင့် ဓါတ်ခွဲခန်းဝန်ထမ်းများမှ ကြီးကြပ် ဆောင်ရွက်လျက်ရှိပါသည်။

အထူးသဖြင့် အီးယူဈေးကွက်လိုအပ်ချက်ဖြစ်သည့် သဘာဝမှ ဖမ်းဆီးသောရေထွက်ပစ္စည်းများ ဝယ်ယူရာတွင် ကမ်းဝေးငါးဖမ်းရေယာဉ်များကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မှတ်ပုံတင်ခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနတွင် လိုင်စင်ရယူခြင်း၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖမ်းဆီးခြင်း၊ ဖမ်းဆီးရရှိသည့် ကုန်ချိန်အား ငါးလုပ်ငန်းဦးစီးဌာနသို့ သတင်းပေးပို့စေပြီး သတင်းပေးပို့သည့် ကုန်များကို သာငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ထောက်ခံချက်ထုတ်ပေးခြင်း (IUU Certificate) ဆောင်ရွက်ပေးမှသာ ၎င်းရေထွက်ပစ္စည်းများကို လက်ခံဝယ်ယူပါသည်။ အလားတူလုပ်ငန်းအား အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ကျင့်သုံးနိုင်ရေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

မွေးမြူရေးငါးများပြည်ပသို့တင်ပို့ရာတွင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဓါတု၊ ဟော်မုန်းနှင့် ပဋိဇီဝဆေးဝါးဓါတ် ကြွင်းများမပါဝင်ကြောင်း အာမခံချက်ပေးနိုင်ရေးအတွက် တစ်နှစ်ပတ်လုံး မွေးမြူရေးကန်များတွင် မွေးမြူထားသည့်ငါးများ၊ သားပေါက်များ၊ ကျွေးသည့် အစာများအား နမူနာကောက်ယူ၍ ISO17025 အသိအမှတ်ပြုလက်မှတ်ရရှိသော ဓါတ်ခွဲခန်းသို့ပေးပို့စစ် ဆေးပြီး နှစ်စဉ်ဆောင်ရွက်သည့် စီမံချက်နှင့် ဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာအား ပြုစုပြီး ဥရောပသမဂ္ဂအဖွဲ့အစည်း သို့ပေးပို့ရပါသည်။

ရေထွက်ပစ္စည်းများတွင် စားသုံးသူများအား အန္တရာယ်ဖြစ်စေနိုင်သည့် ပိုးမွှားများ၊ ဓါတုပစ္စည်းများပါဝင်လာပါက စားသုံးသူလက်ဝယ်သို့ မရောက်ရှိ အောင်ဖော်ထုတ်တားဆီးနိုင်ရေးအတွက် ထုတ်ကုန်၏ အရင်းအမြစ် (Traceability) ကိုသိရှိနိုင်ရန် ထုတ်လုပ်သူ များမှထုတ်ကုန်၏ အရင်းအမြစ်ကို ဖော်ထုတ်နိုင်သည့်စနစ်အား ကျင့်သုံးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် ဈေးကွက်လိုအပ်ချက်အပေါ် မူတည်၍ အကောင်အထည်ဖော်ထားရှိပါသည်။

ယခုအခါတွင်ကုန်သွယ်မှုစနစ်ကို တင်ပို့သည့်နိုင်ငံများဖြစ်သော အီးယူ၊ တရုတ်၊ ဗီယက်နမ်နိုင်ငံများအနေဖြင့် တင်ပို့သည့်နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်းမှ ၎င်းတို့နိုင်ငံများ၏ SPS ဆိုင်ရာသတ်မှတ်ချက်နှင့် ကိုက်ညီကြောင်း ထောက်ခံပေးပို့ရပါသည်။ ပေးပို့ခဲ့သောစက်ရုံများ၏ စာရင်းအား ယင်းတို့၏နိုင်ငံ Website များတွင် ဖော်ပြထားရှိပြီး စစ်ဆေးရေးမှူးများမှ ဖော်ပြထားသော နိုင်ငံမှစက်ရုံများကိုသာ တင်ပို့ခွင့်ပြုသည့်စနစ်ကို ကျင့်သုံးလျက်ရှိပါသည်။

ထုတ်လုပ်မှုလုပ်ငန်းရှင်များအနေ ဖြင့် ငါး၊ ပုစွန်အရည်အသွေးနှင့် အန္တရာယ်ကင်းရှင်းစေမှုကို အာမခံနိုင်ရေးအတွက် နိုင်ငံတကာနှင့် တင်ပို့သည့်နိုင်ငံများမှ ပြဋ္ဌာန်းထားရှိသည့် ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာဆောင်ရွက်ရန် လိုအပ်လာပါသည်။ ၎င်းအပြင်ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် လက်ရှိလစဉ်တင်ပို့လျက်ရှိသော ရေထွက်ပစ္စည်းများကို ဈေးကွက်လိုအပ်ချက်အပေါ် မူတည်၍ ရေထွက်ပစ္စည်းအန္တရာယ်ကင်းမှုဆိုင်ရာ ကျင့်စဉ်များကို နိုင်ငံတကာ အကူအညီဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် FAO/TCP/MYA 340 ဖြင့်လည်းကောင်း၊ ဥရောပသမဂ္ဂအဖွဲ့အစည်း အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့နိုင်သော စာရင်းများနှင့် လက်ရှိတွင် အီးယူဈေးကွက်သို့တင်ပို့နိုင်သော စက်ရုံစာရင်းကို https://webgate.ec. europa.eu/sanco/traces/output/MM/FFP_MM_en.pdf တွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံသို့ တင်ပို့နိုင်သော စက်ရုံစာရင်းကို http://www. nafiqad.gov.vn/copy_of_list company/fish-and-fishery-products-1/ တွင်လည်းကောင်း၊ တရုတ်နိုင်ငံသို့ တင်ပို့နိုင်သော စက်ရုံစာရင်းကို www.cnca.gov.cn နှင့် www.chinafeedonline.com/user files/file/Myanmar-FM တို့တွင် ဖော်ပြထားရှိပါသည်။

ကုန်သွယ်မှုပြုရာတွင် တင်ပို့သည့် နိုင်ငံများအနေဖြင့် ၎င်းတို့နိုင်ငံ၏ စားသုံးသူကာကွယ်ရေးဥပဒေအရ တင်သွင်းသည့် ရေထွက်ပစ္စည်းများ အရည်အသွေးနှင့် အန္တရာယ်ကင်းမှုစိတ်ချနိုင်ရေးအတွက် ၂၀၁၀ ခုနှစ်မှစတင်၍ ဥရောပသမဂ္ဂအဖွဲ့အစည်းအနေဖြင့် ၎င်းတို့ အဖွဲ့ဝင်နိုင်ငံများမှ ကျွမ်းကျင်သူများအား စစ်ဆေးရေးမှူးများအဖြစ် ခန့်အပ်ဖွဲ့ စည်းထားသည့်စစ်ဆေးရေးအဖွဲ့ (FVO) မှနှစ်စဉ် နိုင်ငံပေါင်း ၇၃ နိုင်ငံသို့ ဥရောပသမဂ္ဂမှ ပြဋ္ဌာန်းထားသော ဥပဒေ စည်းမျဉ်းစည်းကမ်း၊ ဆုံးဖြတ်ချက်၊ ညွှန်ကြားချက်များနှင့် ညီမညီစစ်ဆေးခြင်း၊ အကြံပြုချက်များပေးပို့ခြင်းကို ဆောင်ရွက်ပြီး လိုက်နာမှုမရှိသော နိုင်ငံများမှ ပစ္စည်းများအား တင်သွင်းခြင်း အားရပ်တန့်ခြင်း၊ အခြားနိုင်ငံများသို့ တင်ပို့ခြင်းမပြုလုပ်နိုင်ရန် Rapid Alert System for Food and Feed https://webgate.ec.europa.eu/rasffwindow/portal/?event=SearchForm&cleanSearch=1 website မှတစ်ဆင့် ချက်ချင်းသတင်း အချက်အလက်ပေးပို့ခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။ အလားတူစနစ်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ အတွင်းတွင်လည်း သတင်းအချက်အလက် ဖလှယ်နိုင်ရေးအတွက် http://www.arasff.net/ အားဆောင်ရွက်နိုင်လျက် ရှိပါသည်။

ပြောင်းလဲလာသော ကုန်သွယ်မှုစနစ်၊ တင်သွင်းသည့်နိုင်ငံနှင့် နိုင်ငံတကာ အဖွဲ့စည်းများဖြစ်သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ SPS ကို သိရှိနားလည်ပြီး ကုန်သွယ်မှုလုပ်ငန်းများ ရေရှည်တည်တံ့ချောမွေ့စေရန် မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် လုပ်ငန်းရှင်များမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

■

## ကုန်သွယ်ရေးနှင့် စီးပွားရေး လုပ်ငန်းများမြှင့်တင်ရေးအထူး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့် ပုဂ္ဂလိကကဏ္ဍလယ်ယာ၊ သားငါး၊ သစ်တောလုပ်ငန်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးအထူး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ကျင်းပပြုလုပ်သည့် ပုဂ္ဂလိက ကဏ္ဍမှ လယ်ယာ၊ သားငါးနှင့် သစ်တော လုပ်ငန်းအဖွဲ့၏ လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ ဆွေးနွေးပွဲသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ဝင် များဖြစ်ကြသောသမ္မတရုံးဝန်ကြီးဌာန (၅) မှ ဒုတိယဝန်ကြီးဒေါက်တာစန်းလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်း၊ နိုင်ငံတော် သမ္မတအကြံပေးပုဂ္ဂိုလ် ဒေါက်တာဇော်ဦးနှင့် ဌာနဆိုင်ရာမှအရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌနှင့် ပုဂ္ဂလိကကဏ္ဍလယ်ယာ၊ သားငါးနှင့် သစ်တောလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာ တွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် အကောင်အထည်ဖော်မှု ပိုမိုလျင်မြန်ထိရောက် စေရန်အတွက် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရန် ဆပ်ကော်မတီများဖွဲ့စည်း ဆောင်ရွက်ပေးနေကြောင်း၊ကုန်သွယ်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီသည် ဈေးကွက်ယှဉ်ပြိုင်နိုင်ရေးအတွက် လိုအပ်ချက်များဖြည့်ဆည်းပေးရေး၊ အရည်အသွေးစံချိန်စံညွှန်း မြှင့်တင်ရေး၊ ဈေးနှုန်းပိုမိုရရှိနိုင်ရေးအတွက် တန်ဖိုးမြှင့် ထုတ်ကုန်များ တိုးတက်ဖြစ်ထွန်းစေရေးတို့အတွက် ဆောင်ရွက်ပေးနေကြောင်း၊ ကုန်သွယ် မှုအတားအဆီးအခက်အခဲများအား ဆိုင်ရာဌာနများပေါင်းစပ်ဖြေရှင်းပေးနိုင်ပါကြောင်း၊ ဈေးကွက်သတင်း အချက်အလက်များရရှိရေး၊ ဈေးကွက် ထိုးဖောက်ရှာဖွေနိုင်ရေး၊ ငွေကြေး ဝန်ဆောင်မှုဆိုင်ရာများကို တိုးတက် အောင်ဆောင်ရွက်ပေးနေပါကြောင်း၊ ထိုကဲ့သို့သောဆောင်ရွက်မှုကြောင့် ကုန်သွယ်မှုဟာတစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါကြောင်း၊ ယခုနှစ်တွင် ဖေဖော်ဝါရီ ၆ ရက်ထိ ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၅၁ ဘီလီယံထိ ရောက်ရှိနေပြီဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှု လျော့နည်းစေရေး၊ ပြည်တွင်းလုပ်ငန်းရှင်များ အကျိုးစီးပွားကာကွယ်ရေး၊ စားသုံး သူအကျိုးစီးပွားကာကွယ်ရေး အတွက်လည်း Mobile Team များဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်ရာမှာ လည်းလုပ်ငန်းစဉ်များစနစ်တကျ ချမှတ်ဆောင်ရွက်နေကြောင်း၊ ကုန်သွယ်မှု မြှင့်တင်ရေးအတွက်လိုအပ်သော ဥပဒေ၊ နည်းဥပဒေများကိုပြန်လည်ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းသွားနေကြောင်း၊ အနောက်အုပ်စုများကစီးပွားရေး ပိတ်ဆို့မှုတွေစတင်ဖြေလျှော့နေပြီဖြစ်တဲ့အပြင် GSP အခွင့်အရေးတွေလည်း ရရှိနေပြီဖြစ်လို့ တစ်ကမ္ဘာလုံး နဲ့ကုန်သွယ်မှုပြုနိုင်တော့မှာဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာကျွမ်းကျင်သူများပါဝင်ဆောင်ရွက်မည့် မြန်မာစီးပွားရေးဖိုရမ် ကျင်းပနိုင်ရန်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက Focal အဖြစ် တာဝန်ယူဆောင်ရွက်နေကြောင်း ထည့်သွင်းပြောကြား သွားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး များဖြစ်ကြသည့် ဒေါက်တာစန်းလွင်၊ ဒေါက်တာပွင့်ဆန်းနှင့်နိုင်ငံတော်သမ္မတ၏အကြံပေးပုဂ္ဂိုလ်ဒေါက်တာဇော်ဦးတို့ကတွေ့ဆုံဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကိုဆွေးနွေး တင်ပြကြပြီး ပုဂ္ဂလိက ကဏ္ဍလယ်ယာ၊ သားငါးနှင့် သစ်တောလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များကမိမိတို့ကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ညှိနှိုင်းဖြေရှင်းပေးစေလိုသည်များကိုဆွေးနွေး တင်ပြကြရာဌာနဆိုင်ရာ တာဝန်ရှိသူများ ကပြန်လည်ရှင်းလင်း ဆွေးနွေးပေးခဲ့ကြသည်။

ဆွေးနွေးချက်များအလိုက် သမ္မတရုံးဝန်ကြီးဌာန (၅) ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်း၊ နိုင်ငံတော်သမ္မတအကြံပေးပုဂ္ဂိုလ်ဒေါက်တာဇော်ဦးတို့မှ မေးမြန်းခြင်း၊ ပြန်လည်ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ပေးခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ညနေ ၄ နာရီတွင် ရပ်နားခဲ့ကြောင်းသတင်းရရှိသည်။

## ပြောင်း

### ရှမ်းပြောင်းအဝင်လှိုင်နေတဲ့ တောင်ကြီးဈေးကွက်

တောင်ကြီးဈေးကွက်မှတော့ ဒေသစုံ၊ နယ်စုံကဝင်လာတဲ့ ရှမ်းပြောင်းတွေက အဝင်လှိုင်နေပါတယ်။ စောထွက်ခဲ့တဲ့ လွိုင်ကော်ပြောင်းနဲ့ ဆီဆိုင်ပြောင်းကတော့ အဝင်နည်းသွားပါပြီ၊ အခုဆိုရင် တောင်ကြီးဈေးကွက်မှာ ပြောင်းပိဿာချိန် ခြောက်သိန်း၊ ခုနစ်သိန်းခန့် အဝင်ရှိနေပြီး ဝင်သလောက်လည်း ပြန်ပြီး ရောင်းနေရတယ်လို့လည်း သိရပါတယ်။ တိရစ္ဆာန်အစာစပ်စက်ရုံတွေဖြစ်တဲ့ စီပီ၊ တက်ချောင်၊ မေခ စတဲ့ ကုမ္ပဏီတွေ က အဓိကဝယ်ယူနေပြီး အရက်ချက်စက်ရုံ တွေရယ်၊ လှော်လက်သမားတွေပါ ဝယ်နေတာကြောင့် အရောင်းကလည်း သွက် နေပါတယ်။

ရပ်စောက် ပြောင်းနဲ့ နမ့်စန်ပြောင်းတွေကတော့ တောင်ကြီးဈေးကွက်ကို မဝင် လာဘဲ မူဆယ်ကို တိုက်ရိုက်သွားနေပါတယ်။ ရပ်စောက်ကတော့ နောင်ချိုမှ တစ်ဆင့်သွားနေပြီး နမ့်စန်ကတော့ မိုင်းကိုင်ကတစ်ဆင့် ရှမ်းမြောက်ကို စီးဆင်းသွားပါတယ်။ တောင်ကြီးဈေးကွက်ကိုဝင်တဲ့ ရှမ်းပြောင်းတွေကတော့ ရှမ်းမြောက်ကို မသွားတော့ဘဲ တောင်ကြီးမှာတင် အရောင်းအဝယ်ဖြစ်နေပါတယ်။ တိရစ္ဆာန်အစာစပ်စက်ရုံတွေကတော့ သန့်စင်ပြီး စီပီပြောင်းတွေကို တစ်ပိဿာ ၃၇၅ ကျပ်နဲ့ ဝယ်ယူနေပါ တယ်။ စီပီကုမ္ပဏီကတော့ တန်ချိန် တစ်သောင်းကျော်ခန့် ဝယ်ယူခဲ့ပြီးပြီလို့လည်း သိရပါတယ်။ ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းတစ်ပိဿာ ပေါက်ဈေးက ၃၄၅ ကျပ်ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

### မြဝတီနယ်စပ်မှ ပြောင်းတင်ပို့

ဖေဖော်ဝါရီလဒုတိယပတ်မှာမြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၇၀၉၅၅ တန်ဖိုးရှိတဲ့ ပြောင်းဖူးစေ့ တန်ချိန် ၁၀၀၀ တင်ပို့ခဲ့ပါတယ်။ ပုံမှန်တင်ပို့နေကျဖြစ်တဲ့ တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ကတော့ ကန်ဒေါ်လာ ၅ ဒသမ ၇၂၆ သန်းဖိုးရှိ ပြောင်း ၂၀၄၄၈ တန်ခွဲနဲ့ ကန်ပိုက်တီးစခန်းမှ ကန်ဒေါ်လာ သုညဒသမ ၀၀၆ သန်းဖိုးရှိပြောင်းတန် ၂၀ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်နဲ့ ချင်းရွှေဟော်စခန်းတို့မှ ပြောင်းတန်ချိန် ၃၃၇၄၉ တန်ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်ရဲ့တရုတ်နယ်စပ်မှ ပြောင်းတင်ပို့မှုဟာ ၁၃၂၈၁ တန်ကျော် လျော့နည်းသွား ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ပြောင်းတစ်တန်ရဲ့ မိမိဘက်ဈေးဟာ ယခုတစ်ပတ်မှာ ၂၈၀၅၁၄ ကျပ်ရှိပြီး ယခင်တစ်ပတ်က ၂၇၈၄၃၆ ကျပ်ရှိတာမို့ ပြောင်းဈေး အနည်းငယ်ပြန်တက်လာတာ တွေ့ရပါတယ်။ မန္တလေး-မူဆယ် ကုန်စည်သယ်ယူခမှာ ယခင်သီတင်းပတ်က ပြောင်းတစ်ပိဿာကို(၈၇-၆၀)ရှိပြီး ယခုသီတင်းပတ်မှာ (၆၂-၇၃) ကျပ်သို့ ကုန်ပစ္စည်းသယ်ပို့ကားခများ ဈေးကျဆင်းသွားကြောင်း သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**



## ပဲ

### ပဲခြောက်ရော အစိုပါ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ ဒုတိယပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်းတန်ဖိုးရှိ ပဲခြောက် ၁၇ တန်အပြင် ကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ပဲအစို ၁၇ တန်ကိုလည်း တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က ပဲခြောက် ၂၇ တန်ခွဲကိုသာတင်ပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်တွင်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က " ပဲ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ပြည်တွင်း၊ ပြည်ပ ရောင်းဝယ်ဖောက်ကားသူများအတွက် ပဲ အစုအဖွဲ့ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ပဲ အထူးစိုက်ပျိုးထုတ်လုပ်သည့် ဒေသများတွင် ပဲ ဇုန်ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာအသင်းအဖွဲ့များကိုလည်း နှိုးဆော်ထားပြီဖြစ်ပါကြောင်း" စသည်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးမြန်းချက်များကို ဖြေကြားခဲ့ပါတယ်။ ပဲအစိုကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ ၁၅ တန် တင်ပို့ခဲ့ပြီး ယခုအကြိမ် ထပ်မံတင်ပို့ခြင်းဖြစ်တယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ရော်ဘာ

### မူဆယ် (၁၀၅) မိုင်မှ ရော်ဘာအဆင့်စုံ တင်ပို့

ဖေဖော်ဝါရီလ ဒုတိယပတ်ဖြစ်တဲ့ ၇ ရက်မှ ၁၃ ရက်အတွင်းမှာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ရော်ဘာ အဆင့်စုံ ၄၄၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။ တန်ဖိုးမှာ ကန်ဒေါ်လာ ၀ဒသမ၆၂၁ သန်းဖြစ်ပြီး ရော်ဘာအဆင့် RSS-3 ၃၅၃ တန်ခန့်၊ MSR-20 ၆၂တန်ကျော်နဲ့ MSR-50 ၃၄တန်တင်ပို့ခဲ့တာ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တန်၇၂၀ ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၂၈၀ ခန့်လျော့နည်းခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ချင်းရွှေဟော်စခန်းမှ ယခုတစ်ပတ်မှာ တင်ပို့မှုမရှိခဲ့ပါဘူး။

ယခုတစ်ပတ်မှာ မိမိဘက်ရော်ဘာဈေး အနည်းငယ်မြင့်တက်ပြီး တစ်ဖက်နိုင်ငံဈေးပြောင်းလဲမှု မရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရှိရပါတယ်။ ယခုတစ်ပတ်နဲ့ ယခင်တစ်ပတ်ဈေးများကို နှိုင်းယှဉ်ဖော်ပြ လိုက်ပါတယ်-

| | မိမိဘက်(ကျပ်/တန်) | | | | တစ်ဖက်နိုင်ငံ(ဒေါ်လာ/တန်) | | | |
|---|---|---|---|---|---|---|---|---|
| | ယခု | ယခင် | ပြောင်းလဲမှု | ရာခိုင်နှုန်း | ယခု | ယခင် | ပြောင်းလဲမှု | ရာခိုင်နှုန်း |
| RSS 3 | ၁၄၃၄၇၄၃ | ၁၄၂၄၁၁၅ | ၁၀၆၂၈ △ | ၀. ၇၄ | ၁၃၉၄ | ၁၃၉၄ | □ | - |

ယှဉ်ယှဉ်အေး MIRT (DCCA)

### ရော်ဘာဈေးတက်လာသလို တင်ပို့မှုလည်းပိုလာ

ဖေဖော်ဝါရီလ ၈ ရက်မှ ၁၄ ရက်ထိ ကာလအတွင်းမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ ၂ဒသမ၅၀၇ သန်း တန်ဖိုးရှိ ရော်ဘာ ၁၉၅၇ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ RSS-3 ၇၁၅ တန်နဲ့ MSR-20 ၁၅၃ တန်၊ စင်ကာပူနိုင်ငံကို RSS-3 တန် ၄၀၀နဲ့ MSR-20 ၆၈၉ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ် တင်ပို့မှုထက်၁၁၉၃ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ ရော်ဘာကိုပိုမိုတင်ပို့နိုင်သလို ရော်ဘာဈေးများလည်း မြင့်တက်လာတာ တွေ့ရပါတယ်။ နိုင်ငံတကာ ရော်ဘာပေါက်ဈေးများ ယခင်တစ်ပတ်မှစ၍ အနည်းငယ်တက်လာပြီး ယခုတစ်ပတ်မှာလည်း ဆက်လက်ဈေးတက်လာပါတယ်။ နိုင်ငံတကာရော်ဘာဈေးများ တက်လာတာနဲ့အမျှ မြန်မာ့ရော်ဘာဈေးလည်း တက်လာပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားတဲ့ရော်ဘာဈေးများကို ဖော်ပြပေးလိုက်ပါတယ်-

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၅၀၀-၁၆၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |

ယှဉ်ယှဉ်အေး MIRT (DCCA)

### ရော်ဘာသွင်းကုန်ခွန် တိုးမြှင့်စည်းကြပ်ရန် အဆိုပြုခြင်းကို အိန္ဒိယ ရော်ဘာလုပ်ငန်းရှင်များက ကန့်ကွက်

အိန္ဒိယနိုင်ငံမှာ ပြည်ပမှ ရော်ဘာစိမ်း(Natural Rubber NR)တင်သွင်းမှုကို သွင်းကုန်တိုးမြှင့်ကောက်ခံပေးရန် တောင်းဆိုလျက်ရှိပါတယ်။ ရော်ဘာစိမ်းသုံးစွဲသူများကလည်း ပြည်တွင်းရော်ဘာထုတ်လုပ်မှုများ ကျဆင်းနေပြီး ရော်ဘာဘုတ်အဖွဲ့ရဲ့ ခန့်မှန်းချက်ကလည်း တစ်နှစ်ပြီးတစ်နှစ် လွဲချော်မှုများ ရှိနေကြောင်း၊ ပြည်ပမှ ရော်ဘာတင်သွင်းခြင်းကြောင့် ပြည်တွင်းက ရော်ဘာထုတ်လုပ်မှုများ အကျိုးထိခိုက်စေတာလည်း မဟုတ်မှန်ကြောင်း ရော်ဘာလုပ်ငန်းရှင်များက ပြောပါတယ်။

ရော်ဘာဘုတ်အဖွဲ့ရဲ့ နောက်ဆုံးထုတ်ပြန်တဲ့ ကိန်းဂဏန်း အချက်အလက်များအရ ရော်ဘာစိမ်း သုံးစွဲတဲ့ လုပ်ငန်းရှင်များက ပြည်ပမှရော်ဘာတင်သွင်းမှုဟာ ပြည်တွင်းလိုအပ်ချက်ရဲ့ တစ်စိတ်တစ်ပိုင်းသာဖြစ်ကြောင်း၊ ပြည်တွင်းထွက်ရှိမှု ကျဆင်းနေခြင်းကြောင့် တင်သွင်းနေရခြင်းဖြစ်ကြောင်းပြောပါတယ်။ ပြည်ထောင်စုအစိုးရကလည်း ရော်ဘာဈေးများကျဆင်းနေတဲ့အတွက် ပြည်ပမှ ရော်ဘာ တင်သွင်းမှုအပေါ် သွင်းကုန်ခွန်အား လက်ရှိကောက်ခံနေသော ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံရန် စီစဉ်နေခြင်းဖြစ်ပါတယ်။

ပြည်တွင်းထွက်ရှိမှုကျဆင်းမှုကြောင့် ပြည်ပမှရော်ဘာစိမ်းတင်သွင်းမှုမြင့်တက်လာရခြင်းကို ဆိုးရွားတဲ့ဖြစ်စဉ်တစ်ခု သဖွယ်မှတ်ယူနေကြပါတယ်။ ၂၀၁၄ ခုနှစ် ဧပြီလမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလထိ ၁၀ လတာကာလအတွင်းမှာ ရော်ဘာတင်သွင်းမှုဟာ ၃၅၉၈၅၇ တန်ရှိပြီး ယမန်နှစ်ကာလတူက ၃၁၅၀၄၉ တန်သာတင်သွင်းခဲ့တဲ့အတွက် ၁၄ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ပါတယ်။ ဘဏ္ဍာနှစ်ကုန်ချိန်ထိ တင်သွင်းမှု ပမာဏဟာ တန်ချိန် ၄သိန်းကျော်သွားနိုင်တယ်လို့ခန့်မှန်းထားပြီး အများဆုံးတင်သွင်းတဲ့ ပမာဏတစ်ခု ဖြစ်သွားနိုင်တယ်လို့ ဆိုပါတယ်။

လက်ရှိထုတ်လုပ်ရေးလုပ်ငန်းများရဲ့သုံးစွဲမှုပမာဏအရ အိန္ဒိယနိုင်ငံအနေနဲ့ယခုနှစ်မှာ ရော်ဘာစိမ်းတန်ချိန် ၁သန်းခန့်ထိ သုံးစွဲမှုရှိနိုင်ကြောင်းနဲ့ ပြည်ပမှတင်သွင်းမှုပမာဏဟာ ၄၀ ရာခိုင်နှုန်းခန့်ထိ ရှိနိုင်တယ်လို့သိရပါတယ်။ ကေရာလရှိ နိုင်ငံရေးပါတီတွေကတော့ ပြည်ပမှ ရော်ဘာတင်သွင်းမှုအပေါ် သွင်းကုန်ခွန်စည်းကြပ်မှုအား တိုးမြှင့်တောင်းခံရန် ဖိအားပေးနေကြပါတယ်။

ကားတာယာ ထုတ်လုပ်သူများအသင်း ( Automotive Tyre Manufactures Association ATMA)က ပထမ ၁၀ လတာကာလမှာ ပြည်တွင်းထွက်ရှိမှုနဲ့ သုံးစွဲမှုကြား တန်ချိန် ၂၇၆၀၆၅ ကွာဟမှုရှိနေတယ်လို့ ပြောကြားပါတယ်။ပြည်ပမှ ရော်ဘာတင်သွင်းမှုများနေခြင်းက ပြည်တွင်းရော်ဘာ ထုတ်လုပ်သူများအား စိတ်ဓာတ်ကျဆင်းစေပါတယ်။ ရော်ဘာ ကုန်ပစ္စည်း ထုတ်လုပ်သူများရဲ့ သုံးစွဲမှုပမာဏဟာ ၃ ဒသမ ၈ ရာခိုင်နှုန်းတက်လာခဲ့ကြောင်း"အိန္ဒိယနိုင်ငံတွင် ပြုလုပ်သည်" ( Made in India Campaign ) ဆိုတဲ့ လှုပ်ရှားမှုကြောင့် လည်း ဈေးသက်သာတဲ့ ရော်ဘာသုံးစွဲမှုကို ခွင့်ပြုထားတဲ့အတွက် ဖြစ်တယ်လို့ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရော်ဘာလုပ်ငန်းများ အသင်း(All India Rubber Industries Association -AIRIA) မှ ဥက္ကဋ္ဌ မိုဟိန္ဒာဂုပ္ပတားက ပြောကြားပါတယ်။

ဂုပ္ပတား ကရေးဆွဲနေဆဲဖြစ်တဲ့ အမျိုးသားရော်ဘာမူဝါဒ အသစ်ပေါ်ထွက်လာမှုကို စောင့်ဆိုင်းရန် လိုအပ်ကြောင်းနဲ့ ရော်ဘာကဏ္ဍအားလုံးအတွက် အကျိုးသက်ရောက်မှုရှိစေနိုင်တယ်လို့ မျှော်လင့်ရကြောင်း ဖြည့်စွက်ပြောကြားလိုက်ပါတယ်။

**CMK**

# ယခုတစ်ပတ်အတွက် ပြည်တွင်းဈေးကွက်မတ်ပဲဈေးသုံးသပ်ချက်
## (၂၀၁၅ခုနှစ်ဖေဖော်ဝါရီပထမပတ်ထိ)

ကျော်မြင့်

၂၀၁၅ ခုနှစ် လာမည့်ဇန်နဝါရီလတွင် မြစ်ဝကျွန်းပေါ်ဒေသမှ မတ်ပဲအသစ်များ ဈေးကွက်သို့ အနည်းငယ်စတင်ဝင်လာခဲ့သည်။ ပြည်တွင်းဈေးကွက်တွင် မတ်ပဲအသစ်(၂၀၁၅ ခုနှစ်)များ အရောင်းအဝယ်များ စတင်ပြုလုပ်သည့်ကာလ ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ခုနှစ်စာရင်းများအရ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မတ်ပဲဧက ၂ ဒသမ ၇၃ သန်း စိုက်ပျိုးကြောင်း သိရှိရသည်။ တစ်နိုင်ငံလုံးပဲမျိုးစုံစုစုပေါင်းစိုက်ဧကမှာ ၁၁ သန်းနီးပါးရှိသဖြင့် မတ်ပဲစိုက်ဧကသည် တစ်နိုင်ငံလုံးပဲမျိုးစုံစုစုပေါင်းစိုက် ဧက၏ ၂၅ ရာခိုင်နှုန်းခန့်ရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် ဧက ၁ ဒသမ ၉ သိန်း အများဆုံးစိုက်ပျိုးကြောင်း သိရှိရသည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသ ဧရာဝတီတိုင်းဒေသကြီးသည် မတ်ပဲကို ဧကတစ်သန်းကျော် စိုက်ပျိုးသည်။ မိုးစပါးရိတ်သိမ်းအပြီး မတ်ပဲစတင်စိုက်ပျိုးချိန်မှာ ဆောင်းရာသီကာလ နိုဝင်ဘာနှင့် ဒီဇင်ဘာလဖြစ်သည်။ ဖေဖော်ဝါရီလတွင် မတ်ပဲအသစ် (New supplies)များ ဟသ်ာတနှင့် ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံအောက်ပိုင်းဒေသတွင် စိုက်ပျိုးသော မတ်ပဲသည် ဖေဖော်ဝါရီလတွင် မတ်ပဲအသစ်(New supplies) အဖြစ် ဈေးကွက်သို့ စတင်ဝင်ရောက်သည့် ကာလဖြစ်သည်။ ပုံ-၁ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသတွင် မတ်ပဲစိုက်ပျိုးသည့်ကာလဖြစ်သည့် နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် အိန္ဒိယနိုင်ငံတွင် စိုက်ပျိုးသော မတ်ပဲသည် မတ်ပဲအသစ်အဖြစ် (New supplies) အောက်တိုဘာမှ နိုဝင်ဘာလအတွင်း ရိတ်သိမ်းထွက်ရှိသည့်ကာလ ဖြစ်သည်။ ပုံ-၁ ကိုကြည့်ရှုရန် ဖြစ်ပါသည်။

**ပုံ-၁။ မြန်မာနိုင်ငံအောက်ပိုင်းဒေသနှင့် အိန္ဒိယနိုင်ငံတွင် မတ်ပဲစိုက်ချိန်နှင့် ရိတ်သိမ်းချိန်နှိုင်းယှဉ်မှု**

| May | J | J | A | S | O | N | D | J | F |
|---|---|---|---|---|---|---|---|---|---|
| **Black gram (Lower Myanmar)** | | | | | | | | | |
| | | | | | | **S** | **S/G** | **G** | **H** |
| **India **** | | | | | | | | | |
| | | **S** | **G** | **G** | **H(Oct-Nov)** | | | | |

www.myiris-commoditywatch

**မတ်ပဲတင်ပို့ရောင်းချမှု။** စီးပွားရေးသတင်းဂျာနယ် Vol.15၊ နံပါတ် ၄ အရ ၁-၄-၂၀၁၄ မှ ၁၇-၁-၂၀၁၅ နေ့ထိ မတ်ပဲတန်ချိန် ၄၁၆၉၂၆ တင်ပို့ပြီး ဖြစ်ကြောင်း သိရှိရသည်။ ပြည်ပတင်ပို့ရောင်းချသူများသည် မတ်ပဲအဓိကစိုက်ပျိုးထွက်ရှိရာဒေသများမှ မတ်ပဲကို ရန်ကုန်သို့သယ်ယူပြီး ရန်ကုန်မှ ပင်လယ်ရေကြောင်းဖြင့် အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရောင်းချကြသည်။

**ပုံ-၂။ ယခုတစ်ပတ်နှင့် ယခင်တစ်ပတ် မတ်ပဲပျမ်းမျှဈေးနှိုင်းယှဉ်ချက် (မွမ်ဘိုင်း၊ ရန်ကုန်နှင့် ပြည်တွင်းဈေးကွက်)**




**ပုံ-၃။ ယခုတစ်ပတ်နှင့် ယခင်တစ်ပတ် မတ်ပဲပျမ်းမျှဈေးနှိုင်းယှဉ်ချက် (မွမ်ဘိုင်း၊ ရန်ကုန်နှင့် ပြည်တွင်းဈေးကွက်)**




ဇာစ်မြစ်။ www.etrademyanmar.com

**ပြည်တွင်းဈေးကွက်မတ်ပဲဈေး။** ယခုတစ်ပတ်တွင် ဟသ်ာတ၊ ပြည်၊ မုံရွာ၊ မန္တလေးတို့တွင် မတ်ပဲ (Raw Quality-RQ) တစ်ပိဿာ ပျမ်းမျှဈေးသည် ၁၂၂၆-၁၃၁၉ ကျပ်ရှိပြီး ကန်ဒေါ်လာအားဖြင့် တစ်တန်ကို USD 728- USD 763 ရှိ သည်။ ရန်ကုန်မတ်ပဲ (Ready cargo-RC) သည် တစ်ပိဿာ ၁၃၁၉ ကျပ်ရှိပြီး တစ်တန်ကို ကျပ်ငွေအားဖြင့် ၈ ဒသမ ၁ သိန်းကျော် ကန်ဒေါ်လာအားဖြင့် တစ်တန်ကို USD 783 ရှိသည်။ ယခုတစ်ပတ်နှင့် ယခင်တစ်ပတ် ပျမ်းမျှဈေး နှိုင်းယှဉ်ပါက ရန်ကုန်၊ ဟသ်ာတ၊ ပြည် ၊ မုံရွာ မန္တလေးတို့တွင် ၅ ဒသမ ၄ မှ ၅ ဒသမ ၅ ရာခိုင်နှုန်းထိဈေးကျလာခဲ့သည်။ ယခုတစ်ပတ်တွင် မြန်မာ့မတ်ပဲသည် မွန်ဘိုင်းတွင် ဈေးအနည်းငယ်ကျလာသောကြောင့် ရန်ကုန်မတ်ပဲဈေးသည် ၄ ရာခိုင်နှုန်းကျော် ဈေးကျလာခဲ့သည်။ ရန်ကုန်မတ်ပဲဈေးကျလာသောကြောင့် ပြည်တွင်းဈေးကွက်ဖြစ်သော ဟသ်ာတ၊ ပြည်၊ မုံရွာ၊ မန္တလေးတို့တွင် မတ်ပဲ ဈေးကျလာသည်။ ပုံ-၂ နှင့် ပုံ-၃ ကိုကြည့်ရှုရန်ဖြစ်ပါသည်။

ယခုတစ်ပတ် ပျမ်းမျှဈေးအရ ပြည်တွင်းဈေးကွက်တွင်ဖြစ်ပေါ်သည့် မတ်ပဲဈေးကို ဇယား-၁ တွင် ဖော်ပြထားပါသည်။

**ဇယား-၁။ ယခုတစ်ပတ်ပျမ်းမျှဈေးအရ ပြည်တွင်းဈေးကွက် တွင် ဖြစ်ပေါ်သည့် မတ်ပဲဈေး (၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလပထမပတ်)**

| ue pn 'i | rwy t&n tao; | (usy/yom) | | &mci Ee; (%) | t ne; | USD per tonne | , c wpyw twi; rwy ta&mi; t0, jzprl yrmP |
|---|---|---|---|---|---|---|---|
| | | , c wpyw y|r;r| aps;# | , ci wp yw y|r;r| aps;* | , c wpywEi , ci wpyw aps;ajymi; vrl &mciEe; | | , c wp yw y|r;r| aps; | |
| r&m | RQ | 1226 | 1300 | -5.7 | ▼ | 728 | 100 tw |
| rEav; | RQ | 1242 | 1325 | -6.3 | ▼ | 737 | r&&yg |
| jyn | RQ | 1283 | 1363 | -5.9 | ▼ | 761 | 1300 tw |
| [ow | RQ | 1285 | 1335 | -3.7 | ▼ | 763 | 14500 tw |
| &eue | RC | 1319 | 1380 | -4.4 | ▼ | 783 | 52 ue weem |

မှတ်ချက်# ယခုတစ်ပတ်ပျမ်းမျှဈေးသည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၆ ရက်နေ့ထိဖြစ်ပါသည်။ ဈေးကျလာသည်။ ယခုတစ်ပတ်နှင့် ယခင်တစ်ပတ်ဈေး ပြောင်းလဲမှုရာခိုင်နှုန်းကို မြန်မာကျပ်ငွေပေါ်အခြေခံ၍ တွက်ချက်ဖော်ပြထားခြင်း ဖြစ်ပါသည်။ RQ=Raw Quality, RC=Ready Cargo *ယခင်တစ်ပတ်ပျမ်းမျှဈေးသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက် နေ့ထိ ဖြစ်ပါသည်။ ရန်ကုန်တွင် ယခုတစ်ပတ် (Export Earning) ပျမ်းမျှရောင်းဈေး ၁၀၃၂ ကျပ်ပေါ်အခြေခံပြီး USD per tonne အဖြစ် ပြောင်းလဲတွက်ချက်ထားပါသည်။

**ဇယား-၂။ ယခုတစ်ပတ်ပျမ်းမျှဈေးအရ မွမ်ဘိုင်းနှင့် ရန်ကုန် တွင် ဖြစ်ပေါ်သည့်မတ်ပဲဈေး (၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ)**

| t a\|umi; t &m | a&wuy | , c wpyw y\|r;r\| aps; (USD per tonne) | , ci wpyw y\|r;r\| aps; (USD per tonne) | , c wpyw Ei , ci wpyw aps; ajymi; vrl &mciEe; | t ne; |
|---|---|---|---|---|---|
| (f.o.b)&eueaps; jzi&euewi ta&mi; t0,jzprl | | | | | |
| rwy (FAQNS) | USD per tonne | 810 | 855 | -5.3 | ▼ |
| rwy (SQRC) | USD per tonne | - | - | - | - |
| rebi; (Opening session of trade) | | | | | |
| jrerm rwy | Rupee/ Quintal | | | | |
| | USD per tonne | 909 | 917 | -0.9 | ▼ |
| &eueuepn'i | | | | | |
| rwy (RC) | USD per tonne | 783 | 820 | -4.4 | ▼ |

**မွမ်ဘိုင်းမှ မြန်မာ့မတ်ပဲဈေးနှင့် ရန်ကုန်မတ်ပဲဈေး ကာလတူ အတွင်း နှိုင်းယှဉ်ခြင်း။** ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ် တွင် မွမ်ဘိုင်းမှ မြန်မာ့ မတ်ပဲဈေးသည် တစ်တန်ကို ကန်ဒေါ်လာ ၆၇၁ ဖြစ်သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်တွင် မွမ်ဘိုင်းမှ မြန်မာ့မတ်ပဲဈေးသည် တစ်တန်ကို ကန်ဒေါ်လာ ၉၀၉ ဖြစ်သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်တွင် မွမ်ဘိုင်းမှ မြန်မာမတ်ပဲဈေးသည် ၂၀၁၄ ခုနှစ်ထက် ကာလတူ ၃၅ ရာခိုင်နှုန်း ဈေးပိုမြင့်သည်။ ပုံ-၄ နှင့် ပုံ-၅ ကိုကြည့်ရှုရန်ဖြစ်ပါသည်။

**၂၀၁၅ ခုနှစ် ရန်ကုန်မတ်ပဲဈေး ကာလတူအတွင်းနှိုင်းယှဉ်ခြင်း။** ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ် ရန်ကုန်မတ်ပဲဈေး သည် တစ်တန်ကို ကန်ဒေါ်လာ ၆၁၃ ဖြစ်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်ရန်ကုန်မတ်ပဲ ဈေးသည် တစ်တန်ကို ကန်ဒေါ်လာ ၇၈၃ ဖြစ်သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်တွင် ရန်ကုန် မတ်ပဲဈေးသည် အချိန်တူကာလ ၂၀၁၄ ခုနှစ်ထက် ၂၂ ရာခိုင်နှုန်းဈေးပိုမြင့်လာသည်။

**ပုံ-၄။ ရန်ကုန်မတ်ပဲ (RC) အပတ်စဉ်ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်)**




**ပုံ-၅။ မွမ်ဘိုင်းတွင် မြန်မာ့မတ်ပဲအပတ်စဉ် ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်)**




ဇာစ်မြစ်။ www.etrademyanmar.com

ဆက်လက်ဖော်ပြပါမည်။

## စားသုံးသူကာကွယ်ရေးအဖွဲ့အစည်းများ ပိုမိုအင်အားကောင်းမွန်စေရန် အိန္ဒိယနိုင်ငံအစိုးရကဆောင်ရွက်

အိန္ဒိယနိုင်ငံအစိုးရသည် စားသုံးသူများအတွက် အရေးယူဆောင်ရွက်ပေးမည့်လုပ်ငန်းများ လွယ်ကူစေရန်အတွက် စားသုံးသူအကာအကွယ်ပေးရေးအက်ဥပဒေအား ပြန်လည်ပြင်ဆင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အိန္ဒိယနိုင်ငံစားသုံးသူရေးရာ၊ အစားအသောက်နှင့် ပြည်သူ့ထောက်ပံ့ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ရမ်ဗီယပ်ပါစဝမ်က ပြောကြားခဲ့ပါသည်။ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ချိုးဖောက်သည့်ကုမ္ပဏီများအား အရေးယူဆောင်ရွက်ရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး အာဏာပိုင် အဖွဲ့တစ်ခုအား ဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်ကြောင်း၊ စားသုံးသူအမှုကိစ္စများအား အရေးယူဆောင်ရွက်ပေးနိုင်ရန်အတွက် ဥပဒေနှင့်တရားရေး ဆိုင်ရာနယ်ပယ်မှ တာဝန်ရှိသူများအပြင် ကဏ္ဍပေါင်းစုံမှ တာဝန်ရှိသူများအား ခန့်အပ်တာဝန် ပေးသွားမည်ဖြစ်ကြောင်းကိုလည်း ဝန်ကြီးမှ ပြောကြားခဲ့ပါသည်။

ထို့ပြင် စားသုံးသူများအား သွေးဆောင်ဖြားယောင်းသောကြော်ငြာများဖြင့် လိမ်လည်လှည့်ဖြားနေသည့် ကုမ္ပဏီများကို ထိရောက်စွာအပြစ်ပေးသွားနိုင်ရန် သတင်းအချက်အလက်နှင့်သတင်းဖြန့်ချိရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် ကျန်းမာရေးနှင့်မိသားစုဖူလုံမှုဝန်ကြီးဌာနမှ ကိုယ်စားလှယ်များပါဝင်သော ဝန်ကြီးဌာနအချင်းချင်း ကြားခံညှိနှိုင်းဆောင်ရွက်ပေးမည့် ကော်မတီတစ်ခုကို ဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့ပါသည်။

ထို့နောက် အိန္ဒိယနိုင်ငံစံချိန်စံညွှန်းအဖွဲ့ကိုလည်း စားသုံးသူအလေးဂရုပြုမှု အစီအစဉ်များကို ဒေသဆိုင်ရာဘာသာစကားများကို အသုံးပြု၍ အမြောက်အများ တိုးချဲ့ဆောင်ရွက်သွားရန်နှင့် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်လည်း ဆောင်ရွက်သွားရန် ၎င်းကတိုက်တွန်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ အိန္ဒိယနိုင်ငံမှ ကုန်ပစ္စည်းများကို ကမ္ဘာတစ်ဝန်းမှ လက်ခံလာစေရန် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ထုတ်ကုန်အသိအမှတ်ပြု လက်မှတ်ထုတ်ပေးသည့်စနစ်ကိုလည်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ၎င်းကတောင်းဆိုခဲ့ပြီး ယင်းသို့ဆောင်ရွက်ခြင်းဖြင့် အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သည့်ပစ္စည်းဖြစ်ကြောင်း၊ ဈေးကွက်အတွင်း နာမည် ကျော်ကြားစေသည့် (Made in India) လှုပ်ရှား ဆောင်ရွက်မှုအောင်မြင်မည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။ အိန္ဒိယနိုင်ငံ စံချိန်စံညွှန်းအဖွဲ့သည် စံချိန်စံညွှန်း ၁၉,၀၀၀ ကိုအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပြီဖြစ်ကာ ယင်းအနက် ၆,၀၀၀ မှာ နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်ပြီဖြစ်ပြီး ISI အမှတ်တံဆိပ်ပါရှိသောထုတ်ကုန် ၉၃၃ မျိုးကိုလည်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ လက်ရှိကာလတွင် အိန္ဒိယနိုင်ငံ၌ ထုတ်ကုန်များအတွက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးမှုမှာ ထုတ်ကုန် ၁၂၃ မျိုးအတွက်သာ မဖြစ်မနေလိုအပ်သေးသဖြင့် ယင်းကဲ့သို့ အသိလက်မှတ် လိုအပ်သောထုတ်ကုန်များကို တိုးမြှင့်သတ်မှတ်ရန်လိုအပ်ကြောင်းလည်း ဝန်ကြီးမှပြောကြား ခဲ့ပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**

Source: The Economic Times

## ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံဈေးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးကွင်းဆင်းဆောင်ရွက်ခြင်း



စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း ဆောင်ရွက်၍ အောင်မြင်မှုမရရှိနိုင်ပါ၊ ပြည်သူအားလုံး လက်တွဲညီညီ ပူးပေါင်းပါဝင် ဆောင်ရွက်မှုသာ မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် အောင်မြင်မည်ဖြစ်ပါသည်။ စားသုံးသူ ပြည်သူများ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကို သိရှိနားလည်စေရန်နှင့် ကုန်စည်ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ဥပဒေ၏ အကာအကွယ်ပေးမှုများကို ခံစားရရှိစေရန်၊ အရည်အသွေးမမီသော စားသောက်ကုန်များကြောင့် စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်မဖြစ်စေရန် ရည်ရွယ်၍ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့်အဖွဲ့သည် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ်မင်္ဂလာဒုံဈေး တာဝန်ခံနှင့်တာဝန်ရှိသူများပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံဈေးရှိ ဈေးရောင်းချသည့်သူများအား ဈေးကော်မတီရုံးတွင် တွေ့ဆုံ၍ စားသုံးသူအကာအကွယ် ပေးရေးအကြောင်းသိကောင်းစရာများကို အသိပညာပေးခြင်းနှင့် ဈေးအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပညာ ပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

အဖွဲ့သည် ဈေးကော်မတီရုံး၌ ဈေးမိဈေးဖများ၊ ဈေးရုံကိုယ်စားလှယ်များ၊ စားသောက်ကုန်ပစ္စည်း၊ ဆေးဝါး၊ လူသုံးကုန်၊ အလှကုန်ပစ္စည်းရောင်းချသည့်သူများအား ဥပဒေတွင် စားသုံးသူပြည်သူများ၊ ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များအတွက် အခွင့်အရေး၊ တာဝန်နှင့် တားမြစ်ချက်များပါရှိသော စားသုံးသူအကာ အကွယ်ပေးရေးဥပဒေပြဋ္ဌာန်းထားသည့်အခြေအနေ၊ စားသုံးသူ၊ ထုတ်လုပ်သူနှင့် ရောင်းချဖြန့်ဖြူးသူများအား စားသုံးသူအကာအကွယ်ပေးရေးနှင့်စပ်လျဉ်းသော အသိပညာဗဟုသုတများကို ပြည်သူများသိရှိလိုက်နာနိုင်ရန် ဆောင်ရွက်နေမှုအခြေအနေ၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရန် ကော်မတီနှစ်ရပ် ဖွဲ့စည်းပြီးစီးမှု အခြေအနေ၊ စားသုံးသူများမှ အမှန်တကယ်နစ်နာဆုံးရှုံးမှုများ ပေါ်ပေါက်လာ၍ တိုင်ကြားလာပါက၊ ရောင်းချသူစီးပွားရေးလုပ်ငန်းရှင်များမှ တာဝန်ယူဖြေရှင်းခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်၍ စီးပွားရေးလုပ်ငန်းရှင်၏ ကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် ဥပဒေပါသိသင့် သိထိုက်သည်များကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဈေးအတွင်းရှိစားသောက်ကုန်၊ ဆေးမျိုးစုံ၊ အလှကုန်၊ လူသုံးကုန်၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် ရောင်းချလျက်ရှိသည့် ဆိုင်များသို့ လှည့်လည်ကြည့်ရှုပြီး တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော ကုန်ပစ္စည်းများ၊ ရက်လွန်နေသော အစားအသောက်၊ အလှကုန်နှင့်ဆေးဝါးများရောင်းချခြင်း မပြုရန်၊ အာမခံချက်ရှိသည့်ကုန်ပစ္စည်းများ၊ ဘေးဥပဒ်အန္တရာယ်ကင်းသည့်ကုန်ပစ္စည်းများသာ ရောင်းချရန်တို့ကို စည်းရုံးပညာ ပေးဆွေးနွေးမှုများဆောင်ရွက်ခဲ့ပါသည်။ အဆိုပါဈေးတွင် စစ်အသုံးအဆောင်ပစ္စည်းများ ရောင်းချနေသော ဆိုင်ခန်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ အလှကုန်၊ ဆေးဝါးနှင့် ကုန်ပစ္စည်းမျိုးစုံ ရောင်းချသည့် လေဟာပြင်ဈေးဆိုင်ခန်းများ စုစုပေါင်း ၁၄၀၀ ခန့်ရှိ ကြောင်းသိရှိရပါသည်။

**စန္ဒာ ( စားသုံးသူ )ရန်ကုန်**



## နတ်မောက်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးမှ တာဝန်ရှိဝန်ထမ်းများသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှု၊ ရုံးချုပ်၏လမ်းညွှန်မှုတို့ကိုခံယူ၍ မကွေးတိုင်းဒေသကြီးမြို့နယ်အသီးသီးတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးဟောပြောပွဲများ ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် နတ်မောက်မြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ဆွေးနွေးဟောပြောပွဲကျင်းပခဲ့ပါသည်။

အဆိုပါ စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲသို့ ဆရာ/ဆရာမ ၄၁ ဦး၊ ကျောင်းသား/ကျောင်းသူ ၄၄၀ ဦးနှင့် စားသုံးသူရေးရာဌာနမှ ဝန်ထမ်းသုံးဦးတက် ရောက်ခဲ့ပါသည်။ အဆိုပါဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့စိုးက ပထမဦးစွာ အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဌာနခွဲမှ ဒုဦးစီးမှူး ဦးမြတ်သွင်က လက်ရှိလုပ်ဆောင်လျက်ရှိသော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအကြောင်း၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ လုပ်ငန်းများလုပ်ဆောင်နေမှုအခြေအနေ၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေများအကြောင်း၊ စားသုံးသူ ပြည်သူများလိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်/ရှောင်ရန် ကိစ္စများအကြောင်း၊ လုပ်ငန်းရှင်များ၏ လိုက်နာဆောင်ရွက်ရမည့် ဥပဒေပါအချက်များနှင့် အခွင့်အရေးများအကြောင်းတို့ကို ဆွေးနွေးခဲ့ပြီး ဒုဦးစီးမှူး ဦးမြိုင်က အစားအသောက်များတွင် သုံးစွဲလျက်ရှိသော ဓါတုဆိုးဆေးများအကြောင်းကိုလည်းကောင်း၊၊ ဟင်းသီးဟင်းရွက်နှင့်စားသောက်ကုန်များတွင် အသုံးပြုနေကြသော ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် ရွက်ဖြန်းဓါတ်မြေသြဇာများကို အလွန်အကျွံ မသုံးစွဲကြရန်နှင့် ကြီးမြန်၊ ကြာရှည်ခံဆေးများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကင်ဆာကဲ့သို့သော ရောဂါဆန်းများအကြောင်း၊ ကျောင်းဈေးတန်းများတွင် တွင်တွင်ကျယ်ကျယ်ရောင်းချလျက်ရှိသော အချိုရည်ဘူးများနှင့် ၎င်းအချိုရည်ဘူးများတွင် အဓိကထားအသုံးပြုသော ဓာတုပစ္စည်းသည် ရိုးရိုးသကြားထက် အချိုဓါတ် အဆ ၂၀၀အထိ မြင့်မားကြောင်း၊ ၎င်းအချိုရည်ကို အချိန်ကြာကြာနှစ်ရှည်လများ သောက်သုံးပါက အစာအိမ်ကင်ဆာကဲ့သို့သော ရောဂါများဖြစ်ပွားနိုင်သည့်အတွက် ဆင်ဆင်ခြင်ခြင် သောက်သုံးသင့်ကြောင်းနှင့် ယခုအချိန်တွင် မိမိတို့ပတ်ဝန်းကျင်နိုင်ငံများမှ တင်သွင်းလာသော အစားအသောက်များ၊ အချိုရည်များ၊ အေးခဲအသားများ၊ ကြက်ဥများ စသည်တို့ကို ဝယ်ယူစားသုံးကြမည်ဆိုလျှင် သတိရှိရှိ ဝယ်ယူစားသုံးကြမှသာ သက်ရှည်ကျန်းမာနိုင်မည်ဖြစ်ပါကြောင်းတို့ကို အကျယ်တဝင့် ဆွေးနွေးခဲ့ပါသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် တံခွန်တိုင်စံပြကျေးရွာရှိ အလယ်တန်းကျောင်းတွင်လည်း ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဆရာ/ဆရာမ ၁၃ ဦးနှင့် ကျောင်းသား/ကျောင်းသူ ၃၇၀ ဦးတို့ကို ဆွေးနွေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ပိုစတာများဝေငှခြင်း၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် လည်း နတ်မောက်မြို့နယ် အင်းကုန်းရွာ၊ အမှတ် (၆) အခြေခံမူလတန်းကျောင်းတွင် ကျောင်းသား/ ကျောင်းသူ၊ ဆရာ/ဆရာမများနှင့် ပြည်သူလူထု စုစုပေါင်း ၁၂၅ ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များဝေငှခြင်း၊ ပိုစတာများ ဝေငှခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ဝင်းထွန်း (စားသုံးသူ)၊ မကွေး**

# ဥရောပသမဂ္ဂနိုင်ငံများတွင် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်ယူရာ၌ အခွင့်အလမ်းများရရှိနိုင်

ဥရောပဈေးကွက်တွင် စားသုံးသူများအား ကုန်စည်နှင့်ဝန်ဆောင်မှုများကို ယှဉ်ပြိုင်နိုင်သော ဈေးနှုန်းဖြင့် အမျိုးမျိုးသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ဝယ်ယူခွင့်အခွင့်အလမ်းရရှိစေပါသည်။ စားသုံးသူအခွင့်အလမ်းများကို ကုန်စည်များ ရောင်းချခဲ့သည့် လက်လီရောင်းချသူများအား တောင်းဆိုနိုင်ပြီး အကယ်၍ စားသုံးသူအနေဖြင့် မိမိပေးအပ်လိုက်ရသောတန်ဖိုးကို ကျေနပ်အားရမှုမရှိပါက ရောင်းချသူအား ကုစားမှုများ (remedies) ပေးအပ်ရန် တောင်းဆိုနိုင်ပါသည်။



စားသုံးသူ၏အခွင့်အလမ်းများ

ကုန်စည်နှင့်ဆက်နွယ်ပစ္စည်းများရောင်းချမှုအာမခံချက်ဆိုင်ရာညွှန်ကြားချက် ၉၉/၄၄/EC အရ စားသုံးသူဆိုင်ရာ ကုန်စည်များသည် အရောင်းစာချုပ်ပါအချက်များနှင့် ကိုက်ညီရမည်ဖြစ်ပါသည်။ ပထမဦးစွာ စားသုံးသူများသည် ကုန်စည်များကို လက်ခံရရှိသည့်အချိန်တွင် အဆိုပါကုန်စည်များသည် ရောင်းချသူက နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ပြောကြားထားသည့် ရေးသားဖော်ပြထားသည့် ပြောကြားချက်များ၊ ဖော်ပြချက်များနှင့် ကိုက်ညီရမည်ဖြစ်ပြီး ကုန်စည်၏နမူနာ သို့မဟုတ် ပုံစံတူပါ ကုန်စည်၏ အရည်အသွေးများကိုလည်း ပိုင်ဆိုင်ရမည်ဖြစ်သည်။ ဒုတိယအနေဖြင့် စားသုံးသူကဝယ်ယူသည့် ကုန်စည်သည် ယင်းနှင့်တူညီသော အမျိုးအစားဖြစ်သည့် သာမန်အသုံးပြုသည့် ကုန်စည်များနှင့် နှိုင်းယှဉ်ပါက အသုံးပြုမည့်ရည်ရွယ်ချက်နှင့် သင့်လျော်ရမည်ဖြစ်သကဲ့သို့ ရောင်းချသူနှင့် အရောင်းစာချုပ်ချုပ်ဆိုပြီးချိန်တွင် ရောင်းချသူမှလက်ခံထားပြီး ရောင်းချသူသို့အသိပေးထားသည့် စားသုံးသူမှလိုအပ်သော သီးခြားရည်ရွယ်ချက်နှင့်လည်း သင့်လျော်ရမည်ဖြစ်ပါသည်။

တတိယအနေဖြင့် စားသုံးသူတစ်ဦးက ကုန်စည်ဝယ်ယူရာတွင် ယင်းကုန်စည်သည် စားသုံးသူက ကျိုးကြောင်းဆီလျော်စွာ မျှော်မှန်းနိုင်သော စိတ်ကျေနပ်ဖွယ်အရည်အသွေးနှင့် လုပ်ဆောင်ချက်တို့နှင့် ပြည့်စုံရမည်ဖြစ်ပြီး ရောင်းချသူ၊ ထုတ်လုပ်သူ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်တို့မှ ဖော်ပြထားသည့် ဖော်ပြချက်နှင့်လည်း ကိုက်ညီရမည်ဖြစ်သည်။ စတုတ္ထအနေဖြင့် စားသုံးသူများက ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူရာတွင် ကျေနပ်အားရမှုမရှိပါက ရောင်းချသည့်အချိန်မှစတင်ပြီး အနည်းဆုံး နှစ်နှစ်အတွင်း အရေးဆိုနိုင်ပါသည်။ အိုင်ယာလန်နိုင်ငံတွင် စားသုံးသူတစ်ဦးအနေဖြင့် ၎င်းဝယ်ယူသည့် ကုန်စည်သည် ရှိသင့်ရှိထိုက်သည့် အရည်အသွေးပြည့်မီခြင်းမရှိပါက ဝယ်ယူသည့်အချိန်မှ ခြောက်နှစ်အတွင်း အရေးဆိုနိုင်ပါသည်။ ထိုကဲ့သို့ အရေးဆိုရာတွင် ကုန်စည်နှင့်ဆက်နွယ်ပစ္စည်းများရောင်းချမှု အာမခံချက်ဆိုင်ရာညွှန်ကြားချက် ၉၉/၄၄/EC အရ ကုန်စည်အား ပြန်လည်ပြုပြင်စေခြင်း သို့မဟုတ် အစားထိုးစေခြင်း၊ ဝယ်ယူခဲ့သည့် ဈေးနှုန်းအားလျှော့ချပေးခြင်း သို့မဟုတ် ငွေကြေးပြန်လည်အမ်းပေးခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အကယ်၍ ကုန်စည်ဝယ်ယူပြီး သည့်ကာလခြောက်လအတွင်း ယင်း ကုန်စည်တွင် အပြစ်အနာအဆာဖြစ်ပေါ်ခဲ့ပါက ရောင်းချသူအနေဖြင့် အဆိုပါကုန်စည်အား စားသုံးသူ သို့ရောင်းချစဉ်အချိန်က ချုပ်ဆိုခဲ့သော စာချုပ်နှင့်ကိုက်ညီမှုရှိကြောင်း သက်သေပြ နိုင်ပြီး ကုန်စည်တွင် ဖြစ်ပေါ်သောအပြစ်အနာအဆာသည် ဝယ်ယူခဲ့သည့်စားသုံးသူကြောင့် ဖြစ်ပေါ်ခဲ့ပါက ရောင်းချသူထံတွင် တာဝန်မရှိပါ။

ပဉ္စမအနေဖြင့် အာမခံပေးမှုနှင့်ပတ်သက်၍ အာမခံဆိုသည်မှာ စားသုံးသူနှင့်ထုတ်လုပ်ရောင်းချ သူတို့အကြား ထားရှိသောကတိဝန်ခံချက်ဖြစ်ပြီး ပစ္စည်းတစ်ခုအား စားသုံးသူမှဝယ်ယူပြီးသည့် အချိန် ကာလတစ်ခုအတွင်း အဆိုပါပစ္စည်းသည် ပျက်စီးချို့ယွင်းခဲ့ပါက ထုတ်လုပ်သူမှပြန်လည်ပြုပြင်ပေးခြင်း သို့မဟုတ် ပစ္စည်းတစ်ခုဖြင့်အစားထိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြစ်ကာ ပစ္စည်းရောင်းချသူမှလည်း ထုတ်လုပ်သူပေးအပ်ထားသော အာမခံချက်အပြင် ထပ်မံ၍အာမခံချက်ပေးအပ်နိုင်ပါသည်။ ထိုကဲ့သို့အာမခံပေးအပ်ခြင်းသည် မိမိဆန္ဒအလျောက် ဆောင်ရွက်လေ့ရှိကြသည့် မူဝါဒတစ်ခုဖြစ်ပြီး လျှပ်စစ်ထုတ်ကုန်များအား လက်လီရောင်းချရာတွင် ရောင်းချသည့်အမှတ်လက္ခဏာတစ်ခုအဖြစ် ဆောင်ရွက်လေ့ရှိကြပါသည်။ အာမခံပေးခြင်းဆိုရာတွင် စားသုံးသူတစ်ယောက်၏ပုံမှန်အခွင့်အရေးများ ထက်ပိုမိုသည့် အပိုဆောင်းအခွင့်အရေးကို ပေးအပ်ခြင်းဖြစ်သဖြင့် ပစ္စည်းဝယ်ယူရာတွင် အာမခံမရရှိသော်လည်း ဥပဒေအရ စားသုံးသူအခွင့်အလမ်းများရရှိဆဲဖြစ်ကာ စားသုံးသူတို့ အနေဖြင့် ပစ္စည်းကြောင့် ထိခိုက်နစ်နာမှုဖြစ်ပေါ်ပါက အရေးဆိုမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ စားသုံးသူတို့သည် ပစ္စည်းများဝယ်ယူရာတွင် အာမခံနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများကို စစ်ဆေးသင့်ပြီး အာမခံ အကျုံးဝင်သည့်ကာလ၊ နေရာဒေသ၊ အာမခံပေးသူ၏အမည်နှင့်လိပ်စာစသည့်အချက်အလက်များကို ကြည့်ရှုသင့်ပါသည်။ အိုင်ယာလန်နိုင်ငံတွင် စားသုံးသူများသည် နိုင်ငံဖြတ်ကျော်တိုင်တန်းမှုများကို European Consumer Center Website ဖြစ်သည့် (http://www.eccireland.ie) တွင် ပြုလုပ်လျက်ရှိကြပါသည်။

**မျိုးမျိုးထိုက်**
**စားသုံးသူရေးရာဌာနခွဲ**

## ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး



စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းစွာဖြင့် အစားအသောက်များနှင့် လူသုံးကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲနိုင်ရန်အတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင် ပါရှိသည့် စားသုံးသူဆိုသည့်အဓိပ္ပာယ်၊ စားသုံးသူ၏ အခွင့်အရေး၊ တာဝန်များနှင့် စားသုံးသူကာကွယ်ရေးနှင့် ပတ်သက်သည့် အသိပညာများ အဆက်မပြတ်ရရှိစေရန်ရည်ရွယ်ချက်ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများသည် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဖေဖော်ဝါရီလ ၁၆ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ၊ ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးမြဝင်းက လူတို့အသက်ရှင် နေထိုင်နိုင်ရန် တစ်နေ့တာလုံး အာဟာရပြည့်ဝအောင် စားသုံးနေကြရပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပေါ်ထွက်လာပြီး ဌာနဆိုင်ရာများမှ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ဆောင်နေမှုများကို သိရှိခြင်းဖြင့် မိမိကိုယ်တိုင် လိုက်နာရမည့်အချက်များ သိရှိနိုင်ခြင်း၊ အစားအသောက်များကို ရွေးချယ်စားသောက်တတ်ခြင်း၊ ဆောင်ရန်/ရှောင်ရန်များကိုသိရှိရသဖြင့် ရောင်းသူဝယ်သူအချင်းချင်း အပြန်အလှန်ဗဟုသုတများဖလှယ်နိုင်ခြင်း၊ မိသားစုဆွေမျိုးများမှတစ်ဆင့် ပတ်ဝန်းကျင်ကိုလည်း ထပ်ဆင့်ဖြန့်ဝေပေးခြင်းဖြင့် ဥပဒေကို လိုက်နာရာရောက်ပြီး သက်တမ်းရှည်ဘဝကို လျှောက်လှမ်းနိုင်မှာဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းကလည်း နိုင်ငံတော်မှစားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းပြီးဖြစ်၍ နည်းဥပဒေရေးဆွဲနေသည့်အခြေအနေ၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဖွဲ့စည်းခဲ့သည့်အခြေအနေ၊ ဗဟိုကော်မတီ၏လမ်းညွှန်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခဲ့သည့်အခြေအနေ၊ အဆိုပါအဖွဲ့အောက်တွင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနှစ်ရပ်ဖွဲ့စည်းထားမှုအခြေအနေ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ လိမ်လည်လှည့်ဖြားပြီး အရောင်းမြှင့်တင်ခြင်း၊ ကြေညာခြင်းတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်တာဝန်၊ တားမြစ်ချက်များအကြောင်း၊ စားသုံးသူပြည်သူများအား ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ရွေးချယ်ဝယ်ယူသုံးစွဲနိုင်ရန် စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များအကြောင်းနှင့် ဥပဒေပါအကြောင်းအရာများအား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ဆရာဝန်ကြီးဒေါက်တာခင်မောင်တင်က စားသုံးသူများအနေဖြင့် ပိုက်ဆံပေး၍ ရောဂါဝယ်ယူခြင်းများမဖြစ်စေရန် ကျန်းမာရေးနှင့်ပတ်သက်သည့် ဗဟုသုတများ၊ ပိုးသတ်ဆေး အသုံးပြုထားသည့် အသီးအရွက်များ၊ ပြည့်ဝဆီများ၊ အရောင်ဆိုးဆေးအသုံးပြုထားသော အစားအသောက်များ၊ အသားတုံ၊ အချိုရည်၊ ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားသော အစားအသောက်များ၊ ကြက်သားမှုန့် ကွမ်းယာများ စားသုံးခြင်းဖြင့်ဖြစ်ပေါ်နိုင်သည့် ရောဂါများအကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် စားသုံးရန်မသင့်သော စားသောက်ကုန်၊ ဆေးဝါးများ၊ ရက်လွန်အစားအစာများ စားသုံးခြင်း၊ ရောင်းချခြင်းတို့မှ ရှောင်ရန်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း/အမှုထမ်းများ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဆရာဝန်ကြီးဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ/ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဈေးတာဝန်ခံနှင့်ဈေးသည်များ၊ ရပ်ကွက်/ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ စုစုပေါင်း ၁၄၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ချောဥမ္မာနိုင်( စားသုံးသူ )၊**
**ရန်ကုန်**

# SMBC ဘဏ်ခွဲ မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း ဖွင့်လှစ်ရန်စီစဉ်

မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းများ လုပ်ကိုင်ခွင့်ရထားသည့် ဂျပန်နိုင်ငံမှ ဘဏ်ကြီးတစ်ခုဖြစ်သည့် Sumitomo Mitsui Banking Corp. (SMBC) သည် မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် ဘဏ်ခွဲများဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိပြီး ယခုနှစ်အတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း Nikkei သတင်းစာက ဖော်ထုတ်ရေးသားခဲ့သည်။

SMBC ဘဏ်သည် ဂျပန်နိုင်ငံမှ ၎င်း၏ပြိုင်ဘက်ဘဏ်များဖြစ်သည့် Mutsubishi UFJ Financial Group and Mizuho Financial Group အပါအဝင် နိုင်ငံခြားဘဏ်ရှစ်ခုနှင့်အတူ မြန်မာနိုင်ငံတွင် ဘဏ်ခွဲ ဖွင့်လှစ်ခွင့်လိုင်စင်ရရှိထားသည်။

အဆိုပါဘဏ်သည် မြန်မာနိုင်ငံတွင် ဘဏ်ခွဲဖွင့်လှစ်ပြီးပါက ဘဏ်ဝန်ထမ်းပေါင်း ၃၀မှ ၄၀ အထိ ခန့်အပ်သွားမည်ဖြစ်သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

SMBC သည် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအနက် အပ်ငွေလက်ခံခြင်း၊ ချေးငွေထုတ်ချေးခြင်း၊ နိုင်ငံခြားငွေ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ကုန်သွယ်ခြင်းနှင့် ငွေကြေးစီမံခန့်ခွဲရေးဝန်ဆောင် မှုများကို လုပ်ဆောင်မည်ဖြစ်ကြောင်း SMBC မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်ဟု ဆိုသည်။

SMBC အနေဖြင့် မြန်မာနိုင်ငံ တွင် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည့် ဂျပန်နိုင်ငံသားလုပ်ငန်းရှင်များအား ချေးငွေများထုတ်ချေးခြင်းကို အဓိကထား၍ လုပ်ဆောင်သွားမည်ဖြစ်ပြီး အခြားသောကုမ္ပဏီများကိုလည်း ငွေကြေးနှင့်ပတ်သက်သည့်ဝန်ဆောင်မှုများ ကိုလည်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

# မြန်မာနိုင်ငံတွင် Sushi Boy က လုပ်ငန်းတိုးချဲ့၍ ဆိုင်ခွဲများဖွင့်လှစ်ရန် စီစဉ်

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် Sushi Boy ဟူသည့် ဂျပန်စားသောက်ဆိုင်များဖွင့်လှစ်၍ အောင်မြင်မှုရရှိနေသည့် Sushi Boy Co., Ltd. ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ မစ္စတာ ခရစ္စဆာဒါဆာရာခွန်သည် မြန်မာနိုင်ငံ၌လည်း လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာ ဂျပန်အစားအစာစားသောက်မှုနဲ့ပတ်သက်ပြီး မြန်မာလူမျိုးတွေအနေနဲ့ ဘယ်လောက်အထိ တောင်းဆိုမှုတွေရှိနေသလဲဆိုတာကို လေ့လာဆန်းစစ်မှုတွေပြုလုပ်ခဲ့ပြီးပါပြီ။ ကျွန်တော်တို့ရဲ့ လုပ်ငန်းကို မြန်မာနိုင်ငံရဲ့ဝန်ဆောင်မှုလုပ်ငန်းဆိုတဲ့ ခေါင်းစဉ်အောက်ကနေ လုပ်ဆောင်သွားဖို့ ရည်ရွယ်ထားပါတယ်။ နောက်သုံးနှစ်ကနေ ငါးနှစ်အတွင်းမှာ ဗီယက်နမ်နဲ့ လာအိုနိုင်ငံတို့မှာလည်း လုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်သွားဖို့ စီစဉ်ထားပါတယ်"ဟု ခရစ္စဆာဒါဆာရာခွန်က ပြောကြားခဲ့သည်။

ခရစ္စဆာဒါဆာရာခွန် ပိုင်ဆိုင်သည့် Sushi Boy ကုမ္ပဏီသည် ပြီးခဲ့သည့်နှစ်က ဝင်ငွေ ဘတ်သန်းပေါင်း ၉၀ရှိခဲ့ပြီး ယခုနှစ်တွင် ဘတ်သန်းပေါင်း ၁၅၀ အထိရရှိရန် ရည်မှန်းထားကြောင်း သိရသည်။

ခရစ္စဆာဒါသည် ၂၀၀၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ Sushi Boy အမှတ်တံဆိပ်ဖြင့် ပထမဦးဆုံးသော ဆိုင်ကို ဖွင့်လှစ် နိုင်ခဲ့သည်။

စတင်ဖွင့်လှစ်ခဲ့စဉ်က ပထမလအတွင်း ဘတ်နှစ်သိန်းဖိုးသာရောင်းချရခဲ့သည့်အတွက် အဆိုပါရောင်းချရငွေမှာ ဆိုင်ခန်းငှားရမ်းခနှင့် လစာငွေပေးချေရန်အတွက် လောက်ငှရုံသာရှိခဲ့ပြီး အမြတ်အစွန်းအနည်းငယ်သာရရှိခဲ့သည်ဟု ဆိုသည်။

ယခုအခါ ခရစ္စဆာဒါသည် မြို့တော်ဗန်ကောက်တွင် ဆိုင်ခွဲပေါင်း ၁၀ ဆိုင်ကို ဖွင့်လှစ်ထားနိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်အတွင်းက ရင်းနှီးငွေပေါင်း ဘတ် တစ်သန်းဖြင့် Tatumi Food (Thailand) ကို တည်ထောင်ခဲ့သည်။

Tatumi Food (Thailand) သည် ဗန်ကောက်မြို့ရှိ ဆိုင်ခွဲ ၁၀ခု အတွက် ဂျပန်အစားအစာများကို ထုတ်လုပ်ပေးသောကုမ္ပဏီဖြစ်ပြီး ကိုယ်ပိုင်စားဖိုမှူးမရှိသော အခြားစားသောက်ဆိုင်များသို့လည်း ရောင်းချပေးသည့် လုပ်ငန်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# MAPCO မှ ကျိုက်လတ်မြို့တွင် ဆန်စက်များ တည်ဆောက်မည်



မြန်မာ့လယ်ယာစီးပွား အများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO) ၏လုပ်ငန်းခွဲတစ်ခုဖြစ်သည့် MAPCO Golden Lace Co., Ltd. အနေဖြင့် ကျိုက်လတ်မြို့တွင် ဆန်စက်များ တည်ဆောက်မည်ဖြစ်ကြောင်း MAPCO ၏လူမှုကွန်ရက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက်များအရ သိရသည်။

အဆိုပါ MAPCO Golden Lace Co., Ltd. သည် စိုက်ပျိုးသူ၊ ကြိတ်ခွဲသူ၊ ရောင်းချသူအားလုံးအတွက် တွက်ခြေကိုက်သည့် တန် ၂၅၀ကျဆန်စက်၊ တန် ၂၀၀ပေါင်းဆန်စက်၊ ပေါင်းခံစက်ဘွိုင်လာ၊ ၂၂၀၀ ကီလိုဂဏ်ဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံများကိုတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် မြန်မာ့လယ်ယာ စီးပွားရေးကဏ္ဍများတွင် သာမက အစုရှယ်ယာရှင်များအတွက်ကိုပါ အကျိုးအမြတ်ရရှိနိုင်သည့်စီမံကိန်း အမျိုးအစားများဖြစ်ကြောင်း သိရသည်။

ထို့ပြင် စိုက်ပျိုးသည့် တောင်သူများနှင့် ကြိတ်ခွဲရောင်းချသူများပါ အဆင်ပြေစေမည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

"အခုလို MAPCO ရဲ့ MAPCO Golden Lace Co., Ltd. မှ ဆန်စပါးနဲ့သက်ဆိုင်တဲ့ ဆန်စက်ကြီးတွေကို ကျိုက်လတ်မြို့နယ်အတွင်းမှာ ဆောက်လုပ် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီဆန်စက်ကြီးတွေပြီးသွားပြီဆိုရင် တောင်သူတွေရော၊ ကြိတ်ခွဲရောင်းချသူတွေပါ အများကြီး အဆင်ပြေလာမှာဖြစ်ပါတယ်။ ဒီလို စီမံကိန်းတွေကို အကောင်အထည်ဖော်နိုင်တဲ့အတွက် မြန်မာ့လယ်ယာစီးပွားကဏ္ဍရော MAPCO မှာ ရှယ်ယာထည့်ဝင်ထားတဲ့သူတွေအတွက်ပါ အကျိုးအမြတ် အများကြီးဖြစ်နိုင်တဲ့စီမံကိန်းအမျိုးအစားတွေဖြစ်ပါတယ်"ဟု MAPCO မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**မယ်သီတာ**

# ယာဉ်ဟောင်းအပ်နှံစလစ် ဈေးမာလာပြီး ယာဉ်အရောင်းအဝယ်အေး

ဖေဖော်ဝါရီလဆန်းပိုင်းခန့်တွင် ရန်ကုန်မြို့ကားဈေးကွက်၏ အခြေအနေမှာ အရောင်းအဝယ် အနည်းငယ်အေးနေပြီး ရှိပြီးသားကားများသာ အရောင်းအဝယ်လုပ်နေကြကြောင်း သိရသည်။

၂၀၁၅ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ကားတင်သွင်းခွင့် မူဝါဒ များအား သက်ဆိုင်ရာမှ အသစ်ထုတ်ပြန်အပြီး ကားဈေးကွက်အတွင်း ကားပါကင်နေရာရှိမှသာ တင်သွင်းခွင့်ရှိသည့်တစ်ဦးချင်း တင်သွင်းခွင့် (ဖရီးပါမစ်) ကားများမှာ ယခင်ကနှင့်စာလျှင် တင်သွင်းမှုလျော့နည်းသွားကြောင်း သိရသည်။ ယင်းသို့နည်းပါးလာခြင်းသည် ရန်ကုန်မြို့ ယာဉ်ကြောကျပ်တည်းမှု ပြဿနာအား တစ်ဖက်တစ်လမ်းမှဖြေရှင်းမှု အကျိုးသက်ရောက်ကြောင်း သိရသည်။

ယခုနှစ်တွင် စလစ်ကပ်ကားများအခွန်သက်သာခွင့်ပြုခြင်းမှာလည်း မတ်လ ကုန်တွင် နောက်ဆုံးဖြစ်နေပြီး နောက်ပိုင်းကာလများတွင် အခွန်သက်သာခွင့် မရှိတော့သဖြင့် ရှိသမျှစလစ် (၂၀၁၄)များအား လိုက်လံဝယ်ယူတင်သွင်းကြသဖြင့် ပြည်ပလေလံဈေးလည်း မြင့်တက်လာကာ ပြည်တွင်းရောက်ရှိရောင်းချနေသော စလစ်ကပ်ကားများမှာလည်း ကျပ် ၁၀ သိန်း ၁၅ သိန်းခန့် ဈေးမာလာခဲ့ကြောင်း ဘာတာယာဉ်စခန်းမှ ဝါရင့် ယာဉ်အကျိုးဆောင် ကိုမြင့်ကျော်ကပြောသည်။

လတ်တလော ၂၀၀၄ ခုနှစ် စလစ်များ ဈေးကောင်းရနေပြီး စက်မှုဇုန် စလစ် ၅၃ သိန်း၊ 'က' တန်း စလစ် ၆၅ သိန်းခန့်ရှိကာ ၂၀၁၅ စလစ်များမှာမူ ၄၅ သိန်းသာရှိပြီး အဝယ်မရှိကြောင်း သိရသည်။ အခွန်သက်သာခွင့်မှာ ၂၀၁၅ မတ်လနောက်ပိုင်းခံစားခွင့်မရှိတော့သည့်အတွက် နှစ် ၂၀ သက်တမ်းရှိ ကားတော်တော် များများမှာ မအပ်ကြတော့ဘဲ ရုပ်ထွက်ကောင်းသည့်ကားများဆိုလျှင် မူလပေါက် ဈေးထက် ၁၀ သိန်းအသာဖြင့် ၅၅ သိန်းသိန်း ၆၀ ခန့်ဖြင့် မွမ်းမံရောင်းချလာမှုများ ရှိကြောင်း ဝါရင့်အကျိုးဆောင်များမှပြောသည်။

တက္ကစီစလစ်များလည်း ဈေးပြန်မာလာကာ ကျပ်သိန်း ၆၀ ဝန်းကျင်ရှိနေပြီး ယခုကာလအတွက် မြန်မာမီနီကားလေးများလည်း နံပါတ်အနီများ အပ်နှံခွင့်ပြုမည် ကြားသိရသဖြင့် ယခင် ၄၀ သိန်းရှိရာမှ ယခု ၄၅ သိန်းဈေးဖြစ် နေကြောင်း၊ နောက်ပိုင်းတွင် တက္ကစီအငှားယာဉ်များလည်း အခွန်ခံစားခွင့် မရှိတော့သဖြင့် ဈေးမာလာ နိုင်သည်ဟု ထင်ရသော်လည်း လတ်တလောတွင် အင်ဂျင်ပါဝါ ၁၅၀၀ စီစီကားများ ကျပ် ၁၀၀ သိန်းကျော်နှင့်ပင် ရောင်းချနေကြကြောင်း ၎င်းတို့မှပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဗီလ်ဒါ (2009) | ယာယီ | ၁၆၅ သိန်း | |
| ၂။ | တိုယိုတာ၊ ဟာရီယာ (2003) | ယာယီ | ၂၆၅ သိန်း | 2 .4 |
| ၃။ | မတ်(ခ်)တူး (2003) | ယာယီ | ၁၄၅ သိန်း | 2 .0 |
| ၄။ | ဘွန်ဂို (ကိုချ်) | ယာယီ | ၁၀၀ သိန်း | 3 .0 ဒီဇယ် |
| ၅။ | ဘယ်လ်တာ (2009) | ယာယီ | ၁၂၅ သိန်း | ကီလိုနည်း |
| ၆။ | မီနီကတ်/ဗင် (2009) | ယာယီ | ၇၅ သိန်း | |
| ၇။ | စူဇူကီးကယ်ရီထရပ် (2006) | ယာယီ | ၆၁ သိန်း | |
| ၈။ | ဒိုင်ဟတ်စု(မီရာ) (2009) | ယာယီ | ၆၅ သိန်း | |
| ၉။ | ကိုရိုလာဗင် (98) | FE | ၁၁၃ သိန်း | 1 .5 ဓာတ်ဆီ |
| ၁၀။ | ဟွန်ဒါဖစ် (2011) | ယာယီ | ၁၁၅ သိန်း | |

**SN**

## သင့်ကျန်းမာရေး

# မိခင်နို့တိုက်ကျွေးခြင်း ဖြည့်စွက်စာကျွေးခြင်း

ဒေါက်တာလွင်သန့်

ကလေးကျန်းမာရေးကနေ၊ မိခင်နို့ တိုက်ကျွေးခြင်းနဲ့ ပတ်သက်ပြီး ဆွေးနွေးပေးချင်ပါတယ်။

ကလေးကို မိခင်နို့လှန်တိုက်တာ လောက် ကရိကထနည်းတာ မရှိပါဘူး။ အကောင်းဆုံးအစားအစာဖြစ်တယ်။ ကလေးဘဝအတွက် မရှိမဖြစ်လိုအပ်တယ်။ ကလေးဘဝကြီးထွားဖွံ့ဖြိုးရာမှာ လိုအပ်တဲ့ ကစီဓာတ်၊ အဆီနှင့်အသားဓာတ်တွေ နို့မှနေရတယ်။ ကလေးရဲ့ ခုခံမှုစနစ်အားကောင်းအောင် မိခင်နို့က စွမ်းဆောင်ပေးနိုင်တယ်။ ရောဂါအချို့ကာကွယ်ပေးနိုင်တယ်။ ဝမ်းလျှော၊ ဝမ်းပျက်၊ အဆုတ်ရောဂါ မဖြစ်နိုင်ဘူး။ မိခင်ဖြစ်သူ အာဟာရပြည့်ဝစွာစားရင်၊ ကလေးဖြစ်သူ အခြားအားဆေးမလိုဘူး။

အခြားဖြည့်စွက်စာများကို အသက် ၆လကျော်ရင် ပြောင်းလဲကျွေးနိုင်ပါတယ်။ ကလေးကို မိခင်နို့ တိုက်ကျွေးခြင်းဖြင့် "သားဆက်ခြားခြင်းလည်း ဖြစ်စေကာ ၊ မိခင်နဲ့ကလေး သံယောဇဉ်ပိုပြီး ဖြစ်စေပါတယ်။ မိခင်နို့ တိုက်ကျွေးခြင်းဖြင့် မိခင်မှာမလိုအပ်ဘဲ၊ အဆီစုဆောင်းခြင်းကင်းဝေးပြီး၊ ကျန်းမာစေပါတယ်။

နို့တိုက်ကျွေးခြင်းမပြုမီ ကိုယ်ဝန်ဆောင်ကတည်းက မိခင်ဟာ နို့သီးခေါင်းသန့်ရှင်းရေး၊ ကလေးနို့တိုက်နိုင်ဖို့ အသင့်လုပ်ထားရမယ်။ မွေးပြီးပြီးချင်း နာရီဝက်မှာ နို့ဦးရည် Clostrum ထွက်တယ်။ နို့ဦးရည်ဟာ ကလေးဘဝရောဂါတွေ ကာကွယ်ပေး နိုင်လို့ ရသလောက် စောနိုင်သမျှ စောစောတိုက်ကျွေးရမယ်။ ငိုတိုင်းတိုက် ၊ ဆာတိုင်းတိုက်၊ အချိန်အားတိုင်းတိုက်ရမယ်။ မိခင်နို့တိုက်ကျွေးတဲ့ကလေးဟာ "အဝလွန်ခြင်း" မဖြစ်ဘူး။ ဘဝကို ပို ပြင်းပြင်းထန်ထန် ခံနိုင်ရည်ရှိတယ်လို့ ဆိုတယ်။ ဒီထက်မက အကျိုးကျေးဇူး ရှိပါတယ်။

မိခင်နို့တိုက်ကျွေးရာမှာ မအောင်မြင်ရတဲ့ အကြောင်းများကတော့

(၁) မိခင်ကိုယ်တိုင်နို့တိုက်လိုစိတ်မရှိခြင်း (သို့) စိတ်ဝင်စားမှုမရှိခြင်း၊
(၂) လွန်ကဲစွာ ပူပင်ကြောင့်ကြခြင်း
(၃) နို့သီးခေါင်းမထွက်ခြင်း၊ နို့တင်းလွန်း ခြင်း၊
(၄) နို့ခန်းစေတတ်တဲ့ ဆေးများ တိုက်ကျွေးခြင်း၊ ထိုးထားခြင်း၊
(၅) ရောဂါရှိခြင်း တို့ဖြစ်တယ်။

မိခင်နို့အောင်မြင်စွာ တိုက် ကျွေးဖို့မှာ မိခင်ရဲ့စိတ်ပေါ်မှာပဲ မူတည်တယ်။ နို့တိုက်ဖို့ စိတ်ဝင်စားမှု မရှိခြင်း၊ လွန်ကဲစွာပူပင်ခြင်း၊ သောကရောက်ခြင်းက မိခင်ဦးနှောက်တွင်းရှိ ပစ်ကျူထရီဂလင်း (Pituitary Gland) ကိုလှုံ့ဆော်မှု အဟန့်အတားပြုတယ်။ နာကျင်ရင်လည်းပြုတယ်။ တစ်ခုနဲ့တစ်ခု ဆက်စပ်ပြီး မိခင်ရဲ့နို့သီးခေါင်း ပြုပြင်ထားမှုမရှိလို့၊ ကလေးကနို့ရည် ပန်းမထွက်တဲ့အခါ ငိုတယ်။ နို့ဘူးတိုက် ကျွေးမိရင်၊ မိခင်နို့ ပြန်တိုက်လို့မရတော့ဘူး။ မိခင်ရဲ့ပူပင်မှု၊ စိတ်ဖိစီးမှုက နို့မထွက်ဘဲ၊ အချိန်မသင့်ခင် နို့ပြတ်သွားစေတယ်။ (သို့) ကိုယ်ဝန်တားဆေးကြောင့် နို့ခမ်းသွားတတ်ပါတယ်။

ကလေးနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲရင် ကလေးသွားဖုံးက နို့သီးခေါင်းအရင်းမရောက်တဲ့အခါ ထိပ်ဖျားကို ကြိတ်ဝါးနေရလို့၊ နို့သီးခေါင်းကွဲကာ၊ ပိုးဝင်ခြင်း၊နာကျင်ခြင်း၊ နို့ချောင်းပိတ် ခြင်း၊ အကျိတ်ထွက်ခြင်း ဖြစ်တယ်။ အပြင်ကိုမထွက်ရတဲ့နို့ရည်မှာ နို့အုံကိုတင်းစေပြီး၊ နဂိုကကောင်းစွာမထွက်တဲ့ နို့သီးခေါင်းက ပိုမိုတင်းသွားတယ်။

မိခင်ဟာ မိခင်စိတ်နဲ့ နို့သီး ခေါင်း ပြုပြင်သွားရမယ်။ ကိုယ်ဝန်ရှိစဉ်ကပင် ဂရုစိုက်ပြုပြင်ပေးရမယ်။ နို့တိုက် မိခင်သည်သာ ကျက်သရေနဲ့ ပြည့်စုံတဲ့ မိခင်ကောင်းပီသပြီး၊ အကြောင်းအမျိုးမျိုးကြောင့် မိခင်နို့ မတိုက်နိုင်ရင်လည်း ကလေးငယ်ဝမ်းလျှော၊ ဝမ်းပျက်မဖြစ်ရအောင်၊ နွေးနွေးထွေးထွေးနဲ့ သန့်သန့် ရှင်းရှင်းဖြစ်ဖို့ ဂရုစိုက်သင့်တယ်။ နို့ဗူးကို စင်ကြယ်အောင် ဆေးထားဖို့လိုသလို နို့ဗူးထဲမထည့်ခင် ရေနွေးနဲ့ကျင်းပေးရ မယ်။ နို့သီးခေါင်းအသစ် လဲလှယ်ပေး သင့်ပါတယ်။

## ခရမ်းချဉ်သီးဖျော်ရည်သောက်သုံးခြင်းဖြင့် အဆီကျစေနိုင်



ခန္ဓာကိုယ်မှာ အဆီများ များပြားနေခြင်းကြောင့် အဝလွန်ခြင်းကိုဖြစ်စေပါတယ်။ ခရမ်းချဉ်သီးမှာ ပါဝင်တဲ့ လိုင်ကိုပင်းဟာ ခန္ဓာကိုယ်မှာရှိတဲ့ အဆီများကို ကျစေနိုင်ပါတယ်။ လိုင်ကိုပင်းဟာ ခရမ်းချဉ်သီးနဲ့ ခရမ်းချဉ်သီးထွက်ပစ္စည်းများမှာ များစွာပါဝင်လျက်ရှိပါတယ်။ လိုင်ကိုပင်းဟာ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အဆီများကို လောင်ကျွမ်းစေနိုင်စွမ်းရှိပါတယ်။ တရုတ်(တိုင်ပေ) China Medical Universtiy မှ Pei-Min-Chao နဲ့အဖွဲ့ဟာ အသက် ၂၀ မှ ၃၀ နှစ်ကြားရှိ BMI (Body Mass Index) ၂၀ နဲ့အထက်ရှိသူ အမျိုးသမီး ၃၀ ကို လေ့လာမှုမှာ အသုံးပြုခဲ့ကြပါတယ်။ အမျိုးသမီး ၃၀ ကို အစားအစာကို စားမြဲတိုင်း စားသောက်စေပြီး လေ့ကျင့်ခန်းကိုလည်း လုပ်နေကျအတိုင်း လုပ်စေခဲ့ပါတယ်။ ထူးခြားချက်ကတော့ လိုင်ကိုပင်း ၃၂ ဒသမ ၅ မီလီဂရမ်ပါရှိတဲ့ ခရမ်းချဉ်သီးဖျော်ရည် ၂၈၀ မီလီမီတာကို နေ့စဉ် နှစ်လကြာသောက်သုံးစေခဲ့ပါတယ်။ ခရမ်းချဉ်သီးဖျော်ရည်ကို သောက်သုံးစေခြင်းဖြင့် ခန္ဓာကိုယ်ထဲရှိ Monocyte Chemoattractant Protein (MCP-1) ကို ၂၂ ရာခိုင်နှုန်း လျှော့ချပေးနိုင်စွမ်းရှိပါတယ်။ ဒ့ါအပြင် အင်ဆူလင်ကို ထိန်းနိုင်တဲ့ Adiponectin ကို ၂၅ ရာခိုင်နှုန်း ထိ တိုးစေပါတယ်။ လေ့လာမှုများအရ ခရမ်းချဉ်သီးဖျော်ရည်ကို နေ့စဉ်သောက်သုံးပေးခြင်းအားဖြင့် အဆီကျစေတဲ့အပြင် ကိုလက်စထရောများကိုလည်း လျှော့ချပေးနိုင်စွမ်းရှိရာ အမျိုးသမီးငယ်များအနေနဲ့ မလိုလားအပ်တဲ့ ခန္ဓာကိုယ်မှ အဆီပိုများလျှော့ချပေးနိုင်တယ်လို့ ဖော်ထုတ်နိုင်ခဲ့ရာ နေ့စဉ်ခရမ်းချဉ်သီးဖျော်ရည် သောက်သုံးကြဖို့ နှိုးဆော်လိုက်ရပါတယ်။

**ရှင်ပါဂူ**

## နေ့စဉ် ၁၀မိနစ်ခန့် ပီကေဝါးပေးခြင်းဖြင့် ပါးစပ်အတွင်းရှိ ပိုးမွှားများကို သေစေနိုင်



နေ့စဉ် ၁၀မိနစ်ခန့် ပီကေဝါးပေးခြင်းဖြင့် ပါးစပ်အတွင်းရှိ ရောဂါပိုးမွှားများကိုသေစေနိုင်ကြောင်းနယ်သာလန်နိုင်ငံ၊ Groningen တက္ကသိုလ်မှ သုတေသီများက ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါသုတေသီများသည် ပီကေဝါးခြင်းဖြင့် ပါးစပ်အတွင်းရှိ ရောဂါပိုးပေါင်း သန်း ၁၀၀ ခန့်ကို ဖယ်ရှားပေးနိုင်ကြောင်း သက်သေပြနိုင်ခဲ့သည်။

ပီကေစတင်ဝါးသည့် အချိန်မှ စက္ကန့် သုံးဆယ်အတွင်းတွင် ရောဂါပိုးများသေစေနိုင်သည်ကို စတင်တွေ့ရှိရကြောင်း၊ ပါးစပ်အတွင်းရှိ ရောဂါပိုးများသည် ပီကေနှင့် ကပ်ပါလာသည်ကို တွေ့ရှိရကြောင်းဖြင့် Plos One ဂျာနယ်တွင် ဖော်ပြရေးသားခဲ့သည်။

အခြားစမ်းသပ်ချက်တစ်ခုမှာ လက်မှတစ်ဆင့် ပါးစပ်အတွင်းသို့ ရောဂါပိုးမွှားများ ဝင်ရောက်လျက်ရှိရာ ပီကေကို ဝါးပေးခြင်းဖြင့် အဆိုပါရောဂါပိုးများ ဝင်ရောက်ခြင်းကိုဟန့်တားထားနိုင်ကြောင်းဖြင့် သုတေသီများက ရေးသားခဲ့ကြသည်။

"ကျွန်တော်တို့အဖွဲ့အနေနဲ့ အီလက်ထရွန်မိုက်ခရိုစကုပ်ကိုအသုံးပြုပြီး လူတွေဝါးထားတဲ့ပီကေကို ကြည့်ရှုရာ မှာ အဲဒီပီကေမှာ ရောဂါပိုးမွှားတွေ ကပ်ပါနေတာကို တွေ့ရပါတယ်" ဟု ၎င်းတို့၏ရေးသားဖော်ပြချက်တွင် ထည့်သွင်းရေးသားထားခဲ့သည်။

သို့သော် ၎င်းတို့စမ်းသပ်ခဲ့သည့် ပီကေ၏အမှတ်တံဆိပ်အမည်ကိုမူ ထုတ်ဖော်ရေးသားခြင်းမပြုခဲ့ပေ။

အဆိုပါအဖွဲ့အနေဖြင့် ကျန်းမာရေးကို အလေးဂရုပြုသူတိုင်း လက်မှတစ်ဆင့် ပါးစပ်တွင်းသို့ ရောဂါပိုးများ ဝင်ရောက်ခြင်းမှ ကာကွယ်ရန် နှိုးဆော်လျက်ရှိသကဲ့သို့ ပီကေများ ဝါးတတ်သည့်အလေ့အထ ပိုမိုဖွံ့ဖြိုးလာစေရန်လည်းလုပ်ဆောင် သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

## တရုတ်နိုင်ငံခရီးစဉ်မှအပြန်တွင် ကနေဒါနိုင်ငံသားတစ်ဦး ငှက်တုပ်ကွေးရောဂါကူးစက်ခြင်းခံခဲ့ရ

တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးစဉ်အဖြစ် သွားရောက်ပြီးနောက် မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ကြောင်း ကနေဒါနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ယင်းကဲ့သို့ ရောဂါကူးစက်မှုသည် အမေရိကတိုက်မြောက်ပိုင်းဒေသများသို့ ပထမဦးဆုံးအကြိမ်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုပင်ဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အသက် ၅၀ ကျော်အရွယ်ရှိအမျိုး သမီးတစ်ဦးသည် တရုတ်နိုင်ငံမှ ပြန် လာခဲ့ပြီးနောက် နှစ်ရက်ခန့်အကြာတွင် နေမကောင်းဖြစ်ခဲ့ကြောင်း၊ ၎င်းအမျိုး သမီးသည် ကနေဒါနိုင်ငံ၏ အနောက်ဘက်ဆုံးပြည်နယ်ဖြစ်သည့် ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် နေထိုင်ကြောင်း၊ ၎င်းအား ဆရာဝန်များမှ ဂရုစိုက်ကုသပေးခဲ့သော်လည်း အဖျားပျောက်ခြင်းမရှိသဖြင့် စစ်ဆေးမှုများပြုလုပ်ခဲ့ရာတွင် ၎င်းထံ၌ H7N9 ဗိုင်းရပ်စ်ပိုးကို တွေ့ရှိခဲ့ရကြောင်းဖြင့် ကနေဒါနိုင်ငံ ကျန်းမာရေးဝန်ကြီး ရိုနာအမ်းဘရို့စ်က ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါအမျိုးသမီးအား ပြည်သူ့ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက နေအိမ်တွင်ပင် စောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်း၊ ၎င်း၏ကျန်းမာရေးနှင့် ပတ်သက်၍ အချိန်မီသတင်းထုတ်ပြန် ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင် အဆိုပါငှက်တုပ် ကွေးရောဂါကြောင့် ၂၀၁၃ခုနှစ်အတွင်း ရောဂါကူးစက်ဖြစ်ပွားသူပေါင်း ၄၇၀ရှိခဲ့ရာတွင် ၂၈၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်အတွင်းတွင်လည်း အဆိုပါငှက်တုပ်ကွေးရောဂါမှာ ဆက်လက်ဖြစ်ပွားနေသေးကြောင်းဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၃-၂-၂၀၁၅ မှ ၁-၃-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** မကြာခဏဆိုသလို ငွေများ အလုံးလိုက်အခဲလိုက် ရရှိတတ်သည်။ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အားကောင်းလိမ့်မည်။ ပညာရေးကံကောင်းနေမည်။ အောင်မြင် မှုများ ရရှိနိုင်စွမ်းရှိသည်။ အချစ်ရေးတွင်အသည်းကွဲခြင်း၊ ဝေး ကွာသွားရခြင်းမျိုးလည်း ခံစားရတတ်သည်။ အိမ်ထောင်ရေးတွင် အိမ်တွင်းရေး ကိစ္စများ ရှင်းလင်းပြီးသာယာမှုရရှိနေတတ်ပါသည်။ ကျန်းမာရေးတွင် အာရုံကြော အားနည်းတတ်သည်။

**ယတြာ။ ကြေးနီရောင်အရာဝတ္ထုပစ္စည်းဆောင်ပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးတွင် ကံကောင်းသောအနေအထားမျိုး ရှိနေတတ်ပါသည်။ ပညာဉာဏ်စွမ်းအားကောင်းသဖြင့် ပညာရေးထူးချွန်နေတတ်ပါသည်။ အချစ်ရေးတွင်မထင်မှတ်သော နှလုံးသားလှုပ်ရှားမှုရှိလာတတ်သည်။ အိမ်ထောင်ရေး ပျော်ရွှင်နေရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် သွေးနှင့်ပတ်သက်သောဝေဒနာခံစားရမှုရှိနေတတ်သည်။ ကိုက်ခဲနာကျင်သောရောဂါများဖြစ်တတ်သည်ကိုသတိရှိသင့်ပါသည်။

**ယတြာ။ ငွေရောင်ပစ္စည်းဆောင်ပါ။**



**အင်္ဂါသားသမီးများအတွက်** ဇွဲသတ္တိရှိစွာဖြင့် စွမ်းဆောင်နိုင်ခြင်းကြောင့် စီးပွားရေးလောကတွင် ထင်ပေါ်ကျော်စောမှု ရှိနေတတ်ပါသည်။ ပညာရေးကံကောင်းနေမည်။ ရည်မှန်းချက်ပြည့်ဝနိုင်မည့်ကာလဖြစ်သည်။ အချစ်ရေးတွင် ပျော်ရွှင်စရာများနှင့် ရှိနေမည်။ အိမ်ထောင်ရေး သင့်တင့်နေမည်။ ကျန်းမာရေးတွင် အအေးအပူမမျှသော ရာသီဥတုကြောင့် ကျန်းမာရေးအနည်းငယ်အညံ့တွင်ရှိနေတတ်ပါသည်။ စိုးရိမ်စရာမရှိပါ။

**ယတြာ။ ပန်းရောင်ပစ္စည်းဆောင်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် တီထွင်လုပ်ကိုင်သောဆက်သွယ်ရေးလုပ်ငန်းများ အထူးအောင်မြင်နေလိမ့်မည်။ ပင်ပန်းသည်နှင့်အမျှ ဝင်ငွေများရရှိခံစားရလိမ့်မည်။ စီးပွားရေးပညာထူးချွန်နေမည်။ အချစ်ရေးတွင် စိတ်သဘောခြင်းကွဲလွဲမှုရှိတတ်သည်။ အိမ်ထောင်ရေး ညှိနှိုင်းဆွေးနွေးတိုင်ပင်နေရတတ်သည်။ ကျန်းမာရေးအနေဖြင့် လေအားကြီးသောဝေဒနာ ခံစားရတတ်သည်။

**ယတြာ။ ရေညှိစိမ်းရောင်အရာဝတ္ထုပစ္စည်းဆောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ဥစ္စာပစ္စည်းများ ဝင်လာမစဲတသဲသဲရှိလာလိမ့်မည်။ ပညာရေးကံအားကောင်းနေမည်။ အချစ်ရေးတွင် မိမိက အလိုလိုက်နေရတတ်သည်။ အိမ်ထောင်ရေးတွင် မိမိအပေါ် လွှမ်းမိုးချုပ်ချယ်မှုကိုခံစားနေရတတ်သည်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နှင့်ပတ်သက်သောဝေဒနာ ခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ ရွှေဝါရောင်ပစ္စည်းဆောင်ပါ။**



**သောကြာသားသမီးများအတွက်** အလုပ်သစ်၊ စီးပွားသစ် လုပ်ကိုင်ပါက အဆင်ပြေအောင်မြင်သောအခြေအနေများစွာ ရှိနေတတ်ပါသည်။ လက်အောက်ငယ်သား၊ မိမိထက် ငယ်သူများနှင့် အဆင်မပြေ ရှိတတ်သည်။ ပညာရေး၊ အချစ်ရေး အိမ်ထောင်ရေးများတွင် သင့်တင့်သောအနေအထားတွင်ရှိနေတတ်ပါသည်။ ကျန်းမာရေးတွင် အစားအသောက်မှားတတ်သည်ကို သတိရှိသင့်သောကာလ ဖြစ်နေတတ်ပါသည်။

**ယတြာ။ အဖြူရောင်ပစ္စည်းများများသုံးသင့်ပါသည်။**



**စနေသားသမီးများအတွက်** မကျွမ်းကျင်သော စီးပွားရေးလုပ်ငန်းများကို စွန့်စား၍ လုပ်ကိုင်ဆောင်ရွက်ရခြင်းများလည်း ရှိနေတတ်ပါသည်။ စိတ်ပင်ပန်း လူပင်ပန်းဖြစ်နေရတတ်သည်။ ပညာရေးတွင် ရည်မှန်းချက်များမပျောက်ပျက်အောင် ကြိုးစားရလိမ့်မည်။ အချစ်ရေးမကောင်းသေးပါ။ မာယာများသောအချစ်နှင့် တွေ့ရတတ်သည်ကိုသတိထားပါ။ ကျန်းမာရေး ကြီးကြီးမားမားမရှိသော်လည်း အအိပ်အနေအစားဂရုစိုက်ရပါမည်။

**ယတြာ။ သက်ကြီးရွယ်အိုတို့ကို အာဟာရကျွေး၍ငွေလှူပါ။**



# မကွေးမြို့တမာပိုးသတ်ဆေးစက်ရုံမှ တောင်သူအကျိုးပြုဆေးသုံးမျိုး ထုတ်လုပ်

မကွေးမြို့ နတ်မောက်လမ်း ဆီထွက်သီးနှံဗဟိုသုတေသန စိုက်ပျိုး ရေးခြံအတွင်းရှိ တမာပိုးသတ်ဆေးစက် ရုံ၌ တမာပိုးသတ်ဆေးရည်၊ တမာဆီနှင့် ကြိတ်ဖတ်မြေဩဇာများ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

"တမာပိုးသတ်ဆေးရည်နဲ့ တမာဆီကတော့ ဖြုတ်တို့၊ ပြတို့၊ ချတို့၊ ကျိုင်းကောင်တို့၊ ကြမ်းပိုးတို့၊ မြေအောင်းပိုးတို့ အန္တရာယ်ကို ကာကွယ်တာပေ့ါ။ သူကဓာတုဗေဒ ကင်းလွတ်ဆေးထုတ်တာဆိုတော့ မကျခင်ဖျန်းတာ ပိုကောင်းတာပေ့ါ။ ဆေးဖျန်းတဲ့အရွက်တွေကို ပိုးကစားမိရင် ခါးပြီး ခံတွင်းပျက်တာပေ့ါ။ အဲဒီအခင်းက ဘယ်တော့မှ ပိုးမကျတော့ဘူး။ အဲဒီပိုးသတ်ဆေးစားမိတဲ့ပိုးဟာလည်း နောင်ဘယ်တော့မှ မျိုးမပွားတော့ဘူး" ဟု စက်ရုံဝန်ထမ်း တစ်ဦးကပြောသည်။

"တမာစေ့ကုန်ကြမ်းကိုတော့ တမာစေ့ထွက်တဲ့ ကျေးရွာတွေဆင်းပြီး ဝယ်လက်တွေထားရတာပေ့ါ။ သူတို့ကို တမာစေ့ဝယ်ဖို့ ကြိုတင်ငွေတွေထုတ် ပေးထားရတာပေ့ါ။ မကွေးတိုင်းဒေသကြီး၊ စလေမြို့နယ်ဟာ တမာစေ့အများ ဆုံးရတဲ့ဒေသပေ့ါ။ အဲဒီမှာ တမာစေ့ သိုလှောင်ဖို့ဂိုထောင်တစ်လုံးထားရတယ်။ တမာရာသီက ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ တွေမှာ ဝယ်ယူစုဆောင်းထားရတယ်။ မကွေးတိုင်းဒေသကြီးအတွင်းမှာ တမာ ပင်အရေအတွက်ကအစ မှတ်တမ်းတင် ထားရတာ။ တမာအခွံချွတ်ပြီးအစေ့ (တစ်တင်း)ကို ၂၇၀၀ ကျပ် ဈေးပေးရတယ်။ ထုတ်လုပ်ပုံအဆင့်ဆင့်ကတော့ တမာစေ့ကို ရေဆေး၊ နေလှမ်း၊ ခြောက်ရင် စက်ရုံထဲပို့၊ ကုလားပဲခွဲတဲ့ စက်နဲ့ အဆံကိုခွဲပြီးတော့ ဆီကြိတ်၊ ထွက်လာတဲ့ တမာဖတ်ကို အဓိကယူတာပဲ။ တစ်ခါ အဲဒီတမာဖတ်ကို အမှုန့်ကြိတ်ပြီး မက်သနောနဲ့ရောပြီး တမာပိုးသတ်ဆေးရည်ထုတ်တာပဲ။ ဘေးထွက်ပစ္စည်းက တမာဆီရတယ်။ ကြိတ်ဖတ်မြေဩဇာဆိုတာရတယ်။ ပစ္စည်းသုံးမျိုးထွက်တယ်။ တမာပိုးသတ်ဆေးရည်ကို လီတာဝက်ပုလင်းတွေနဲ့ ထည့်ပြီး နောက်ကတ်ဘူးတစ်ဘူးကို လီတာဝက်ပုလင်း ၁၂ လုံးထည့်ပြီး ပိတ်တယ်။ တရုတ်နဲ့ ဂျပန်ကိုပို့တယ်။ ပြည်တွင်းမှာလည်း ဖြန့်တယ်။ တမာဆီကလည်း ခုနတမာပိုးသတ်ဆေးရည်နဲ့ အာနိသင်အတူတူပဲ။ တမာပိုးသတ်ဆေးရည် လီတာဝက်ပုလင်းတစ်ပုလင်းကို ၃၀၀၀ ကျပ်၊ တမာဆီကိုတော့ လီတာ ဝက်တစ်ပုလင်းကို ၁၀၀၀ ကျပ်နဲ့ရောင်းတယ်။ သုံးနည်းလည်းအတူတူပဲ။ ရေလေးဂါလန်နဲ့ တမာပိုးသတ်ဆေး၊ ကျားဘမ်း ပရုပ်ဆီနှစ်ဘူးစာရောပြီး ဆေးဖျန်းပုံးနဲ့ ဖျန်းရတာပဲ။ ကြိတ်ဖတ်မြေဩဇာအမှုန့် ကိုတော့ မိုးဦးကျထွန်ရေးပြင်တဲ့အခါ တစ်ဧကကို နှစ်အိတ်ထည့်သုံးနိုင်တယ်။ ၅၁ ကီလိုရှိတယ်။ တစ်အိတ် ၈၀၀၀ ကျပ်နဲ့ရောင်းတယ်။ တမာစေ့တင်း ၁၀၀၀၀ ကြိတ်ရင် ကြိတ်ဖတ်မြေဩဇာ အိတ် ၁၀၀၀၀ လောက်ရတယ်။ တမာစေ့ တစ်တင်းကြိတ်ရင် တမာဆီငါး ပိဿာထွက်တယ်။ တမာစေ့တင်း ၁၀၀၀၀ ကို တမာပိုးသတ်ဆေးရည် လီတာ ၁၀၀၀၀ ထွက်တယ်။ တမာ ပိုးသတ်ဆေးရည်နဲ့ တမာဆီကို ပဲစင်းငုံပွင့်ချိန် မြေပဲဥချိန်များမှာ သုံးသင့်တယ်။ ပြီးတော့ အာလူး၊ ကြက်သွန်နဲ့ လိမ္မော် ခင်းတွေမှာ မြေအောင်းပိုးတွေ ကာကွယ်ဖို့ သုံးသင့်ပါတယ်။ ပိုးတီ ကောင်အဖြူကြီးတွေသေတာပဲ။ သူကဥတဲ့ ဥတွေလည်း မပေါက်တော့ ဘူး။ သေတာပဲ။ မျိုးသုဉ်းသွားတာပဲ။ တမာပိုးသတ်ဆေးသုံးတဲ့ အခင်းနဲ့ မသုံးတဲ့အခင်းယှဉ်ကြည့်၊ သုံးတဲ့ ယာခင်းက စိမ်းနေတာပဲ။ မြေပဲလည်း ပိုထွက်တယ်။ အပင်အားလည်း ကောင်းတယ်" ဟု ၎င်းကဆက်ပြောသည်။

တမာပိုးသတ်ဆေးရည် တစ်လီတာကို သုံးဧကခန့်ဖျန်းနိုင်ပြီး ပိုးမကျမီ ကြိုတင်ဖျန်းထားခြင်းက ပို၍ကောင်းကြောင်း တစ်နှစ်ကို လီတာ ၆၀၀၀ ကျော်ထုတ်လုပ်ကြောင်း သိရသည်။ **နေလင်းသူရိန်**

# အိန္ဒိယနိုင်ငံမှ မြေပဲတင်သွင်းမှုကို ဗီယက်နမ်နိုင်ငံက ဆိုင်းငံ့ထား

အိန္ဒိယနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ မြေပဲတင်သွင်းခြင်းအား ဖေဖော်ဝါရီ ၆ ရက်မှစ၍ တရားဝင် ဆိုင်းငံ့ထားလိုက်ကြောင်း Vietramnet အွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

အပင်များကို ပျက်စီးစေနိုင်တဲ့ထိ အန္တရာယ်ဖြစ်စေနိုင်တဲ့ အုပ်စု (၁) စာရင်းဝင် Caryedon Serratus Oliver တစ်မျိုးဟာ မြေပဲများမှာသာ ကျရောက်လေ့ရှိပြီး ဗီယက်နမ်နိုင်ငံမှာ ထိုပိုးမျိုးမရှိပါဘူး။ ဇန်နဝါရီလအစောပိုင်းက အပင်ပိုးမွှား သန့်ရှင်းရေးဌာန(၁) Department of Plant Quarantine 1 မှ ဒါရိုက်တာ Vu Van Huong က သူရဲ့ဝန်ထမ်းများဟာ Hai Phong ဆိပ်ကမ်းကို ဆိုက်ရောက်လာတဲ့ မြေပဲ တန် ၇၀၀ နီးပါးမှာ Caryedon Serratus Oliver ကိုစစ်ဆေးတွေ့ရှိရကြောင်း ပြောကြားခဲ့ပါတယ်။

အပင်ပိုးမွှား ကာကွယ်ရေးဌာန (Plant Protection Department ) အားစနစ်တကျစစ်ဆေးပေးရန် အရေးကြီးကိစ္စရပ်အနေနဲ့တောင်းဆိုထားပါတယ်။ သက်ဆိုင်ရာ အိန္ဒိယအေဂျင်စီများကို အကြောင်းကြားထားပြီးဖြစ်သလို အမြန်ဆုံးဖြေရှင်းပေးရန်လည်း အသိပေးထားပြီးဖြစ်ပါတယ်။

အိန္ဒိယဆက်စပ်ကုမ္ပဏီများကို အကြောင်းကြားပြီး အဆိုပါကိစ္စနဲ့ပတ်သက်၍ အမြန်ဆုံး(ချက်ချင်း) ဖြေရှင်းပေးရန် အကြောင်းကြားထားပြီးဖြစ်ပါတယ်။ အပင်ပိုးမွှားကာကွယ်ရေးဌာနအနေနဲ့ ကြိမ်ဖန်မှုများစွာ စစ်ဆေးပြီးနောက် အိန္ဒိယပို့ကုန်များကိုလည်း အကြောင်းကြားထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **CMK**



# မြို့ကြီးများ၏ ၂၃-၂-၂၀၁၅ မှ ၂၇-၂-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၃-၂-၂၀၁၅) | အင်္ဂါ(၂၄-၂-၂၀၁၅) | ဗုဒ္ဓဟူး(၂၅-၂-၂၀၁၅) | ကြာသပတေး(၂၆-၂-၂၀၁၅) | သောကြာ(၂၇-၂-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၈˚F |
| ရန်ကုန်မြို့ | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၇˚F |
| မန္တလေးမြို့ | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၇˚C/၉၉˚F |
| မြစ်ကြီးနား | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁ ˚F |
| လားရှိုး | နေသာ ၂၇˚C/၈၁˚F | နေသာ ၂၈˚C/၈၃˚F | နေသာ ၂၉˚C/၈၅˚F | နေသာ ၂၉˚C/၈၅˚F | နေသာ ၂၉˚C/၈၅˚F |
| ကျိုင်းတုံ | နေသာ ၂၉˚C/၈၅˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F |
| လွိုင်ကော် | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F |
| တောင်ကြီး | နေသာ ၂၆˚C/၇၆˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၅˚C/၇၇˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၆˚C/၇၈˚F |
| ပေါ်လမြိုင် | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၆˚F | တိမ်အသင့်အတင့် ၃၆˚C/၉၆˚F | တိမ်အသင့်အတင့် ၃၆˚C/၉၇˚F |
| ဘားအံ | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၇˚F |
| တောင်ငူ | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၈˚F |
| မုံရွာ | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၇˚F | နေသာ ၃၇˚C/၉၈˚F |
| ပုသိမ် | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၇˚C/၉၇˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၆˚C/၉၆˚F |
| မြိတ် | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F |
| စစ်တွေ | နေသာ ၂၉˚C/၈၅˚F | နေသာ ၃၀˚C/၈၆˚F | နေသာ ၂၉˚C/၈၅˚F | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၉˚C/၈၄˚F |
| မကွေး | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F |
| ဖလမ်း | နေသာ ၂၄˚C/၇၆˚F | နေသာ ၂၆˚C/၇၉˚F | နေသာ ၂၅˚C/၇၇˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၆˚C/၇၈˚F |

## ဂျပန်နိုင်ငံတွင် တစ်ပတ်အတွင်း အင်အားပြင်းငလျင် နှစ်ကြိမ်လှုပ်ခတ်

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဖူကူအိုကာ စီရင်စုဒေသတွင် အင်အား အလွန်ပြင်းထန်သည့် ငလျင်တစ်ခု ဖေဖော်ဝါရီ ၂၀ ရက် နေ့လယ်ပိုင်းက လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်သည် အင်အားရစ်ချ်တာ စကေး ၆ ဒသမ ၈အဆင့်ရှိပြီး အင်အားအလွန် ပြင်းထန်သည့် ငလျင်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ ငလျင်တိုင်းတာရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းမြေငလျင်သည် မြောက်လတ္တီကျူဒ် ၃၉ ဒသမ ၈၄၇၂ နှင့် အရှေ့လောင်ဂျီကျူဒ် ၁၄၃ ဒသမ ၅၆၉ တို့ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ပြီး မြေအောက် ၁၃ ဒသမ ၅၄ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု USGS က ထုတ်ဖော်ရေးသားခဲ့သည်။

ထို့ပြင် ဖေဖော်ဝါရီ ၁၆ရက်ကလည်း ဂျပန်နိုင်ငံမြောက်ပိုင်း ဟွန်းရှူးကျွန်းတွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈အဆင့်ရှိ အင်အားပြင်းထန်သည့် ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်နှစ်ခုစလုံးလှုပ်ခတ်ပြီးနောက် ဂျပန်နိုင်ငံမြေငလျင်တိုင်းတာရေးဌာနမှ ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် အီဝါတီစီရင်စုဒေသရှိကျွန်းများတွင် ဆူနာမီအသေးစားများဖြစ်ပေါ်ခဲ့သော်လည်း ဂျပန်မိုးလေဝသဌာနက မူဆူနာမီသတိပေးချက်များကို အရှိန်အဟုန်မြှင့်၍ လုပ်ဆောင်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါဒေသများသည် လွန်ခဲ့သည့် ၂၀၁၁ ခုနှစ်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်း ငလျင်ကြောင့် ဆူနာမီလှိုင်းများဖြစ်ပေါ်ခဲ့ကာ လူပေါင်းများစွာ သေကျေပျက်စီးခဲ့ရသည်။ ထို့ပြင် ဖူကူအိုကာဒေသရှိ အဏုမြူဓာတ်ပေါင်းဖိုများလည်းပျက်စီးကာ ဓာတ်ရောင်ခြည်သင့်မှုများ ဖြစ်ပေါ်ခဲ့ရသည်။

ယခုလှုပ်ခတ်ခဲ့သည့် ငလျင်နှစ်ခုသည် ၂၀၁၁ ခုနှစ်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ပြီးလျင် ကြောက်စရာကောင်းသည့် ငလျင်များဖြစ်ကြောင်း ဂျပန်မိုးလေဝသဌာနမှ ပြောကြားခဲ့သည်။

**မယ်သီတာ**

## ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်နှင့် အရှေ့မြောက်ပိုင်းဒေသများသို့ မာရီဆာမုန်တိုင်းနှင့် လမ်မ်အပူပိုင်းမုန်တိုင်းများ ဝင်ရောက်တိုက်ခတ်

ဩစတြေးလျနိုင်ငံ၊ ကွင်းစလန်းပြည်နယ်သို့ ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက မာရီဆာအမည်ရှိ အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့သည်။ မာရီဆာမုန်တိုင်းသည် ကွင်းစလန်းပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်နေချိန်တွင် လမ်မ်အမည်ရှိ အပူပိုင်းမုန်တိုင်းသည်လည်း ဩစတြေးလျနိုင်ငံအနောက်ပိုင်းရှိကျွန်းများသို့ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း စီအန်အေသတင်းတွင် ဖော်ပြထားသည်။

မာရီဆာ အပူပိုင်းမုန်တိုင်းသည် တစ်နာရီတွင် ၂၈၅ ကီလိုမီတာ(တစ်နာရီလျှင် ၁၇၇မိုင်)နှုန်းဖြင့်တိုက်ခတ်ခဲ့ရာ မုန်တိုင်းအဆင့်မှာ အဆင့် ၅ရှိသည့် အင်အားအလွန်ပြင်းထန်သည့် မုန်တိုင်း အဖြစ်သတ်မှတ်ခဲ့ကြောင်း သိရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပြိုလဲပျက်စီးခဲ့ရပြီး ရေလွှမ်းမိုးမှုများလည်းဖြစ်ပေါ်ခဲ့ရကြောင်း၊ သစ်ပင်များမှာ မြေပေါ်သို့လဲကျခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်မှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ကွင်းစလန်ပြည်နယ်တွင် နေထိုင်ကြသည့်သူများအနက် လူပေါင်း ၇၅၀၀၀ ခန့်ကို မုန်တိုင်းနှင့်လွတ်ရာဒေသဖြစ်သည့် ဘာရစ္စဘိန်းမြို့



မြောက်ပိုင်းဒေသများသို့ပို့ဆောင်ပေးခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယင်းကွင်းစလန်းပြည်နယ်တွင် ၂၀၁၃ ခုနှစ်က တိုက်ခတ်ခဲ့သည့် အပူပိုင်းမုန်တိုင်း အော့စ်ဝေါလ်ကြောင့် အမေရိကန်ဒေါ်လာ ၇၆၅ သန်း ပျက်စီးဆုံးရှုံးခဲ့ရသည်။

ယခုမာရီဆာမုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် ပျက်စီးဆုံးရှုံးမှုများကို မသိရှိရသေးကြောင်း၊ လက်ရှိတွင်လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရရှိမှုများကို အတိအကျ မသိရှိရသေးသော်လည်း ငါးဖမ်းသမားနှစ်ဦး ပျောက်ဆုံးလျက်ရှိသည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

ယင်းကဲ့သို့ မာရီဆာမုန်တိုင်း ဝင်ရောက်တိုက်ခတ်ချိန်တွင် မြောက်ပိုင်း ဒေသတွင် ဝင်ရောက်တိုက်ခတ်ခဲ့သည့် အပူပိုင်းမုန်တိုင်းကြောင့်လည်း ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ကြောင်း ဩစ တြေးလျနိုင်ငံမိုးလေဝသဌာနမှ ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

မာရီဆာ အပူပိုင်းမုန်တိုင်းကြောင့် ဩစတြေးလျနိုင်ငံ၏ ကြံစိုက်ဧကများ အနက် ၁၀ ရာခိုင်နှုန်းမှာ ပျက်စီးဆုံးရှုံးနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**မယ်သီတာ**

# ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၂ အသင်း ကစားသမားစာရင်းထုတ်ပြန် ဖီဂျီယူ-၂၀အသင်းနှင့် ယှဉ်ပြိုင်ခြေစမ်းရာတွင် ဂိုးမရှိသရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့

အာရှယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် စင်ကာပူနိုင်ငံတွင် ကျင်းပမည့် ၂၀၁၅ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတို့သို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာလက်ရွေးစင် ပဏာမ ယူ-၂၂ အသင်းအတွက် ကစားသမားစာရင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ မြန်မာယူ-၂၂အသင်းကို နည်းပြအဖြစ် မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းဖြစ်သူ မကွေးအသင်း နည်းပြချုပ် ဦးကြည်လွင်အား တာဝန်ပေးအပ်ခဲ့သည်။ အသင်းအုပ်ချုပ်သူအဖြစ် ဦးသန်းတိုးအောင်အား တာဝန် ပေးအပ်ခဲ့သည်။

ယင်း မြန်မာယူ-၂၂အသင်းသည် ဂျပန်ခြေစမ်းခရီးစဉ်အပါအဝင် ကြိုတင်လေ့ကျင့်မှုများ၊ ခြေစမ်းပွဲများကို ဆက်လက်ယှဉ်ပြိုင် လေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖွဲ့စည်းလိုက်သည့် မြန်မာယူ-၂၂ အသင်းတွင် **(ဂိုး)** ကျော်ဇင်ဖြိုး(မကွေး)၊ ဇော်ဇော်နိုင်(ဧယျာရွှေမြေ)၊ရန်အောင်လင်း(ဟံသာဝတီ)၊ ဇော်ထက်လင်း(ဆောက်သမ်းမြန်မာ)၊ **(နောက်)** ရဲဝင်းအောင်(ရတနာပုံ)၊ ကျော်ဇင်လွင်(မကွေး)၊ သိန်းနိုင်ဦး(ကမ္ဘောဇ)၊ ဇော်ဝင်း(ရန်ကုန်)၊ သောင်ဟပ်သန်(ချင်း)၊ ကိုကိုဟိန်း(ဇွဲကပင်)၊ ဇော်ရဲထွန်း(ရတနာပုံ)၊ ဖြိုးကိုကိုသိန်း (ရောဝတီ)၊ စည်သူအောင်(ရတနာပုံ)၊ ဟိန်းသီဟဇော်(ရောဝတီ)၊ ဟိန်းနေဆန်း(ရတနာပုံ)၊ ဇာနည်ထက်(ရန်ကုန်)၊ **(လယ်)** သီဟဇော်၊ အောင်ကျော်နိုင်၊ နေလင်းထွန်း(ရောဝတီ)၊ ညဏ်လင်းအောင်၊ဇင်ဖြိုးအောင်၊ထက်ဇော်ထွန်း(ဇွဲကပင်)၊ သက်ပိုင်ဦး(ဧယျာရွှေမြေ)၊ ဆက်ဖြိုးဝေ၊ ဇွန်မိုးအောင်(ရန်ကုန်)၊ ချစ်စုမိုး(ချင်း)၊ လှိုင်ဘိုဘိုရဲကိုဦး(ရတနာပုံ)၊ အောင်ရှိုးသာမောင်၊ မျိုးမင်းဇော်(မကွေး)၊ **(ရှေ့တန်း)** ကောင်းဆက်နိုင် (မကွေး)၊ ဒွေးကိုကိုချစ်၊ ရှိုင်းသူရ၊ ဇင်မင်းထွန်း(ရတနာပုံ)၊သန်းထက်အောင် (ရန်ကုန်) တို့ဖြစ်ကြောင်း သိရသည်။

မြန်မာယူ-၂၂အသင်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ဖီဂျီ ယူ-၂၀ အသင်းနှင့် ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင် ခြေစမ်းကစားခဲ့ရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။

မြန်မာယူ-၂၂ အသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စုစည်းလေ့ကျင့်ထားသည့် ဖီဂျီ ယူ-၂၀အသင်း၏ ကစားအားနှင့် တိုက်စစ်အားကို မယှဉ်နိုင်သည့်အပြင် ဂိုးသွင်းမှုစွမ်းရည်များတွင်လည်း လိုအပ်ချက်များရှိနေသဖြင့် အနိုင်ဂိုး မရရှိခဲ့ခြင်းဖြစ်သည်။

ဖီဂျီယူ-၂၀အသင်းသည် မြန်မာယူ-၂၂အသင်းနှင့်မယှဉ်ပြိုင်မီ ဖေဖော်ဝါရီ ၁၇ရက်က မန္တလေးမြို့ရှိ မန္တလာသီရိကစားကွင်းတွင် မြန်မာယူ-၂၀ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည်။

အဆိုပါပွဲတွင် မြန်မာယူ-၂၀ အသင်းသည် ဖီဂျီယူ-၂၀အသင်းကို သန်းပိုင်၏ တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဖီဂျီယူ-၂၀အသင်းနည်းပြ ဖရန့်ဖာရီနာက မြန်မာယူ-၂၂အသင်းထက် မြန်မာယူ-၂၀အသင်းက ပိုကောင်းဟု ချီးကျူးခဲ့ကြောင်း သိရသည်။

“ကျွန်တော် မြန်မာယူ-၂၀အသင်းနဲ့ရော မြန်မာယူ-၂၂အသင်းနဲ့ပါ ယှဉ်ပြိုင်ကစားခဲ့ပြီးပါပြီ။ ဒါပေမယ့် မြန်မာယူ-၂၀အသင်းရဲ့ ကစားပုံက ယူ-၂၂ရဲ့ ကစားပုံထက် ပိုပြီးတော့ ကောင်းပါတယ်။ ကျွန်တော်တို့အသင်းက အရန်ကစားသမားတွေနဲ့ မြန်မာယူ-၂၂ အသင်းကို ယှဉ်ခဲ့ပါတယ်။ တစ်ဖက်သတ် ဖိကစားခဲ့ပြီး ကျွန်တော်တို့ ဂိုးပေါက်ကို ခြိမ်းခြောက်ခဲ့ပေမယ့် အဆုံးသတ် ညံ့တာကြောင့် ဂိုးမရတာပါ”ဟု ဝေဖန်ပြောကြားခဲ့သည်။

# နိုင်ငံခြားသား ကစားသမားနှစ်ဦးအား စာချုပ်ဖျက်သိမ်းရန် ရတနာပုံအသင်းစီစဉ်

ရတနာပုံအသင်းအနေဖြင့် အသစ်ခေါ်ယူထားသည့် နိုင်ငံခြားသားကစားသမားနှစ်ဦးအား စာချုပ်ဖျက်သိမ်းရန် စီစဉ်လျက်ရှိကြောင်းအသင်းပိုင် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ရတနာပုံအသင်းသည် ၂၀၁၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲများနှင့် အေအက်ဖ်စီပြိုင်ပွဲများအတွက် အသစ်ခေါ်ယူထားသည့် ကျောနံပါတ် ၂၄ လိုက်ဘေးရီးယားရှေ့တန်းကစားသမား ဖိုဒေးနှင့် ကျောနံပါတ် ၁၅ ဩစတြေးလျ အလယ်တန်းကစားသမား ဂျိမ်းစ်မေယာတို့အား လက်ရှိစာချုပ်များ ဖျက်သိမ်းရန် စီစဉ်လျက်ရှိကြောင်း သိ ရသည်။

အဆိုပါကစားသမားများ၏လက်ရှိခြေစွမ်းသည် အသင်းနှင့်အံဝင်ရန် နှောင့်နှေးနေမှုများကြောင့် အသင်းမှ ယခုကဲ့သို့ စာချုပ်များဖျက်သိမ်းရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ရတနာပုံအသင်းအနေဖြင့် စာချုပ် ဖျက်သိမ်းလိုက်သည့် အဆိုပါ နိုင်ငံခြားသားကစားသမားများနေရာတွင် ပြည်တွင်းကစားသမားများနှင့် အစားထိုးသွားမည်ဖြစ်ပြီး အသင်း၏ရလဒ်ပိုင်းအား အကောင်းဆုံးပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖိုဒေးနှင့် ဂျိမ်းစ်မေယာတို့အား စာချုပ်ဖျက်သိမ်းမည့်ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာအေးဂျင့်များအား အကြောင်းထားပြီးဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

# MFF Cup ရှုံးထွက်ဖလားပြိုင်ပွဲအား ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ဘောလုံးပြိုင်ပွဲအဖြစ် အမည်ပြောင်းလဲကျင်းပမည်



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပလျက်ရှိသည့် MFF Cup ရှုံးထွက်ဖလားပြိုင်ပွဲအား ဗိုလ်ချုပ်အောင်ဆန်းဒိုင်းအမည်ဖြင့် ပြောင်းလဲကျင်းပသွားရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေး ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား အောက်မေ့ဂုဏ်ပြုသောအားဖြင့်MFF Cup ဘောလုံးပြိုင်ပွဲအား ဗိုလ်ချုပ်အောင်ဆန်းဒိုင်းဟု ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှထုတ်ပြန်ကြေညာခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက် ဘောလုံးပြိုင်ပွဲကို ၁၉၅၇ ခုနှစ်မှ စတင်ကျင်းပခဲ့သည့် ကွင်းပိတ်ဖလားပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ကျင်းပနိုင်ခဲ့ခြင်း မရှိတော့ပေ။

မြန်မာဘောလုံး လောကအား ပရော်ဖက်ရှင်နယ်အဖြစ် စတင်ပြောင်းလဲခဲ့သည့် ၂၀၀၉ ခုနှစ်နောက်ပိုင်းတွင် MFF Cup ရှုံးထွက်ပြိုင်ပွဲအဖြစ် ပထမတန်း၊ ဒုတိယတန်းအသင်းများ ယှဉ်ပြိုင်ကစားသည့် အဖွဲ့ချုပ်ဖလားပြိုင်ပွဲအား ယခုနှစ် ဗိုလ်ချုပ်နှစ်တစ်ရာပြည့်မှစတင်ကာ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း(General Aung San Shield) အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# ဖူဆယ်လိဂ်ပြိုင်ပွဲများ ကျင်းပပြီးစီး၊ အဆိုပါပြိုင်ပွဲအတွက် ဂိုးသွင်းဘုရင်ဆု ချီးမြှင့်ခြင်းမပြု

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ကျင်းပသည့် MFF Futsal MTC League ပြိုင်ပွဲ၏ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲ၏ ချန်ပီယံဆုကို MIC FC အသင်းက ရရှိခဲ့ပြီး ဆုကြေးငွေအဖြစ် ကျပ်သိန်း ၅၀ ရရှိခဲ့သည်။ ဒုတိယရရှိခဲ့သည့် UPT FC အသင်းက ဆုကြေးငွေ ကျပ်သိန်း ၃၀ ရရှိခဲ့ပြီး တတိယရရှိခဲ့သည့် အသင်းဖြစ်သည့် PU FC အသင်းက ဆုကြေးကျပ်သိန်း ၂၀ နှင့် စတုတ္ထရရှိခဲ့သည့် VUC FC အသင်းမှာ ဆုကြေးကျပ် ၁၀သိန်းရရှိခဲ့ကြသည်။

အသန့်ရှင်းဆုံး အသင်းအဖြစ် VUC FC အသင်းက ရရှိခဲ့ပြီး ဆုကြေးကျပ် ခုနစ်သိန်းရရှိခဲ့သည်။ ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးကစားသမားဆုကို MIC FC အသင်းမှနိုင်ရဲကျော်က ဆွတ်ခူးရရှိခဲ့ပြီး ဆုကြေး ကျပ်သုံးသိန်း ချီးမြှင့်ခြင်း ခံခဲ့ရသည်။

ယင်းပြိုင်ပွဲတွင် ဂိုးသွင်းဘုရင်ဆုအတွက် ချီးမြှင့်ခဲ့ခြင်းမရှိပေ။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ ဂိုးသွင်းအများဆုံးဆုရရှိရန်အတွက် မရိုးသားမှုများပြုလုပ်ခဲ့ကြသည့်အတွက် ပေးအပ်ချီးမြှင့်ခြင်းမပြုရခြင်းဖြစ်ကြောင်း သိရသည်။

ပွဲစဉ်ပြီးဆုံးရန် တစ်ပတ်အလိုတွင် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တစ်ပွဲအတွင်း ဂိုးသွင်းဘုရင်ဆုအတွက် ၃၆ ဂိုးစီ သရေရလဒ် ထွက်ပေါ်အောင် ကစားခဲ့ခြင်းကြောင့် ပြိုင်ပွဲကျင်းပရေးကော်မတီမှ ဂိုးသွင်းဘုရင်ဆုအတွက် စိစစ်လျက်ရှိကြောင်း သိရသည်။




“ဂိုးသွင်းဘုရင်ဆုအတွက် အသင်းနှစ်သင်းညှိကစားခဲ့တယ်ဆိုတာ ဟုတ်ပါတယ်။ ဒါကြောင့် ဒီပြိုင်ပွဲအတွက် ဂိုးသွင်းဘုရင်ဆုကို မပေးတော့ပါဘူး။ ဒီလို မသမာတဲ့နည်းနဲ့ အရယူမယ်ဆိုရင် တကယ်ကြိုးစားပြီး ဂိုးသွင်းထားတဲ့သူတွေ နစ်နာတာပေါ့”ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှအုပ်ချုပ်ရေးမှူးစီမံဒါရိုက်တာ ဦးစိုးမိုးကျော်က Soccer Myanmar သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖူဆယ်လိဂ်ပြိုင်ပွဲကို Mother Trading and Construction Co., Ltd. ၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## စီရော်နယ်ဒိုကို ရောင်းထုတ်ခြင်းက အသင်းအတွက် ပိုမိုအကျိုးရှိနိုင်ဟုဆို

ရီးရဲလ်မက်ဒရစ်အသင်း အနေဖြင့် တစ်ကိုယ်တော်အစွမ်းပြလွန်းသည့် စီရော်နယ်ဒိုကို ရောင်းထုတ်ခြင်းက အသင်းအတွက် ပိုမိုအကျိုးရှိလာနိုင်ကြောင်း စပိန်ဘောလုံးဆိုင်ရာကျွမ်းကျင်သူ တယ်ရီဂစ်ဘ်ဆန်က သုံးသပ်ပြောကြားလိုက်သည်။

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ရရှိထားသည့် စီရော်နယ်ဒိုသည် ပြိုင်ပွဲပေါင်းစုံ ၃၃ ပွဲ၌ ၃၆ ဂိုးသွင်းယူခဲ့ကာ ဂိုးရရှိရန် ဖန်တီးမှုပေါင်း (၁၁) ကြိမ်အထိ ပြုလုပ်ပေးခဲ့သူဖြစ်သည်။

သို့သော် စပိန်ဘောလုံးကျွမ်းကျင်သူ ဂစ်ဘ်ဆန်ကမူ စီရော်နယ်ဒို၏ ဂိုးသွင်းရန် အလွန်အကျွံ စွဲလမ်းနေမှုက အသင်းကို အထိုက်အလျောက် ထိခိုက်စေနိုင်ကြောင်း ဝေဖန်ခဲ့သည်။

"ရီးရဲလ်ရဲ့ စွမ်းဆောင်ရည်ပိုင်းကို လေ့လာကြည့်တဲ့အခါ ဒီရာသီကုန်ရင် စီရော်နယ်ဒိုကို ရောင်းထုတ်သင့်တယ်လို့ ကျွန်တော်ထင်တယ်။ သူက တစ်ဦးတည်း အစွမ်းပြဖို့ကိုပဲ စွဲလမ်းနေတဲ့သူပါ။ သူ့ရဲ့ တစ်ဦးချင်းအောင်မြင်မှုတွေကို ပိုင်ဆိုင်ဖို့ကိုပဲ အဓိကအားထုတ်နေတယ်လို့ ကျွန်တော်မြင်တယ်။ ဒီအချက်က ရီးရဲလ်ရဲ့ အသင်းလိုက်စွမ်းဆောင်ရည်ကို လျော့သွားစေနိုင်ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

## ဝလာဒီမီယာကလစ်ချ်ကိုနှင့် ဘရိုင်ယန့်ဂျင်းနင်းတို့ ဧပြီလအတွင်း ထိုးသတ်မည် သမိုင်းဝင်အဆောက်အအုံ၏ ၈၆ ထပ်တွင် နှစ်ဦးသား တွေ့ဆုံခဲ့

ယူကရိန်း လက်ဝှေ့ချန်ပီယံ ဝလာဒီမီယာကလစ်ချ်ကိုနှင့် အမေရိကန်လက်ဝှေ့ချန်ပီယံဘရိုင်ယန့်ဂျင်းနင်းတို့သည် လာမည့် ဧပြီ ၂၅ရက်တွင် မက်ဒီဆင်စကွဲယားဂါးဒင်းတွင် ထိုးသတ်ကြမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

၎င်းတို့နှစ်ဦးသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၄ ရက်က အမေရိကန်နိုင်ငံ၏သမိုင်းဝင်အဆောက်အအုံတစ်ခုဖြစ်သည့် အင်ပါယာအဆောက်အအုံ၏ ၈၆ထပ်တွင် တွေ့ဆုံခဲ့ကြသည်။

ဝလာဒီမီယာကလစ်ချ်ကိုအနေဖြင့် ၂၀၀၈ခုနှစ်အတွင်းက စူလ်တန်အီဘရာဟီမော့ဗ်ကို အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း အမေရိကန်နိုင်ငံတွင် ပထမဦးဆုံး အကြိမ် ပြန်လည်ထိုးသတ်ခြင်းဖြစ်ကြောင်း သိရသည်။

ဝလာဒီမီယာသည် အီဘရာဟီမော့ဗ်ကို အဆိုပါမက်ဒီဆင်စကွဲယား ဂါးဒင်းတွင်ပင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါပွဲတွင် ဝလာဒီမီယာကလစ်ချ်ကိုသည် ကမ္ဘာ့ဟဲဗီးဝိတ်သရဖူကို ရယူနိုင်ခဲ့ခြင်းဖြစ်ကာ အဆိုပါဟဲဗီးဝိတ်သရဖူကို ယခုထိထိန်းသိမ်းထားနိုင်ဆဲဖြစ်ကြောင်း သိရသည်။

အသက်(၃၀)အရွယ်ရှိပြီဖြစ်သည့် ဂျင်းနင်းသည် ဆုကြေးစား လက်ဝှေ့သက်တမ်းတစ်လျှောက် ထိုးသတ်ခဲ့ရာတွင် နိုင်ပွဲ ၁၉ ပွဲရရှိထားပြီး အဆိုပါ ၁၉ ပွဲအနက် အလဲထိုးပွဲမှာ ၁၀ ပွဲရှိကြောင်း သိရသည်။

"ဝလာဒီမီယာကို ကျွန်တော်ထိုးသတ်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ ဒီပွဲဟာအမေရိကန်နဲ့ယူကရိန်းတို့ရဲ့ စီးပွားရေးအရ ယုံကြည်မှုတွေရှိလာနိုင်တဲ့ ပွဲတစ်ပွဲလည်းဖြစ်လာနိုင်ပါတယ်"ဟု ဂျင်းနင်းက ပြောကြားခဲ့သည်။

သို့သော် ဝလာဒီမီယာအနေဖြင့် တိုင်ဆန်ဖူရီနှင့်သာ ထိုးသတ်လိုသည့်ဆန္ဒရှိနေကြောင်း၊ တိုင်ဆန်ဖူရီနှင့်ပွဲအား စီစဉ်သူ မိုက်ခ်ဟင်နက်ဆီကပြောကြားခဲ့ကြောင်း မီဒီယာများက ရေးသားဖော်ပြထားသည်။



ဂျင်းနင်းသည် ၂၀၀၆ ခုနှစ်က လာ့စ်ဗေးဂတ်စ်တွင် ထိုးသတ်ခဲ့သည့်ပွဲ၌ ကနေဒါနိုင်ငံသား လက်ဝှေ့ကျော် ဘားမန်းစိန့်ဗုန်နီကို အနိုင်ရရှိခဲ့ပြီး အမေရိကန်နိုင်ငံ၏ ပထမဦးဆုံးသော ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံသရဖူကို ရရှိခဲ့သည့် လက်ဝှေ့ချန်ပီယံအဖြစ် မှတ်တမ်း ရေးထိုးနိုင်ခဲ့သည်။



## ဓနသဟာယအားကစားပြိုင်ပွဲ၏ ပြေးခုန်ပစ်ရွှေတံဆိပ်ဆုရှင် ကီလီဆိုသာတန်၏ ရွှေတံဆိပ်များ ခိုးယူခံရ

ဓနသဟာယ အားကစားပြိုင်ပွဲ၏ ပြေးခုန်ပစ်ပြိုင်ပွဲမှ ခုနစ်မျိုးစုံနှင့်မီတာ ၄၀၀ ရွှေတံဆိပ်ဆုရှင် အင်္ဂလန်နိုင်ငံသူ ကယ်လီဆိုသာတန်၏ ရွှေတံဆိပ်ဆုများ ခိုးယူခံရကြောင်း ဘီဘီစီသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ဖောက်ထွင်းသူများသည် ကယ်လီဆိုသာတန်၏နေအိမ်ကို ဖောက်ထွင်းဝင်ရောက်ခဲ့ပြီးနောက် နေအိမ်တွင်းမှ ၎င်း၏ရွှေတံဆိပ်များ၊ လက်ပ်တော့နှင့် ပေါင်စတာလင်များကို ယူဆောင်သွားခဲ့ကြောင်း ဝက်စ်မိုင်းလန်းရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ကယ်လီသည် ၂၀၀၆ခုနှစ်က မဲလ်ဘုန်းတွင်ကျင်းပခဲ့သည့် ဓနသဟာယအားကစားပြိုင်ပွဲ၏ ခုနစ်မျိုးစုံပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုရရှိခဲ့ပြီး ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲမတိုင်မီ ဒဏ်ရာပြဿနာများကြောင့် အားကစားလောကမှ အနားယူခဲ့သူဖြစ်သည်။

ထို့ပြင် ကယ်လီသည် ၂၀၀၄ခုနှစ် အေသင်အိုလံပစ်ပြိုင်ပွဲ၏ပြေးခုန်ပစ်ပြိုင်ပွဲ ခုနစ်မျိုးစုံပြိုင်ပွဲတွင်ကြေးတံဆိပ်တစ်ခုရရှိခဲ့ပြီး အိုဆာကာတွင် ကျင်းပခဲ့သည့် ၂၀၀၇ ခုနှစ် ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲ၏ ခုနစ်မျိုးစုံပြိုင်ပွဲတွင်လည်း ကြေးတံဆိပ် ရရှိခဲ့သည်။ ၂၀၀၆ခုနှစ်က ကယ်လီရရှိခဲ့သည့် ရွှေတံဆိပ်သည် ၎င်း၏ပြေးခုန်ပစ်ကစားသမား သက်တမ်းတစ်လျှောက် အဓိက ပြိုင်ပွဲတစ်ပွဲဖြစ်သည့် ဓနသဟာယအားကစားပြိုင်ပွဲတွင်ရရှိခဲ့ခြင်းဖြစ်သည်။

## ရုရှားပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဘာလာခန်နီရှက်ဗ် နုတ်ထွက်



ရုရှားပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗလင်တင်ဘာလာ ခန်နီရှက်ဗ်သည် အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခဲ့ပြီဖြစ်ကြောင်း ရုရှားနိုင်ငံအိုလံပစ်ကော်မတီမှ ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားပြေးခုန်ပစ်အသင်း၏ ကစားသမားများအနေဖြင့် တားမြစ်ဆေးဝါးများသုံးစွဲမှုပြဿနာများ ပေါ်ပေါက်ခဲ့ပြီးနောက်ယခုကဲ့သို့ နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။

ရုရှားပြေးခုန်ပစ်အသင်းမှ အိုလံပစ်ချန်ပီယံ သုံးကြိမ်ရရှိထားသည့် လမ်းလျှောက်ပြိုင်ပွဲဝင် ကစားသမားငါးဦးအား အပြည်ပြည်ဆိုင်ရာအိုလံပစ်အဖွဲ့ချုပ်မှ တားမြစ်ဆေးဝါးများသုံးစွဲခဲ့ကြောင်း ဖော်ထုတ်ခဲ့ပြီးနောက် ရုရှားပြေးခုန်ပစ်အသင်း၏နည်းပြချုပ် ဗလင်တင်မလက်စကော့ဗ် နုတ်ထွက်ခဲ့သည်။ အဆိုပါတားမြစ်ဆေးဝါးများသုံးစွဲခဲ့သည့် ရုရှားပြေးခုန်ပစ်အသင်းမှ လမ်းလျှောက်ပြိုင်ပွဲဝင်ကစားသမားများအား ပြိုင်ပွဲဝင်ခွင့်ပိတ်ပင်သည့် ပြစ်ဒဏ်များချမှတ်ခဲ့ပြီးနောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ နုတ်ထွက်ရခြင်းဖြစ်သည်ဟုဆိုသည်။"ဒီကိစ္စမှာအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်တဲ့ ကျွန်တော့်မှာတာဝန်အရှိဆုံးပါ။ ဒါကြောင့် ကျွန်တော်နုတ်ထွက်ပါတယ်" ဟု ဘာလာခန်နီရှက်ဗ်က ပြောကြားခဲ့သည်။ ၎င်းသည် ရုရှားပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ၂၅ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

## ရှယ်ယာများ ရောင်းချရန် စဉ်းစားထားခြင်းမရှိဟု ဘာလူစကိုနီဆို

အေစီမီလန်အသင်းပိုင်ရှင်ဘာလူစကိုနီက မိမိအနေဖြင့်အသင်း၏ ရှယ်ယာများကိုရောင်းချရန် စဉ်းစားထားခြင်းမရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အီတလီဝန်ကြီးချုပ်ဟောင်းတစ်ဦးဖြစ်သည့် အေစီမီလန်အသင်းပိုင်ရှင်နှင့် ဖင်းန်အင်ဗက်စ်ကုမ္ပဏီပိုင်ရှင်ဖြစ်သူ ဘာလူစကိုနီအနေဖြင့် ၎င်းပိုင်ဆိုင်သည့်ကုမ္ပဏီမှ ရှယ်ယာများကို ရောင်းချရန် စီစဉ်လျက်ရှိသည်ဟူသော သတင်းများ ထွက်ပေါ်လာပြီးနောက် ဘာလူစကိုနီက ယခုကဲ့သို့ငြင်းဆိုလိုက်ခြင်းဖြစ်သည်။

ဥရောပချန်ပီယံဆုကို ခုနစ်ကြိမ်တိုင်တိုင် ရယူခဲ့သည့်အေစီမီလန်အသင်းအနေဖြင့် လွန်ခဲ့သည့်ဘောလုံးရာသီများကလည်း ရလဒ်များဆိုးရွားခဲ့သလို ယခုဘောလုံးရာသီတွင်လည်း ရလဒ်များ ဆိုးရွားလျက်ရှိကာ အဆင့် ၁၁ နေရာတွင်သာ ရပ်တည်လျက်ရှိသည်။

ထို့ကြောင့် မီလန်အသင်းအနေဖြင့် ယခုရာသီတွင် ဥရောပပွဲများတွင် ဝင်ရောက်ကစားခွင့်ရရှိရန်အတွက် အခွင့်အရေးများကို လက်လွှတ်ရမည့်အနေအထားတွင် ရောက်ရှိနေသည်။

ထို့ပြင် မီလန်အသင်းသည် ပြီးခဲ့သည့် ဖေဖော် ဝါရီ ၁၅ ရက်က အိမ်ကွင်းဆန်စီရိုတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အမ်ပိုလီနှင့်ပွဲတွင် တစ်ဂိုးစီ သရေရလဒ်ကိုသာရရှိခဲ့သည်။ မီလန်အသင်းသည် လက်ရှိနည်းပြ ဖြစ်သည့် ဖိလစ်ပိုအင်ဇာဂီလက်ထက်တွင် ရလဒ်များပိုမိုဆိုးရွားလျက်ရှိ သည်။

## ထိပ်တန်းကွင်းလယ်လူတစ်ဦးခေါ်ယူရေးကို ဦးစားပေးဆောင်ရွက်မည်ဟု ဗန်ဂါးလ် ဆို

မန်ချက်စတာယူနိုက်တက်အသင်း၏ မန်နေဂျာ လူးဝစ်ဗန်ဂါးလ်က ၎င်းအနေဖြင့် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် အသင်းအတွက် ထိပ်တန်းအဆင့်ရှိသည့် ကွင်းလယ်ကစားသမားသစ်တစ်ဦး ခေါ်ယူရေးကို ဦးစားပေးလုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မန်ယူအသင်းတွင် ဒပ်ဗလင်နှင့် မိုက်ကယ်ကာရစ်တို့ကဲ့သို့ ကွင်းလယ်ကစားသမားများဒဏ်ရာရရှိချိန်တွင် အသင်းခေါင်းဆောင်တိုက်စစ်မှူး ရွန်နီအနေဖြင့် ကွင်းလယ်ခံစစ်အထိဆင်းပြီး ကစားခဲ့ရသဖြင့် အဆိုပါအခြေအနေကို ဖြေရှင်းရန် ဗန်ဂါးလ်က စဉ်းစားနေခြင်းဖြစ်သည်။

"ကျွန်တော့်အနေနဲ့ အသင်းရဲ့ဟန်ချက်ကို မျှတအောင်ကြိုးစားနေပါတယ်။ ကွင်းလယ်မှာဟန်ချက်ညီညီကစားနိုင်မယ့် ကစားသမားမျိုး လိုအပ်ပါတယ်။ အဲဒီအတွက် ကျွန်တော် ဒီလာမယ့်နွေရာသီမှာ ကွင်းလယ်မှာကစားနိုင်မယ့် ထိပ်တန်းကစားသမားတစ်ဦးကို ရှာဖွေရမှာပါ"ဟု ၎င်းက ပြောကြားခဲ့သည်။




# အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စစ်ကိုင်းတိုင်းဒေသကြီးတွင်ဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် UK မှ အကြံပေးပါဝင်သော ဗြိတိသျှကောင်စီမှ အဖွဲ့သည်ကုန် သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး မုံရွာမြို့တွင် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ပါတယ်။

အစည်းအဝေးကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးမိုးကျော်နှင့် SME Agency အဖွဲ့၊ မုံရွာစီးပွားရေးတက္ကသိုလ်မှ ကထိက ဒေါက်တာအောင်ကျော်၊ သမဝါယမဦးစီးဌာနနှင့် သမအသင်းစုချုပ်မှ တာဝန်ရှိသူများ၊ ရက်ကန်းနှင့် သက်မွေးပညာသင်ကျောင်းအုပ်ကြီး၊ မုံရွာစက်မှုဇုန်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြပြီး SME များ ဖွံ့ဖြိုးတိုးတက်ဖို့ နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်လိုအပ်ခြင်းသည် အဓိကဖြစ်ရာ ဦးစား ပေး ရွေးချယ်ရာတွင် တစ်ပြိုင်နက် တိုးတက်သင့်ကြောင်း၊ တိုင်းဒေသကြီး၏ ပြည်ပပို့ကုန်အလားအလာရှိသော ထုတ်ကုန်များအပေါ် ပံ့ပိုးရန်လိုအပ်ချက်များနဲ့ ပြည်ပကုန်စည်ပြပွဲ ပြသရန် အခက်အခဲများကို ဆွေးနွေးခဲ့ကြပါတယ်။

၁၉ ရက်နေ့တွင် ထပ်မံတွေ့ဆုံ၍ ဗြိတိသျှကောင်စီအဖွဲ့မှ SME လုပ်ငန်း data အချက်အလက်များကောက်ယူခြင်း၊ သုံးသပ်စီမံခြင်းဆိုင်ရာများ၊ ပြည်ပကုန်စည်ပြပွဲအပြင် ကုန်သွယ်မှုကိုယ်စားလှယ်အဖွဲ့၏ တာဝန်နှင့် လုပ်ဆောင်နိုင်မှုများ၊ ရွှေဘိုကျောက်မြောင်းစဥ့်ထည်များကိုပြည်ပဈေးကွက်အကြိုက်ဒီဇိုင်းရေးဆွဲ တင်ပို့နိုင်ရေးတို့အတွက် အကြံပြုပေးသွားမည်ဖြစ်ပြီး၊ နည်းပညာပေးခြင်းအနေနဲ့ ရက်ကန်းနှင့် သက်မွေး ပညာသင်ကျောင်း သင်တန်းတွင် ဖြည့်စွက်သင်ကြားပို့ချခြင်းနဲ့ မုံရွာစီးပွားရေးတက္ကသိုလ်တွင် Social Enterprises ဆိုင်ရာ ဟောပြောပွဲကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါတယ်။

**ရီလင်းထွဋ်- မုံရွာ**

# မန္တလေးတိုင်း ကျေးလက်ဒေသထွက်ကုန်စည်ပြပွဲမှာ ဝန်ဆောင်မှုများစွာနဲ့ ပါဝင်ပြသမယ့် အရာတော်မြို့နယ်သနပ်ခါး

အရာတော်ဆိုတာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ၄ မြို့နယ်ထဲက မြို့ငယ်တစ်မြို့ပါ၊ မြို့ပင်ငယ်သော်ငြား အမျိုးသားအရေးမှာ နိုးကြားတက်ကြွစွာနဲ့ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုထုတ်ကုန်ဖြစ်တဲ့ သနပ်ခါးကို မြန်မာတွေ မူပိုင်ခွင့်ရရှိရေးအတွက် သနပ်ခါးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပထမဆုံးကျင်းပနိုင်တဲ့မြို့ဖြစ်သလိုသနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကိုမြန်မာနိုင်ငံမှာ ပထမဆုံးဖွဲ့စည်းနိုင်ခဲ့တဲ့ မြို့အဖြစ် မှတ်တမ်းတင်ရလောက်အောင် လှုပ်ရှားတက်ကြွတဲ့ မြို့အဖြစ် ဂုဏ်ယူဖွယ်ရပ်တည်နိုင်ခဲ့ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနရဲ့ လမ်းညွှန်ကြီးကြပ်မှုကိုခံယူပြီး အသင်းအဖွဲ့ထူထောင်နိုင်ခဲ့သလို အလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ခဲ့ပြီး ဒေသတွင်း ကုန်စည်ပြပွဲများမှတစ်ဆင့် အရာတော်သနပ်ခါးရဲ့ ဈေးကွက်ကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ အခုအခါမှာတော့ ဒေသတွင်းပြခန်းများမှတစ်ဆင့် ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတို့က ဦးဆောင်ဖွင့်လှစ်မယ့် ကျေးလက်ဒေသထွက်ကုန်ပစ္စည်းပြပွဲကို ဝန်ဆောင်မှုများစွာနဲ့ ပါဝင်ပြသ ဈေးကွက်ချဲ့ထွင်ဖို့ အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ပြင်ဆင်နေပြီ ဖြစ်တယ်လို့ သိရှိရပါတယ်။

အဆိုပါ မန္တလေးကုန်စည်ပြပွဲမှာ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူးဦးအောင်မောင်းရဲ့ စီစဉ်ကြီးကြပ်မှုနဲ့ မုံရွာခရိုင်ကိုယ်စားပြု အရာတော်မြို့နယ် ကျေးလက်ဒေသထွက်ကုန် သနပ်ခါးပြခန်းကို အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဥက္ကဋ္ဌ ဦးကျော်မိုးနဲ့ အတွင်းရေးမှူး ဦးချစ်ကွန်းတို့ ဦးဆောင်ပြီး သနပ်ခါးမျိုးစေ့ ပျိုးပင် သနပ်ခါးတုံးနဲ့ သနပ်ခါးအပင်လိုက် ပြသရောင်းချသွားမယ်လို့ သိရှိရပါတယ်။

အဆိုပါ ကုန်စည်ပြပွဲမှာ အရာတော်မြို့နယ်ထွက် အကောင်းဆုံးသနပ်ခါးမျိုးဖြစ် စိန်းမင်းသနပ်ခါးမျိုးစေ့ခြောက်ထောင်ပါတစ်ဘူးကို ကျပ် ၅၀၀၀၀ နဲ့ ဖြန့်ဖြူးရောင်းချမှာ ဖြစ်သလို သနပ်ခါးပျိုးပင်များကို လက်လီဈေးတစ်ပင် ၂၀၀ ကျပ်နှုန်း၊ လက်ကားဈေး တစ်ပင် ၁၅၀ ကျပ်နှုန်းနဲ့ ရောင်းချပေးသွားမှာဖြစ်ပါတယ် ဝန်ဆောင်မှုများအနေနဲ့ ပြပွဲအတွင်း သနပ်ခါးပစ္စည်း ကျပ် ၅၀၀၀၀ ကျပ်နှင့်အထက် ဝယ်ယူသူများကို အိမ်တိုင်ရာရောက်ပို့ပေးမှာဖြစ်တယ်လို့ဆိုပါတယ်။ ဒ့ါအပြင် သနပ်ခါးစိုက်ပျိုးလိုသူများကို အပင် ၁၀၀၀ ကို ပျိုးပင်ဖိုးနဲ့ စိုက်ပျိုးခအပါအဝင် ကျပ် ၃၀၀၀၀၀ ကျပ်နဲ့ အပင်ရှင်သန်တဲ့အထိ တာဝန်ယူစိုက်ပျိုးပေးမယ့် ဝန်ဆောင်မှုကိုလည်း စီစဉ်ထားတယ်လို့ သိရပါတယ်။ သနပ်ခါးကို စီးပွားဖြစ်စိုက်ပျိုးခြင်းဖြင့် မိမိနှင့်တကွ ဒေသတစ်ခုလုံး အကျိုးဖြစ်ထွန်းစေချင်တယ်ဆိုရင် ပြပွဲကို လာရောက်ပြသမဲ့ အရာတော်သနပ်ခါးအသင်းဥက္ကဋ္ဌ ဦးကျော်စိုး၊ ၀၉-၄၀၀၅၃၁၅၀၅ နဲ့ အတွင်းရေးမှူး ဦးချစ်ကွန်း ၀၉-၉၇၅၀၇၇၉၉၉ တို့ကို ကြိုတင်ချိတ်ဆက်နိုင်ပါကြောင်း သတင်းစကားကောင်းပါးလိုက်ရပါတယ်။

**ထွန်းလှိုင် - မုံရွာ**

# ဆီထွက်သီးနှံနှင့် ဆီစက်လုပ်ငန်းဖွံ့ဖြိုးတက်ရေး နည်းပညာပေး သင်တန်းဖွင့်

မကွေးတိုင်းဒေသကြီး၊ ကုန်သွယ် မှုမြှင့်တင်ရေးဦးစီးဌာနမှ ကြီးမှူး၍ "ဆီထွက်သီးနှံနှင့် ဆီစက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးရေးသင်တန်း"ဖွင့်ပွဲကိုမကွေးတိုင်းဒေသကြီး၊ ကုန်စည်ဒိုင်တွင် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ကျင်းပခဲ့ပါ သည်။

အဆိုပါ ဖွင့်ပွဲအခမ်း အနားတွင် မကွေးတိုင်းဒေသကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြင့်နိုင်၊ UMFCCI (မကွေးတိုင်းဒေသကြီး)မှ နာယကကြီး ဦးထွန်းဆိုင်နှင့် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးနေလင်းအောင်၊ မကွေးတိုင်းဒေသကြီး ကုန်စည်ဒိုင်အလုပ်အမှုဆောင် ဥက္ကဋ္ဌ ဦးဖိုးနီတို့တက်ရောက်ခဲ့ကြသည်။ အဆိုပါအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စီမံ/စီးပွားဝန်ကြီး ဦးမြင့်နိုင်က မကွေးဒေသကြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ ဆီထွက်သီးနှံနှင့် ဆီထွက်လုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးနည်းပညာပေးသင်တန်း ဖွင့်လှစ်ပေးသည့်အတွက် မိမိတို့တိုင်းဒေသကြီးမှာအကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနိုင်ပါကြောင်း၊ သင်တန်းသားများမှာလည်း ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သည့်တောင်သူများ၊ ဆီထွက်သီးနှံရောင်းဝယ်သောကုန်သည်များ၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဝန်ထမ်းများစသည်ဖြင့် အလွှာစုံမှ လူကြီးလူငယ်များ ပါဝင်သည်ကို တွေ့ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ပါကြောင်း၊ သင်တန်းတွင် ပို့ချသည့် ဘာသာရပ်များကို စိတ်ပါဝင်စားစွာလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပါရန် ပြောကြားခဲ့ကြပါသည်။

ဆက်လက်ပြီး သင်ခန်းစာများကို ပို့ချရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည် မြောင်းဝန်ကြီးဌာန၊ ဗဟိုနှမ်း စိုက်ပျိုးရေးသုတေသနခြံမှ ဒုတိယညွှန် ကြားရေးမှူး ဦးသိန်းဌေးဦးက "ဆီထွက်သီးနှံ အရည်အသွေးဆိုင်ရာစံချိန် စံညွှန်းများ" အကြောင်းကိုလည်းကောင်း၊ "ဆီထွက်သီးနှံမျိုးကောင်းမျိုးသန့် ရွေးချယ်ခြင်း" အကြောင်း ကို စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မိမိချိုကလည်းကောင်း ပို့ချခဲ့ပါသည်။ ညနေပိုင်းတွင် "ဆီထွက်သီးနှံစိုက်ပျိုးမှုတွင်ဓာတ်မြေ သြဇာနှင့် ပိုးသတ်ဆေးစနစ်တကျသုံးစွဲရေး"အကြောင်းကို စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မော်မော်ဝင်းက ပို့ချခဲ့ပြီး ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ဇော်ဦးက "နိုင်ငံတကာတွင် အရောင်းအဝယ်ပြုလုပ်နေသော ဈေးကွက်ဝင် သီးနှံများ"အကြောင်းကိုရှင်းလင်း ပြောကြားခဲ့ပါသည်။

သင်တန်း ဒုတိယနေ့ဖြစ်သည့် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ကုန်ပစ္စည်းစမ်းသပ် စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာန (CTQM)မှဦးတိုးဦးက "ပိုးသတ်ဆေးကြွင်းဖြစ်ပေါ်မှုနှင့် အန္တရာယ်များ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါ်အိအိချောက"စားသုံးဆီအရည်အသွေး ထိန်းသိမ်းခြင်း" ခေါင်းစဉ်ဖြင့်လည်း ကောင်း၊ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပေးရေးဌာနခွဲမှ ဒေါ်တင်မာကြည်က"စားသုံးဆီထုပ်ပိုးမှုနှင့်နည်း စနစ်များ"အကြောင်းကိုလည်းကောင်း ဆွေးနွေးပို့ချခဲ့ကြပါသည်။ ညနေပိုင်းတွင် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်က စားသုံးဆီနှင့် စားသုံးသူ အကာအကွယ်ပေးရေးအစီအစဉ်များအကြောင်းကို ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းတွင်ပို့ချခဲ့သော ဘာသာရပ်များနှင့်ပတ်သက်၍ သင်တန်းသားများ၏ မေးမြန်းအကြံပြုချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါသင်တန်းသို့ မကွေးတိုင်းဒေသအတွင်းမှ စိတ်ပါဝင်စားသူ စုစုပေါင်းသင်တန်းသား ၅၀ ဦး တက်ရောက်ခဲ့ ကြောင်းသိရပါသည်။

**တင်မာကြည် (DOTP)**

# Trade Facilitation & Trade Promotion

## ကယားပြည်နယ်တွင် ဆန်စက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေး သင်တန်းဖွင့်လှစ်

ကယားပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းခန်းမမှာ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ဆန်စက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းဖွင့်ပွဲကျင်းပခဲ့ပါတယ်။

သင်တန်းဖွင့်ပွဲကို ကယားပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းသားများ စုစုပေါင်း ၇၈ ဦးတက်ရောက်ခဲ့ပါတယ်။ အဖွင့်အမှာစကားကို ကယားပြည်နယ် အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးတော့ရယ်မှ ပြောကြားခဲ့ပြီး သင်တန်းဖွင့်လှစ်ရတဲ့အကြောင်းကို ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး)မှဌာနမှူး ဦးဇော်ဝင်း(လက်ထောက်ညွှန်ကြားရေးမှူး ) ကရှင်းလင်းပြောကြားခဲ့ပါတယ်။

သင်တန်းကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၀ ရက်ထိ ပြုလုပ်မှာဖြစ်ပြီး ဆန်စက်ပိုင်ရှင်များ၊ ဆန်စပါးလုပ်ငန်းရှင်များ သိသင့်သိထိုက်သည့် သိမှတ်စရာ ဗဟုသုတများကို ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပညာရှင်များ၊ အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သင်ကြားပို့ချပေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**မောင်မောင်အေး - လွိုင်ကော်**

## အရာတော်မြို့နယ်က ဇင်ရွှေးရွက်ကို ပြည်ပပို့ကုန်အတွက် တိုးချဲ့စိုက်ပျိုး

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အရာတော်မြို့နယ်က ကျေးရွာတွေမှာ ဇင်ရွှေးပင်ကို အလေ့ကျ ပေါက်ပင်အဖြစ် နေရာအနှံ့တွေ့ရှိရပြီး လွန်ခဲ့တဲ့ ၃ နှစ်ကျော်က တရုတ်ပြည်အတွက် ဝယ်လက်ကုန်သည်တွေ လာရောက်ဝယ်ယူခဲ့ရာမှ အမယ်သစ်ပြည်ပပို့ကုန်အဖြစ် စီးပွားဖြစ်စိုက်ပျိုးလာကြတာတွေ့ရပါတယ်။



၂၀၁၁-၁၂ခုနှစ်ခန့်က အရာတော်မြို့နယ်ရှိ ကျေးရွာအုပ်စု ၁၈ အုပ်စုမှာ ဇင်ရွှေးပင် ၈၂၃ ဧက ခန့် စိုက်ပျိုးခဲ့ကြရာက ဈေးကွက်ဝယ်လိုအားကောင်းမွန်လာတာကြောင့် ၂၀၁၄-၁၅ ခုနှစ်မှာ ကျေးရွာအုပ်စု၁၉ အုပ်စုအတွင်း ဇင်ရွှေးပင်စိုက်ဧက ၁၁၂၅ဧက အထိ တိုးချဲ့စိုက်ပျိုးခဲ့ကြတယ်လို့ ကိန်းဂဏန်းများအရ သိရှိရပါတယ်။ ဇင်ရွှေးပင်မှာ စစိုက်တဲ့ နှစ်မှစပြီး ၃ နှစ်ခန့်အထိ အရွက်ခူးဆွတ်နိုင်ပြီး တစ်နှစ်ကို(၃)ကြိမ်ခူးကာ တစ်ဧကကိုတစ်နှစ် ဇင်ရွှေးရွက် ၄၇၅ ပိဿာခန့် ရရှိတယ်လို့ ဆိုပါတယ်။

ယခုနှစ်ဇင်ရွှေးရွက်ပေါက်ဈေးအနေနဲ့ အရွက်ခြောက် တစ်ပိဿာကို အနိမ့်ဆုံး ၁၀၀၀ ကျပ်- ၁၂၀၀ ကျပ်မှ အမြင့်ဆုံး ၂၉၀၀ ကျပ်-၃၀၀၀ ကျပ်အထိရရှိပြီး တစ်ဧကဝင်ငွေအနေနဲ့ ကျပ် ၉ သိန်းခွဲအထိ ရရှိကြောင်း သိရပါတယ်။ စိုက်ပျိုးကုန်ကျစရိတ်အနေနဲ့ မူလစိုက်ပျိုးတဲ့နှစ်မှာ တစ်ဧက ၂ဒသမ ၅ သိန်းခန့် ကုန်ကျပြီး နောက်နှစ်တွေမှာတော့ ပြုစုထိန်းသိမ်းစရိတ် တစ်ဧက ကျပ် ၁ ဒသမ ၂ သိန်းခန့်သာကုန်ကျလို့ အကျိုးအမြတ်ရရှိမှု ကောင်းမွန်တဲ့ အမယ်သစ် ပြည်ပပို့ကုန်တစ်မျိုးဖြစ်ရာ ကျေးလက်ဒေသရှိတောင်သူနဲ့ မိသားစုများအတွက် အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဝင်ငွေတိုးပွားစေတဲ့ အမယ်သစ်သီးနှံဖြစ်တာမို့ တိုးချဲ့စိုက်ပျိုးသင့်တဲ့ သီးနှံပင်ဖြစ်တာ တွေ့ရပါတယ်။ လောလောဆယ်မှာတော့ တရုတ်ပြည်ဈေးကွက်တစ်ခုသာ ဝယ်လက်ရှိသေးပြီး ဈေးကွက်ဈေးနှုန်း ပိုမိုကျယ်ပြန့်စွာရရှိစေဖို့ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနဲ့ ချိတ်ဆက်ဆောင်ရွက်လျက် ရှိတယ်လို့ သိရပါတယ်။

**ထွန်းလှိုင် - မုံရွာ**

## မွန်ပြည်နယ်တွင် အင်ဂျင်စက်ကိုင်တွယ်ထိန်းသိမ်း ပြုပြင်မှုသင်တန်းဖွင့်

မွန်ပြည်နယ်အစိုးရအဖွဲ့ ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မွန်ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဖွင့်လှစ်ကျင်းပသည့် အင်ဂျင်စက်ကိုင်တွယ်ထိန်းသိမ်း ပြုပြင်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့က မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ မွန်ပြည်နယ် ကျေးလက်ဒေသအသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥက္ကဋ္ဌ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ တိုးတိုးအောင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မွန်ပြည်နယ်ကုန်သွယ်မှု မြှင့်တင်ရေးဦးစီး ဌာနမှ ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းနှင့် ဝန်ထမ်းများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြပါတယ်။

လက်ရှိအစိုးရလက်ထက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် ၈ ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ကျေးလက်ဒေသအသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီလည်း တစ်ခုအပါအဝင်ဖြစ်သည့်အတွက် မွန်ပြည်နယ် ဆပ်ကော်မတီအနေဖြင့် မွန်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသအသေးစား ကုန်ထုတ်လုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများတွင် အများအပြားအသုံးပြုနေသော အင်ဂျင်စက် ကိုင်တွယ်ထိန်းသိမ်း ပြုပြင်မှုလုပ်ငန်းစဉ်များအား အခြေခံကျကျ ဆောင်ရွက်နိုင်ခြင်းဖြင့် ၎င်းလုပ်ငန်းများအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်ရန် ရည်ရွယ်၍ အင်ဂျင်စက်ကိုင်တွယ် ထိန်းသိမ်းပြုပြင်မှုသင်တန်းအား မွန်ပြည်နယ်ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနအနေဖြင့် စီစဉ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါသင်တန်းကာလမှာ ဖေဖော်ဝါရီလ ၂၀ မှ ၂၆ ရက်ထိ ပို့ချမှာဖြစ်ပြီး သင်တန်းတွင် မော်လမြိုင်နည်းပညာတက္ကသိုလ်မှ နည်းပြဆရာများကိုယ်တိုင် စာတွေ့၊ လက်တွေ့ အခြေခံမှစ၍ အသေးစိတ်သိရှိနားလည်အောင် သင်ကြားပေးမှာဖြစ်ပါတယ်။ သင်တန်းသို့ မော်လမြိုင်ခရိုင်အတွင်းမှ သင်တန်းသား ၄၀ ဦးတက်ရောက်နေကြောင်းနှင့် လာမည့်မတ်လအတွင်း သထုံခရိုင်တွင်လည်း ဖွင့်လှစ်သင်ကြားမှာဖြစ်ကြောင်း သတင်းရရှိပါတယ်။ ယခုလိုကုန်ကျစရိတ်မရှိဘဲ သက်သာတဲ့ အခွင့်အရေးနှင့် ကြုံကြိုက်တုန်း မိမိတို့အသုံးပြုလိုက်ရတဲ့ အချိန်နှင့် ထိုက်တန်အောင်ကြိုးစား သင်ယူခြင်းဖြင့် မွန်ပြည်နယ်ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း သိရပါတယ်။

**စိုးမြင့် - မော်လမြိုင်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-21844, 21108 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-21093,Ph:081-21627 email:m.myintmaungmaung@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Asean News
Vol: 15, No.8 Monday Feb 23 2015

# ပစိဖိတ်ဖြတ်ပူးပေါင်းဆောင်ရွက်မှုအရ စွမ်းအင်လွတ်လပ်စွာ ကုန်သွယ်ဖို့ တောင်ကိုရီးယားက တောင်းဆို

ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (Trans-Pacific Partnership) မှာ လွတ်လပ်တဲ့ စွမ်းအင်ကုန်သွယ်ရေးကို ထည့်သွင်းဖို့ တောင်ကိုရီးယားနိုင်ငံကတောင်းဆိုထားပြီး သဘောတူစာချုပ်ချုပ်ဆိုရေး ညှိနှိုင်းဆွေးနွေးမှုတွေကို ဆိုင်းငံ့ထားဖို့လည်း တောင်းဆိုထားကြောင်း ကိုရီးယားဟာရယ်သတင်းမှာ ဖော်ပြထားပါတယ်။

တောင်ကိုရီးယားနိုင်ငံအနေနဲ့ စွမ်းအင်လိုအပ်ချက်တွေရဲ့က ၉၇ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းရတာဖြစ်ပြီး အဓိကအားဖြင့် ရေနံ၊ ကျောက်မီးသွေးနဲ့ သဘာဝဓာတ်ငွေ့တွေဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ တောင်ကိုရီးယားနိုင်ငံက ကမ္ဘာမှာ ဓာတ်ငွေ့ရည် (Liquified Natural Gas) တင်သွင်းရာမှာ ဒုတိယအများဆုံးနဲ့ ဓာတ်ဆီနဲ့ သဘာဝဓာတ်ငွေ့တင်သွင်းရာမှ ပဥ္စမအများဆုံးနေရာမှာ ရှိခဲ့ပါတယ်။ ဒါကြောင့် တောင်ကိုရီးယားနိုင်ငံက စွမ်းအင်ကုန်သွယ်ရေးမှာတည်ရှိနေတဲ့ ကုန်သွယ်မှုအတားအဆီးတွေကို ဖယ်ရှားဖို့နဲ့ ရေနံပေးသွင်းမယ့် အရင်းအမြစ် အမျိုးမျိုးရရှိရေးနဲ့ အာမခံချက်ရရှိရေး အတွက် ပြင်းပြင်းထန်ထန် စိတ်ဝင်စားမှုရှိခဲ့ပါတယ်။

၂၀၁၃ ခုနှစ်က အခြေအနေကို ပြန်ကြည့်ရင် တောင်ကိုရီးယားရဲ့စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) က အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအပေါ် မှာ မှီခိုနေရတာတွေ့ရပါတယ်။ ဒီကုန်သွယ်မှုရဲ့ သုံးပုံနှစ်ပုံကအာရှပစိဖိတ်ဒေသကို မှီခိုနေရပြီးသွင်းကုန်ရဲ့ သုံးပုံတစ်ပုံက စီးပွားရေးအတွက် အသက်မွေးဝမ်းကြောင်းဖြစ်တဲ့ စွမ်းအင်တင်သွင်းမှု ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုနဲ့ ကနေဒါနိုင်ငံတွေမှာ နှုန်းကျောက်မှ ရေနံစိမ်းနဲ့ သဘာဝဓာတ်ငွေ့ကို ထုတ်ယူနိုင်ခဲ့ရာ စွမ်းအင်ထုတ်လုပ်မှု နံပါတ်တစ်နေရာကို ရယူထားတဲ့ ဆော်ဒီအာရေးဘီးယားနိုင်ငံကို ကျော်တက်တော့မယ့် အနေအထားကို ရောက်ရှိခဲ့ပါတယ်။ စွမ်းအင်လုံခြုံမှုဆိုင်ရာ အကျိုးအမြတ်တွေကို ပစိဖိတ်ဒေသတွင်းသို့ပါ စီးဝင်ပျံ့နှံ့ဖို့လိုအပ်ပါတယ်။ ဒါကြောင့် တောင် ကိုရီးယားနိုင်ငံက TPP သဘောတူညီချက်ကို အသုံးပြုပြီး ရည်ရွယ်ချက်အောင်မြင်အောင် အကောင်အထည်ဖော်ရေးအတွက် ဆောင်ရွက်တာ ဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ဒဗလျူတီအိုရဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက်ကို အတည်ပြုဖို့ ဂျီ-၂၀ အဖွဲ့ကို စီးပွားရေးလုပ်ငန်းများ တိုက်တွန်း

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ရဲ့ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက် (Trade Facilitation Agreement-TFA) ကိုအတည်ပြုပြီး အလျင်အမြန်အကောင်အထည်ဖော်ဖို့ စီးပွားရေးခေါင်းဆောင်တွေက ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံတွေကို တိုက်တွန်းပါတယ်။

ဖေဖော်ဝါရီ ၉ ရက်နေ့က အစ္စတန်ဘူမြို့မှာ ကျင်းပခဲ့တဲ့ အစည်းအဝေးမှာ နိုင်ငံပေါင်း ၂၅ နိုင်ငံက ကုမ္ပဏီ ၆၈ ခုရဲ့ အမှုဆောင်တွေပါဝင်တဲ့Business-20 (ဘီ-၂၀) လုပ်ငန်းအဖွဲ့က ၂၀၁၃ ခုနှစ်ဒီဇင်ဘာမှာကျင်းပခဲ့တဲ့ ဘာလီဝန်ကြီးအဆင့် ကွန်ဖရင့် မှာချမှတ်ခဲ့တဲ့ ဒဗလျူတီအိုဆုံးဖြတ်ချက်အားလုံးကို အကောင်အထည်ဖော်ပေး ရန် ဂျီ-၂၀ ခေါင်းဆောင်တွေကို တိုက်တွန်းခဲ့ပါတယ်။

“စီးပွားရေးဖွံ့ဖြိုးမှုနဲ့အလုပ်သစ် သန်းပေါင်းများစွာကို ဖန်တီးပေးနိုင်မယ့် ကုန်သွယ်မှုအစီအစဉ်တစ်ခုကို ပုံဖော်ပေးနိုင်ဖို့အတွက် ကမ္ဘာပေါ် ရှိဦးဆောင် ကော်ပိုရေးရှင်းကြီးတွေက အလုံးအရင်းနဲ့ မြှုပ်နှံခဲ့ကြပါတယ်”လို့ အပြည်ပြည်ဆိုင်ရာ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဟာရီးမက်ဂရောနဲ့အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သူ တူရကီဆာဘန်စီဦးပိုင်ကုမ္ပဏီဥက္ကဋ္ဌ ဂူလာဆာဘာစီကပြောပါတယ်။

“ဘာလီအစီအစဉ်မှာ ပါဝင်တဲ့ အစိတ်အပိုင်းအားလုံး အကောင်အထည်ဖော်သွားမှာ ဖြစ်တယ်လို့ ဘရစ္စဘိန်းအစည်းအဝေးမှာ ဂျီ-၂၀ ခေါင်းဆောင်တွေက ကတိပြုခဲ့ပြီး ဒိုဟာ ဖွံ့ဖြိုးရေးအစီအစဉ်မှာပါတဲ့ တခြားပြဿနာတွေနဲ့ပတ်သက်တဲ့ ဒဗလျူတီအိုလုပ်ငန်းအစီအစဉ်ကို လျင်မြန်စွာ ချမှတ်ခဲ့ပါတယ်။

“အခုအချိန်က ကုန်သွယ်ရေးအစီအစဉ်နဲ့ ပတ်သက်ပြီး တိုးတက်မှုရှိအောင် ဆောင်ရွက်ဖို့ အချိန်တန်နေပါပြီ”လို့ အပြည်ပြည်ဆိုင်ရာ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဂရောက ပြောသည်။

# အာဆီယံငွေကြေးဖောင်းပွပေါင်းစည်းရေးကို ပြန်လည်သုံးသပ်ခြင်း

အဖွဲ့အစည်းမှာ ပါဝင်တဲ့အဖွဲ့ဝင်နိုင်ငံတွေအချင်းချင်း ပေါင်းစပ်ညှိနှိုင်းရာမှာ ညံ့ဖျင်းမှုကြောင့် ၂၀၁၀ ပြည့်နှစ် ယူရိုဇုန် အကျပ်အတည်းက ဘဏ္ဍာရေးပေါင်းစည်းမှုကြောင့် ရရှိခဲ့တဲ့ အကျိုးကျေးဇူးတွေကို ထိခိုက်မှုရှိစေခဲ့တယ်လို့အများစုက ယုံကြည်ထားကြပါတယ်။

ဥပမာအားဖြင့် ပြင်သစ်နိုင်ငံအနေနဲ့ဘတ်ဂျက်လိုငွေကိုစုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) ရဲ့ ၃ ရာခိုင်နှုန်းအထိ လျှော့ချပေးဖို့ကို ဝန်လေးခဲ့ကြောင်း မလေးရှား အင်ဆိုက်ဒါဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) ထူထောင်ရေးကို ကြည့်ရင် အေအီးစီ အသေးစိတ်စီမံကိန်းမှာပါဝင်တဲ့ အစီအစဉ်အတော်များများက ပေါင်းစည်းရေးအတွက် ဆောင်ရွက်မှုရဲ့ ပထမအဆင့်ဖြစ်တဲ့ ဖြေလျှော့ရေးအဆင့်မှာသာ ရှိပါတယ်။ ဒီအစီအစဉ်တွေအနက် ဘဏ္ဍာရေးဝန်ဆောင်မှု ဖြေလျှော့ရေး၊ မတည်ရင်းနှီးငွေစာရင်း ဖြေလျှော့ရေး၊ မတည်ရင်းနှီးငွေဈေးကွက် ဖြေလျှော့ရေးနဲ့ ငွေပေးချေမှုမှာ တစ်ပြေးညီဖြစ်ရေးစတဲ့အချက်တွေ ပါဝင်ပါတယ်။

ဒုတိယအဆင့် ပေါင်းစည်းရေးက ဘဏ္ဍာရေးလုပ်ငန်းများအတွက် တစ်ခုတည်းသော ဈေးကွက်ဖန်တီးရေးဖြစ်ပါတယ်။ တတိယအဆင့်ငွေကြေးသမဂ္ဂ ထူထောင်ရေးဖြစ်ပါတယ်။ အာဆီယံခေါင်းဆောင်တွေက ပထမအဆင့် ထူထောင်ရေးအတွက် ကတိကဝတ်တွေ ပြုထားပြီးဖြစ်ပေမယ့် ဘဏ္ဍာရေးကဏ္ဍရဲ့ နက်ရှိုင်းမှုကွာဟချက်တွေနဲ့ ဘဏ္ဍာရေးစွမ်းဆောင်ရည်ကွာဟချက်တွေကြောင့် ဒုတိယအဆင့်အကောင်အထည်ဖော်ရေးမှာ စိန်ခေါ်မှုတွေကြီးမားနေဆဲဖြစ်ပါတယ်။

ဘဏ္ဍာရေးနက်ရှိုင်းမှု ကွာဟချက်က အာဆီယံ+၅ ဒေသမှာ အထူးသဖြင့် ကြီးမားနေဆဲဖြစ်ကြောင်း ကမ္ဘာ့ဘဏ္ဍာရေးဖွံ့ဖြိုးမှုဒေတာ့ဘေ့စ် (GFDD) ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဘဏ္ဍာရေးကဏ္ဍမှာ စွမ်းဆောင်ရည်ကွာဟချက်ကျဉ်းမြောင်းနေမယ်ဆိုရင် နိုင်ငံတစ်ခုမှာရှိတဲ့ ဘဏ်လုပ်ငန်းကဏ္ဍက ဒေသတွင်းမှာရှိတဲ့ တခြားနိုင်ငံတစ်နိုင်ငံမှာရှိတဲ့ဘဏ်လုပ်ငန်းကဏ္ဍထဲကို လွယ်ကူစွာ ထိုးဖောက်ဝင်ရောက်နိုင်ပြီး နောက်ဆုံးရည်မှန်းချက်ဖြစ်တဲ့ဘဏ္ဍာရေး နက်ရှိုင်းမှုကွာဟချက်ကျဉ်းမြောင်းရေးကို အောင်မြင်အောင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

# ထိုင်းနိုင်ငံချင်းရိုင်တွင် အာဆီယံခရီးသွားလုပ်ငန်းဆွေးနွေးပွဲ ကျင်းပမည်

နောက်တစ်ကြိမ် အာဆီယံခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ရေးဆွေးနွေးပွဲကို မတ် ၂၇ ရက်မှာ ချင်းရိုင်မှာ ကျင်းပဖို့ ထိုင်းခရီးသွားလုပ်ငန်းနဲ့အား ကစားဝန်ကြီးဌာနက စီစဉ်နေကြောင်း တီတီအာဝီကလီ သတင်းမှာ ဖော်ပြထားပါတယ်။

ယခုအစီအစဉ်ဟာ ထိုင်းနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံတို့ ချုပ်ဆိုထားတဲ့ နားလည်မှုစာချွန်လွှာအရ ဆောင်ရွက်ခြင်းဖြစ်ပြီး ထိုသဘောတူညီမှုအရ ထိုင်းနိုင်ငံက ယခုနှစ်အတွင်းပထမဆုံး အာဆီယံ Tourism Working Group အစည်းအဝေးကို ချင်းရိုင်မှာ အိမ်ရှင်အဖြစ်လက်ခံကျင်းပဖို့ သဘောတူထားပါတယ်။

ဖေဖော်ဝါရီ လစောစောပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမှာကျင်းပတဲ့ ကမ္ဘာ့ခရီးသွား နဲ့ ယဉ်ကျေးမှုဆိုင်ရာ UNWTO/ UNESCO အစည်းအဝေးမှာ ကမ္ဘောဒီးယားနဲ့ ထိုင်းခရီးသွားဝန်ကြီးများက သဘောတူခဲ့တာဖြစ်ပါတယ်။

“ထိုင်းနိုင်ငံနဲ့ ဒေသတွင်း ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် အားပေးနိုင်စေမယ့် အာဆီယံခရီးသွားလုပ်ငန်းရဲ့လုပ်ငန်းအဖွဲ့ နောက်တစ်ကြိမ်အစည်းအဝေးကို ချင်းရိုင်မှာ ကျင်းပဖို့ ထိုင်းဝန်ကြီးဌာနက အဆိုပြုခဲ့ပါတယ်”လို့ သူမကပြောပါတယ်။

အစည်းအဝေးနဲ့ ပတ်သက်ပြီး အသေးစိတ် အကြောင်းအရာတွေကို ထပ်မံမသိရသေးပါဘူး။ ဒါပေမယ့် ဒီအစည်းအဝေးက နှစ်နှစ်တစ်ကြိမ်ကျင်းပတာဖြစ်ပြီး အဖွဲ့ဝင် ၁၀ နိုင်ငံက ဝန်ကြီးဌာနတွေ၊ ခရီးသွားဝန်ကြီးဌာနကအရာရှိတွေက ကော်မတီပုံစံနဲ့ တွေ့ဆုံတဲ့ အစည်းအဝေးဖြစ်ပါတယ်။ ဇန်နဝါရီမှာကျင်းပခဲ့တဲ့ နေပြည်တော် အာဆီယံဖိုရမ်မှာ ဝန်ကြီးများသဘောတူခဲ့တဲ့ဆုံးဖြတ်ချက်တွေနဲ့ မူဝါဒတွေကိုချမှတ်ပြီးနောက်ပိုင်းမှာ ဒီဆွေးနွေးပွဲကို ကျင်းပတာဖြစ်ပါတယ်။

အစည်းအဝေးကတော့ ပုံမှန်ကျင်းပနေကျအတိုင်းဖြစ်ပြီး အစည်းအဝေးပြီးမှသာ ကြေညာချက်ထုတ်ပြန်ပါတယ်။ သတင်းစာတွေကိုဖိတ်ခေါ်ခြင်းမရှိတဲ့အတွက် မီဒီယာရှုထောင့်မှကြည့်ပါက သတင်းတန်ဖိုးမကြီးသလို ခရီးသွားဝင်ရောက်မှုအတွက် ဂယက်ရိုက်ခတ်မှု မဖြစ်ခဲ့ပါဘူး။



## ဖိလစ်ပိုင်နှင့် စင်ကာပူတို့ လေကြောင်းစာချုပ် ချုပ်ဆို

စင်ကာပူနဲ့ ဖိလစ်ပိုင်အစိုးရတို့ ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် လေကြောင်းနဲ့ ခရီးစဉ်ခေါက်ရေ တိုးလာအောင် ဆောင်ရွက်နိုင်ပြီး နှစ်နိုင်ငံစလုံးမှာရှိတဲ့ လေကြောင်းလိုင်းတွေရဲ့ ကူးသန်းရောင်းဝယ်မှု အခွင့်အလမ်းတွေ ပိုမိုဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ဖိလစ်ပိုင်စတားသတင်းမှာ ဖော်ပြထားပါတယ်။

လေကြောင်းဝန်ဆောင်မှုနဲ့ပတ်သက်ပြီး နားလည်မှုစာချွန်ကို ဖိလစ်ပိုင်နဲ့ စင်ကာပူတို့ ဖေဖော်ဝါရီ ၁၃ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း မြို့ပြလေကြောင်းဘုတ်အဖွဲ့ (Civil Aeronautics Board (CAB))ရဲ့ အမှုဆောင်ဒါရိုက်တာ ကာမယ်လိုအာစီလာက ပြောပါတယ်။

“အားလုံးခြုံကြည့်မယ်ဆိုရင် ဒီသဘောတူညီချက်က နှစ်နိုင်ငံစလုံးမှာရှိတဲ့ လေကြောင်းလိုင်းတွေအတွက် ကူးသန်းရောင်းဝယ်ရေး အခွင့်အလမ်းတွေ ရရှိမှာဖြစ်ပါတယ်” လို့ သူကပြောပါတယ်။

လေကြောင်း သဘောတူစာချုပ်သစ်ကြောင့် မနီလာနဲ့ စင်ကာပူအကြား လက်ရှိခရီးသည်ပို့ဆောင်ပေးနိုင်မှုစွမ်းအားက တစ်ပတ်ကို ခရီးသည် ၁၇၆၂၇ ကနေ ၇ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ပြီး တစ် ပတ်ကို ခရီးသည် ၁၈၈၈၈အထိ သယ် ဆောင်ပေးနိုင်မှာဖြစ်ကြောင်း အာစီ လာက ပြောပါတယ်။

ထိုနည်းတူ လောလောဆယ်မှာ စင်ကာပူလေယာဉ်ပျံတွေက စီဘူး၊ ဒါမောင့်နဲ့ ပွာတိုပရင့်ဆာတို့ကို ပျံသန်းပေးနေရာမှ အီလွိုင်လိုနဲ့ ဘာကိုလော့တို့ကို တိုးချဲ့ပျံသန်းပေးသွားမှာဖြစ်ပါတယ်။

စင်ကာပူနဲ့ ဖိလစ်ပိုင်တို့က တတိယနိုင်ငံ ကုတ်နံပါတ် ခွဲဝေသုံးစွဲရေးအတွက် သဘောတူညီချက်ရရှိထားကြောင်း၊ ဒီလိုရရှိထားတဲ့အတွက် နှစ်နိုင်ငံအတွင်းရှိ လေကြောင်းလိုင်းတွေက ဖိလစ်ပိုင်နဲ့ စင်ကာပူနိုင်ငံအကြား ဝန်ဆောင်မှုများအတွက်ဈေးကွက်ရှာဖွေရာမှာ တတိယနိုင်ငံတစ်နိုင်ငံမှ လေကြောင်းလိုင်းများနဲ့ ပူးပေါင်းဆောင်ရွက်ခွင့်ရှိပါတယ်။

ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ ခရီးသည် ဝင်ရောက်မှုက ၂၀၁၃ ခုနှစ်ကာလတူမှာ ၃ ဒသမ ၈၆ သန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီက အောက်တိုဘာလအထိ ၂ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး ၃ ဒသမ ၉၆ သန်းထိ ရောက်ရှိခဲ့ပါတယ်။

# အင်ဒိုနီးရှားစီမံကိန်းများကို ထောက်ပံ့ပေးဖို့ JICA ကတိပြု

အင်ဒိုနီးရှားသမ္မတဂျိုကို ဝီဒိုဒိုရဲ့ စီးပွားရေးလုပ်ရှားမှုအစီအစဉ်များမှာ အဓိကဦးစားပေးလုပ်ငန်းတစ်ခုဖြစ်တဲ့ အင်ဒိုနီးရှားအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းကိုအားပေးထောက်ခံဖို့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Co-operation Agency-JICA) ကပြောကြားခဲ့ကြောင်း ဂျာကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

အင်ဒိုနီးရှားဖွံ့ဖြိုးရေးစီမံကိန်း ဘုတ်အဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးစဉ်ကာလအတွင်း ၂၀၁၅-၂၀၁၉ ခုနှစ် အမျိုးသားကာလလတ် ဖွံ့ဖြိုးရေးစီမံကိန်းမှာ အဆိုပြုထားတဲ့ အခြေခံအဆောက်အအုံ စီမံကိန်းတွေကို ထောက်ပံ့ပေးမှာဖြစ်ကြောင်း လွတ်လပ်တဲ့ ဂျပန်အစိုးရအေဂျင်စီဖြစ်တဲ့ JICA က ကတိပေးခဲ့ကြောင်း အမျိုးသားစီမံကိန်းဘုတ်အဖွဲ့ ဥက္ကဌ အန်ဒရီနော ချန်နီယာရိုက ပြောပါတယ်။ အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုဒိုနဲ့ JICA အေဂျင်စီတို့ ဖေဖော်ဝါရီ ၁၃ ရက်က တွေ့ဆုံပြီးနောက်ပိုင်း အေဂျင်စီနဲ့ဘုတ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

“ JICA က ကတိကဝတ်ကို ခိုင်မာစွာပေးခဲ့ပြီး ကျွန်တော်တို့ရဲ့ စီမံကိန်းမှာပါတဲ့ ရည်မှန်းချက်တွေကို အေဂျင်စီအရာရှိတွေက သဘောကျ လက်ခံခဲ့ပါတယ်။ ချမှတ်ထားပြီးဖြစ်တဲ့ စီမံကိန်းကို နိုင်ငံခြားသားတွေက ထောက်ခံတယ်ဆိုတာကို ဒီအစည်းအဝေးက သက်သေပြခဲ့ပါတယ်”လို့ အန်ဒရီနော့က ပြောပါတယ်။ ၂၀၁၄ ခုနှစ်က အင်ဒိုနီး ရှားမှာ ဂျပန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုကအမေရိကန် ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံရှိခဲ့ပြီး ထိုနှစ်အတွင်း အကောင်အထည်ဖော်ခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုရဲ့ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၁၂ ဘီလီယံရဲ့ ၉ ဒသမ ၅ ရာခိုင်နှုန်း ရှိခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းညှိနှိုင်းရေးဘုတ်အဖွဲ့စာရင်းများအရ သိရပါတယ်။



# ဖောက်သည်ဆွဲဆောင်ဖို့ စင်ကာပူဟိုတယ်များ အစွမ်းကုန်ကြိုးပမ်း

စင်ကာပူဟိုတယ်လုပ်ငန်းမှာရှိတဲ့ အသေးစားလုပ်ငန်းသစ်တွေက မကြာသေးမီနှစ်များအတွင်း ဟိုတယ်ခန်းလွတ်များပြားခြင်း နိုင်ငံခြားခရီးသွားနည်းပါးလာခြင်းဆိုတဲ့နှစ်ဆင့် ထိုးနှက်ချက်ကိုခံရကြောင်း စင်ကာပူနိုင်ငံမှ Today ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

ယှဉ်ပြိုင်မှုတွေများပြားနေတဲ့ ပတ်ဝန်းကျင်မှာရှင်သန်ဖို့အတွက် ခရီးသွားများအထွတ်အထိပ်ထိမြင့်တက်နေတဲ့ ကာလမျိုးမှာပင်အခန်းခကို ၄၀ ရာခိုင်နှုန်းလျှော့ချခြင်း၊ ဈေးကွက်သစ်များ ရှာဖွေခြင်းနဲ့ အဆောက်အအုံများကို အသစ်မွမ်းမံပြင်ဆင်ရခြင်းစတဲ့ နည်းလမ်းကို အသုံးပြုခြင်း အပါအဝင် သူတို့ကရှိသမျှနည်းလမ်းကိုအကုန်ထုတ်ပြီး သုံးစွဲဆောင်ရွက်နေရပါတယ်။

ဖော်မြူလာဝမ်ဂရင်းပရီးကားမောင်းပြိုင်ပွဲတွေနဲ့ ပေါင်းစည်း အပန်းဖြေလုပ်ငန်းဖွင့်ပွဲစတဲ့ အခမ်းအနားကြီးများကို ကျင်းပနိုင်ခဲ့တဲ့အတွက် မကြာသေးမီနှစ်များအတွင်းက စင်ကာပူနိုင်ငံကို ခရီးသွားတွေ အမြောက်အမြား လာရောက်ခဲ့တာကို တွေ့ရပါတယ်။ ဟိုတယ်ခန်းတွေ ရဲ့ ဝယ်လိုအားကလည်းတစ်ဟုန်ထိုးမြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ ဥပမာအားဖြင့် အခန်းခတွေက ၂၀၁၂ ခုနှစ် စက်တင်ဘာလမှာ လေးနှစ်အတွင်း အမြင့်ဆုံးနှုန်းဖြစ်တဲ့ စင်ကာပူ ဒေါ်လာ ၂၈၀ နှုန်းကို ရောက်ရှိခဲ့ပါတယ်။

ယခင်လေးနှစ်ကျော်က ဟိုတယ်ခန်းတိုးတက်မှုနှုန်းက နှစ်စဉ် ၄ ဒသမ ၉ ရာခိုင်နှုန်းရှိနေတဲ့ အချိန်မျိုးမှာပင် ဟိုတယ်ခန်း ငှားရမ်းမှုက ၈၅ ရာခိုင်နှုန်းအထိကျဆင်းခဲ့တာကို စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က ထုတ်ပြန်တဲ့စာရင်းတွေအရ သိရပါတယ်။ ဒါပေမယ့် ခရီးသည်လာရောက်မှုနှုန်းက ဖေဖော် ဝါရီ ၁၀ ရက်မှာ ၂၀၀၉ ခုနှစ် နောက်ပိုင်းပထမဆုံးအကြိမ်အဖြစ်ကျဆင်းခဲ့တာကိုတွေ့ရပါတယ်။ တချို့ဟိုတယ်လုပ်ငန်းများမှာ လာမည့်လေးနှစ်မှာ စတင်ဖွင့်လှစ်တော့မယ့် ဟိုတယ်ခန်းတွေအတွက် စိတ်မအေးနိုင်အောင်ဖြစ်နေရပါတယ်။

အစိုးရလယ်ယာမြေရောင်းချရေး အစီအစဉ်အရ ၂၀၁၁ ခုနှစ်နောက်ပိုင်း ရောင်းချခဲ့တဲ့နယ်မြေတွေအနက် တည်ဆောက်ရေးနယ်မြေရှစ်ခုထိရှိခဲ့တယ်လို့ မြို့ပြပြန်လည်ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ URA က ပြောပါတယ်။ နောက်ထပ် အသစ်ထွက်ပေါ်လာမဲ့ ဟိုတယ်ခန်းက ၁၃၀၀၀ အထိရှိမယ်လို့ ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ဗီယက်နမ်စားသုံးသူတို့က ပြည်တွင်းဖြစ်မုန့်များကို ပိုမိုသဘောကျ

မကြာသေးမီနှစ်များအတွင်း ဗီယက်နမ်မုန့်ထုတ်လုပ်သူများက ပြည်တွင်းစားသုံးသူဖောက်သည်တွေရဲ့ ယုံကြည်မြတ်နိုးမှုကို ရယူနိုင်ခဲ့ကြပြီး နိုင်ငံခြားမှ တင်သွင်းလာသော မုန့်မျိုးစုံတွေရဲ့ ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုများကြားမှပင် ဈေးကွက်ကိုထိန်းချုပ်လာနိုင်ခဲ့ပြီဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီဝက်ဘ်ဆိုက်မှာ ဖော်ပြထား ပါတယ်။

စောစောပိုင်းက ပြည်တွင်းစားသုံးသူများအကြား ရေပန်းစားခဲ့တဲ့ ဒိန်းမတ်၊ ပြင်သစ်နဲ့ နယူးဇီလန်အပါအဝင် ပြည်ပနိုင်ငံတွေက တင်သွင်းလာတဲ့ မုန့်မျိုးစုံရဲ့ နေရာမှာ ပြည်တွင်းဖြစ်တွေ အစားထိုးဝင်ရောက်လာကြပါတယ်။ ကင်ဒို၊ ဘီဘီကာ၊ ဟိုင်ဟနဲ့ ဟူးဂီကော်ပိုရေးရှင်းစတဲ့ ပြည်တွင်းကနာမည်ကြီး မုန့်လုပ်ငန်းကြီးတွေလို ထုတ်ကုန်တွေ က ယခုအခါစူပါမားကက်တွေနဲ့ မုန့်ဆိုင်တွေမှာ အတော်များများနေရာယူလာကြတာကို တွေ့မြင်နေရပါတယ်။

ဒီနှစ် တရုတ်နှစ်သစ်ကူးပွဲတော်မှာ ဆွေမျိုးတွေနဲ့ မိတ်ဆွေတွေကိုလက်ဆောင်ပေးဖို့အတွက် ပြည်တွင်းဖြစ်မုန့်တွေကိုသာ ရွေးချယ်ဝယ်ယူကြောင်း ဟိုင်ဘာထရန်းခရိုင်မှာနေထိုင်သူတစ်ဦးဖြစ်တဲ့ ငုယင်း သန်းဟောင်က ပြောပါတယ်။

“ပြည်တွင်းဖြစ်တွေက နိုင်ငံခြားဖြစ်တွေနဲ့ နှိုင်းယှဉ်ရင်ဈေးသက်သာပြီး အရည်အသွေးကလည်း တော်တော်လေးကောင်းပါတယ်”လို့ပြောပါတယ်။ ဒီနှစ်ထဲမှာ ပြည်တွင်းဖြစ်မုန့်တွေကို စားသုံးသူရဲ့ဝယ်ယူမှုက နိုင်ငံခြားဖြစ်တွေနဲ့ နှိုင်းယှဉ်ရင် တစ်ဆခွဲလောက် ပိုမိုမြင့်တက်လာကြောင်း ဟိုအန်းကျန်း ခရိုင်မုန့်မျိုးစုံဆိုင်ပိုင်ရှင် ဖန်မင်းဟာက ပြောပါတယ်။ ပြည်တွင်းဖြစ်မုန့်မျိုးစုံက ဈေးနှုန်းပိုမိုသက်သာပြီးထုတ်လုပ်တဲ့ ပင်ရင်းနေရာကို စိတ်ချရတဲ့အတွက် စားသုံးသူတွေက ပြည်တွင်းဖြစ်တွေကို သုံးစွဲလာတာဖြစ်ကြောင်း သူကပြောပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဆန်ဖရန်စစ္စကို

၂၀၂၀ ပြည့်နှစ်ကို အစောဆုံး ရည်မှန်းချက်ထားပြီး လျှပ်စစ်မော်တော်ကား ထုတ်လုပ်နိုင်ရေးအတွက် အမေရိကန်အက်ပဲလ်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာ အဆိုပါရည်မှန်းချက် အကောင်အထည်ဖော်ရေးအတွက် လူ ၂၀၀ ပါ အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီး စတင်ဆောင်ရွက်နေကြောင်း ဘလွမ်းဘတ်သတင်းမှာ ဖော်ပြထားပါတယ်။

### ဘရပ်ဆဲလ်/အေသင်

ဂရိနိုင်ငံက အရေးတကြီးလိုအပ်နေတဲ့နောက်ထပ်ထောက်ပံ့ငွေကြေးများ ရရှိနိုင်ရေးအတွက် ယူရိုဇုန် ဘဏ္ဍာရေးဝန်ကြီးများက ဖေဖော်ဝါရီ ၂၀ ရက်မှာ တွေ့ဆုံဆွေးနွေးမှာဖြစ်ပေမယ့် ဂရိပြဿနာဖြေရှင်းရေးအတွက် လာမယ့်သီတင်းပတ်မှာ အရေးပေါ်ထိပ်သီးဆွေးနွေးပွဲ ကျင်းပဖို့လိုမှာဖြစ်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

### နာဂိုယာ

ဂျပန်နိုင်ငံ မစ်ဆူဘီရှီအကြီးစားစက်မှုလုပ်ငန်းနဲ့ လက်အောက်ခံမစ်ဆူဘီရှီ လေကြောင်းကော်ပိုရေးရှင်းတို့က မစ်ဆူဘီရှီ ဒေသတွင်း ဂျက်လေယာဉ် (Mitsubishi Regional Jet) လေယာဉ်ကို မေ ၂၉ ရက်မှာ စမ်းသပ်ပျံသန်းရန် စီစဉ်လျက်ရှိကြောင်း အဆာဟိသတင်းမှာ ဖော်ပြထားပါတယ်။

### ဟနွိုင်း

ယခုနှစ်မှာ ဗီယက်နမ်အထည်ချုပ်လုပ်ငန်းရဲ့ ပို့ကုန်တန်ဖိုးကို အမေရိကန်ဒေါ်လာ ၄ ဘီလီယံမှ ၂၈ ဒသမ ၃ ဘီလီယံထိမြှင့်တင်နိုင်ဖို့အတွက် အထည်ချုပ်ကဏ္ဍအနေနဲ့ ထုတ်လုပ်မှုကို ၂၀ရာခိုင်နှုန်း မြှင့်တင်သွားရန် ဆောင်ရွက်နေကြောင်း ဗီယက်နမ်အမျိုးသားချည်ထည်နဲ့ အထည်ချုပ်လုပ်ငန်း (Vinatex) ရဲ့ ညွှန်ကြားရေးမှူးချုပ် လေရှန်ထရောင်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

EAST ASIA

## တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို တိုးမြှင့်ကြီးကြပ်သွားမည်

စီမံခန့်ခွဲမှု သတင်းပြန်ကြားရေးဌာနခွဲ အသစ်တစ်ခုကို တည်ထောင်ပြီး နိုင်ငံပိုင်ကော်ပိုရေးရှင်းများကို ကြီးကြပ်မှုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၇ ရက်က ပြောပါတယ်။ ထို့ပြင် အခွန်ငွေသုံးစွဲမှုများကိုလည်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ယွန်ဟပ်သတင်းမှာ ဖော်ပြထားပါတယ်။ ဝန်ကြီးဌာနကလုပ်ငန်းဆောင်ရွက်မှုစွမ်းဆောင်ရည်ကို အမြင့်ဆုံးသို့မြှင့်တင်ရန်နဲ့ အခွန်ထမ်းတို့ရဲ့ငွေကြေးများကို အလေအလွင့်မရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအစီအမံများက ပွင့်လင်းမြင်သာမှုနဲ့ စီမံခန့်ခွဲမှုကို တိုးတက်ကောင်းမွန်အောင်ရည်ရွယ်ဆောင်ရွက်ထားတာဖြစ်ပါတယ်။

လောလောဆယ်မှာ တောင်ကိုရီးယားနိုင်ငံက အခွန်နှုန်းကို တိုးမြှင့်ခြင်းမပြုဘဲ သက်သာချောင်ချိရေးနဲ့ ဆက်နွယ်နေတဲ့ အသုံးစရိတ်တွေကို တိုးချဲ့ဆောင်ရွက်သွားဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပိုမိုလာတဲ့ အသုံးစရိတ်ကို လျှော့ချနိုင်ဖို့အတွက် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ပြီး မရမှသာ အခွန်နှုန်းတိုးမြှင့်ဖို့ စဉ်းစားဆောင်ရွက်သွားမှာဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားပါတယ်။

ဝန်ထမ်းတွေကို အကျိုးအမြတ်တွေ တိုးမြှင့်ပေးဖို့ သတ်မှတ်ထားတဲ့ နိုင်ငံပိုင်လုပ်ငန်းတွေနဲ့ လူအင်အား အသုံးချမှုကို စွမ်းဆောင်ရည်မပြည့်ဝတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေမှာ ပြောင်းလဲမှုတွေ ထိထိရောက်ရောက် ဆောင်ရွက်သွားဖို့ မူဝါဒချမှတ်သူတွေက တွန်းအားပေးခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲရေးအစီအမံများရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် အွန်လိုင်းဝန်ဆောင်မှုမှာ ဝန်ထမ်းတွေ တိုးမြှင့်ခန့်ထားပြီး တစ်စုတည်းသော ပြည်သူ့ပြန်ကြားရေး စနစ် (All Public Information in One - ALIO) ကို တိုးမြှင့်ဆောင်ရွက်သွားဖို့ရှိပါတယ်။

ဒီစနစ်ကို အသုံးပြုတဲ့အတွက် လုပ်ခလစာသက်သာချောင်ချိရေးနဲ့ လူသစ်ခန့်ထားရေးလုပ်ငန်းတွေမှာ သာမန်ပြည်သူတွေက ပြည်သူ့ကဏ္ဍကို ပိုမိုစောင့်ကြည့်အကဲခတ်သွားနိုင်မှာဖြစ်ပါတယ်။

EU

## စေ့စပ်ညှိနှိုင်းမှုများကို လက်ခံလာအောင် ဖိအားပေးမှုတွေနဲ့ ဂရိနိုင်ငံ ရင်ဆိုင်နေရ



တစ်ရက်ကြာ ခါးခါးသီးသီးဆွေးနွေးပြီးနောက် ဂရိနဲ့ဥရောပတို့က ဂရိနိုင်ငံအတွက်နောက်ဆုံးကြွေးမြီ စေ့စပ်မှုကို ဖေဖော်ဝါရီ ၁၇ ရက်က အကြိတ်အနယ်စေ့စပ်ညှိနှိုင်းပြီး ယူရိုဇုန်မှ ဂရိနိုင်ငံ ထွက်ခွာသွားရမည့်အဖြစ်မျိုး ရှောင်ရှားနိုင်အောင် ဆောင်ရွက်နေရကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြထားပါတယ်။ ဥရောပသမဂ္ဂ (အီးယူ)ရဲ့ ကယ်တင်မှုချေးငွေတိုးချဲ့ရရှိနိုင်ဖို့အတွက်လျှောက်ထားရာမှာ ယူရိုဇုန်မိတ်ဖက်နိုင်ငံတွေက တောင်းဆိုချက်ကို ဂရိအစိုးရကငြင်းပယ်ပြီးနောက် ဂရိနိုင်ငံရဲ့ ချေးငွေကုန်ကျစရိတ်တွေ မြင့်တက်လာပြီး ဒေါ်လာနဲ့ဖလှယ်ရာမှာ ယူရိုတန်ဖိုး ကျဆင်းခဲ့ပါတယ်။

ဖေဖော်ဝါရီမှာ သက်တမ်းကုန်ဆုံးတော့မယ့် ကယ်တင်မှုချေးငွေအစီအစဉ်ကို သက်တမ်းတိုးဖို့တောင်းခံရမယ့်အချိန်ကို ဒတ်ချ်ဘဏ္ဍာရေးဝန်ကြီးလည်းဖြစ်သူ ယူရိုဇုန် အကြီးအကဲ ဂျာရိုအင်ဒီဆယ်ဘာလိုအန်က ဖေဖော်ဝါရီ ၁၆ ရက်မှာ နောက်ထပ် ၄၈ နာရီ အချိန်ပေးခဲ့ပါတယ်။ ဒါပေမယ့် ဒီကမ်းလှမ်းချက်ကို ဂရိနိုင်ငံက ခါးခါးသီးသီး ငြင်းဆိုခဲ့ပါ တယ်။

ဖေဖော်ဝါရီ ၁၆ ရက်ကကျင်းပခဲ့တဲ့အစည်းအဝေးက ရက်သတ္တတစ်ပတ်အတွင်း ဒုတိယအကြိမ်ပြုလုပ်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ မစ္စတာဒီဆယ်ဘာလိုအန်က ဂျာမနီနိုင်ငံအားကိုးနဲ့ မိုက်မဲတဲ့တောင်းဆိုချက်တွေကို တမင်တောင်းဆိုနေတယ်လို့ ဂရိနိုင်ငံကစွပ်စွဲပြောကြားမှုကြောင့် ဆွေးနွေးပွဲတွေ အဆင်မပြေ ဖြစ်ခဲ့ရပါတယ်။

“စေ့စပ်ညှိနှိုင်း သဘောတူညီမှုတွေရှိခဲ့ပါတယ်။ ဒါပေမယ့် ဂျာမနီရဲ့ ဖိအားပေးမှုကိုခံနေရတဲ့ ဒီဘယ်ဘလိုအန်ကြောင့် ဆွေးနွေးမှုတွေ ပျက်ပြားခဲ့ပါ တယ်။ ဂရိနိုင်ငံကတော့ရာဇသံပေးတာမျိုးကို လက်ခံမှာမဟုတ်ပါဘူး”လို့ ဂရိ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ယူကလီ ဒစ်ဆာကာလိုတို့စ်က ပြောပါတယ်။

EAST ASIA

## မော်တော်ကား မိုဒယ်အမျိုးအစားကို ငါးပုံတစ်ပုံလျှော့ချဖို့ ဟွန်ဒါက စီစဉ်

ဂျပန်နိုင်ငံမှာ တတိယအကြီးမားဆုံး မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီကြီးက မော်တော်ကားများ ချွတ်ယွင်းချက်ကြောင့် ပြန်လည်သိမ်းယူရခြင်းနဲ့ အရည်အသွေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းနေရချိန် တစ်နှစ်ကျော်ကြာပြီးနောက်အရည်အသွေး ကောင်းမွန်ရေးကို ပိုမိုဂရုစိုက်နိုင်ရန်အတွက် မော်တော်ကား မိုဒယ်အမျိုးအစားကို ငါးပုံတစ်ပုံ လျှော့ချမှာဖြစ်ကြောင်း ကုမ္ပဏီ၏ သုတေသနနဲ့ ဖွံ့ဖြိုးမှုဌာနဦးစီးမှူးရဲ့ ပြော ကြားချက်ကို ကိုးကားပြီးရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဖွံ့ဖြိုးတိုးတက်ရေးကို အချိန်ပိုပြီးပေးနိုင်ဖို့အတွက် ၂၀၁၄ ခုနှစ်အတွင်းမှာဟွန်ဒါက မိုဒယ်အသစ်တွေ ထုတ်ပြန်ခြင်း မရှိခဲ့ပါဘူး။

မော်တော်ကားတွေ ပြန်လည်သိမ်းယူရတာတွေများပြားရတဲ့ နောက်ကွယ်က အကြောင်းတရားဟာ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲမှာ အလုပ်တွေမနိုင်မနင်း ဖြစ်ခဲ့ရတာလည်း ပါနိုင်တယ်လို့ ဖေဖော်ဝါရီ ၁၄ ရက်နေ့က ပြုလုပ်ခဲ့တဲ့စမ်းသပ်မောင်းနှင်မှု အခမ်းအနားတစ်ခုမှာ ဟွန်ဒါရဲ့ ထိပ်တန်းအင်ဂျင်နီယာတစ်ဦးဖြစ်သူ ယိုရှီဟာရုယာမာမိုတိုက ပြောပါတယ်။

“ကျွန်တော်တို့ ထုတ်လုပ်နေတဲ့ကားအရေအတွက်ကို ၂၀ ရာခိုင်နှုန်း လျှော့ချသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ စံနှုန်းသတ်မှတ်ချက်တွေ အမျိုးမျိုးနဲ့ ထုတ်လုပ်လာကြရင်းနဲ့ ဟွန်ဒါးကားဆိုတာ ဘယ်လိုပါဆိုတဲ့ အနှစ်သာရတောင် ပျောက်ကွယ်မလိုဖြစ်နေပါပြီ။ ဒီလိုဆောင်ရွက်တဲ့အတွက် အင်ဂျင်နီယာတွေ ပခုံးပေါ်မှာ ဝန်ထုပ်ဝန်ပိုးတွေ တင်ကျန်ရစ်ခဲ့တာပါပဲ”လို့ ကမ္ဘာပေါ်ရှိ ဈေးကွက်အမျိုးမျိုးက သီးခြားလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့အတွက် ကားမိုဒယ်တစ်ခုထဲမှာပင် ဗားရှင်းအမျိုးမျိုး ထုတ်လုပ်နေတာကို ရည်မှန်းပြီး သူကပြောတာဖြစ်ပါတယ်။

SOUTH ASIA

## အိန္ဒိယရှိ နိုင်ငံခြားပုဂ္ဂလိကဘဏ်များက အိန္ဒိယဝန်ထမ်းများ တိုးမြှင့်ခန့်ထားမည်

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း အိန္ဒိယရှိ နိုင်ငံခြားပုဂ္ဂလိကဘဏ်များက အိန္ဒိယနိုင်ငံရှိလုပ်ငန်းများကို လျှော့ချခဲ့ပြီးနောက် စီးပွားရေးပြန်လည်ရှင်သန်လာတဲ့လက္ခဏာတွေနဲ့ အခွင့်အလမ်းသစ်တွေ တွေ့မြင်လာရတဲ့အတွက် ဘဏ်လုပ်ငန်းတွေ ပြန်လည်တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း သည်ဟိန္ဒူသတင်းမှာ ဖော်ပြပါတယ်။

နိုင်ငံခြားပုဂ္ဂလိကဘဏ်တွေက ယခုနှစ်ထဲမှာ ဥစ္စာနေစီမံခန့်ခွဲသူ (Wealth Manager)တွေကိုခန့်ထားပြီး သူတို့ရဲ့ဦးရေကိုလည်း ၂၅ ရာခိုင်နှုန်း တိုးမြှင့်ခန့်ထားလိမ့်မယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ယခင်နှစ်တွေက ၁၀ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းထိ နှစ်စဉ် လူသစ်ခန့်ထားမှုကို လျှော့ချသွားကြကြောင်း ဘဏ်လုပ်ငန်းရှင်တွေ၊ အတိုင်ပင်ခံအရာရှိတွေနဲ့ ရိုက်တာသတင်းဌာနတို့ တွေ့ဆုံမေးမြန်းခန်းအပြီးမှာ ပြောကြားခဲ့ပါတယ်။

၂၀၁၅ ခုနှစ်မှာ လူသစ်ခန့်ထားမှုကို ၁၅ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအကြား တိုးမြှင့်သွားမှာဖြစ်ကြောင်း အိန္ဒိယနိုင်ငံရှိထိပ်တန်းနိုင်ငံခြားဘဏ်များတွင်တစ်ခုအဖြစ်ပါဝင်တဲ့ ဘာကလေဘဏ်ကပြောပါတယ်။ အိန္ဒိယနိုင်ငံရှိ ချမ်းသာကြွယ်ဝသူတွေက စင်ကာပူရှိ တီးမားဆက်ဦးပိုင်ဘဏ်၊ ဂျပန်နိုင်ငံရှိ Soft Bank Corp တို့ကဲ့သို့သော ခေတ်မီနိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကိုကြည့်ပြီး ခေတ်သစ်နည်းပညာသုံးကုမ္ပဏီတွေမှာ သူတို့ငွေကြေးတွေကိုအပ်နှံလိုတဲ့ဆန္ဒ ရှိနေကြပါတယ်။ ထူထောင်စဘဏ်တွေကလည်း ဒီလို ရင်းနှီးမြှုပ်နှံမှုတွေမှာ သူတို့ကိုလမ်းညွှန်ပေးနိုင်မယ့် ဥစ္စာနေစီမံခန့်ခွဲသူ အသုံးပြုလိုတဲ့ သန်းကြွယ်သူဌေးတွေအတွက် ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းသစ်တွေကို ဖန်တီးပေးပါတယ်။

လောလောဆယ်မှာတော့ အိန္ဒိယနိုင်ငံရှိ လူချမ်းသာတွေက သမားရိုးကျ လုပ်ငန်းတွေဖြစ်တဲ့ ကုမ္ပဏီရှယ်ယာ၊ ဘဏ်အပ်ငွေနဲ့ အစိုးရစာချုပ်ဝယ်တဲ့ လုပ်ငန်းမျိုးတွေကိုသာ ဆောင်ရွက်နေကြပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ကြွေးမြီပေးဆပ်မှုကာလကို ထပ်မံတိုးမြှင့်ရေးအတွက် ဂရိနိုင်ငံရဲ့ ပန်ကြားချက်ကို ဆွေးနွေးရာမှရရှိလာမယ့် ရလဒ်ကို ရင်းနှီးမြှုပ်နှံသူတွေက စောင့်ဆိုင်းလေ့လာနေတဲ့အတွက် ဥရောပဈေးကွက်မှာ ဖေဖော်ဝါရီ ၂၀ ရက်က အဓိက ငွေကြေးတွေနဲ့ ဖလှယ်ရာမှာ အမေရိကန်ဒေါ်လာနဲ့ ဂျပန်ယန်းငွေတန်ဖိုး မြင့်တက်လာတာကို တွေ့ရပါတယ်။ အစီအစဉ်အရ ချမှတ်ထားတဲ့ လိုအပ်ချက်တွေကိုဖြည့် ဆည်းပေးခြင်း မရှိဘဲ ချေးငွေပေါင်းကူးပေးဖို့ ဂရိအစိုးရက ကြိုးပမ်းနေတယ်လို့ စွပ်စွဲပြီး ဂျာမနီနိုင်ငံက ဂရိနိုင်ငံရဲ့ ကြွေးမြီဆပ်ကာလတိုးမြှင့်ရေးကို ကန့်ကွက်လျက်ရှိပါတယ်။

ဂရိကြွေးမြီ စေ့စပ်ညှိနှိုင်းမှုနှင့် ပတ်သက်တဲ့မရေရာမှုတွေကြောင့် ယူရိုဇုန်မှဂရိနိုင်ငံ ထွက်ခွာသွားလေမလား ဆိုတဲ့စိုးရိမ်စိတ်တွေ မြင့်တက်လာစေပါတယ်။

အမေရိကန် ပြည်ထောင်စုရဲ့ စီးပွားရေးကိန်းဂဏန်းတွေ တိုးတက်ကောင်းမွန်မှုကလည်း ဖေဖော်ဝါရီ ၁၉ ရက်မှာ အမေရိကန်ဒေါ်လာတန်ဖိုးကို မြင့်တက်ဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်။

တရုတ်၊ တောင်ကိုရီးယားနိုင်ငံတွေအပါအဝင် အာရှရှိနိုင်ငံအတော်များများမှာ နှစ်သစ်ကူးအားလပ်ရက်အဖြစ်ငွေကြေးဈေးကွက်တွေပိတ်ထားပါတယ်။

### တရုတ်ယွမ်

ဖေဖော်ဝါရီ ၂၀ ရက်နေ့ ညနေပိုင်းမှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါတရုတ်ယွမ်ငွေတန်ဖိုးကျဆင်းခဲ့တာကိုတွေ့ရပါတယ်။ ယွမ်ငွေတန်ဖိုးကဖေဖော်ဝါရီ ၁၉ ရက်ဈေးပိတ်ချိန် မှာ တစ်ဒေါ်လာကို ၆ ဒသမ ၂၅၅၀ ယွမ်နှုန်းရှိခဲ့ရာမှ ၂၀ ရက်မှာ ယွမ်တန်ဖိုးက တစ်ဒေါ်လာကို၆ဒသမ ၂၅၈၅ ယွမ်နှုန်းထိရောက်ရှိပြီး နှစ်ရက်အတွင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ တကယ်လို့ ယွမ်တန်ဖိုးက ဆက်လက်ကျဆင်းမယ်ဆိုရင် တစ်ဒေါ်လာကို အနိမ့်ဆုံး ၆ ဒသမ ၂၆ ဝန်းကျင်မှာရှိ နိုင်ပါတယ်။

### အိန္ဒိယရူပီး

ပို့ကုန်လုပ်ငန်းရှင်တွေက အမေရိကန်ဒေါ်လာကို ထုတ်ရောင်းလာတဲ့အတွက် အိန္ဒိယဘဏ်အချင်းချင်းနိုင်ငံခြားငွေရောင်းဝယ်ရေးဌာနမှာ ဖေဖော်ဝါရီ ၂၀ ရက်နေ့က ရူပီးတန်ဖိုးက သုညဒသမ ၁၄ ရူပီး ပြန်လည်မြင့်တက်လာပြီး တစ်ဒေါ်လာကို ၆၂ ဒသမ ၂၀ ရူပီးနှုန်းရှိခဲ့ပါတယ်။ ဒါပေမယ့် ပြည်ပဈေးကွက်တွေမှာ ဒေါ်လာတန်ဖိုးမြင့်တက်မှု အိန္ဒိယပြည်တွင်း ရှယ်ယာဈေးကွက်တွေ ကျဆင်းမှုက ရူပီးတန်ဖိုးမြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။

### ဂျပန်ယန်း

ဥရောပမြီးရှင်တွေနဲ့ ဂရိနိုင်ငံတို့ နောက်ဆုံးမိနစ်ဆွေးနွေးမှုတွေပြုလုပ်နေချိန် ဖေဖော်ဝါရီ ၂၀ ရက်က အာရှဈေးကွက်မှာ ယူရိုငွေကြေးကတန်ဖိုးမြင့်တက်လာဖို့ ရုန်းကန်နေရတာ တွေ့ရပါတယ်။

ယူရို/ဒေါ်လာ ဖလှယ်နှုန်းက ဖေဖော်ဝါရီ ၁၉ ရက်က နယူးယောက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၃၆၅ ဒေါ်လာနှုန်းရှိခဲ့ရာမှ ၂၀ ရက်မှာ ၁ ဒသမ ၁၃၆၃ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။

ယန်းငွေတန်ဖိုးက ယူရိုနဲ့ဖလှယ်ရာမှာ ၁၃၅ ဒသမ ၁၈ ယန်းနှုန်းမှ ၁၃၅ ဒသမ ၁၅ ယန်းနှုန်းသို့ လည်းကောင်း၊ ဒေါ်လာနဲ့ဖလှယ်ရာမှာ ၁၁၈ ဒသမ ၉၄ ယန်းမှ ၁၁၈ ဒသမ ၈၉ ယန်းသို့ ပြောင်းလဲခဲ့တာကိုတွေ့ရပါတယ်။

### မလေးရှားရင်းဂစ်

မလေးရှားငွေကြေးက ဖေဖော်ဝါရီ ၂၀ ရက်မှာ သုည ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၃ ဒသမ ၆၅၂ ဒေါ်လာနှုန်းရှိခဲ့ရာ ၂၀၀၉ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ အဓိကအားဖြင့် ယခုနှစ်ထဲမှာ အမေရိကန်ပြည်ထောင်စုက အတိုးနှုန်းတွေမြှင့်ပေးလိမ့်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရင်းနှီးမြှုပ်နှံသူတွေ ပြင်ဆင်လာတဲ့အတွက် ယခုလိုကျဆင်းခဲ့တာဖြစ်ပါတယ်။

### တောင်ကိုရီးယားဝမ်

တောင်ကိုရီးယားရဲ့ ငွေကြေးဈေးကွက်တွေက နှစ်သစ်ကူးပိတ်ရက်အဖြစ်ပိတ်ထားတာကို တွေ့ရပါတယ်။ ဝမ်ငွေကြေးတန်ဖိုးက ယခုနှစ်အတွင်း တန်ဖိုး သုည ဒသမ ၂၃ ရာခိုင်နှုန်း ကျဆင်းခဲ့တာတွေ့ရပေမယ့် ဖေဖော်ဝါရီ ၂၀ ရက်မှာ ရက်အလိုက်နှိုင်းယှဉ်ရင် အပြောင်းအလဲမရှိဘဲ တစ်ဒေါ်လာကို ၁၁၀၁ ဒသမ ၈၀ ဝမ်နှုန်းနဲ့ အပြောင်းအလဲမရှိ ဈေးငြိမ်နေပါတယ်။

### ထိုင်းဘတ်

ဖေဖော်ဝါရီ ၂၀ ရက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ထိုင်းရှယ်ယာတွေကို ဘတ် ၅၉၁ ဒသမ ၄ သန်းဖိုး အသားတင်ပြန်ထုတ်ရောင်းလာတာကို တွေ့ရပါတယ်။ တစ်နှစ်လုံးပြန်ခြုံကြည့်ရင်တော့ ရှယ်ယာတွေကို အသားတင်ထုတ်ရောင်းတာ ဘတ် ၁ ဒသမ ၆၇ ဘီလီယံရှိခဲ့ပါတယ်။

ငွေကြေးဈေးကွက်ကို ကြည့်ရင် ဘန်ကောက်ဈေးကွက်မှာ ဖေဖော်ဝါရီ ၂၀ ရက်မှာ ဘတ်ငွေကြေးနဲ့ ဒေါ်လာဖလှယ်နှုန်းက တစ်ဒေါ်လာကို ၃၂ ဒသမ ၅၇ ဘတ်နှုန်း ရှိခဲ့တဲ့အတွက် ဖေဖော်ဝါရီ၁၉ ရက်ကရှိခဲ့တဲ့ တစ်ဒေါ်လာ ၃၂ ဒသမ ၅၆ ဘတ်အောက် တန်ဖိုး အနည်းငယ်ကျပါတယ်။

## မလေးရှားဘဏ်ရဲ့ စတုတ္ထသုံးလပတ်ဝင်ငွေကျဆင်း

ဘွန်းစာချုပ်တန်ဖိုးတွေကျဆင်းမှုကြောင့် ဘွန်းစာချုပ်တွေဝယ်ယူထားတဲ့ဘဏ်တွေရဲ့ရင်းနှီးမြှုပ်နှံမှုတွေ အရှုံးပေါ်ခဲ့တဲ့အတွက် ၂၀၁၄ ခုနှစ် စတုတ္ထ သုံးလပတ်အတွက် မလေးရှားဘဏ်တွေရဲ့ဝင်ငွေတွေ ကျဆင်းခဲ့ကြောင်း စတားအွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။ ယခုနှစ် ဇန်နဝါရီကစပြီး ဘွန်းစာချုပ်ဈေးနှုန်းတွေပြန်လည်မြင့်တက်လာခဲ့ပေမယ့် လွန်ခဲ့တဲ့လအနည်းငယ်အတွင်း ဘွန်းစာချုပ် ဈေးနှုန်းတွေ ကျဆင်းမှုက စတုတ္ထသုံးလပတ်အတွက် ဘဏ်တွေရဲ့ဝင်ငွေကို ဂယက်ရိုက်ခတ်မှုဖြစ်စေခဲ့ကြောင်း လေ့လာဆန်းစစ်ရေးမှူးတွေက StarBiz သတင်းဌာနကို ပြောပါတယ်။

အမြတ်အစွန်းကျဆင်းခြင်း၊ ချေးငွေဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ချေးငွေအတွက်ကုန်ကျစရိတ် မြင့်မားခြင်းနဲ့ ဈေးကွက်အတွင်း မတည်ရင်းနှီးငွေလုပ်ငန်းများ နှေးကွေးမှုတို့ကြောင့် ဘဏ်တွေရဲ့ဝင်ငွေတွေ ဆက်လက်ကျဆင်းလိမ့်မယ်လို့ လေ့လာဆန်းစစ်သူတွေက ခန့်မှန်းပါတယ်။ ဘွန်းစာချုပ် သို့မဟုတ်ပုံသေအတိုးနှုန်းသတ်မှတ်ထားတဲ့ အာမခံစာချုပ်စာတမ်းတွေမှာ ဘဏ်တွေရဲ့ ရင်းနှီးမြှုပ်နှံသူတွေက ဘဏ်တစ်ခုချင်းရဲ့ရင်းနှီးမြှုပ်နှံမှုပေါ် မူတည်ပြီး အမျိုးမျိုးကွဲပြားပါတယ်။

ဘဏ်တွေက သူတို့လက်ဝယ်မှာရှိတဲ့ ဘွန်းစာချုပ်တွေကို ဈေးကွက်ပေါက်ဈေးနဲ့သတ်မှတ်ပြီး အရှုံးအမြတ်ကို တွက်ချက်ကြမှာ ဖြစ်ပါတယ်။ ဘွန်း စာချုပ်ဈေးနှုန်းတွေက ၂၀၁၄ ခုနှစ် စတုတ္ထသုံးလပတ်ကတည်းက တန်ဖိုး တွေကျဆင်းထားတာဖြစ်တဲ့အတွက် ဘဏ်တွေရဲ့ရင်းနှီးမြှုပ်နှံမှုအစီအစဉ်မှာ အရှုံးပြပေးရတော့မှာဖြစ်ပါတယ်။ လွန်ခဲ့တဲ့လအနည်းငယ်အတွင်း ရေနံဈေးနှုန်းတွေ ကျဆင်းမှု၊ နိုင်ငံခြားငွေ တွေစီးထွက်မှုကြောင့် အစိုးရစာချုပ်စာတမ်းတွေ အပါအဝင် ဘွန်းစာချုပ်တွေ တန်ဖိုးကျခဲ့ပါတယ်။

## ဂျီဒီပီဖွံ့ဖြိုးမှုနှုန်းနှေးကွေးနေပေမယ့် ဂျပန်ဗဟိုဘဏ်က စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအစဉ်ကို ထိန်းထား

ယခုရက်သတ္တပတ်အတွင်း ထုတ်ပြန်တဲ့စာရင်းဇယားတွေအရ စီးပွားရေးအားနည်းနေတာတွေ့ရပြီး ဂျပန်နိုင်ငံစီးပွားရေးနာလန်ထူမှုနဲ့ ပတ်သက်ပြီး စိုးရိမ်မှုတွေ ရှိနေပေမယ့် စီးပွားရေးလှုံ့ဆော်မှုစီမံကိန်းသစ် ပြဋ္ဌာန်းရေးကိစ္စကို ဗဟိုဘဏ်ကဖေဖော်ဝါရီ ၁၈ ရက်က ဆက်လက်ထိန်းထားကြောင်း အေအက်ဖ်ပီသတင်းမှာဖော်ပြထားပါတယ်။



ဂျပန်နိုင်ငံရဲ့ စီးပွားရေး နာလန်ထူ မှုကအထိုက်အလျောက်ကောင်းမွန်တဲ့ အခြေအနေရှိပါတယ်။ ဒါပေမယ့် ငွေကြေးဖောင်းပွမှုနှုန်း ထပ်မံလျော့ကျဖို့မျှော်လင့်နေဆဲဖြစ်ကြောင်း နှစ်ရက်ကြာကျင်းပခဲ့တဲ့ ဗဟိုဘဏ်အစည်းအဝေးအပြီးမှာ မူဝါဒရေးဆွဲသူတွေက ပြောပါတယ်။ ဒါကြောင့် ဂျပန်ဗဟိုဘဏ်ရဲ့ ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းချက်ပြည့်ဝဖို့ အလှမ်းဝေးနေသေးတယ်လို့ ခန့်မှန်းကြပါတယ်။ ဂျပန်ဗဟိုဘဏ်ကငွေကြေးလှုံ့ဆော်မှုအစီအစဉ်ကိုမပြောင်းလဲဘဲ ဆက်ထိန်းထားလိမ့်မယ်လို့ဆိုတာကို လူတိုင်းက ခန့်မှန်းထားပြီး ဖြစ်ပါတယ်။ ဒါပေမယ့် စီးပွားရေးဖွံ့ဖြိုးမှု အားနည်းနေတဲ့အတွက် ဂျပန်ဗဟိုဘဏ်က ယခုနှစ်အကုန်လောက်မှနောက်ထပ် စီးပွားရေးလှုံ့ဆော်မှုအစီအစဉ်ကို ဆောင်ရွက်ဖို့လိုလိမ့်မယ်လို့ လေ့လာဆန်းစစ်သူတွေက ခန့်မှန်းပါတယ်။

ဖေဖော်ဝါရီ ၁၆ ရက်က ထုတ်ပြန်တဲ့စာရင်းဇယားတွေအရ ဂျပန်နိုင်ငံရဲ့ စီးပွားရေးက ၂၀၁၄ ခုနှစ်နောက်ဆုံးသုံးလပတ်မှာ စီးပွားရေးဆုတ်ကပ်မှ လွတ်မြောက်ခဲ့ပြီဆိုတာကို တွေ့ရပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

International Entertainment
Vol: 15, No.8 Monday Feb 23 2015



# ကိုယ်ပိုင်ဘဝကိုတည်ဆောက်ချင်တဲ့ လင်ဆေးလိုဟန်

အမေရိကန်ရုပ်ရှင်မင်းသမီး လင်ဆေးလိုဟန်ဟာ သူ့ရဲ့ကိုယ်ပိုင်ဘဝကို တည်ဆောက်ချင်တယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ လင်ဆေးလိုဟန်ဟာ သူ့ရဲ့ရုပ်ရှင်ရိုက်ကူးရေး လုပ်ငန်းတွေကို ပြန်လည်ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်ပါတယ်။

လင်ဆေးလိုဟန်ဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းက စိတ်ပိုင်းဆိုင်ရာကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းတွေမှာ ခြောက်ကြိမ်တိုင်တိုင် နေထိုင်ပြီး ကုသခဲ့ရပါတယ်။ သူဟာ အခုလက်ရှိမှာတော့ Hunger မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်အဖြစ် ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းတွေမှာ ပါဝင် လုပ်ဆောင်ပေးနေတယ်လို့ ဆိုပါတယ်။

အဲဒီဓာတ်ပုံရိုက်ကူးနေရာမှာ မီဒီယာတွေက လင်ဆေးလိုဟန်ကို လွန်ခဲ့တဲ့နှစ်တွေတုန်းက သူ့ရဲ့ဖြစ်ရပ်တွေနဲ့ပတ်သက်ပြီး မေးမြန်းတဲ့အခါမှာ သူက "ကျွန်မ အဲဒီလိုမျိုးတွေ လုပ်ခဲ့တာမှန်ပါတယ်။ ဒါဟာ ကောလာဟလတွေ မဟုတ်ပါဘူး။ ကျွန်မကိုကြည့်ပြီး ကျန်တဲ့သူတွေ သင်ခန်းစာယူဖို့လိုပါတယ်။ ကျွန်မကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတဲ့သူတွေ အများကြီးပါ။ ကျွန်မရဲ့ ပရိသတ်တွေကိုလည်း ကျွန်မ တောင်းပန်ပါတယ်။ နောက်ကို ဒီလိုအဖြစ်မျိုးတွေ မဖြစ်စေရပါဘူးလို့ ကတိပေးပါတယ်"လို့ ပြောကြားခဲ့ပါတယ်။ သူ့အနေနဲ့ သူ့ရဲ့အတိတ်က ဆိုးကျိုးတွေကို အတိတ်မှာပဲထားခဲ့မယ်လို့ ဆိုပါတယ်။ လိုဟန်ဟာ ဝေါလ်ဒစ္စနေးကုမ္ပဏီက ထုတ်လုပ်ဖြန့်ချိတဲ့ The Parent Trip ဇာတ်ကားနဲ့ ၁၉၈၆ခုနှစ်ကတည်း က ဟောလိဝုဒ်ရုပ်ရှင်လောကကို ဝင်ရောက်ခဲ့ပါတယ်။

## ဝင်ငွေအများဆုံးစံချိန်တင်နိုင်သည့်အပြင် အော်စကာဆုရရှိဖို့ပါ ရေပန်းစားလာတဲ့ Fifty Shades of Grey

ပြီးခဲ့တဲ့ချစ်သူများနေ့ကစပြီး ကမ္ဘာတစ်ဝန်းမှာ ရုံတင်ပြသခဲ့တဲ့ Fifty Shades of Grey ရုပ်ရှင်ဇာတ်ကားဟာ ဝင်ငွေစံချိန်တင်လောက်အောင် ရရှိခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီဇာတ်ကားကိုအမေရိကန်နိုင်ငံမှာ ပြသခဲ့တဲ့တစ်ပတ်အတွင်းမှာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းလုံး ပြသရာမှာတော့ အမေရိကန်ဒေါ်လာ သန်း ၃၀၀ကျော် ရရှိခဲ့တယ်လို့ Box Office ရဲ့ စစ်တမ်းကောက်ယူမှုအရ သိရပါ တယ်။ အဲဒီ Fifty Shades Of Grey ဇာတ်ကားကို စတင်ပြသစဉ်ကတည်းက ဝေဖန်မှုတွေ အများအပြား ပေါ်ထွက်ခဲ့ပေမယ့်လည်း အောင်မြင်မှုတွေရရှိခဲ့တဲ့အတွက် ကျေနပ်မှုဖြစ်မိတယ်လို့ ဇာတ်ကားကို ဖန်တီးခဲ့တဲ့ ဒါရိုက်တာ ဆမ်တေလာဂျွန်ဆင်ကပြောကြားခဲ့ပါတယ်။




အမျိုးသမီး ဒါရိုက်တာတစ်ဦး ရိုက်ကူးခဲ့တဲ့ ဒီလိုဇာတ်ကားမျိုးဟာ ပထမတစ်ပတ်အတွင်းမှာပင် ဝင်ငွေသန်းပေါင်းများစွာ ရရှိခဲ့တဲ့အတွက် အံ့ဩမိပါတယ်လို့ Box Office ရဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။ အဲဒီ Fifty Shades Of Grey ဇာတ်ကားမှာ လိင်ဆက်ဆံတဲ့အခန်းတွေကို လိုအပ်တာထက်ပိုပြီး ထည့်သွင်းထားတဲ့အတွက် ဝေဖန်မှုတွေ ခံခဲ့ရတာဖြစ်ပါတယ်။ ဒ့ါပြင် ဒီလိုဇာတ်ကားမျိုးကို ချစ်သူများနေ့နဲ့ တိုက်ဆိုင်ပြီး ပြသခဲ့တဲ့အတွက် ဝေဖန်မှုတွေနဲ့ ပိုပြီးရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။တစ်ပတ်အတွင်းမှာ ဝင်ငွေ စံချိန်တင်ရရှိခဲ့တဲ့ Fifty Shades Of Grey ဟာ လာမယ့် အော်စကာဆုပေးပွဲမှာ အော်စကာဆု ရရှိမယ့်စာရင်းထဲကို နေရာယူ ဝင်ရောက်လာတယ်လို့လည်း ဆိုပါတယ်။

## လေလံတင်ရောင်းချခဲ့တဲ့ လက်စ်ပေါလ်ရဲ့ ရှေးဟောင်းဂစ်တာ



အမေရိကန် ဂစ်တာပညာရှင်တစ်ဦးဖြစ်တဲ့ လက်စ်ပေါလ် ပိုင်ဆိုင်တဲ့ ဂစ်တာတွေ အနက် အနက်ရောင်ဂစ်တာကို လေလံတင် ရောင်းချခဲ့တယ်လို့ လေလံတင်ရောင်းချရေး အဖွဲ့ကဆိုပါတယ်။

အဲဒီဂစ်တာကို ဖေဖော်ဝါရီ ၁၉ ရက်ညက လေလံတင်ရောင်းချရာမှာ အမေရိကန်ဒေါ်လာ ၂၇၅၀၀၀ ရရှိခဲ့တယ်လို့ ဆိုပါတယ်။

ဝယ်ယူသွားခဲ့တဲ့ သူကတော့ ဂျင်မ်အီရီဆေးဆိုသူပဲ ဖြစ်ပါတယ်။ အီရီဆေးဟာ အခုလို လေလံတင်ရောင်းချတဲ့ သမိုင်းဝင်ပစ္စည်းတွေကို ဝယ်ယူရာမှာ အလွန်ကို စိတ်အားထက်သန်သူတစ်ဦးလည်း ဖြစ်တယ်လို့ဆိုပါတယ်။ ဒ့ါပြင် သူဟာ အမေရိကန် မေဂျာလိဂ်ပြိုင်ပွဲဝင် ဘောလုံးအသင်းတစ်သင်းဖြစ်တဲ့ အင်ဒီယာနာပိုလိစ်ကော့လ်အသင်းရဲ့ အသင်းပိုင်ရှင်လည်းဖြစ်ပါတယ်။

အဲဒီဂစ်တာလေလံပွဲကို နယူးယောက်မြို့မှာရှိတဲ့ Arader Galleries မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ပေါလ်ရဲ့ ဂစ်တာဟာ ကြိုးခြောက်ချောင်းနဲ့ တီးခတ်လို့ရအောင် ပြုလုပ်ထားတဲ့ ဂစ်တာတစ်လက်ဖြစ်ပြီး ၁၉၅၄ခုနှစ်ကတည်းက သူကိုယ်တိုင်ဖန်တီးပြုလုပ်ထားတဲ့ ဂစ်တာတစ်လက်ဖြစ်ပါတယ်။ လေလံပွဲမှာ အဲဒီဂစ်တာအပြင် တခြားဂစ်တာတွေကိုလည်းထပ်မံ လေလံတင်ရောင်းချခဲ့ပါသေးတယ်။ အဲဒီလို လေလံတင်ရောင်းချတဲ့အတွက် အမေရိကန်ဒေါ်လာ ၃၃၅၅၀၀ ရရှိခဲ့တယ်လို့ ဆိုပါတယ်။

ပေါလ်ဟာ အသက်၉၄နှစ်အရွယ် ၂၀၀၉ခုနှစ်ကတည်းက ကွယ်လွန်ခဲ့ပြီဖြစ်ပါတယ်။

## အော်စကာအကြိုပါတီပွဲကို ဖျက်ရတော့မယ့် မက်ဒေါနား



နှစ်စဉ်ကျင်းပနေကြဖြစ်တဲ့ မက်ဒေါနားရဲ့ အော်စကာအကြိုပါတီပွဲကို ဒီနှစ်မှာ ကျင်းပဖြစ်တော့မှာ မဟုတ်ဘူးလို့ မက်ဒေါနားရဲ့ မန်နေဂျာတစ်ဦးဖြစ်တဲ့ ဂွိုင်းအိုစရေက ပြောကြားခဲ့ပါတယ်။

မက်ဒေါနားဟာ BRIT Awards ပွဲကို မကျင်းပခင် သူ့ရဲ့ပါတီပွဲကို နှစ်စဉ် ကျင်းပလေ့ရှိပါတယ်။ အဲဒီပွဲကိုလုပ်ရတဲ့ သူ့ရဲ့ရည်ရွယ်ချက်ကတော့ အဲဒီ BRIT ပွဲကို မတက်ခင်မှာ သူ့ရဲ့ ပရိသတ်တွေနဲ့ ပွဲကိုတက်လာတဲ့ ဂီတလမ်းမထက်က အကျော်အမော်တွေ ဓာတ်ပုံရိုက်နိုင်အောင်၊ အဆိုတော်တွေ၊ မင်းသား၊ မင်းသမီးတွေအနေနဲ့ ပွဲနဲ့ မစိမ်းအောင်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ပြုလုပ်ပေးတာဖြစ်တယ်လို့ မက်ဒေါနားရဲ့မန်နေဂျာဖြစ်သူက ပြောကြားခဲ့ပါတယ်။

ဒါပေမယ့်လည်း ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်က ကျင်းပခဲ့တဲ့ မက်ဒေါနားရဲ့ပါတီပွဲဟာ ဝေဖန်သံတွေ သောသောညံခဲ့တာကြောင့် ဒီနှစ်မှာကျင်းပဖြစ်မှာမဟုတ်ဘူးလို့ ဆိုခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်က ကျင်းပခဲ့တဲ့ မက်ဒေါနားရဲ့ပါတီပွဲမှာ သူ့ရဲ့ပရိသတ်အပေါ် ခါးသီးတဲ့ပြုမူမှုတွေ ပြုလုပ်ခဲ့တယ်လို့ သူ့ရဲ့ ပရိသတ်တစ်ဦးက ဝေဖန်ပြောကြားခဲ့ပါတယ်။ "မနှစ်က သူ့ရဲ့ပါတီမှာ သူ့အနေနဲ့ စင်ပေါ်ကနေ ပရိသတ်တွေကို စော်ကားတဲ့အပြုအမူတွေ လုပ်ပြခဲ့တယ်။ သူဟာ ဟောလိဝုဒ်က ထင်ပေါ်ကျော်ကြားသူတွေနဲ့ ဂရမ်မီဆုရတဲ့သူတွေကိုပဲ လူလိုသူလိုဆက်ဆံတယ်။ ပရိသတ်တွေကို ဆက်ဆံပုံကတော့ ဆိုးမှ ဆိုးပဲ။ သူဟာ ပွဲလုပ်မယ်ဆိုရင် ရီဟာဇယ် ကောင်းကောင်း လုပ်ဖို့ လိုပါလိမ့်မယ်။ သူဟာ ဘယ်တော့မှ ရီဟာဇယ်လုပ်လေ့မရှိတဲ့သူပဲ"လို့ ပရိသတ်တွေက ဝေဖန်ခဲ့ပါတယ်။

BRIT Awards 2015 ပွဲကို လာမယ့် ဖေဖော်ဝါရီလ ၂၅ရက်နေ့မှာ ကျင်းပမှာ ဖြစ်ပါတယ်။




**GRAND TWIN BROTHERS LTD. SHOW ROOM & SALE CENTRE :**

NO,38,66TH STREET,BOTATAUNG TOWNSHIP,YANGON, MYANMAR. TEL:95-1-, 291318,9010522,9010523,9010524

Hot Line 95-1- 9010045,9010046 FAX:95-1-296928 , 8610075 E-mail: grandwyn@myanmar.com.mm

No.(2) Aung San Stadium(Eastern), Beside Ta Chan Pè Mosque, Upper Pansoedan St, Mingalar Taungnyunt Tsp, Yangon,

Tel : 95-1-252325, 394874, 450859 Fax : 450858, Email : twinbrothers@myanmar.com.mm.

COMMERCE INTERNATIONAL

# ၂၀၁၅ ခုနှစ်တွင် ဗီယက်နမ်အီး– ကောမတ်စ်ထူးထူးခြားခြားဖွံ့ဖြိုးတိုးတက်မည်



၂၀၁၄ ခုနှစ်က အီလက်ထရွန်းနစ်စနစ်နဲ့ဆောင်ရွက်တဲ့ကူးသန်းရောင်းဝယ်မှုစနစ်(အီး-ကောမတ်စ်) ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအရ ဗီယက်နမ်ဈေးကွက်မှာ ကြီးကြီးမားမား ဖွံ့ဖြိုးတိုးတက်လာမယ့် အလားအလာတွေကို ပြသခဲ့ပါတယ်။ ဒီအခြေအနေတွေကိုအမှီပြုပြီး ဗီယက်နမ်မှာရှိတဲ့ ပြည်တွင်း ပြည်ပကုမ္ပဏီများက စီးပွားရေးအစီအမံများ ချမှတ်ပြီး ဈေးကွက်ဝေစုကိုရရှိဖို့ကြိုးပမ်းလာကြကြောင်း ဗီယက်နမ် bizhub သတင်းဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။

ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဗီယက်နမ်အီး-ကောမတ်စ်နဲ့ သတင်းအချက်အလက် နည်းပညာအေဂျင်စီ (VECITA) အနေနဲ့ မကြာသေးမီက "Vietnam Mobile E-Commerce Report 2014" ဆိုတဲ့ အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါတယ်။

လုပ်ငန်းတွေရဲ့ကုန်အမှတ်တံဆိပ်တွေနဲ့ ထုတ်ကုန်တွေ လူကြိုက်များလာအောင်ဆောင်ရွက်ခြင်းနဲ့ မိုဘိုင်းဈေးဝယ်မှုအစီအစဉ်တွေမြှင့်တင်ခြင်း လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ဗီယက်နမ်မှာရှိတဲ့ ထိပ်တန်းလက်လီကုမ္ပဏီတွေက အီး-ကောမတ်စ်လုပ်ငန်းတွေကို ထိထိရောက်ရောက်ဆောင်ရွက်လာတာကိုတွေ့ရကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ လက်လီသမားတွေက သူတို့ကုန်အမှတ်တံဆိပ်တွေအတွက် မိုဘိုင်းအပလီကေးရှင်းဒီဇိုင်း ရေးဆွဲရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံလာကြပါတယ်။

မိုဘိုင်းအခြေခံအဆောက်အအုံမှာ သူတို့ရဲ့ရင်းနှီးမြှုပ်နှံမှုက နည်းပညာ အခြေခံအဆောက်အအုံ တည်ဆောက်ရေးမှာ ဆောင်ရွက်တဲ့ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုရဲ့ ၆၈ ရာခိုင်နှုန်းသာရှိပါတယ်။ ဒါပေမယ့် ဆက်သွယ်ရေးလုပ်ငန်းတွေက ဒီလုပ်ငန်းတွေအတွက် သတ်မှတ်ချက်ရဲ့ ၇၃ ရာခိုင်နှုန်းကို အကောင်အထည်ဖော်နိုင်ခဲ့ပြီး နည်းပညာမှာ ရင်းနှီးမြှုပ်နှံမှုက ၂၇ ရာခိုင်နှုန်းပဲရှိပါတယ်။ စီးပွားရေးလုပ်ငန်းနဲ့ ဖောက်သည်တို့ရဲ့ဆက်ဆံရေး (Business-to-Customer-B2C) မှာ စမတ်ဖုန်းတွေနဲ့ တက်ဘလက်တွေကနေ သတင်းအချက်အလက်ကို ရှာဖွေသူက ၂၈ ရာခိုင်နှုန်းရှိကြောင်း စီးပွားရေးလုပ်ငန်းတွေက ရရှိတဲ့ စာရင်းဇယားတွေအရ သိရပါတယ်။ ဒါပေမဲ့ မိုဘိုင်းတွေကနေ တစ်ဆင့်ငွေအသွင်းအထုတ်လုပ်တာက ၁၃ ရာခိုင်နှုန်းပဲရှိပါတယ်။ ဗီယက်နမ်လူမျိုး ၂၀ ရာခိုင်နှုန်းက စမတ်ဖုန်းတွေ သုံးကြပြီး ဒီအထဲကမှ ၅၈ ရာခိုင်နှုန်းက ထုတ်ကုန်အမှာစာတွေကိုမှာတဲ့ အခါစမတ်ဖုန်းကို သုံးကြပါတယ်။ **UNT**


(2.3.2015)&uaewiusa&muon awmiolv,orm;ae tcgor,wi........

puys;xwvyrl zvjynpatmiaqmi½uay;aeluaom au;Z;½iawmiolv,orm; O;Bu;rsm;? puys;a&;orm;rsm; tm;v; puys;a&;vyie;rsm; a&½natmijriw;wuí vrb0 acwrzUzk;w;wuygapalumi; qawmi;arwmyo tyygon/

ta&mi;piwmrsm;

(၁)ကျွန်းတောလမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၉-၇၃၀၇၅၈၂၂၊ ၀၁-၂၃၀၄၂၄၇၊ ၀၁-၅၀၄၆၀၂

(၂)မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃)ည(၈၂)ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၉၇၊၆၈၃၂၀၈

(၄)အမှတ် (T2-7) ၊ပုလဲလမ်း၊ 31x32 Ei 77x78vr;lum;? cr;at;omplrle,? rEav;/ 02-30780? 30790?

rmvmlrki urPvrwu



Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်

SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES

RO/RO Service for Myanmar

<< February And March Sailing Schedule >>

DATE : 23 th February 2015

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

| JAPAN / MYANMAR | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| VESSEL | Height (m) | | | | | | JAPAN | | | | | | MYANMAR | THAILAND |
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.9 | 1.55 | 1.90 | 2.20 | 3.50 | | | 28.1.2015 | 26.1.2015 | 29.1.2015 | 31.1.2015 | | 8.2.2015 | 12.2.2015 | 20.2.2015 |
| | S/O CUT | | | | | | 24.1.2015 | 22.1.2015 | 25.1.2015 | | | | | |
| MV.CITY OF MUMBAI V.16 | 1.55 | 1.90 | 2.20 | 3.50 | | | | | 12.2.2015 | 10.2.2015 | | 20.2.2015 | 24.2.2015 | |
| | S/O CUT | | | | | | | | 8.2.2015 | 6.2.2015 | | | | |
| MV.HOEGH CHENNAI V.10 | 1.55 | 1.90 | 2.20 | 3.50 | | | | 28.2.2015 | 2.3.2015 | | | | 13.3.2015 | |
| | S/O CUT | | | | | | | 21.2.2015 | 23.2.2015 | | | | | |
| MV.CITY OF MUMBAI V.17 | 1.55 | 1.90 | 2.20 | 3.50 | | | | | 11.3.2015 | 9.3.2015 | | 19.3.2015 | 23.3.2015 | 30.3.2015 |
| | S/O CUT | | | | | | | | 7.3.2015 | 5.3.2015 | | | | |
| MV.HOEGH CHENNAI V.11 | 1.55 | 1.90 | 2.20 | 3.50 | | | | | 28.3.2015 | 26.3.2015 | | 6.4.2015 | 10.4.2015 | |
| | S/O CUT | | | | | | | | 25.3.2015 | 22.3.2015 | | | | |
| MV.CITY OF MUMBAI V.18 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.4.2015 | 10.4.2015 | | | 18.4.2015 | 22.4.2015 | |
| | S/O CUT | | | | | | | 4.4.2015 | 6.4.2015 | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.
Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : +95 9 250289802
Fax : +95 1 2305543
Hot Line : +95 9 254010441

Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama

Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C

Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။